ANFREL
Asian Network for Free Elections



၂၀၂၀ ခုနှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲ

# တိုက်ဖျက်ချေမှုန်းခြင်းခံနေရသော
# ဒီမိုကရေစီ

ANFREL ၏ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအစီရင်ခံစာ

၂၀၂၀ ခုနှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲ

# တိုက်ဖျက်ချေမှုန်းခြင်းခံနေရသော ဒီမိုကရေစီ

ANFREL ၏ နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးအစီရင်ခံစာ

ANFREL
Asian Network for Free Elections

**ISBN:** 978-616-8264-14-0

**Written By:**

John Reiner M. Antiquerra
Maribel Buenaobra
Lee Chung Lun
Amael Vier

**Proofread By:**

Tharindu Abeyrathna

**Printed By:**

KP Printing

**Produced and Published By:**

The Asian Network for Free Elections (ANFREL)
105 Sutthisan Winitchai Road, Samsennok, Huai Khwang,
Bangkok 10310 Thailand

Tel: (+66 2) 26931867
Email: anfrel@anfrel.org
Website: www.anfrel.org

© 2021 by ANFREL Foundation

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲသို့ စေလွှတ်ခဲ့သော ANFREL လေ့လာရေးအဖွဲ့၏ တွေ့ရှိချက်များကို ခြုံငုံထင်ဟပ်ထားခြင်းဖြစ်ပြီး ANFREL ၏ လေ့လာသူတစ်ဦးချင်း၊ ဝန်ထမ်းများ၊ အလှူရှင်များ (သို့မဟုတ်) မိတ်ဖက် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အမြင်ကို ထင်ဟပ်ထားခြင်းမဟုတ်ပါ။ ဤစာအုပ်တွင် ပါဝင်သော သတင်းအချက်အလက်များအတွက် အဖွဲ့အစည်းများ၊ ၎င်းတို့ကိုယ်စား အလုပ်လုပ်ပေးသည့် မည်သည့် ပုဂ္ဂိုလ်တစ်ဦးကမျှ တာဝန်ယူရန်မလိုပါ။

ရန်ကုန်ရှိ နော်ဝေသံရုံးကတဆင့် နော်ဝေနိုင်ငံခြားရေးဌာန၏ စေတနာပံ့ပိုးမှုကြောင့် ဤ အစီရင်ခံစာကို ပုံနှိပ်ထုတ်ဝေနိုင်ခြင်းဖြစ်ပါသည်။

မူရင်းပိုင်ရှင်အမည်ရေးထိုးမထားသော ဓါတ်ပုံများအတွက် ANFREL ၏ လေ့လာသူများအား ကျေးဇူးတင်ရှိပါသည်။

ဇစ်မြစ်တွင် ANFREL အမည်ကိုဖော်ပြ၍ ကူးယူဖော်ပြခွင့်ပြုသည်။

# မာတိကာ


| | | |
|---|---|---|
| အမှာစာ | | ၁ |
| နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ၏ နောက်ခံအကျဉ်း | | ၄ |
| အဖွဲ့အစည်းအကြောင်း | | ၆ |
| အစီရင်ခံစာအနှစ်ချုပ် | | ၈ |
| အခန်း (၁) | ဥပဒေမူဘောင် | ၁၇ |
| အခန်း (၂) | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း | ၃၃ |
| အခန်း (၃) | ရွေးကောက်ပွဲရွေးဆိုင်းမှုများ | ၄၃ |
| အခန်း (၄) | ရွေးကောက်ပွဲစီမံအုပ်ချုပ်မှု | ၅၅ |
| အခန်း (၅) | မဲဆွယ်စည်းရုံးမှု ပတ်ဝန်းကျင် | ၆၉ |
| အခန်း (၆) | ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုများ | ၈၅ |
| အခန်း (၇) | ကြိုတင်မဲ | ၉၅ |
| အခန်း (၈) | ရွေးကောက်ပွဲနေ့ | ၁၀၉ |
| အခန်း (၉) | ရွေးကောက်ပွဲရလဒ်များထုတ်ပြန်ကြေညာခြင်းနှင့် အငြင်းပွားမှုများဖြေရှင်းခြင်း | ၁၁၉ |
| အခန်း (၁၀) | ဘေးဖယ်ချန်ထားခြင်းခံရသော လူ့အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု | ၁၃၃ |
| အခန်း (၁၁) | အရပ်ဘက်လူမှုအဖွဲ့အစည်းများ | ၁၄၆ |
| အခန်း (၁၂) | သတင်းမီဒီယာအခင်းအကျင်း | ၁၅၇ |
| အကြံပြုချက်များ | | ၁၇၁ |
| ခတ်ပုံများ | | ၁၇၈ |

# အမှာစာ

ဤအစီရင်ခံစာကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အလယ်ပိုင်းလောက်တွင် ထုတ်ဝေရန် မူလက စီစဉ်ခဲ့ပါသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလနှင့် မဲပေးသည့်လုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာပြီးသည့်နောက် ANFREL အနေဖြင့် ရွေးကောက်ပွဲအလွန်ကာလ၏ အဓိက အစိတ်အပိုင်းကြီး နှစ်ရပ်ဖြစ်သည့် အသစ်စက်စက် ရွေးကောက်ခံ လွှတ်တော်အမတ်များ (MPs) ၏ ကျမ်းသစ္စာကျိန်ဆိုပွဲနှင့် မဖြေရှင်းနိုင်သေးသော ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားချက်များကို ဖြေရှင်းနိုင်ရန်အလို့ငှာ ရွေးကောက်ပွဲခုံရုံး ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာနေစဉ်မှာပင် တပ်မတော်က ဝင်ရောက်စွက်ဖက်လာခဲ့ပြီး ဒီမိုကရေစီလုပ်ငန်းစဉ်ကို အကြမ်းပတမ်း အဆုံးသတ်စေခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ ကျင်းပမည့်ဆဲဆဲဖြစ်သော ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်အစောပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးက ဝန်ကြီးချုပ်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) ဥက္ကဋ္ဌ ဦးလှသိန်းနှင့်တကွ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများနှင့် ပါတီပေါင်းစုံက နိုင်ငံရေးသမားများအား တပ်မတော်က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၁၇ အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် (သို့မဟုတ်) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်လာသည့် အနေအထားတွင် အရေးအပေါ်အခြေအနေ တစ်နှစ် ကြေညာနိုင်သည် ဟူသောအချက်ကို ကိုးကား၍ တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သော်လည်း ယင်းစာပိုဒ်ပါ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာခဲ့ခြင်းမရှိပေ။

အဆိုပါအာဏာထိန်းသိမ်းမှုသည် တရားမဝင်သည့်အလျောက် အစိုးရဝန်ထမ်းများ၊ သတင်းမီဒီယာများ၊ တက်ကြွလှုပ်ရှားသူများနှင့် မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များကိုကာကွယ်ရန်နှင့် မတရားဖမ်းဆီး ထိန်းသိမ်းခံကြရသူများ၏ လွတ်မြောက်မှုကိုတောင်းဆိုရန် ရဲရင့်ပြောင်မြောက်စွာ စုရုံးလှုပ်ရှားကြသည့် ငြိမ်းချမ်းစွာ ဆန္ဒပြသူများကိုပါ စစ်အာဏာရှင်များက အကြမ်းဖက်ဖြိုခွဲခဲ့ကြသည်။ ၁၉၈၈ အရေးတော်ပုံ နောက်ပိုင်းတွင် အကြီးမားဆုံးသော နိုင်ငံအဝှမ်း ဆန္ဒထုတ်ဖော်မှုများမှာ အပြင်းအထန် နှိပ်ကွပ်ခြင်းခံခဲ့ရသည်။ ဤအစီရင်ခံစာကို ရေးသားသည့်အချိန်တွင် အာဏာသိမ်းမှုနှင့်စပ်လျဉ်း၍ အနည်းဆုံး အရပ်သား ၆၀ ဦးခန့်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်ပြီး လူ ၂,၀၀၀ နီးပါးခန့်မှာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရပြီး ဖြစ်သည်။ တရားမဲ့ဖမ်းဆီးထိန်းသိမ်းမှုများ၊ အင်အားသုံးလက်စဖျောက်မှုများနှင့် ညှင်းပန်းနှိပ်စက်မှုများ အပါအဝင် လူသားမျိုးနွယ်စုပေါ် ဖောက်ဖျက်ကျူးလွန်သည့် ရာဇဝတ်မှုမြောက်သော စွဲချက်များနှင့်သက်သေ အထောက်အထားများမှာလည်း အင်တာနက်နှင့်ဆိုရှယ်မီဒီယာ ဖြတ်တောက်ခံရမှုများ မကြာခဏ ဖြစ်ပေါ်နေသည့်တိုင် နိုင်ငံပြင်ပအထိ ပျံ့နှံ့လာခဲ့သည်။

မြန်မာ့တပ်မတော် အနေဖြင့် အာဏာသိမ်းမှုနှင့် စပ်လျဉ်း၍ ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများရှိသည်ဟု အကြောင်းပြသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ မြဝတီရုပ်မြင်သံကြားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မဲစာရင်း မသမာမှု မြောက်မြားစွာရှိခဲ့သည်" ဟု ကြေညာခဲ့သည်။ ထို့နောက်တွင် စစ်အာဏာရှင်များဘက် ရွေးကောက်ပွဲကော်မရှင်သစ်တစ်ရပ် ဖွဲ့စည်းခန့်အပ်ခဲ့ပြီး ပြီးခဲ့သည့်နိုဝင်ဘာလ ရွေးကောက်ပွဲရလဒ်များသည် အကျုံးမဝင်တော့ဟု ကြေညာခဲ့သည်ကို ကြားသိရသည့် အပြင်ရွေးကောက်ပွဲ ကော်မရှင်အရာရှိများကို မဲမသမာမှု ဖြစ်ပွားခဲ့ပါသည်ဟု အတည်ပြု ပေးရန် အတင်းအဓမ္မ ခံဝန်ရေးထိုးစေခဲ့သည်။ အဆိုပါဆောင်ရွက်ချက်များသည် နိုင်ငံတကာ ရွေးကောက်ပွဲအငြင်းပွားမှုများကိုဖြေရှင်းသည့် စံနှုန်းများနှင့် ဖီလာဆန့်ကျင်နေပါသည်။ သို့ဖြစ်ပါ၍ ANFREL အနေဖြင့် ကမ္ဘာတစ်လွှားက အခြားသော ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေး အဖွဲ့အစည်းများစွာနှင့်ပူးပေါင်း၍ အဆိုပါလုပ်ရပ်များအပေါ် ရှုတ်ချခဲ့ပါသည်[1]။ ၁၉၉၀ ခုနှစ် ဖြစ်စဉ်များ တစ်ကျော့ပြန် ဖြစ်ပွားလာသောအခါ တပ်မတော်အနေဖြင့် လွတ်လပ် သော ရွေးကောက်ပွဲများတွင် ရိုးသားစွာပါဝင်ရန်ဟူသော ကတိကဝတ်ကို ပြန်လည်ပေးအပ်ဖို့ ရာအတွက် မဖြစ်နိုင်တော့ပါ။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် သပိတ်ဖြိုခွဲခံရမှုများနှင့် စိုးရိမ်ဖွယ်ရာ လူ့အခွင့်အရေး အခြေအနေတို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းက ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက် မှုတစ်ခု လိုအပ်နေသည်ကို ကျွန်ုပ်တို့ နားလည်သော်လည်း ANFREL သည် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အခြေခံမူများဆိုင်ရာ ကြေညာချက်[2] တွင် ပါဝင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် ရွေးကောက်ပွဲ လုပ်ငန်းစဉ် အားလုံးတွင် ကျွန်ုပ်တို့တွေ့မြင်လိုသည့် သမာသမတ်ကျမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ဖော်ထုတ်ပြသရန်တာဝန်ရှိပါသည်။ သို့ဖြစ်ပါ၍ အချက်အလက်မှန် ထုတ်ပြန်ဖို့ရာရည်သန်၍ ဤအစီရင်ခံစာကို အာဏာသိမ်းမှုမတိုင်မီ ဇန်နဝါရီလ ၃၁ ရက်၊ ၂၀၂၁ ခုနှစ်တွင် ရေးသား ခဲ့သည့်အတိုင်း (နောက်ပိုင်းဖြစ်ပွားခဲ့သည့် စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ရပ်အချို့ကိုဖော်ပြရန် အနည်းငယ် တည်းဖြတ်မှု ပြုလုပ်ခဲ့သည်မှအပ) ထုတ်ပြန်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ဤအစီရင်ခံစာပါ ANFREL ၏ ဆန်းစစ်လေ့လာချက်နှင့် အကြံပြုချက်များကိုမူ မူရင်းအတိုင်း ဆက်လက် ထားရှိပါသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ကောင်းကွက်၊ ဆိုးကွက် များအားလုံးကို အမှန်အတိုင်း တင်ပြထားနိုင်သည်ဟုလည်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ သို့သော်လည်း USDP နှင့် တပ်မတော်က ပြုလုပ်သည့် မဲစာရင်းမသမာမှုဆိုင်ရာ စွဲချက်များ နှင့်ပတ်သက်၍ သီးခြားအတည်ပြုနိုင်ရန်အတွက် လုံလောက်သော သတင်းအချက်အလက်

1 https://anfrel.org/joint-statement-myanmar-stop-the-coup-let-election-tribunals-do-their-job/

2 http://anfrel.org/wp-content/uploads/2005/10/declaration-of-principles_en.pdf

များ မရရှိနိုင်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ဤအစီရင်ခံစာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုမတိုင်မီ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာပြည်ရောက်ရှိခဲ့သည့် တိုးတက်မှုတစ်ရပ်ကို ဖော်ပြထားပြီး များမကြာမီတွင် ရွေးကောက်ခံ အရပ်သားအစိုးရ အာဏာရရှိပြီး မှန်ကန်သော လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

ကျွန်ုပ်တို့ကွန်ရက်၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ ပြောကြားသည့် အတိုင်းပင် “ပြီးပြည့်စုံသော ရွေးကောက်ပွဲဟူ၍ မရှိပါ”။ ဆိုလိုသည်မှာ အတွေ့အကြုံပြည့်ဝသည့် လေ့လာသူများ၏ အမြင်တွင် ပြုပြင်ပြောင်းလဲပြုလုပ်ရမည့် နေရာများကို အမြဲ မြင်တွေ့တတ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ **၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲရလဒ်များသည် ခြုံငုံကြည့်ပါက မြန်မာပြည်သူများ၏စိတ်ဆန္ဒကို ကိုယ်စားပြုသည်ဟု ANFREL အနေဖြင့် အချက်အလက်များစွာကိုအခြေခံ၍ ထင်မြင်ယူဆမိပါသည်။** COVID-19 ကပ်ရောဂါ ပြင်းထန်နေချိန်၌ပင် မဲရုံဝန်ထမ်းများ၊ ရွေးကောက်ပွဲနှင့်ကျန်းမာရေးဆိုင်ရာအရာရှိများ၏ ကြိုးစားအားထုတ်မှုဖြင့် ၂၇.၅ သန်းသော ပြည်သူများ မဲပေးခဲ့ကြရသည်ဖြစ်၍ ၎င်းတို့၏အသံများ ဆိတ်သုဉ်းမသွားသင့်ပါ။

မြန်မာနိုင်ငံက မိမိတို့၏ အခြေခံအခွင့်အရေးများအတွက် ဆက်လက်တိုက်ပွဲဝင်လျက်ရှိသော ညီအစ်ကို မောင်နှမများနှင့်အတူ ကျွန်ုပ်တို့လည်း တစ်သွေးတည်းတစ်သားတည်း ရပ်တည်လျက်ရှိပါသည်။ နိုင်ငံအဝှမ်း၌ ပြန့်နှံ့လျက်ရှိသော ကြွေးကြော်သံတစ်ခုအတိုင်း တောင်းဆိုလိုက်ပါသည်။

*ပြည်သူ့အာဏာ ပြည်သူ့ပြန်ပေး*

Chandanie Watawala<br>
ANFREL အမှုဆောင် ညွှန်ကြားရေးမှူး<br>
မတ် ၁၀၊ ၂၀၂၁

# နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ၏ နောက်ခံအကျဉ်း




မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လေ့လာရန် လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL) ၏ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့ (IEOM) ကို ၂၄ ရက် တိုင်တိုင် ဖြန့်ကျက်လေ့လာမည့် ကာလရှည်လေ့လာသူ (LTOs) ၁၃ ဦး၊ ၈ ရက် တိုင်တိုင်ဖြန့်ကျက်လေ့လာမည့် ကာလတို လေ့လာသူ (STOs) ၈ ဦး၊ ရွေးကောက်ပွဲနေ့၌ လေ့လာမည့်သူ နောက်ထပ် (၃) ဦး၊ ရန်ကုန်တွင် အခြေစိုက်သည့် ပင်မအဖွဲ့တစ်ဖွဲ့အပြင် ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်သူ (၄) ဦး (ရန်ကုန်တွင် ၁ ဦးနှင့် အဝေးရောက် ဆောင်ရွက်မည့်သူ ၃ ဦး)တို့ဖြင့် ဖွဲ့စည်းထားသည်။ ANFREL သည် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုအနက် ၁၃ ခုတွင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများကို စေလွှတ်နိုင်ခဲ့ပါသည်။

နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးမစ်ရှင်အဖွဲ့သည် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ ရွေးကောက်ပွဲဆိုင်ရာကြိုတင်ပြင်ဆင်မှုများ၊ မဲဆန္ဒနယ်တွင်းကြိုတင်မဲပေးခြင်း၊ မဲဆွယ်စည်းရုံးမှုကို ရပ်နားရသည့် ကာလ(Cooling Period) နှင့် ရွေးကောက်ပွဲနေ့ ဆောင်ရွက်မှုများကို လေ့လာခဲ့ကြပါသည်။ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်ကဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၏ကိုယ်စားလှယ်လောင်းများနှင့်ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရဲဝန်ထမ်းများ၊ မဲရုံဝန်ထမ်းများ၊ မီဒီယာအဖွဲ့အစည်းများနှင့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူများအပါအဝင် နိုင်ငံတဝှမ်းရှိ မတူညီသော ရွေးကောက်ပွဲတွင် ဆက်စပ် ပတ်သတ်နေသူများအား အင်တာဗျူးရာပေါင်းများစွာဖြင့် အတွင်းကျကျ မေးမြန်းခဲ့ပါသည်။

ANFREL ၏ရွေးကောက်ပွဲလေ့လာသူများက ကြိုတင်မဲပေးသည့်ကာလတွင် မဲရုံပေါင်း (၂၀၅) ရုံသို့သွားရောက် လေ့လာနိုင်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် နောက်ထပ်မဲရုံပေါင်း (၂၆၇) ရုံသို့ သွားရောက်ခဲ့ကြသည့်အတွက် မဲရုံဖွင့် ချိန်မှစ၍ မဲရေတွက်သည့်အချိန်တိုင် တစ်နေ့တာလုံး တွင် မဲရုံလုပ်ငန်းစဉ်တစ်ခုလုံးကို ရှုထောင့်ပေါင်းစုံက လွှမ်းခြုံ နိုင်ခဲ့ကြပါသည်။

ဝန်ထမ်းတစ်ဦးစီသည် သက်ဆိုင်ရာဒေသများသို့ နေရာချထားခြင်းမပြုမီ ကိုဗစ်–၁၉ ရောဂါ ပိုးစစ်ခြင်းကို ပြုလုပ်ခဲ့ကြရပြီး အားလုံးတွင် ရောဂါပိုးမရှိကြောင်း အဖြေထွက်ခဲ့ပါသည်။ ရန်ကုန်သို့ အပြန်ခရီးအတွက် ထပ်မံစစ်ဆေးခြင်းတွင် လေ့လာသူ ၁ ဦးနှင့် စကားပြန် ၁ ဦး တို့တွင် ကိုဗစ်–၁၉ ပိုးကူးစက်ခံရကြောင်းတွေ့ရှိခဲ့ရာ ANFREL သည် ၎င်းတို့၏ ထိတွေ့မှု နောက်ကြောင်းရှာဖွေခြင်းအတွက် သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများနှင့်ပူးပေါင်း ဆောင်ရွက်ကာ ထိုပိုးကူးစက်ခံရသူလူနာများအား ကုသမှုခံယူစေခဲ့ပါသည်။

ANFREL ၏ နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးဆိုင်ရာကြိုးပမ်းအားထုတ်မှုများသည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ICCPR)၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဆိုင်ရာ ဘန်ကောက်ကြေညာစာတမ်းနှင့် ဒီမိုကရက်တစ်ရွေးကောက်ပွဲများအတွက် ဒီလီ အညွှန်းကိန်းများကဲ့သို့သော နိုင်ငံတကာနှုန်း စံများနှင့်စာချုပ်စာတမ်းများတွင် ဖော်ပြထားသည့် နည်းစနစ်များကို လိုက်နာကျင့်သုံး ထားပါသည်။ ANFREL သည် နိုင်ငံတကာရွေးကောက်ပွဲလေ့လာခြင်းနှင့် လိုက်နာအပ်သည့် ကျင့်ဝတ်နှင့်မူများဆိုင်ရာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

# အဖွဲ့အစည်းအကြောင်း




Asian Network for Free Elections (ANFREL) အဖွဲ့ကို ဒီမိုကရက်တစ်ရွေးကောက်ပွဲများအား မြှင့်တင်ပေးသည့် အလုပ်ကိုလုပ်ဆောင်မည့် အာရှမှဦးဆောင်အန်ဂျီအိုတစ်ခုအဖြစ် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ ANFREL ၏ မူလအလုပ်သည် ရွေးကောက်ပွဲလေ့လာရေး၊သက်ဆိုင်ရာနိုင်ငံများတွင်ဒီမိုကရေစီဖော်ဆောင်မှုများ၌တက်ကြွစွာလုပ်ဆောင်နေကြသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးနိုင်ရေး နှင့် ဒေသတွင်း ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး ကို ထိန်းသိမ်းရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် စည်းရုံးခြင်း၊ အရေးဆိုခြင်းလုပ်ငန်းများအား အဓိကထားလုပ်ဆောင်ပါသည်။

ANFREL သည် စတင်ဖွဲ့စည်းချိန်မှစ၍ မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီအထိ အာရှတစ်လွှားတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးမစ်ရှင် ၆၇ ခု လုပ်ဆောင်ခဲ့ရာ အဆိုပါမစ်ရှင်များတွင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူ တစ်ထောင်ကျော်ပါဝင်ခဲ့သည်။ ANFREL သည် အကျုံးဝင်ပါဝင်မှု၊ တာဝန်ယူမှု တာဝန်ခံမှု၊ ပွင့်လင်းမြင်သာရှိမှု နှင့် ဆက်စပ်ပတ်သက်သူများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတို့မှတဆင့် နိုင်ငံရေးလုပ်ငန်းစဉ်များကို အားကောင်းလာစေရန် လုပ်ဆောင်ပေးနေသည့် အာရှဒေသရှိ မိတ်ဖက်အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကွန်ရက်မှ လေ့လာသူများကို ရရှိပါသည်။ ကျွန်ုပ်တို့၏ ရေရှည်ရည်မှန်းချက်မှာ ဒေသတွင်း ရွေးကောက်ပွဲနှင့်အုပ်ချုပ်ရေးတို့၌ ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန်နှင့် ဒီမိုကရေစီအလေ့အထကို ပြည်ပမှ လုပ်ဆောင်ပေးခြင်းထက် ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်လာအောင်ပြုလုပ်၍ အမြစ်တွယ်လာစေရန်တို့ဖြစ်သည်။ နိုင်ငံအသီးသီးတွင် ရွေးကောက်ပွဲလေ့လာရေးများလုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏လေ့လာသူများသည် နိုင်ငံတကာရှိ အကောင်းဆုံးသော ရွေးကောက်ပွဲအလေ့အထများကို အားကောင်းစွာ နားလည်သဘောပေါက်မှု တိုးပွားလာစေရန်ဖြစ်သည်။ ထိုနိုင်ငံတကာ ဗဟုသုတများကို ၎င်းတို့သက်ဆိုင်ရာ မိခင်နိုင်ငံများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အားကောင်းလာစေရန် ပြန်လည်အသုံးချနိုင်ပေသည်။

ရွေးကောက်ပွဲလေ့လာခြင်းကဏ္ဍတွင် တိုက်ရိုက်ပါဝင်ခြင်းအပြင် ANFREL သည်ရွေးကောက်ပွဲများနှင့် ဒီမိုကရေစီနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် လုပ်ကိုင်နေသောအခြားအဖွဲ့အစည်းများအတွက်လည်း လေ့ကျင့်သင်ကြားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကိုလုပ်ဆောင်ပေးလျက်ရှိပါသည်။ ပြည်တွင်းအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို တိုက်ရိုက်ဖြစ်စေ၊ တဆင့်ခံဖြစ်စေ ထောက်ပံ့ပေးခြင်းသည် ကျွန်ုပ်တို့ ရွေးကောက်ပွဲလေ့လာရေးမစ်ရှင်တိုင်းတွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ယနေ့ထိ တိုင်ပါဝင်နေဆဲဖြစ်သည်။ သက်ဆိုင်ရာနိုင်ငံတိုင်းမှ ပြည်တွင်းရှိ ဆက်စပ်ပတ်သက်နေသူများကို ထိုကဲ့သို့သောစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် ဒီမိုကရေစီဖော်ဆောင်ရေး ကြိုးပမ်းမှု၏ အရေးအကြီးဆုံးအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ANFREL က ယုံကြည်ပြီး၊ ထို့ကြောင့်ပင် ဒီမိုကရေစီထောက်ခံသူများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသတွင်း (သို့မဟုတ်) အချို့သောနိုင်ငံတွင် အလုပ်ရုံဆွေးနွေးပွဲများ ပုံမှန်ကျင်းပနေခြင်းဖြစ်ပေသည်။

နောက်ဆုံးဆိုရပါက ANFREL သည် ရွေးကောက်ပွဲများနှင့် အခြားဒီမိုကရေစီလုပ်ငန်းစဉ်များနှင့် ဆက်စပ်နေသော သတင်းအချက်အလက်များ၊ ပုံနှိပ်ထားသော အထောက်အကူပစ္စည်းများကို ပြန့်နှံ့စေခြင်းများအပါအဝင် ရွေးကောက်ပွဲနှင့်ဆိုင်သော အရေးဆိုမှုများနှင့် စည်းရုံးလှုံ့ဆော်မှုများကို လုပ်ဆောင်နေသကဲ့သို့ နိုင်ငံအတွင်းနှင့် နိုင်ငံတကာအဆင့်တွင်လည်း ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အရေးဆိုလျက်ရှိပါသည်။ ANFREL သည် ၂၀၁၂ ခုနှစ်မှစတင်ကာ အာရှရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပတ်သက်သူများ ဆွေးနွေးပွဲ (Asian Electoral Stakeholder Forum – AESF) ကို စီစဉ်ကျင်းပလျက်ရှိရာ အာရှတလွှားမှ ရွေးကောက်ပွဲဆိုင်ရာ အရပ်ဖက်လူမှုအဖွဲ့များနှင့် ရွေးကောက်ပွဲစီမံအုပ်ချုပ်သည့် အဖွဲ့များကြား နားလည်မှုပိုမိုတည်ဆောက်နိုင်ရန်နှင့် အာရှတွင် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများဖြစ်ရန်အတွက် ကျန်ရှိနေသေးသော အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုများရရန် ဖိတ်ခေါ်တွေ့ဆုံစေပါသည်။

ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပတ်သက်နေသူအမျိုးမျိုးအား မိမိတို့၏ အရေးဆိုမှု၊ စည်းရုံးမှုလုပ်ငန်းများတွင် ပါဝင်စေခြင်းနှင့် ဒေသတဝှမ်းမှ လေ့လာသူများကို ကျွန်ုပ်တို့၏ လေ့လာရေးမစ်ရှင်များ၌ အတူတကွပါဝင်စေခြင်းမှတဆင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း စည်းလုံးညီညွတ်ရေးစိတ်ဓါတ်ကို အခြေခံလျက် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေမည့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ANFREL က ဖန်တီးပေးလိုခြင်းဖြစ်သည်။

ANFREL ၏ လုပ်ငန်း နယ်ပယ်သုံးခုဖြစ်သည့် ရွေးကောက်ပွဲလေ့လာခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စည်းရုံးအရေးဆိုခြင်းတို့သည် ကျွန်ုပ်တို့ရည်မှန်းချက်ဖြစ်သည့် အာရှတလွှားတွင် အရည်အသွေးပြည့်ဝသော ရွေးကောက်ပွဲများမြှင့်တင်ရေးကို ပံ့ပိုးပြီး ၎င်းတို့သည်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်ပံ့ပိုးမှုရှိနေပါသည်။

# အစီရင်ခံစာအနှစ်ချုပ်

အများအားဖြင့် အေးချမ်းသာယာနေသော ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ နောက်ဆုံးအပိုင်းကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၌ စစ်တပ်အာဏာသိမ်းကာ ဖြတ်တောက်ခြင်းမပြုမီ အချိန်ထိ ANFREL သည် ပထမဦးစွာ မြန်မာပြည်သူ/သားများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) နှင့် သိန်းဂဏန်းမျှသော မဲရုံဝန်ထမ်းများအားလုံးကို ခက်ခဲသောအခြေအနေတွင် မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုရန် ရည်ရွယ်ထားခဲ့ပါသည်။ အများစုသော ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူများ၊ အချို့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အားလည်း တက်ကြွအားကောင်းသော ရွေးကောက်ပွဲပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာအောင် အားပေးကူညီခဲ့ခြင်း၊ အလွန်တရာလိုအပ်လှသော အသိပညာပေးရေး၊ အရေးဆိုတင်ပြဆွေးနွေးမှုများနှင့် ရွေးကောက်ပွဲလေ့လာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းတို့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားရန် ရည်ရွယ် ထားခဲ့ပါသည်။

သို့သော်လည်း တပ်မတော်၏ အလွန်တရာဆိုးရွားလှသော လုပ်ဆောင်မှု များသည် လမ်းကြောင်းပေါ် ရောက်နေသော ရွေးကောက်ပွဲလုပ်ငန်းစဉ်အား ရပ်ဆိုင်းသွားစေခဲ့ပြီး နိုင်ငံ၏ ဒီမိုကရေစီအလားအလာကို နောက်သို့ ၅ နှစ်ပြန်ဆွဲခဲ့ပါသည်။ အာဏာသိမ်းစဉ်က စ၍ မြန်မာနိုင်ငံ၏ အခြေအနေအကြောင်းကို ထုတ်ဖော်ပြောဆိုရန် အကြောင်းအရာများစွာရှိသော်လည်း ဤအစီရင်ခံစာတွင် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရွေးကောက်ပွဲကာလကိုသာ အလေးပေးဖော်ပြထားသည်။ အနာဂတ်တွင် အရပ်သားအစိုးရက နိုင်ငံတကာ စံနှုန်းများနှင့်အညီ ရွေးကောက်ပွဲများကျင်းပရာတွင် အကျိုးရှိစေရန်ရည်ရွယ်ပါသည်။ ANFREL သည် မြန်မာနိုင်ငံတွင် စစ်တပ်ကအာဏာသိမ်းခြင်းအား ဆက်လက်၍ ပြင်းထန်စွာရှုတ်ချနေဆဲဖြစ်ပြီး ပြည်သူက ရွေးချယ်တင်မြှောက်ထားသော အစိုးရအား အမြန်ဆုံးအာဏာ ပြန်လည်ပေးအပ်ရန် မျှော်လင့်ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအား COVID-19 ကပ်ရောဂါကိုနောက်ခံပြု၍ မကြုံစဖူး ကျင်းပပြုလုပ်ခဲ့ရသည့် အကြောင်းအရင်း တစိတ်တဒေသကြောင့် မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင် အနေအထားသည် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင်ကဲ့သို့ အပြည့်အဝ လွတ်လပ်မှုတမှုမရှိခဲ့သည်ကို ANFREL က လေ့လာတွေ့ရှိခဲ့ရပါသည်။ ရောဂါကူးစက်မှု ဆက်တိုက်ဖြစ်ပွားနေချိန်တွင် ကူးစက်မှုနှုန်းကျဆင်းစေရန် ရည်ရွယ်၍ ကျန်းမာရေးလမ်းညွှန်ချက်များ၊ ခရီးသွားလာရေး ကန့်သတ်ချက်များကို ပြုလုပ်ထားသည့်အတွက် မဲဆွယ်စည်းရုံးမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ ညီမျှမှုမရှိခဲ့ပါ။ ပါတီများအနေဖြင့် ရပ်ရွာအတွင်း၌သာ လူအနည်းငယ်ဖြင့် ပွဲများကျင်းပပြုလုပ်ကြရပြီး အွန်လိုင်းမဲဆွယ်စည်းရုံးမှုများ ပိုမိုများပြားပျံ့နှံ့လာခဲ့သည်။ သို့တိုင် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း

ချိုးဖောက်မှုများလည်း ပုံမှန်အားဖြင့် ဖြစ်ပေါ်ခဲ့ပြီး မိမိအသိစိတ်နှင့်မိမိ ထိန်းကျောင်းဆောင်ရွက်ရေးမူဝါဒမှာ ဤကျန်းမာရေးပြဿနာများကို ဖြေရှင်းနိုင်ရန် အလုပ်မဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။ လူဦးရေ ကန့်သတ်ချက်၊ social distancing စည်းကမ်းနှင့် ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ရေးတို့ကို လိုက်နာရန် ကြိုးပမ်းအားထုတ်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှာ ယင်းစည်းကမ်းတို့ကို မလိုက်နာသူများနှင့် ယှဉ်သောအခါ တပန်းရှုံးနိမ့်ခဲ့ရသည်။ တာဝန်ရှိသူအနေဖြင့် ဝင်ရောက်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်း၊ ယန္တရားများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ထို့အပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏နေရာအချို့တွင် အင်တာနက်ဝန်ဆောင်မှု ဖြတ်တောက်ထားပြီး ရွေးကောက်ပွဲနှင့် COVID-19 အခြေအနေနှစ်ရပ်လုံးနှင့်ဆက်နွယ်သည့် သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှုအပေါ် ကန့်သတ်မှုဖြစ်စေခဲ့ခြင်း၊ အွန်လိုင်းက တဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း တိုင်းရင်းသားနှင့်ဘာသာရေးအရ လူနည်းစု ကိုယ်စားလှယ်လောင်းများအား အမုန်းစကားများ၊ သတင်းအချက်အလက်မှားများဖြင့် တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲ အကြမ်းဖက်မှုဖြစ်ရပ်များ မြင့်တက်လာခြင်း၊ နိုင်ငံပိုင်မီဒီယာတွင် မဲဆွယ်မိန့်ခွန်းများအား ဆင်ဆာဖြတ်တောက်ခံရခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးမှုနှင့်စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ရာတွင် အာဏာရပါတီကို မျက်နှာသာပေးသည်ဟု တစိုက်မတ်မတ်ထင်မြင်ချက်များရှိခြင်းတို့သည် မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင် အပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများဖြစ်စေခဲ့ပါသည်။အဆိုပါအကြောင်းတရားများ အားလုံးတို့ကြောင့် အင်အားကြီးမားသော (သို့မဟုတ်) လက်ရှိအာဏာရဆဲဖြစ်သော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ အရင်းမြစ်များနှင့် ရာထူးနေရာတို့ကို အခြားသူများ အသုံးမပြုနိုင်သည့် နည်းလမ်းများဖြင့် အသုံးပြုနိုင်ခွင့်ရရှိခဲ့ကြပါသည်။

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုနှင့် ရွေးကောက်ပွဲအလွန် အစောပိုင်းကာလပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံ ဒေသအများစုတွင် တည်ငြိမ်အေးချမ်းလျက် ရှိသော်လည်း အထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အကြမ်းဖက်မှုများ မြင့်တက်လာသည့်အတွက် ANFREL အနေဖြင့် အံ့သြထိတ်လန့်မိပါသည်။ ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုဖြစ်ရပ်အရေအတွက်မှာ အထူးတလည် မြင့်တက်လာခဲ့ပြီး အခင်းဖြစ်ပွားမှု အများစုမှာ စစ်ရေးပဋိပက္ခ ထိခိုက်မှုဒဏ်မခံရသော မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွင်း အထင်ကရ ပါတီကြီးနှစ်ခုက ဝန်းရံသူများကြား ဖြစ်ပွားခြင်းဖြစ်သည်။ အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများအား တာဝန်ခံစေရန်နှင့် ၎င်းဖြစ်ရပ်မျိုး နောင်အနာဂတ်တွင် ထပ်မံမဖြစ်ပွားအောင် ကာကွယ်ရန် တဆင့်ပြီးတဆင့် ဆောင်ရွက်သင့်ပါသည်။ အာဏာသိမ်းစဉ်ကအစပြုသော လုံခြုံရေးအင်အားစုများ၏ လုပ်ဆောင်မှုများသည် သိသာစွာပင် ပိုမိုဆိုးရွားလာပြီး စိုးရိမ်ပူပန်မှုများတိုးပွားလာသည့်အလျောက် မဲဆန္ဒရှင်များ၊ မဲဆွယ်စည်းရုံးမှု ပြုလုပ်သူများနှင့်

ကိုယ်စားလှယ်များအား အကြမ်းဖက်တစ္ဆေခြောက်လှန့်နေပါက မျှတသောရွေးကောက်ပွဲ ယှဉ်ပြိုင်မှု မဖြစ်ပေါ်နိုင်ပါ။

ထို့အပြင် ရခိုင်ပြည်နယ် အတွင်း ကိုယ်စားလှယ်လောင်းသုံးဦး ပြန်ပေးဆွဲခံရမှု နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းက အသစ်စက်စက် ရွေးကောက်ခံအမတ်အား လက်သည်မပေါ်ဘဲ လုပ်ကြံသတ်ဖြတ်မှုတို့မှာ (ဒေသနှစ်ခုလုံးမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တက်ကြွလှုပ်ရှားရာ နယ်မြေများဖြစ်ကြသည်) နိုင်ငံအဝှမ်း လုံလောက်မှုမရှိသော လုံခြုံရေး အခြေအနေများကြား ရွေးကောက်ပွဲများကျင်းပရာတွင် ဖြစ်ပေါ်တတ်သည့် စိန်ခေါ်မှုများကို ပြသလျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်ပတ်သက်နေကြသူများ အားလုံး တို့အား ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကတစ်ဆင့် မိမိစိတ်ဆန္ဒသဘော ထားကို ဖော်ပြလိုသော ဒေသခံပြည်သူများ၏ အခွင့်အရေးများကို လေးစားသမှုပြုပေးကြ ပါရန်နှင့် ဤနေရာ၌ အခြားကိစ္စရပ်များ ထက်စာလျှင် ချုပ်ခြယ်မှုများ၊ မလျော်သြဇာများ အောက်က ကင်းလွတ်သော မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်တစ်ခု လိုအပ်ကြောင်းကို ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းပြောကြားလိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံး၏ ၂၅% ကို တပ်မတော်အတွက် ချန်လှပ်ပေးထား ရသည့်အတွက် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်မှာ အခြေခံအားဖြင့် ဒီမိုကရေစီမဆန်လှချေ။ အလားတူစွာပင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းမှု မှာလည်း တပ်မတော်ကရရှိထားသည့် ဗီတိုအာဏာကြောင့် မအောင်မြင်ခဲ့ပေ။ ထို့အပြင် ရိုဟင်ဂျာတိုင်းရင်းသားများနှင့် သာသနာ့ဝန်ထမ်းများ အပါအဝင် ကြီးစွာသော လူဦးရေ အစိတ်အပိုင်းများမှာ မဲပေးခွင့်ဆုံးရှုံးနေဆဲဖြစ်ပါသည်။ မဲဆန္ဒနယ် သတ်မှတ်သည့်ပုံစံကြောင့် ကိုယ်စားပြုမှုအချိုးမမျှခြင်း၊ လွှတ်တော်အမတ်နေရာ ဖြန့်ကျက်ထားရှိမှု မညီမျှခြင်းတို့ ဆက်လက်ဖြစ်ပေါ်လျက် ရှိနေပါသည်။ မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲနည်းဥပဒေ များတွင် ကြိုဆိုလက်ခံရမည့်အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပါသည်။ သာဓကအားဖြင့် ဆိုရသော် ပြည်တွင်း စစ်ဘေးရှောင်များ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ကျောင်းသား များအား ၎င်းတို့ယာယီနေထိုင်ရာ အရပ်ဒေသတွင် အလွယ်တကူ မဲပေးခွင့်ပေးခြင်း၊ တပ်မတော်အခြေစိုက်စခန်းများအတွင်း မဲရုံများထားရှိခွင့် မပေးတော့ခြင်းတို့ဖြစ်ကြပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီစုစုပေါင်း ၉၁ ပါတီနှင့် ကိုယ်စားလှယ်လောင်း ၅,၆၄၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်များအတွက် ရွေးချယ်စရာ အမြောက်အမြား ရရှိခဲ့ပါသည်။ သို့သော်လည်း ခွဲခြားဆက်ဆံမှုရှိသည်ဟု လူပြောများသည့် နိုင်ငံသားဥပဒေကိုအသုံးပြု၍ အချို့သော ကိုယ်စားလှယ်လောင်းများကိုငြင်းပယ်ခဲ့ရာ အစ္စလာမ်ဘာသာဝင်များမှာ တဖက်သတ် ထိခိုက် နစ်နာခဲ့ရပါသည်။ ထို့အပြင်လည်း ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) အား ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တပတ်သုံးပတ်အလိုတွင်မှ ဖျက်သိမ်းလိုက်ခြင်းသည် ယင်း

ပါတီကိုယ်စားလှယ်လောင်းများအတွက် ကြိုတင်မဲပေးခဲ့ပြီးဖြစ်သည့် မဲဆန္ဒရှင်များအတွက် ထိခိုက်နစ်နာစေခဲ့ပါသည်။

COVID-19 ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ဆုံးဖြတ်ခြင်းသည် သဘောထားကွဲလွဲမှု ဖြစ်စေခဲ့ပြီး များစွာလည်း အဝေဖန်ခံခဲ့ရသည့်တိုင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ရက်အတိုင်း ဆက်လက်ကျင်းပရန်ဆုံးဖြတ်ခဲ့ပါသည်။ အကြောင်းရင်းတစိတ်တဒေသမှာ ရွေးကောက်ပွဲပြက္ခဒိန်တွင် ဤအနေအထားကို ကိုင်တွယ်ဖြေရှင်းဖို့ရာ များစွာအခွင့်အရေး မပေးသောကြောင့် ဖြစ်ပါသည်။ နောက်ပိုင်းထွက်ပေါ်လာသည့် အချက်အလက်များအရ ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းကြောင့် ရောဂါပြန့်ပွားမှု အထွေအထူးမဖြစ်ပွားစေခဲ့ဘဲ ဤသို့မဖြစ်စေရန်လည်း အာဏာပိုင်များက အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း မြန်မာနိုင်ငံရှိ အရပ်ဒေသအမြောက်အများ၌ လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန် ဖြစ်ပွားလာခြင်းကြောင့် လုံခြုံရေးအရ ရွေးကောက်ပွဲများဖျက်သိမ်းခဲ့ရသည့် အရပ်ဒေသများမှာ ၂၀၁၅ ခုနှစ်ထက်ပင် အရေအတွက် ပိုမိုများပြားခဲ့ပါသည်။ ဤတွင် မည်သည့်မဲဆန္ဒနယ်ကို ရွေးကောက်ပွဲ ရွှေ့ဆိုင်းမည်ဟုဆုံးဖြတ်ရာ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တသမတ်တည်းမဖြစ်၊ ပွင့်လင်းမြင်သာမှုမရှိဟု ယူဆစရာ ဖြစ်ခဲ့အတွက် အချို့နေရာများတွင် အငြင်းပွားမှုများ  ပေါ်ပေါက်ခဲ့ပါသည်။ ယေဘုယျအားဖြင့် အထက်တွင်ဖော်ပြခဲ့သည် ရွေးကောက်ပွဲဖျက်သိမ်းမှုများသည် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ တရားဝင်မှုအပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှု ဖြစ်စေသည်။ ရွေးကောက်ပွဲဖျက်သိမ်းရမည့် မြို့နယ်များနှင့်ကျေးရွာအုပ်စုများကို သတ်မှတ်ပုံမှာ ထင်သာမြင်သာမရှိ၊ စိတ်ထင်သလိုဆောင်ရွက်သကဲ့သို့ဖြစ်နေပြီး တသမတ်တည်း မရှိချေ။ ယင်းသို့သော ဆုံးဖြတ်ချက်များကို မိမိဘာသာ ချမှတ်လိုက်သည့်အတွက် အဆိုပါဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်အနိုင်ရရှိရန် မျှော်မှန်းထားသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများအား တစိတ်တဒေသ ပစ်မှတ်ထားဆောင်ရွက်သည်ဟု ထင်မြင်သွားစေခဲ့သည်။

သို့ဖြစ်ပါ၍ UEC အနေဖြင့် ဘက်မလိုက်မှုနှင့်တာဝန်ခံမှုတို့ကို ပေါ်လွင်ထင်ရှားစေရန် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ပိုမို ပွင့်လင်းမြင်သာပြီး အများပါဝင်နိုင်သည့်နည်းလမ်းကို နောင်အနာဂတ်တွင်အသုံးပြုရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းလိုပါသည်။ မဲဆွယ်စည်းရုံးရေး စတင်ပြီး အတန်ကြာမှ မဲပေးခွင့်ရှိသူ ၁.၅ သန်းကျော်အား မဲပေးခွင့် ဆုံးရှုံးစေမည့် ကိစ္စမျိုး မပြုလုပ်မီတွင် အနည်းဆုံးအနေဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်နေသူများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ရွေးကောက်ပွဲ တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအကြောင်းပြချက်များအရ နောက်ဆုံး လိုအပ်မှသာ ရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုများကိုပြုလုပ်သင့်ပြီး ရွှေ့ဆိုင်းရာတွင်လည်း ရှေ့နောက်တသမတ်တည်းဖြစ်သော၊ ကျိုးကြောင်း ဆီလျော်သောစံနှုန်းများဖြင့်ဆောင်ရွက်သင့်ပါသည်။

အချို့သောဒေသများတွင် ရွေးကောက်ပွဲ ကျင်းပပေးဖို့ရန်အတွက် အန္တရာယ်ရှိသည်မှာ ယုံမှားဖွယ်မရှိသော်လည်း အခြား မြောက်မြားစွာသော အရပ်ဒေသများတွင် မဲဆန္ဒရှင်များ၏ အသံများကို တတ်နိုင်သမျှကြားသိနိုင်စေရန် ဘေးကင်းလုံခြုံသော ရွေးကောက်ပွဲကျင်းပမှု များကို ပြုလုပ်၍ရနိုင်စရာရှိပါသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်တွင် ယင်းအနေအထားမှာ ပို၍ဆိုးရွားခဲ့သည်။ ရခိုင်ပြည်နယ် မြို့နယ်ကိုးခုရှိ မဲဆန္ဒနယ်အကုန်အစင်နှင့် အခြားမြို့နယ်လေးခုက အစိတ်အပိုင်းအချို့တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းကြောင့် စာရင်းထုတ်ပြန်ပြီး မဲဆန္ဒရှင်များအားလုံး၏ လေးပုံ သုံးပုံမှာ မဲပေးခွင့်ဆုံးရှုံးခဲ့ကြရသည်။ ထို့အပြင်လည်း ဤအချက်ကပင် မြန်မာနိုင်ငံ၏ ခွဲခြား ဆက်ဆံမှုရှိသော နိုင်ငံသားဥပဒေများကြောင့် ရိုဟင်ဂျာ ၆၀၀,၀၀၀ ခန့်မှာ အခြေခံ နိုင်ငံရေး ရပိုင်ခွင့်များ ငြင်းပယ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် အသစ်တစ်ဖန် ဖြစ်ပွားသည့် COVID-19 ရောဂါကူးစက်ပြန့်နှံ့မှုစတင်ရာနေရာဖြစ်ပြီး ဩဂုတ်လက စတင်၍ ပြည်နယ်တစ်ခုလုံးတွင် stay-at-home အမိန့်ထုတ်ပြန်ထားခဲ့သည်။ သတင်းစာ ဖြန့်ချိမှုပင် မရှိတော့သည့်အတွက် ဤအခြေအနေသည် ကိုယ်စားလှယ်လောင်းများ မဲဆွယ် စည်းရုံးခွင့်ကို ထိခိုက်စေသည်သာမက မဲဆန္ဒရှင်များ အချက်အလက်စုံလင်စွာဖြင့် ရွေးချယ်မှု ပြုနိုင်ဖို့ရာ သတင်း အချက်အလက် ရယူနိုင်စွမ်းကိုလည်း ထိခိုက်စေခဲ့သည်။ မိုဘိုင်း အင်တာနက်ကို ကာလကြာမြင့်စွာ ဖြတ်တောက်ထားခြင်း၊ တောင်ကုတ်မြို့နယ်တွင် NLD ကိုယ်စားလှယ်လောင်းသုံးဦးကို ရက္ခိုင့်တပ်မတော်က ပြန်ပေးဆွဲခြင်းတို့သည် ရခိုင်ပြည်နယ် တွင် ဒီမိုကရေစီနည်းလမ်းကျသော ရွေးကောက်ပွဲများ ဖြစ်ပေါ်နိုင်စရာ အခြေအနေမရှိ ဟူသော ရုပ်လုံးကိုပီပြင်စေခဲ့သည်။

မကြာသေးမီက ပုဂ္ဂလိကသတင်းမီဒီယာများကို တပ်မတော်အာဏာသိမ်းသူများက ပြုလုပ် ခဲ့သော တိုက်ခိုက်မှုများမတိုင်မီ ရွေးကောက်ပွဲအကြိုကာလ ကတည်းကပင် သတင်း ဝဘ်ဆိုဒ်မြောက်မြားစွာကို ပိတ်ပင်ထားခြင်း၊ အကဲဆတ်သည့်သတင်းများ ရေးသားတင် ဆက်သည့် သတင်းထောက်များမှာ ဥပဒေကြောင်းအရ တရားစွဲဆိုခံရခြင်း၊ အစိုးရအရာရှိများ အပါအဝင် သတင်းရယူနိုင်စရာပုဂ္ဂိုလ်များထံ လက်လှမ်းမမီခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကဲ့သို့သော နိုင်ငံအဆင့် အစိုးရဌာနများက သတင်းအချက်အလက်များရရှိရန် ခက်ခဲခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ သတင်းစာနှင့်အင်တာနက် လွတ်လပ်ခွင့်တို့မှာ ကျဆင်းလျက်ရှိနေခဲ့ပါသည်။ COVID-19 ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် သတင်းဌာန အချို့တွင် ဝန်ထမ်းအင်အားလျှော့ချရခြင်း၊ ခရီးသွားလာရေး ကန့်သတ်ချက်များကြောင့် သတင်းမီဒီယာအနေဖြင့် ၎င်းတို့လုပ်ငန်းကို ကောင်းစွာ မဆောင်ရွက်နိုင်ခြင်းတို့လည်း ဖြစ်ပွားခဲ့ပါသည်။

ရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားတင်ဆက်ပုံမှာ အများအားဖြင့် လွတ်လပ်မျှတမှု ရှိသော်လည်း နိုင်ငံ၏ အထင်ကရ နိုင်ငံရေးပါတီကြီးနှစ်ခု[3] ကိုသာ အာရုံထားသည်ကိုတွေ့ ရပြီး လူနည်းစုတိုင်းရင်းသားများ ပါဝင်သော ပါတီများနှင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကိုယ်စားပြုမှုနည်းပါးသော အုပ်စုများကို သတင်းရေးသား ဖော်ပြမှု နည်းပါးသည့် အတွက် ပိုမိုလွှမ်းခြုံမှုရှိသော သတင်းရေးသား တင်ဆက်မှု ပြုလုပ်ရန် လိုအပ်နေပါသေးသည်။ ရွေးကောက်ပွဲကာလအတွင်း အွန်လိုင်းပေါ်တွင် သတင်းတုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိရပါသည်။ မြန်မာနိုင်ငံက သတင်းထောက်များအနေဖြင့် အခက်အခဲများစွာ ရင်ဆိုင် ခဲ့ကြရသည့်တိုင် သတင်းမီဒီယာ များသည် ရွေးကောက်ပွဲကာလအတွင်း စာနယ်ဇင်း တာဝန်များကိုကျေပွန်အောင် အစွမ်းကုန် ကြိုးစား ဆောင်ရွက်ခဲ့ကြပါသည်။ မဲဆန္ဒရှင်များ အတွက် သက်ဆိုင်ရာသတင်းများနှင့် စိစစ်လေ့လာချက်များကို အချိန်မီ ပေးပို့ခြင်းဖြင့် အချက်အလက်စုံလင်စွာ ဆုံးဖြတ်ချက်များပြုလုပ်နိုင်စေဖို့ရာ သတင်းမီဒီယာ၏ အခန်း ကဏ္ဍမှာ မရှိမဖြစ်လိုအပ်သည်ဖြစ်၍ သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော် ရေးသားခွင့်တို့ကို အကာအကွယ်ပေးသင့်ပြီး ယခုထက် ပိုမိုအားကောင်းစေရန် ဆောင်ရွက် သင့်ပါသည်။

COVID-19 ကြောင့် မြေပြင်ပေါ်တွင် လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိခဲ့သည့်အတွက် အီလက်ထရောနစ် နည်းလမ်းများဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းကို မြှင့်တင် ဆောင်ရွက်ရန် ကြိုးပမ်းသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏အားထုတ်မှုကို ANFREL က အသိအမှတ်ပြုပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များအတွက် အသိပညာ ပေးသည့်ပမာဏမှာ အထူးသဖြင့် ကျေးလက်ဒေသများနှင့် အင်တာနက်ရရှိမှု နည်းပါးသည့် ဒေသများတွင် နိမ့်ပါးလျက်ရှိနေပါသည်။ မဲဆန္ဒရှင်အသိပညာပေး ရုပ်သံနှင့် စာရွက်စာတမ်း များတွင် UEC အနေဖြင့် တိုင်းရင်းသားနှင့်ဘာသာစကားအရ လူနည်းစုတို့အတွက် အာရုံစိုက်မှု နည်းပါးခဲ့သည့်အတွက် အချို့သော တိုင်းရင်းသားအစုအဖွဲ့များသည် မဲပေးသည့် လုပ်ငန်းစဉ်ကို နားမလည်ခဲ့ကြပေ။ ဤလိုအပ်ချက်ကို CSO များက ၎င်းတို့၏ မဲဆန္ဒရှင် အသိပညာပေး အစီအစဉ်ဖြင့် တစိတ်တဒေသ ဝင်ရောက်အားဖြည့်ပေးသည့်အနေဖြင့် အွန်လိုင်းတွေ့ဆုံပွဲများ၊ အုပ်စုငယ်များပါဝင်သည့် အစည်းအဝေးများကို ပြုလုပ်ခဲ့ကြပြီး တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအနှံ့အပြား၌ ရွေးကောက်ပွဲလေ့လာမှုများ ပြုလုပ်ပေးပြီး နိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အားပေးကူညီခဲ့ကြပါသည်။

CSO များသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်းကူးပြောင်းမှုဖြစ်စဉ်တွင် ပံ့ပိုးကူညီပေးနေ ကြသည့် အဓိက ဇာတ်ကောင်များအနက် အပါအဝင်ဖြစ်သော်လည်း COVID-19 ကပ် ရောဂါနှင့် အခြားဆက်စပ်ကိစ္စရပ်များ၊ စိန်ခေါ်မှုများကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် တွင် ၎င်းတို့ ပါဝင်ဆောင်ရွက်ရေးနှင့် အစီအစဉ်များ အကောင်အထည်ဖော်ရေး တို့တွင်

3 The National League for Democracy (NLD) and Union Solidarity and Development Party (USDP)

သက်ရောက်မှုရှိခဲ့သည်။ CSO များနှင့် ၎င်းတို့၏ လုပ်ငန်းများကို အားပေးကူညီသည့် ဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သင့်ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၅,၆၄၁ ဦးရှိသည့် အနက် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၉၀၂ ဦး (သို့မဟုတ်) ၁၆% ပါဝင်ခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆,၁၈၉ ဦးအနက် အမျိုးသမီးဦးရေ ၈၀၀ (၁၃%) သာ ပါဝင်ခဲ့သည့်အတွက် အချိုးအဆ တိုးတက်လာခဲ့သော်လည်း အရေအတွက် နည်းပါးလျက်ရှိသေးသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကွဲပြားစုံလင်မှု ပိုမို အားကောင်းစေရန် ကြိုးပမ်းအားထုတ်မှုများကို တွေ့မြင်ခဲ့ရပြီး အမျိုးသမီး ကိုယ်စားလှယ် လောင်းဦးရေ မြင့်တက်လာခြင်းနှင့်အတူ အများပါဝင်မှု ပိုမိုရရှိလာစေခဲ့ ပါသည်။ ယင်းသို့သော ဆောင်ရွက်ချက်များအနက် နိုင်ငံရေးပါတီများက တိုင်းရင်းသား ကိုယ်စားလှယ် လောင်းများအား ပွဲထုတ်လာခြင်း၊ ပထမဆုံးအကြိမ်မဲပေးမည့်သူ ၅ သန်းနှင့် ထိတွေ့မှုပိုမို ရရှိစေရန်ကြိုးပမ်းခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ကြိုတင်မဲပေးနိုင် စေရန်စီစဉ်ပေးခြင်း၊ LGBT အဖြစ် ပွင့်လင်းစွာ ထုတ်ဖော်ထားသူ ကိုယ်စားလှယ်လောင်းက ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်လာခြင်းတို့ ပါဝင်ပါသည်။

သို့သော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင်သာမက ဆုံးဖြတ်ချက်ချမှတ်သည့် နေရာ များတွင်ပါ ကျား၊ မ တန်းတူညီမျှရေးနှင့် ဘေးဖယ်ချန်ထားခံရသော အုပ်စုများ၏ စစ်မှန်သော ပါဝင်ဆောင်ရွက်မှု ရရှိစေရေးအတွက် ယခုထက်ပို၍ ဆောင်ရွက်နိုင်စရာများ ရှိနေပါ သေးသည်။ အစိုးရအသစ်အနေဖြင့် အမျိုးသမီးဝန်ကြီးအဖွဲ့ဝင်များ ပိုမိုခန့်အပ်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ခြင်း၊ မဲရုံများတွင် ဝင်ထွက်သွားလာရေးအဆင်ပြေမှုကို စစ်ဆေးရေးလုပ်ဆောင်ခြင်း၊ ဘေးဖယ် ချန်ထား ခံရသောအုပ်စုများနှင့် ဘာသာခြားများကို ပစ်မှတ်ထားခွဲခြားဆက်ဆံမှုများအတွက် ဥပဒေပြဋ္ဌာန်းချက်များ ပြင်ဆင်ရေးဆွဲခြင်းတို့ဖြင့် ၎င်းတို့အတွက်လုပ်ပိုင်ခွင့်အသစ် ပေးအပ် နိုင်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားပေါင်းစုံနေထိုင်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားအားလုံး၏ ပါဝင်ဆောင်ရွက်မှုကို လူမျိုး၊ ဘာသာ၊ ကျား၊ မ မရွေး အသိအမှတ် ပြုပေးခြင်းဖြင့် လူစုံတက်စုံပါဝင်သော အစိုးရတစ်ရပ် တည်ဆောက်သင့်ပါသည်။

ရွေးကောက်ပွဲနေ့တွင် ပြဿနာကြီးကြီးမားမားမရှိလှဘဲ နိုင်ငံတစ်ဝှမ်းလုံး တည်ငြိမ် အေးချမ်းပြီး အစီအစဉ်တကျ ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ဆန္ဒမဲ လာရောက်ပေးသူများစွာရှိခဲ့ပြီး COVID-19 ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမှု များကြောင့် မဲပေးသည့် လုပ်ငန်းကြန့်ကြာခြင်း၊ တခါတရံ ရှည်လျားကြာမြင့်စွာ တန်းစီ ရခြင်းတို့ ဖြစ်ပေါ်ခဲ့သော်လည်း မဲဆန္ဒရှင်များအားလုံး မဲပေးခွင့်ရရှိခဲ့ကြပါသည်။ မဲပေးသည့် လုပ်ငန်းစဉ်များတွင် ထူးခြားဖြစ်စဉ်အချို့ကို တွေ့ရှိရသည်ဟု ANFREL လေ့လာသူများက အစီရင်ခံခဲ့ကြသော်လည်း မဲပေးသည့်လုပ်ငန်း၏ သမာသမတ်ဖြစ်မှုကို ထိခိုက်စေလောက်

အောင် မဖြစ်ခဲ့ဟုတွေ့ရှိရသည်။ လူအုပ်ကြီးမားလွန်းလှခြင်း နှင့်/သို့မဟုတ် နေရာအခက်အခဲရှိခြင်းတို့ကြောင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတန်းစီခြင်းကို နေရာတော်တော်များများတွင် လိုက်နာနိုင်ခြင်းမရှိခဲ့ကြသော်လည်း မဲပေးသည့်လုပ်ငန်းနှင့် မဲရေတွက်သည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်ခဲ့ကြပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ယေဘုယျအားဖြင့် ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြပါသည်။

COVID-19 ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း မဲဆန္ဒရှင်များ၏ပါဝင်မှု တိုးပွားစေရန် အလို့ငှာ UEC က ယခင်ရွေးကောက်ပွဲများနှင့်ခြားနားစွာ ကြိုတင်မဲပေးသည့်လုပ်ငန်းအတွက် ကြီးမားသော အပြောင်းအလဲများ ပြုလုပ်ပေးခဲ့ပါသည်။ ဤတွင် သက်ကြီးရွယ်အိုမဲဆန္ဒရှင်များအား နေအိမ်တွင်မဲပေးခွင့်ပေးခြင်း၊ quarantine centre များတွင် မဲရုံများပြုလုပ်ပေးခြင်း၊ ခရီးသွားလာရေးဆိုင်ရာ အကန့်အသက်များကြောင့် သက်ဆိုင်ရာ မဲဆန္ဒနယ်သို့ မပြန်နိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးခွင့် တိုးချဲ့ပေးခြင်းတို့ အပါအဝင် ဖြစ်ပါသည်။ ကြိုတင်မဲပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရာ၌ တသမတ်တည်းမဖြစ်ခဲ့ဘဲ အထူးသဖြင့် တပ်မတော်သားနှင့် ၎င်းတို့မိသားစုများပါဝင်သည့် ကြိုတင်မဲပေးခြင်း ကိစ္စရပ်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် အားနည်းချက် အရှိဆုံး ဖြစ်ခဲ့သည့်တိုင် ANFREL အနေဖြင့် ကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်တစ်ရပ်လုံး၏ သမာသမတ်ဖြစ်မှုအပေါ် သံသယဖြစ်ဖွယ်ရာ အကြောင်းပြချက် တစုံတရာမတွေ့ခဲ့ရပါ။ လုပ်ငန်းစဉ်လုံခြုံမှုရှိစေရန်နှင့် မဲလက်မှတ်များ၏ လျှို့ဝှက်မှုကို အာမခံပေးနိုင်ရန် နောင်အနာဂတ်တွင် ယခုထက် ပိုမိုတိကျသည့် လုပ်ငန်းစဉ်များပြုလုပ်သွားရန် ANFREL က အကြံပြုမည်ဖြစ်သော်လည်း UEC အနေဖြင့် ခက်ခဲသော အခြေအနေတစ်ရပ်တွင် မဲဆန္ဒရှင်များ၏ ပါဝင်မှု ပိုမိုအားကောင်းစေဖို့ရာ ချီးကျူးဖွယ်ရာခြေလှမ်းများ ပြုလုပ်လျှောက်လှမ်းခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

ရွေးကောက်ပွဲရလဒ်များကို အချိန်မီထုတ်ပြန်ပေးရာတွင်လည်း ၂၀၁၅ ခုနှစ်ထက် ပိုမိုမြန်ဆန်ခဲ့ပါသည်။ နိုင်ငံအဝှမ်း မဲပေးသူဦးရေမှာ ၇၂% နီးပါးရှိသည့်အတွက် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့်တိုင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲထက်ပင် အနည်းငယ်သာလွန်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အများစုတွင် မဲပေးသူဦးရေမြင့်မားပြီး ပယ်မဲနှင့် ပျောက်ဆုံးမဲအရေအတွက် အနည်းငယ်သာ တွေ့ရှိခဲ့ရသည်မှာ အားရစရာကောင်းပါသည်။ သို့သော်လည်း ရွေးကောက်ပွဲရလဒ်အချက်အလက်များ ပိုမို၍ ထင်သာမြင်သာ ရှိစေရန် အသေးစိတ်အချက်အလက်များကို တစုတစည်းတည်း စက်ဖြင့်ဖတ်ရှုနိုင်သော ပုံစံ (machine readable format) ဖြင့် ထုတ်ပြန်ပေးနိုင်မည်ဆိုပါက ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းလာမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲရလဒ်များ ကြေညာပြီးသည့်နောက်တွင် တပ်မတော်ကျောထောက်နောက်ခံဖြစ်သော USDP က ရွေးကောက်ပွဲရလဒ်များကိုလက်မခံဘဲ မဲပေးသည့်လုပ်ငန်းစဉ်တွင် မသမာမှုများရှိခဲ့သည်ဟု စွပ်စွဲထားပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကန့်ကွက်လွှာအမှုပေါင်း (၂၈၇) မှု လက်ခံရရှိခဲ့ရာ နှိုင်းစာပါက ၂၀၁၅ ခုနှစ်တွင် ၄၅ မှုသာရှိခဲ့သည်။ ထိုအထဲမှ (၁၇၁) မှုသည် USDP က တင်သွင်းသော ကန့်ကွက်လွှာများဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဤကန့်ကွက်လွှာများကို ပြန်လည် ဆန်းစစ်ရန်အတွက် ရွေးကောက်ပွဲခုံရုံးများဖွဲ့စည်းရန် အခွင့်အရေးပင်မရသေးမီ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က အာဏာသိမ်းခြင်း လုပ်ဆောင်ခဲ့သည့်အတွက် ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်း လုပ်ငန်းစဉ်အား နှောင့်နှေးစေခြင်းသည် ဥပဒေကြောင်းနှင့်မညီဘဲ ဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရတော့မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းအား ဤအစီရင်ခံစာတွင် အသေးစိတ် မဖော်ပြတော့ပေ။

ANFREL က တပ်မတော်သည် ၎င်းကိုယ်တိုင်ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မြန်မာနိုင်ငံသားများ၏အခြေခံလွတ်လပ်မှုတို့ကို လျစ်လျူရှုပြီး အတင်းအကြပ်ပြုကာအုပ်ချုပ်ရန် ကြိုးပမ်းမှုများကို ထပ်မံ၍ရှုတ်ချပါသည်။ အရပ်သားဦးဆောင်သောအစိုးရထံသို့ အာဏာ ပြန်လည် လွှဲပြောင်းပေးရန် တောင်းဆိုလိုပါသည်။ ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်လွှာအမှုများကို သင့်လျော်သော ဥပဒေလုပ်ငန်းစဉ်များကတဆင့် ပြန်လည်ဖြေရှင်းရန် ဆက်စပ်ပတ်သက်သူများအားလုံးကို နှိုးဆော်ပါသည်။

# အခန်း ၁ တရားဥပဒေမူဘောင်

## ဒီမိုကရေစီနည်းမကျသော အခြေခံမူများ

မြန်မာနိုင်ငံရွေးကောက်ပွဲများနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဆန်းစစ်လေ့လာရပါမူ သိသာထင်ရှားသည့် အချက်က စတင်ရပါမည်။ ၎င်းမှာ ဒီမိုကရေစီအစိုးရအဖြစ် တင်းပြည့်ကျပ်ပြည့် ဖွဲ့စည်းခွင့်မပေးထားသော လက်ရှိဥပဒေမူဘောင်ဖြစ်ပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် တပ်မတော်အစိုးရ၏ "ဒီမိုကရေစီ လမ်းပြမြေပုံ" က ပေါ်ထွက်လာသည့်တိုင် ၂၀၁၅ ခုနှစ်တွင် အရပ်သားခေါင်းဆောင်များကို အနှစ် ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ရွေးကောက်တင်မြှောက်နိုင်ခဲ့ပြီး တပ်မတော်၏ အာဏာအမြစ်တွယ်ခိုင်မာစေသည့် အာဏာခွဲဝေမှု ပုံစံတစ်ရပ်ကိုလည်း မိတ်ဆက်ကျင့်သုံးလာစေခဲ့သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က "အများလက်ခံယုံကြည်မှုမရှိ[4] " ဟု မှတ်ချက်ပြုသော ဖွဲ့စည်းပုံအခြေခံဥပဒေကို အမျိုးသားညီလာခံကရေးဆွဲခဲ့ရာ ယင်း ညီလာခံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် အခြားသောအတိုက်အခံပါတီများ မပါဝင်ခဲ့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူ၍ အတည်ပြုရာတွင်လည်း မဲဆန္ဒရှင်များအားခြိမ်းခြောက်ခြင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲ လုပ်ငန်းများဆိုင်ရာ နိုင်ငံတကာစံသတ်မှတ်ချက်များကို မလိုက်နာခြင်းတို့ ဖြစ်ပွားခဲ့ပြန်ပါသည်[5] ။ ပြည်သူ့ဆန္ဒခံယူပွဲကို ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသကို ထိခိုက်ပျက်စီးစေသည့် ကြောက်မက်ဖွယ် ဆိုက်ကလုန်း နာဂစ်မုန်တိုင်းဖြစ်ပွားပြီး ရက်အနည်းငယ်အကြာတွင် ကျင်းပခဲ့သည့်တိုင် ၉၈.၁% မျှသော မေးခွန်းထုတ်ဖွယ်ရာ မဲပေးသူပမာဏအနက် ၉၂.၄၈% က အခြေခံဥပဒေမူကြမ်းကိုထောက်ခံခဲ့သည်ဟု ယင်းကာလ နိုင်ငံပိုင်သတင်းမီဒီယာ၏ ထုတ်ပြန်ချက်အရ သိရပါသည်[6] ။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု ရှိလွှတ်တော်များ၏ ၂၅% ကိုတပ်မတော်ကခန့်အပ်သည့် ကိုယ်စားလှယ်များအတွက် ချန်လှပ်ထားပေးရသည် ဖြစ်ရာ အခြေခံအားဖြင့် ဒီမိုကရေစီနည်းမဆန်

4 https://www.burmalibrary.org/docs4/CHR2005-SGreport-en.pdf

5 https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs5/PILPG_Report_Burmese_Constitutional_Referendum_Neither_Free_Nor_Fair-11_May_2008.pdf

6 https://www.reuters.com/article/us-myanmar-referendum/myanmars-charter-sails-through-referendum-idUSSP33290120080526




မဲဆန္ဒရှင်တစ်ဦး ချင်းပြည်နယ်၊ ကန်ပက်လက်မြို့တွင် အောက်တိုဘာလ ၃၀ ရက်နေ့က ကြိုတင်မဲပေးနေစဉ်

သေးပေ[7] ။ အဆိုပါ ရွေးကောက် တင်မြှောက်စရာမလိုသည့် အချိုးကျ ကိုယ်စားလှယ်ဦးရေ ပမာဏသည် ရွေးကောက်ခံ ဥပဒေပြုအမတ်များ၏ အာဏာကိုသာမက ဥပဒေပြုမဏ္ဍိုင် တစ်ရပ်လုံး၏ တရားဝင်မှုကိုပါ ထိခိုက်စေလေသည်။ တပ်မတော်နှင့် အချိတ်အဆက်ရှိသည့် နိုင်ငံရေးအင်အားစုများက အမတ်နေရာထက်ဝက်မျှရရုံဖြင့် အစိုးရဖွဲ့နိုင်ခြေရှိနေရာ လူနည်းစု အုပ်ချုပ်ရေးဖြစ်ပေါ်လာနိုင်သည့်အတွက် "အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သား တို့၏ ဆန္ဒအပေါ်အခြေခံရမည်" ဟူသော အခြေခံမှုနှင့်ဆန့်ကျင်နေသည်[8] ။

နာမည်ပျက်လှစွာသော အမတ်ခွဲတမ်းအပြင် အမည်ခံမျှသာကျန်တော့သည့် အရပ်သား အစိုးရအပေါ် တပ်မတော်၏ ဩဇာလွှမ်းမိုးမှုခိုင်မာအောင် ပြုလုပ်ပေးသည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များစွာ ရှိပါသေးသည်။ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်း ကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး" သည် နိုင်ငံတော်၏ "အစဉ်တစိုက် ဦးတည်ချက်များ[9] " တွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ် ရေးရာ ဝန်ကြီးဌာန၏ အရေးပါသည့် ရာထူးနေရာများကို တပ်မတော်သား အရာရှိများ အားခန့်အပ်ပေးရသည်[10] ။ ထို့အပြင် မိသားစုဝင်အရင်းအချာတစ်ဦးဦးသည် "နိုင်ငံခြား အစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ" (သို့မဟုတ်) တိုင်းတစ်ပါးတွင် နိုင်ငံသားခံယူထားသူဖြစ်ပါက ယင်းပုဂ္ဂိုလ်မှာ သမ္မတဖြစ်ခွင့်မရှိတော့ချေ[11] ။ ဤသည်မှာ ဒေါ်အောင်ဆန်းစုကြည်အား သမ္မတမဖြစ်စေရန် ရည်ရွယ်ထည့်သွင်းထားသည့် ဥပဒေပါ အပိုဒ်ဖြစ်သည်ဟု လူပြောများပါသည်။ ၂၀၁၆ ခုနှစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်သောအခါ ဒေါ်အောင်ဆန်းစုကြည် အုပ်ချုပ်ရေးတွင် ထိရောက်စွာ ပါဝင်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးသစ်ကို ဖန်တီးရေးဆွဲခဲ့ပါသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့ ဖွဲ့စည်းခွင့်ဆိုင်ရာ အခြေခံ အခွင့်အရေးများအပြင် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု နှင့် ဓလေ့ထုံးတမ်းများအား လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်တို့ကို အခြေခံဥပဒေ အပိုဒ် ၃၅၄ တွင် အသိအမှတ်ပြုထားသော်လည်း တစ်ချိန်တည်းမှာပင် ယင်းအခွင့်အရေးများကို "နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်" သာ အကာအကွယ်ပေးမည်ဟုဆိုကာ ကန့်သတ်မှုပြုထားသည်။ တစ်နည်းဆိုရပါမူ အခြေခံ နိုင်ငံရေးအခွင့်အရေးများသည် မြန်မာနိုင်ငံရှိဥပဒေများပေါ် မူတည်၍ အပြောင်းအလဲဖြစ် နိုင်သည့် သဘောဖြစ်သည်။

7 Articles 109, 141, and 161 of the Constitution of Myanmar

8 Article 21(3) of the Universal Declaration of Human Rights

9 Article 6 of the Constitution of Myanmar

10 Article 232(b) of the Constitution of Myanmar

11 Article 59(f) of the Constitution of Myanmar

အဆိုပါ အကြောင်းတရားများကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာသည့် အချိန်ကတည်းကပင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် အရေးဆိုနေကြသူများက ယင်းကို ငြင်းဆန်ခဲ့ကြခြင်းဖြစ်သည်။ ချုပ်တီးမှု များလှသည့် ၎င်းဥပဒေမူဘောင်အောက်ရှိ တင်းပြည့်မဟုတ်သော ရွေးကောက်ပွဲများတွင် သတိရှိရှိနှင့် ဝင်ရောက် ယှဉ်ပြိုင်ကြသည့် အဖွဲ့အစည်းများရှိသကဲ့သို့ တရားဝင်မှုမရှိသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မည်သည့် နည်းနှင့်မျှ ပါဝင်မှုမပြုဟူ၍ ငြင်းဆန်ခဲ့ကြသူများလည်း ရှိခဲ့ကြပါသည်။ အဓိက အတိုက်အခံ ပါတီအဖြစ် ကာလကြာမြင့်စွာ ရပ်တည်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီ ကိုယ်တိုင်လည်း ၂၀၁၀[12] ခုနှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ သည့်တိုင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကိုမူ မြောက်မြားစွာသော ပါတီဝင်များ ကန့်ကွက်သည့်ကြားမှပင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် အလှည့် အပြောင်းကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး ၁၉၆၂ နောက်ပိုင်း တပ်မတော်နှင့် အဆက်အစပ် မရှိသည့် ပထမဆုံးသော အရပ်သားအစိုးရကို တင်မြှောက်လာနိုင်ခဲ့သည့်တိုင် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို မည်သည့်နည်းနှင့်မျှ ထောက်ခံမှုမပြုနိုင် ဟူ၍ ငြင်းဆန်လျက်ရှိသည့် အဖွဲ့အစည်းတချို့ ကျန်ရှိနေပါသေးသည်။ ဥပမာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်တို့က လက်ရှိမူဘောင် အောက်တွင်ကျင်းပသည့် ရွေးကောက်ပွဲဟူသမျှသည် အဓိပ္ပါယ်မရှိ၊ အနှစ်သာရမရှိဟုဆိုကာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်ရန် လှုံ့ဆော်ခဲ့ကြသည်[13]။

## မဲဆန္ဒနယ်အချိုးအစား မညီမျှခြင်းနှင့် မဲပေးခွင့်ဆုံးရှုံးခြင်း

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပြင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နိုင်ငံတော် သမ္မတ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ ပြည်နယ်လွှတ်တော် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲ ဥပဒေများအပြင် သက်ဆိုင်ရာ နည်းဥပဒေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) ၏ ထုတ်ပြန်ချက်များ၊ အမိန့်ကြေညာချက်များ ပေါင်းစပ်ပါဝင်လျက်ရှိပါသည်။ ယင်းဥပဒေများ ပေါင်းစည်း၍ မတူညီသော ရွေးကောက်ပွဲလုပ်ငန်းစဉ်သုံးရပ်ကို တစ်ပြိုင်နက် ကျင်းပပြုလုပ်သည် ဖြစ်ရာ ဤသည်မှာ မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်ပုံစံဖြစ်ပြီး ယင်းကို အောက်ပါဇယားဖြင့် ရှင်းပြနိုင်ပါသည်။

12 https://www.nytimes.com/2010/03/30/world/asia/30myanmar.html

13 https://www.youtube.com/watch?v=DrpMHPCM1Go

| ဥပဒေပြုရေးမဏ္ဍိုင် | *ပြည်သူ့လွှတ်တော်* | *အမျိုးသားလွှတ်တော်* | *ပြည်နယ်/ တိုင်းဒေသကြီး လွှတ်တော်များ* |
|---|---|---|---|
| **ရွေးကောက်ခံ အမတ် အရေအတွက်** | ၃၃၀ | ၁၆၈ | ၆၄၄ + ၂၉ "တိုင်းရင်းသားရေးရာ ဝန်ကြီး" ရာထူးများ |
| **ရွေးကောက်ပွဲစနစ်** | အနိုင်ရသူ အကုန်ယူစနစ်– FPTP (အများစုဆန္ဒမဲပေးခြင်း) | | |
| **မဲဆန္ဒနယ်များ သတ်မှတ်ခြင်း** | မြို့နယ်တစ်ခုလျှင် ၁ ဦး | ပြည်နယ် (သို့) တိုင်း ဒေသကြီး တစ်ခုလျှင် ၁၂ ဦး | မြို့နယ်တစ်ခုလျှင် ၂ ဦး + သတ်မှတ်ချက် နှင့် ကိုက်ညီသော " တိုင်းရင်းသားလူမျိုး" တစ်စုလျှင် ၁ ဦး |

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များတွင် အမျိုးသားလူမျိုးစုများ (သို့မဟုတ်) တိုင်းရင်းသား (မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုကြီးရှစ်စုကိုရည်ညွှန်းသော အငြင်းပွားဖွယ် ဝေါဟာရ) ကိုယ်စားလှယ်များ အတွက် ရာထူးနေရာများ ထပ်မံဖန်တီးပေးထားပါသည်။ မည်သည့်ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတွင်မဆို နိုင်ငံ့လူဦးရေ၏ ၀.၁% ရှိသော တိုင်းရင်းသားအုပ်စု (၂၀၂၀ ခုနှစ်တွင် ၅၄,၄၃၇[14] ) သည် ယင်းပြည်နယ်/တိုင်းဒေသကြီးတွင် လူအများစုမဟုတ်ပါက သို့တည်းမဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့မဟုတ်) တိုင်း[15] မရှိပါက သက်ဆိုင်ရာလွှတ်တော်တွင် ရာထူးတစ်နေရာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ "တိုင်းရင်းသားရေးရာဝန်ကြီးရာထူးများ" ဟု အများခေါ်ဆိုသည့် ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းသည် ပြည်နယ်တစ်ခုလုံးစာ (သို့မဟုတ်) တိုင်းဒေသကြီး တစ်ခုလုံးစာ ယှဉ်ပြိုင်ရသည်။

14 https://www.idea.int/sites/default/files/news/news-pdfs/2020-General-Election-in-Myanmar-Fact-Sheet_14-July-2020.pdf

15 Article 3(b) and (c) of the Region Hluttaw or State Hluttaw Election Law

တိုင်းရင်းသားလူနည်းစုများ ကိုယ်စားပြုမှု အားကောင်းစေမည့် နည်းစနစ်ကို ထည့်သွင်းထားသော အခြားရွေးကောက်ပွဲစနစ်များ နည်းတူ အထက်ဖော်ပြပါ ရာထူးခွဲဝေရေး စံသတ်မှတ်ချက် သည်လည်း အငြင်းပွားဖွယ် ဖြစ်နေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားရေးရာဝန်ကြီး နေရာရရန် သတ်မှတ်ချက်မှာ အတော်အတန် နိမ့်ပါးပြီး ချင်းပြည်နယ် မှအပ ပြည်နယ် နှင့် တိုင်းဒေသကြီးများ အားလုံးတွင် တိုင်းရင်းသားရေးရာဝန်ကြီးများရှိကြရာ တစ်နိုင်ငံလုံးအနေဖြင့် ၂၉ ဦးရှိပြီး ယင်းအရေအတွက်မှာ ယခင်အစိုးရ သက်တမ်းကတည်းက အပြောင်းအလဲမရှိပေ။ သို့သော်လည်း တရားဝင်တိုင်းရင်းသားစာရင်းကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေပေါ်တွင် အခြေခံထားသည်ဖြစ်ရာ မြောက်မြားစွာသော *တိုင်းရင်းသားအုပ်စုများ* (အထင်ရှားဆုံးမှာ ရိုဟင်ဂျာ) မှာ အဆိုပါစာရင်းက ဘေးရောက်နေပြီး ခွဲခြားဆက်ဆံခြင်း ခံကြရတော့သည်[16] ။ ထို့အပြင် အသိအမှတ်ပြုခံထားရသည့်တိုင်းရင်းသားအုပ်စုများကြား၌ပင် ကြီးစွာသော ကွဲပြားစုံလင်မှုကို တွေ့မြင်ရသည်။ သာဓကအားဖြင့် “ချင်း” တွင် ၅၃ အုပ်စု ထပ်မံခွဲခြားထားပြီး “ရှမ်း” တွင် ၃၃ အုပ်စုရှိသည်။ အဆိုပါ ကိန်းဂဏန်းများနှင့် စပ်လျဉ်း၍လည်း အငြင်းပွားမှုများ ရှိနေပါသေးသည်[17] ။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားအုပ်စုများ ခွဲခြားသတ်မှတ်ပုံမှာ ကျပန်းဆန်ပြီး တသမတ်တည်း မရှိပေ။

မြန်မာနိုင်ငံရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ အချိန်အတော်ကြာကတည်းကပင် ANFREL က စိတ်ပူပင်မိကြောင်း ပြောကြားခဲ့သည့် ကိစ္စတစ်ခု ရှိပါသည်။ ယင်းမှာ မဲဆန္ဒနယ်မြေနယ်နိမိတ်များ သတ်မှတ်ရာ၌ လူဦးရေထက်စာလျှင် အုပ်ချုပ်ရေးယူနစ်ကို အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ပါသည်။ သာဓကအားဖြင့် ပြည်သူ့လွှတ်တော် (ပြည်ထောင်စုလွှတ်တော်၏ အောက်လွှတ်တော်) နှင့် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များအတွက် မဲဆန္ဒနယ်များသည် တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ ၏ နယ်နိမိတ်များပေါ် အခြေခံ၍ ပိုင်းဖြတ်ထားခြင်းဖြစ်သည့်အတွက် ၎င်းတို့တွင် လူဦးရေကွာဟချက် ကြီးမားပြီး အချို့သောမဲဆန္ဒရှင်များ၏ ဆန္ဒမဲသည် အချို့ထက် ပိုမို၍အင်အားရှိကြသည်။

နောက်ဆုံးကောက်ယူရရှိထားသည့် သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံရှိ အသေးဆုံးမြို့နယ်မှာ ကချင်ပြည်နယ်က အင်ဂျန်းယန်ဖြစ်ပြီး နေထိုင်သူဦးရေ ၁,၇၃၂[18] သာရှိပြီး၊ အကြီးဆုံးမှာ ပဲခူးမြို့နယ်ဖြစ်ပြီး လူဦးရေ ၄၉၁,၄၃၄[19] ရှိသည်။ ယင်းဒေသနှစ်ခုလုံးရှိ မဲဆန္ဒရှင်များ စာရင်းတွင် လူဦးရေပမာဏ အတူတူပါဝင်သည်ဟု ယူဆလိုက်ပါက နိုင်ငံ၏

16 https://www.icj.org/myanmars-discriminatory-citizenship-laws-can-and-must-be-immediately-reformed/

17 https://asiatimes.com/2017/12/myanmars-controversial-135-ethnicity-count-needs-clarity/

18 http://www.themimu.info/sites/themimu.info/files/documents/BaselineData_Census_Dataset_Township_MIMU_16Jun2016_ENG.xlsx

19 The largest township in Myanmar was previously Hlaingtharya in Yangon region, until it was divided in two in 2019.

မဲဆန္ဒရှင် အများဆုံးနှင့် အနည်းဆုံးသော နေရာနှစ်ခု၏အချိုးမှာ ၂၈၀ နှင့် ၁ ဖြစ်သွားပါသည်။ သို့တိုင် နှစ်မြို့နယ်လုံးသည် ပြည်သူ့လွှတ်တော် အမတ်တစ်ဦးစီနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်အတွက် အမတ်နှစ်ဦးစီ ရွေးကောက်တင်မြှောက်ကြရသည်။

ဤသို့သော မမျှတသည့် ရွေးကောက်ခံကိုယ်စားလှယ်ခွဲတမ်း (တစ်နည်းအားဖြင့် မဲဆန္ဒနယ် အချိုးအစား မညီမျှမှု) သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကဲ့သို့သော စာတမ်းများပါ တူညီသော မဲပေးခွင့်ဆိုင်ရာ အခြေခံစည်းမျဉ်းကို ထိခိုက်စေသည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများတွင် ကဲ့သို့ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး တစ်ခုချင်းစီတွင် လူဦးရေ မည်မျှစီရှိစေကာမူ အထက်လွှတ်တော်တွင် တန်းတူကိုယ်စားပြု ခွင့်ပေးရန် နိုင်ငံရေးဆုံးဖြတ်ချက် ချမှတ်ထားသည့်အတွက် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် ရှေ့နည်းတူ ပြဿနာရှိသော်လည်း အတိုင်းအတာ သေးငယ်သည်။ မည်သို့ပင်ဖြစ်စေ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုစီတိုင်းတွင် လူဦးရေကို ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ အရာရှိများက မဲဆန္ဒနယ်ပိုင်းခြားသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားကြသည့်အတွက်[20] အမတ်နေရာများ၏ဖွဲ့စည်းပုံမညီမျှမှုကိုပြည်သူ့လွှတ်တော်တွင်ပိုမိုထင်ရှားစွာတွေ့ရပါသည်။

နိုင်ငံတိုင်းတွင် ၎င်းနှစ်သက်ရာ ရွေးကောက်ပွဲစနစ်ကို ရွေးချယ်အသုံးပြုနိုင်သည့် အချုပ်အခြာအာဏာ အခွင့်အရေးရှိသည်မှာ မှန်သော်လည်း များစွာသောနိုင်ငံများတွင် လွှတ်တော်အမတ်နေရာခွဲဝေရာ၌ မညီမျှမှုများကိုတွေ့ရပြီး မြန်မာနိုင်ငံတွင်မူ ကွာဟချက်မှာ ကြီးမားလွန်းလှသည်။ ရွေးကောက်ပွဲ တရားမျှတမှုနှင့် ဥပဒေပြုလွှတ်တော်များတွင် ကိုယ်စားပြုမှု ပိုမိုအားကောင်းစေဖို့ရာ မဲဆန္ဒနယ်များကို ပို၍ သာတူညီမျှဖြစ်အောင် ပိုင်းခြားပေးဖို့ရန်အတွက် ယခင် တောင်းဆိုချက်များကို ANFREL အနေဖြင့် ထပ်မံပြုလုပ်လိုပါသည်။

ရွေးကောက်ပွဲဆိုင်ရာ တရားဥပဒေမူဘောင်၏ နောက်ထပ် ထောက်ပြစရာအချက်တစ်ခုမှာ တိုင်းပြည် လူဦးရေ၏ ကြီးစွာသော အစိတ်အပိုင်းများ မဲပေးခွင့်မရသည့်ကိစ္စ ဆက်လက်ဖြစ်ပွားလျက်ရှိနေခြင်းဖြစ်သည်။ ပထမတစ်ခုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၉၂ (က) အရ သာသနာ့ဝန်ထမ်းများအားလုံး မဲပေးခွင့် မရကြခြင်းဖြစ်ပြီး ယင်းပမာဏမှာ မနည်းလှချေ။ ဗုဒ္ဓဘာသာ ရဟန်းတော်များ အရေအတွက် သက်သက်ပင်လျှင် ငါးသိန်းကျော်ရှိသည်[21] ။ ခရစ်ယာန် (သို့မဟုတ်) ဟိန္ဒူဘုန်းကြီးများနှင့် မယ်သီလရှင်တို့မှာလည်း အလားတူ မဲပေးခွင့် မရှိသည့်တိုင် အခြားဘာသာက သာသနာ့ဝန်ထမ်းများ (အထင်ရှားဆုံးမှာ

20 Article 4(b) and (c) of the Amyotha Hluttaw Election Law

21 In 2016, there were 282,347 Buddhist monks, 252,962 novices, and 60,390 nuns in Myanmar. See http://www.mahana.org.mm/en/religious-affairs/the-account-of-wazo-monks-and-nuns-in-1377-2016-year/

မွတ်ဆလင်ဘာသာရေးခေါင်းဆောင်များ[22] ) မှာ မဲပေးခွင့်ရှိသည့်အတွက် ဤခြွင်းချက်သည် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီများအား မကျေနပ်မှု ဖြစ်ပေါ်စေနိုင်သည်။

ရဟန်းတော်များကို မဲပေးခွင့်ရှိသူများစာရင်းက ဖယ်ထုတ်ရသည့် အခြေခံအကြောင်းရင်း ဖြစ်သော ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ရိုးရာဓလေ့များအပေါ် ANFREL အနေဖြင့် ရိုသေလေးစားမှုရှိပါသည်။ သို့သော်လည်း သာသနာ့ဝန်ထမ်းများသည်လည်း သာမန်နိုင်ငံသားများ အနေဖြင့် ၎င်းတို့၏ အပြည်ပြည်ဆိုင်ရာ မဲပေးပိုင်ခွင့်ကို ကျင့်သုံးဖို့ရာ ယနေ့ခေတ် ဒီမိုကရေစီစနစ်တွင် နေရာပေးလာနိုင်ပြီ ဟု ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ပါသည်။ ဤနည်းဖြင့် ရွေးကောက်ပွဲများတွင်လည်း အများပါဝင်မှုနှင့် ကိုယ်စားပြုမှု ပိုမို အားကောင်းလာပါလိမ့်မည်။ ကမ္ဘောဒီးယား၊ သီရိလင်္ကာ အစရှိသော အခြားသော ဗုဒ္ဓဘာသာအဓိက ကိုးကွယ်သည့် နိုင်ငံများတွင် ဤသို့ကျင့်သုံးလာသည်မှာ ကြာမြင့်နေပြီ ဖြစ်ပါသည်။ ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများ ပြုလုပ်ခဲ့သည့် အင်တာဗျူးများအရ အချို့သော ဘုန်းကြီးများနှင့် သီလရှင်များသည် ၎င်းတို့၏ နိုင်ငံရေးရပိုင်ခွင့်ကို ဆက်လက် ကိုင်စွဲထားနိုင်ရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင် သာသနာ့ဝန်ထမ်းမှတ်ပုံတင် မပြုလုပ်ထားကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် နောက်ထပ် မဲပေးခွင့်ဆုံးရှုံးသူများမှာ အများသိကြသည့်အတိုင်း ရိုဟင်ဂျာများပင်ဖြစ်ပါသည်။ ဖိနှိပ်ချုပ်ခြယ်မှု များလွန်းလှသော မြန်မာနိုင်ငံသားဥပဒေများဖြင့် ကာလရှည်ကြာစွာ ခွဲခြားဆက်ဆံမှု ခံခဲ့ကြရသည့်အတွက် ရိုဟင်ဂျာအများစုတွင် တင်းပြည့်နိုင်ငံသားဖြစ်မှု (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကဒ်ပြား (NRC) မရှိကြပါ။ ၂၀၁၀ ခုနှစ်တွင် "White Card" ဟုခေါ်သော ယာယီသက်သေခံကဒ်ပြားများ ကိုင်ထားသူများကို ထိုခေတ်အခါက တပ်မတော်အစိုးရက မဲပေးခွင့်ပြုခဲ့ပါသည်။ ဤသည်မှာ ရခိုင်တိုင်းရင်းသားများ၏ မဲများကို ယှဉ်ပြိုင်နိုင်ရန် နိုင်ငံရေးအရ ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။ ၂၀၁၅ ခုနှစ်တွင် ရိုဟင်ဂျာအားလုံး၏ "White Card" များမှာ အကျုံးမဝင်တော့ဘဲ တဆက်တည်းမှာပင် မဲပေးပိုင်ခွင့်လည်း ရုတ်သိမ်းခြင်းခံခဲ့ကြရပါသည်။ ရိုဟင်ဂျာများ မဲပေးခွင့်ရစေရေး ဆောင်ရွက်ချက်ကိုလည်း ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီများက ဖိအားပေးလာသည့်အတွက် ရပ်ဆိုင်းခဲ့ရပါသည်[23] ။

ထိုစဉ်ကတည်းကစ၍ ယင်းအခြေအနေသည် အကောင်းဘက်သို့ ပြန်လည်ဦးတည်မလာတော့ချေ။ ၂၀၁၆ ခုနှစ် ကစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများအား ဖိနှိပ်မှုနှင့် လူမျိုးစုရှင်းလင်းမှုများ မြင့်တက်လာသည့်အခါ ၎င်းတို့၏ ဆင်းရဲဒုက္ခတွေ့ကြုံနေရခြင်း အပေါ် ကမ္ဘာကအာရုံစိုက်လာခဲ့သည်။ သို့သော်လည်း NLD အစိုးရနှင့် အခြားသောအစိုးရ

22 Article 2(i) of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region or State Hluttaw Election Law

23 https://edition.cnn.com/2015/02/12/asia/myanmar-rohingya-voting-rights/index.html

ဌာနများကပါ ရိုဟင်ဂျာလူနည်းစုများကို ဆက်လက်ဖယ်ကြဉ်ထားကြပြီး မြန်မာ့နိုင်ငံရေးတွင် ပါဝင်ခွင့်မပြုတော့ချေ။ အကျိုးဆက်အနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်လျက်ရှိနေကြသေးသည့် မဲပေးရန် အသက်ပြည့်ပြီး ရိုဟင်ဂျာဦးရေ ခန့်မှန်းခြေ ၆၀၀,၀၀၀ ခန့်မှာ မဲပေးခွင့်ဆုံးရှုံးခဲ့ကြပြီး ၂၀၁၆ ခုနှစ်ကတည်းက ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်သွားကြသည့် ၁ သန်းမျှသော ရိုဟင်ဂျာများလည်း မဲပေးခွင့် ဆုံးရှုံးခဲ့သည်ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရိုဟင်ဂျာအဖွဲ့အစည်းများက ပူးတွဲအိတ်ဖွင့်ပေးစာတစ်စောင် ရေးသားပြီး ၎င်းတို့အား ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ခွင့်ပေးရန် UEC အားတောင်းဆိုခဲ့ကြသည်[24] ။ စာပါကြေညာချက်အရ "ကျွန်ုပ်တို့သည် မြန်မာနိုင်ငံသားများ ဖြစ်ကြပါသည်။ လာမည့်ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်နှင့် ပါဝင်ခွင့်ရရှိစေရန် မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျွန်ုပ်တို့၏ နိုင်ငံသားအခွင့်အရေးများကို ပြန်လည်ပေးအပ်ရန်နှင့် ထိန်းသိမ်းကာကွယ်ပေးသင့်ပါသည်" ဟု ဆိုထားပါသည်။ ရိုဟင်ဂျာများ ၎င်းတို့၏ အခြေခံနိုင်ငံရေး ရပိုင်ခွင့်များကို တောင်းဆိုရာတွင်နှင့် ၎င်းတို့၏ နိုင်ငံမဲ့မှုအခြေအနေကို ရှန်းကန်တိုက်ဖျက်နေရာတွင် ANFREL သည်လည်း ၎င်းတို့နှင့်အတူ ခိုင်ခိုင်မာမာရပ်တည်နေပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးကလည်း ရွေးကောက်ပွဲမတိုင်မီ ဤကဲ့သို့ "နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ချိုးဖောက်မှုများ[25] " နှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်းကို ထုတ်ဖော် ပြောကြားခဲ့ပါသည်။

## အခြေခံဥပဒေ ပြင်ဆင်နိုင်ခြင်းမရှိ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ အဓိကဝေဖန်ကြသည့်အချက်မှာ တပ်မတော်က အခြေခံဥပဒေ ရေးဆွဲရာ၌ ပြင်ဆင်ရခက်ခဲစေရန် အထူးတလည် စီမံခဲ့ခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅% ကျော်ဖြစ်သော သာလွန်မဲအများစု[26] လိုအပ်သည့်အလျောက် ဥပဒေပြင်ဆင်ရေးအတွက်ကြိုးစားလာပါက တပ်မတော်က ဗီတိုအာဏာသုံး၍ ချက်ခြင်း ပယ်ချခွင့်ရှိသည်။ အလွန်တရာဖြစ်နိုင်ခဲလှသော အခြေအနေတစ်ရပ်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ အားလုံးက အခြေခံဥပဒေပြင်ဆင်ရေးကို သဘောတူသည့်တိုင် ၎င်းတို့ချည်းသက်သက် ပြင်ဆင်နိုင်ခြင်းမရှိဘဲ အနည်းဆုံး တပ်မတော်သားကိုယ်စားလှယ်တစ်ဦး၏ ထောက်ခံမှုကိုလိုအပ်သည်။ တပ်မတော်အား နိုင်ငံရေးကဖယ်ထုတ်ဖို့ရာ အခြေခံ

24 https://progressivevoicemyanmar.org/2020/09/03/the-union-election-commission-should-recognize-the-voting-rights-of-rohingya-refugees-in-the-november-8-general-election-in-myanmar/

25 https://www.ohchr.org/FR/NewsEvents/Pages/DisplayNews.aspx?NewsID=26431&LangID=E

26 Article 436 of the Constitution of Myanmar

ဥပဒေပြင်ဆင်ရန် လိုအပ်ပြီး အခြေခံဥပဒေ ပြင်ဆင်ရန်အတွက်မူ တပ်မတော်၏ ထောက်ခံမှု လိုအပ်သည့်အတွက် "မုန့်လုံးစက္ကူကပ်" အခြေအနေမျိုး နှင့် ကြုံတွေ့နေရသည်။ ထို့အပြင်လည်း အချို့သော အခြေခံဥပဒေကို ကာကွယ်ပေးထားသည့် စာပိုဒ်များအရ ဥပဒေပြင်ဆင်ချက်များကို မဲပေးခွင့်ရှိသူများအားလုံး၏ ၅၀% အနည်းဆုံး မဲလာပေးသော ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် ထောက်ခံချက်ရယူရန် လိုအပ်သည်။

ဤသို့သော ကန့်သတ်ချုပ်ခြယ်မှုများရှိနေသည့်တိုင် NLD အနေဖြင့် ၎င်း၏ ပထမသက်တမ်းကာလအတွင်း အခြေခံဥပဒေပြင်ဆင်မှုပြုလုပ်ရန် ကြိုးပမ်းခဲ့သေးသည်။ အခြေခံဥပဒေပြင်ဆင်ရေးသည် NLD ပါတီ၏ အဓိက မဲဆွယ်ကတိကဝတ်တစ်ခုဖြစ်သည်။ အစိုးရတာဝန်များ လွှဲပြောင်းမယူမီ ၂၀၁၄ ခုနှစ်တွင် အချိန်ကာလအလိုက် ဆောင်ရွက်နိုင်စရာ ပြင်ဆင်ချက် ၁၆၈ ခုကို ပါတီကထုတ်ပြန်ခဲ့ရာ[27] ယင်းတို့တွင် သေးငယ်သော ပြင်ဆင်ချက်များမှသည် ရွေးကောက်ပွဲစနစ်တစ်ခုလုံးကို ပြောင်းလဲနိုင်မည့် ပြင်ဆင်ချက်များအထိ ပါဝင်သည်။ သာဓကဆိုရသော် အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း အောင်မြင်စွာ အကောင်အထည် ဖော်ခဲ့သည့်အတိုင်း[28] တပ်မတော်သား ကိုယ်စားလှယ်များကို တစ်ခါတည်း မဖယ်ရှားဘဲ ပမာဏနည်းနည်းစီ လျှော့ချသွားသည့်နည်းဖြင့် တပ်မတော်၏ ထောက်ခံမှုကို တဖြည်းဖြည်းရယူရန် ကြိုးပမ်းသည့် အကြံပြုချက်များ ပါဝင်သည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အတွက် ရည်ရွယ်၍ အစိုးရက ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်[29] ။ ကော်မတီသည် အကြံပြုချက် ၃,၇၆၅ ခုပါဝင်သော အစီရင်ခံစာ တစ်စောင်ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ[30] တွင် တင်သွင်းခဲ့ပြီးနောက် လွှတ်တော်တွင် မဲခွဲဆုံးဖြတ်မည့်အချက်များကို ရွေးချယ်ပေးရန် တာဝန်ပေးအပ်ခြင်း ခံရပြန်သည်။ နောက်ဆုံးတွင် ပြင်ဆင်ချက်မူကြမ်း ၁၁၄ ချက် ပေါ်ထွက်လာခဲ့ရာ အချက်အားလုံးကို NLD က အဆိုတင်သွင်းခဲ့ပြီး[31] ယင်းအချက်များမှာ ပါတီ၏ ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲကြေညာချက်နှင့်လည်း များစွာ ကိုက်ညီလျက်ရှိသည်ကို တွေ့ရသည်။ အဆိုပါအချက်များသည် တိုင်းရင်းသားပါတီများ၏ အဓိကတောင်းဆိုချက်

27 https://www.irrawaddy.com/opinion/commentary/making-myanmars-constitution-democratic.html

28 http://www.ipsnews.net/2004/04/politics-indonesia-military-marching-out-of-parliament-for-good/

29 https://www.irrawaddy.com/news/green-light-charter-amendment-committee-despite-objections.html

30 http://constitutionnet.org/sites/default/files/2019-07/Amendment%20Annex%20English%20Translation.pdf

31 https://www.idea.int/news-media/news/looking-back-myanmar-constitution-amendment-process

ဖြစ်သော ဖယ်ဒရယ်စနစ်ထူထောင်ရေးအတွက် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ပိုမို အားကောင်းရေးကို အထူးအလေးပေးထားသည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် ပူးပေါင်း ကော်မတီက အခြေခံဥပဒေပြင်ဆင်ချက်မူကြမ်း နှစ်ခုကို လွှတ်တော်သို့ တရားဝင်တင်သွင်း ခဲ့သည်။ USDP နှင့် တပ်မတော်သားကိုယ်စားလှယ်များကလည်း ပူးပေါင်းကော်မတီ၏ လုပ်ငန်းစဉ်ကို ကျော်လွှန်၍ စင်ပြိုင် မူကြမ်းငါးခုကို ၎င်းတို့သီးသန့်[32] တင်သွင်းခဲ့ကြသည်။

ရက်သတ္တပတ်ပေါင်းများစွာ အကြိတ်အနယ်ဆွေးနွေးကြပြီးနောက် ၂၀၂၀ ခုနှစ်၊ မတ်လ ၁၀ ရက်မှ ၂၀ ရက်နေ့ အတွင်း ပြင်ဆင်ရန်အဆိုပြုချက်များအားလုံးကို လွှတ်တော်၌ မဲခွဲ ဆုံးဖြတ်ခဲ့ကြသည်။ ခန့်မှန်းထားသည့်အတိုင်းပင် အဆိုပြုချက်အားလုံးနီးပါးမှာ ကန့်ကွက် ခံခဲ့ကြရပြီး လျှို့ဝှက်မဲစနစ်ဖြင့် မဲခွဲသည့်တိုင် ပါတီ၏ညွှန်ကြားချက်အတိုင်းသာ မဲပေးခဲ့ ကြသည်[33] ။ ပုဒ်မသုံးခုကို သဘောတူညီခဲ့ရာတွင် နှစ်ခုမှာ မသန်စွမ်းသူများ (PWDs)[34] နှင့်သက်ဆိုင်သည့် စကားရပ်ဖြစ်ပြီး ကျန်တစ်ခုမှာ မပြောပလောက်သော စကားရပ်တစ်ခု ဖယ်ရှားခြင်းဖြစ်သည်[35] ။ ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ပထမအကြိမ် အခြေခံဥပဒေပြင်ဆင်ရေး ကြိုးပမ်းချက်မှာ ပြောပလောက်သည့် အောင်မြင်မှုမရရှိဘဲ အဆုံးသတ်ခဲ့ပြီး ယင်းတာဝန်၏ ခက်ခဲမှုကို ပေါ်လွင်ထင်ရှားစေခဲ့သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် ပတ်သက်၍ မည်သည့်ပြင်ဆင်ချက်ကိုမှ မပြုလုပ်နိုင်ခဲ့သည့်အတွက် ယင်းမှာ အခြေခံအားဖြင့် ဒီမိုကရေစီ နည်းလမ်းမကျသေးဘဲ အခြေခံကျသော အခွင့်အရေးများကို အကာအကွယ် ပေးနိုင်ခြင်း မရှိသေးပေ။

## ဥပဒေမူဘောင်ဆိုင်ရာ လတ်တလောပြောင်းလဲမှုများ

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်သည်လည်း ယခင် ရွေးကောက်ပွဲ စက်ဝန်းနှင့် ထပ်တူနီးပါးမျှဖြစ်ပြီး နည်းဥပဒေအနည်းငယ်မျှသာ အပြောင်းအလဲရှိသည်။ ပထမတစ်ခုမှာ မြန်မာနိုင်ငံအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများနှင့် ကျောင်းသားများ၏ မှီတင်းနေထိုင်မှုနှင့်စပ်လျဉ်းသော လိုအပ်ချက်များဖြစ်ကြသည်။ မိမိကိုယ်ပိုင် မဲဆန္ဒနယ် ပြင်ပအခြားနေရာတွင် အနည်းဆုံး ရက်ပေါင်း ၉၀ နေထိုင်ပါက ယင်းနယ်မြေရှိ မဲဆန္ဒရှင်

32 http://constitutionnet.org/vl/item/myanmar-proposed-constitutional-amendment-bills

33 https://www.rfa.org/english/news/myanmar/constitutional-amendments-03122020171831.html

34 http://constitutionnet.org/sites/default/files/2020-03/Myanmar%202008%20Constitution%20Amendment%20Proposals%20and%20Voting%20Results%20of%20Union%20Parliament_436%20A_Eng.pdf

35 http://constitutionnet.org/sites/default/files/2020-03/Myanmar%202008%20Constitution%20Amendment%20Proposals%20and%20Voting%20Results%20of%20Union%20Parliament_436%20B_Eng.pdf

စာရင်းတွင် ယာယီထည့်သွင်းပေးရန် တောင်းဆိုလာနိုင်ပြီး ယခင်ကမူ ရက်ပေါင်း ၁၈၀ နေထိုင်ရန်လိုအပ်သည်။ ဤပြဋ္ဌာန်းချက်ကြောင့် ရွှေ့ပြောင်းအလုပ်သမားများစွာတို့အနေဖြင့် ပိုမိုလွယ်လင့်တကူ မဲပေးလာနိုင်ခဲ့သော်လည်း တိုင်းရင်းသားပါတီများ၏ ကန့်ကွက်မှုကို မခံရဘဲမနေပါချေ။ တိုင်းရင်းသားပါတီများ၏ အဆိုအရ ဗမာလူမျိုးအများစုပါဝင်သည့် နိုင်ငံရေးအင်အားစုများကိုသာ အဓိက အကျိုးရှိစေလိမ့်မည်ဟုသိရသည်[36] ။

ဤအချက်နှင့် ပတ်သက်၍ ရွေးကောက်ပွဲလေ့လာသူများကြားတွင်လည်း သဘောထားကွဲလွဲမှုရှိသည်။ Myanmar Network Organization for Free and Fair Elections (MYNFREL) ၏ အမှုဆောင်ဒါရိုက်တာ ဒေါ်ဇင်မာဦးကမူ မဲလာပေးသူ အရေအတွက် တိုးပွားလာစေရေးအတွက် မည်သည့် ဆောင်ရွက်မှုမျိုးကိုမဆို လက်ခံသည်ဟုဆိုသည်။ "ကျွန်မတို့အနေနဲ့ လူများများ မဲလာပေးအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားသင့် ပါတယ်။ ဒေသခံ ရွှေ့ပြောင်းသွားလာသူတွေအနေနဲ့ လက်ရှိနေထိုင်ရာ မြို့နယ်များမှာ မဲပေးခွင့်ရမယ်ဆိုရင် ပိုတောင် အဆင်ပြေပါသေးတယ်[37] " ဟု ၎င်းကဆိုသည်။ တဖက်တွင်မူ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်က "ပိုကောင်းတဲ့ စနစ်တစ်ခုကို အစားထိုးသင့်ပါတယ်။ [...] ကျွန်တော်တို့ အကြံပြုချင်တာကတော့ ရက်ပေါင်း ၁၈၀ နေထိုင်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကိုရုပ်သိမ်းပြီး ကြိုတင်မဲပေးခွင့်ပြုဖို့ပါပဲ။ မိသားစုလိုက် နေရာသစ်တစ်ခုကို ပြောင်းရွှေ့သွားတယ်ဆိုတဲ့အခြေအနေမျိုးမှာ မဲပေးခွင့်ပေးတာ ပြဿနာမရှိပါဘူး။ ဒါပေမယ့် နေရာတစ်နေရာမှာ ခဏတာနေထိုင်ရုံနဲ့တော့ အဲဒီဒေသမှာရှိတဲ့ရွေးကောက်ပွဲမှာ မဲပေးဖို့ခွင့်မပြုသင့်ပါဘူး[38] " ဟုဆိုသည်။

COVID–19 ကပ်ရောဂါဖြစ်ပွားမှုနှင့် UEC က လူပေါင်းများစွာကို ကြိုတင်မဲပေးခွင့်ပြုလိုက်ခြင်းတို့ကြောင့် မှီတင်းနေထိုင်မှု လိုအပ်ချက်ဆိုင်ရာ ဥပဒေပြောင်းလဲမှု၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲ ဖြစ်ပေါ်စေသည့် အကျိုးဆက်ကို ဆန်းစစ်လေ့လာရန် ခက်ခဲပါသည်။ မည်သို့ပင်ဖြစ်စေ ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သူ ၉.၂ သန်းခန့် ရှိသည်ဟု[39] တရားဝင် ခန့်မှန်းကိန်းဂဏန်းများအရ သိရသောကြောင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ကျောင်းသားများ မဲပေးရလွယ်ကူစေရန် ပြုလုပ်ပေးသည့် မည်သည့်ပြုပြင်ပြောင်းလဲမှုမျိုးမဆိုသည် ကောင်းမွန်သော ဦးတည်မှုပင်ဖြစ်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်နေကြသူများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏

---

36 https://www.irrawaddy.com/news/burma/ethnic-parties-myanmar-worried-proposed-voter-registration-changes-will-hurt-election-chances.htm

37 https://www.mmtimes.com/news/ethnic-parties-blast-poll-laws-change.html

38 https://www.irrawaddy.com/dateline/will-millions-myanmar-migrant-workers-vote-2020-election.html

39 http://www.dop.gov.mm/sites/dop.gov.mm/files/datamap-documents/excel_data_on_migration_and_urbanization.xlsx

သမာသမတ်ရှိမှုကို မထိခိုက်စေဘဲ မဲပေးသူအရေအတွက် တိုးပွားလာအောင်ပြုလုပ်နိုင်မည့် နည်းလမ်းတစ်ခုခုတွင် သဘောတူညီမှုရဖို့ရာ ကြိုးစားသင့်ပါသည်။

ရွေးကောက်ပွဲနည်းဥပဒေနှင့်စပ်လျဉ်းသည့် အခြားသော အထင်ကရပြင်ဆင်ချက်တစ်ခုမှာ တပ်မဲရုံများနှင့် သက်ဆိုင်သည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲက စ၍ တပ်မတော်သားနှင့် ၎င်းတို့၏ မိသားစုဝင်များအနေဖြင့် ရွေးကောက်ပွဲနေ့တွင် တပ်ပိုင်မြေပရဝုဏ်အတွင်း မဲမပေးကြရတော့ပေ[40] ။ ယင်းအစား ခန့်မှန်းချေလူဦးရေ တစ်သန်းမျှရှိသော တပ်နှင့်ဆက်စပ်သည့် မဲဆန္ဒရှင်များသည် ၆၃၅ ခုသော "စုပေါင်း" မဲရုံများတွင် အရပ်သားများနှင့်အတူတကွသော်လည်းကောင်း၊ အရပ်သားများနေထိုင်ရာနှင့် ကွာလှမ်းလွန်းသောနေရာရှိ တပ်မဲဆန္ဒရှင်များအတွက် သီးသန့်ရည်ရွယ်၍ ဆောက်လုပ်ပေးထားသော မဲရုံ ၁၂၇ ရုံတွင်လည်းကောင်း မဲပေးကြရသည်။ အဆိုပါမဲရုံများကိုလည်း တပ်ဝင်းပြင်ပတွင် ဆောက်လုပ်ပေးထားပြီး ရွေးကောက်ပွဲလေ့လာသူများကလည်း မဲပေးသည့်လုပ်ငန်းစဉ်ကို သွားရောက်လေ့လာနိုင်ပါသည်။

အဆိုပါ ပြုပြင်ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံတွင် တပ်မတော်သားများ မဲပေးရာ၌ နိုင်ငံတကာစံနှုန်းများဖြင့် ပိုမိုကိုက်ညီလာစေခဲ့ပြီး ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကိုလည်း သိသိသာသာ ပိုမိုအားကောင်းလာစေခဲ့သည့်အတွက် ယင်းဆောင်ရွက်ချက်ကို ANFREL က ကြိုဆိုပါသည်။ ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများက တပ်မတော်သားမိသားစုများမဲပေးသည့် မဲရုံမြောက်မြားစွာသို့ ရွေးကောက်ပွဲနေ့တွင် သာမကမဲဆန္ဒနယ်တွင်း ကြိုတင်မဲပေးသည့်ကာလတွင်ပါ သွားရောက်လေ့လာခဲ့ပါသည်။ လေ့လာမှုအရ မဲရုံအများစုမှာ အခြားသာမန်မဲရုံများကဲ့သို့ပင် ပြောပလောက်သည့် ထူးခြားဖြစ်စဉ်များ မတွေ့ရှိခဲ့ရပါ။ သို့သော်လည်း တစ်ခုသောမဲရုံမှာမူ တပ်မတော်သားများကိုသာ ဝင်ခွင့်ပြုသည်ကို စိတ်တိုင်းမကျစရာ တွေ့မြင်ခဲ့ရပါသည်။ တပ်မတော်အရာရှိများ မဲရုံအတွင်း၌ UEC ဝန်ထမ်းများအစား မဲဆန္ဒရှင်များအား ညွှန်ကြားမှုများပြုလုပ်လာနိုင်ပြီး လျှို့ဝှက်မဲပေးမှုလည်း မရှိနိုင်ပေ။ အဆိုပါမဲရုံသည် တပ်မတော်သားအများစု မဲလာပေးသည့် မဲရုံများအားလုံးတွင်ကျင့်သုံးသော မဲပေးသည့်ပုံစံကို တိုက်ရိုက်ထင်ဟပ်မှု ရှိမနေနိုင်သည့်တိုင် တပ်မတော်သားများ လွတ်လပ်စွာမဲပေးနိုင်သည့် ပတ်ဝန်းကျင်ကောင်းတစ်ခု ဖြစ်ပေါ်လာစေရန် ဥပဒေရေးရာပြင်ဆင်မှုများ အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ပေးသင့်ပါသည်။ ထို့အပြင်လည်း မဲဆန္ဒနယ်ပြင်ပ တပ်မတော်သားများ၏ ကြိုတင်မဲပေးမှုကို ANFREL က လေ့လာနိုင်ခြင်းမရှိခဲ့ပါ။ ဤကိစ္စသည် ကာလအတန်ကြာကတည်းကပင် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ထင်သာမြင်သာမရှိသည့် နယ်ပယ်တစ်ရပ်ဖြစ်နေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲဆိုင်ရာ အာဏာပိုင်များအပြင် အခြားဆက်စပ်ပတ်သက်နေသူများအနေဖြင့် တပ်မတော်သား မဲဆန္ဒရှင်များအတွက် မဲပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လာကြလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

40 https://www.irrawaddy.com/news/burma/myanmar-election-commission-seeks-abolish-military-polling-stations-2020-election.html

## အားနည်းသော မဲဆွယ်စည်းရုံးရေးရန်ပုံငွေစည်းမျဉ်းများ

မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုမှာ သက်တမ်းနုသေးသည်ဖြစ်၍ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေကိစ္စနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် အများစုကသတိမပြုမိကြချေ။ သို့သော်လည်း ရွေးကောက်ပွဲများတွင် တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်း လာစေရန် နိုင်ငံရေးအာဏာပိုင်များနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့အစည်းများအနေဖြင့် ပိုမိုပြည့်စုံသော စည်းကြပ်ရေးမူဘောင်တစ်ရပ်ကို အသုံးပြုသင့်ပါသည်။ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေနှင့်စပ်လျဉ်းလာပါက မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဥပဒေများမှာ လက်ရှိတွင် လွန်စွာ အားနည်းနေသည်ဟုဆိုရပေမည်။

ကိုယ်စားလှယ်လောင်းများအနေဖြင့် စာရင်းစာအုပ်များထားရှိကြရန်လိုအပ်ပြီး ရွေးကောက်ပွဲ ရလဒ်များ ထုတ်ပြန်ပြီး ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ ဘဏ္ဍာရေးရှင်းတမ်း (ပုံစံ ၂၀) တင်သွင်းကြရသည်။ စာရွက်ပေါ်တွင် ကိုယ်စားလှယ် လောင်း၏ လက်ခံရရှိသမျှ ငွေကြေးမဟုတ်သော ထည့်ဝင်မှုများအပါအဝင် နိုင်ငံရေးပါတီ များ၏ ထောက်ပံ့မှုများကိုလည်း ဖော်ပြပေးရသည်။ ကိုယ်စားလှယ်လောင်းအားလုံးအနေဖြင့် မည်သည့်လွှတ်တော်အတွက် ယှဉ်ပြိုင်စေကာမူ မဲဆန္ဒနယ် အရွယ်အစားနှင့်လူဦးရေ မည်မျှ ရှိစေကာမူ အများဆုံး မြန်မာကျပ်ငွေ ၁၀ သန်း (USD ၇,၆၀၀ ခန့်) အထိသုံးစွဲခွင့် ရှိသည်။ တိုင်းရင်းသားရေးရာဝန်ကြီး ရာထူးများအတွက် ရွေးကောက်ပွဲ ဝင်သည့် ကိုယ်စားလှယ်လောင်းများသည် ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး တစ်ခုလုံးစာ ယှဉ်ပြိုင် ရသည်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့အတွက် အများဆုံး သတ်မှတ်ပမာဏကို ကျပ်ငွေ ၁၅ သန်း (USD ၁၁,၅၀၀) အထိ ၂၀၂၀ ခုနှစ်တွင် တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

သို့သော်လည်း အဆိုပါသတ်မှတ်ကြေညာချက်များအား အပေါ်ယံမျှသာ လိုက်နာကြပြီး ယခင်ရွေးကောက်ပွဲ စက်ဝန်းများတွင် ကိုယ်စားလှယ်လောင်းများတင်သွင်းသည့် အသုံး စရိတ်များအပေါ် စစ်ဆေးမှုအနည်းငယ်သာ ပြုလုပ်ခဲ့ကြသည်။ လိမ်လည်တင်သွင်းမှု ပြုလုပ်ပါကစည်းကမ်းအရ ကိုယ်စားလှယ်လောင်း အရည်အချင်းမပြည့်မီဟု သတ်မှတ် နိုင်သော်လည်း ANFREL က အင်တာဗျူးပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် ဆက်စပ် ပတ်သက်နေကြသူများ၏အဆိုအရ ကိုယ်စားလှယ်လောင်းများတင်သွင်းသည့် အသုံးစရိတ် များသည်မဲဆွယ်စည်းရုံးမှုတွင် အမှန်တကယ်သုံးသည့်ကုန်ကျစရိတ်နှင့် ကိုက်ညီလေ့မရှိ ကြောင်းကိုသိရသည်။ ထို့အပြင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် “ထောက်ခံသူများ ဝယ်ယူသည့်” သဘောမျိုးဖြင့် မဲဆွယ်စည်းရုံးရေး လမ်းကြောင်းတွင် နာရီ အနည်းငယ်ကြာ လိုက်ပါသူများကို ချီးမြှင့်ငွေအနည်းငယ် ပေးအပ်ကြသည်။ ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်များတွင် အဆိုပါ ကုန်ကျစရိတ်မျိုးမှာ အများအားဖြင့် ပါဝင်လေ့မရှိသည့်အတွက် စနစ်တစ်ခုလုံးသည် ကိုယ်စားလှယ်လောင်း များ၏ ကိုယ်တိုင်ထုတ်ဖော်ဝန်ခံချက်များပေါ်တွင်သာ မှီခိုအားထားနေရသည်။ ကြုံတောင့်

ကြုံခဲ့ မဲဆွယ်စည်းရုံးရေး စရိတ်ဆိုင်ရာ စည်းကမ်းချိုးဖောက်မှုများ ထွက်ပေါ်လာပြီး ကိုယ်စားလှယ်လောင်းပါ ဖယ်ရှားခံရသည့် ကိစ္စမျိုးတွင် ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများက စောင့်ကြည့်ခြင်းထက် ပြိုင်ဖက်အချင်းချင်း၊ မဲဆန္ဒရှင်၊ မီဒီယာတို့၏ ဖော်ထုတ်မှုကြောင့်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့်မူ အသုံးစရိတ် ကြေညာပေးရန်မလိုအပ်ဘဲ စာရင်းစာအုပ်များကို နှစ်စဉ်ဖြည့်သွင်းထားပြီး UEC ကတောင်းခံမှသာ တင်ပြပေးရသည်။ ကိုယ်စားလှယ်လောင်းများ၏ ဘဏ္ဍာရေး အစီရင်ခံစာများတွင် ပြည်သူလူထုသို့ တစ်ပြားတစ်ချပ်မကျန် အစီရင်ခံရသော်လည်း ပါတီများအနေဖြင့် ဤသို့တင်သွင်းရန်မလိုအပ်ပေ။ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေး ကိစ္စရပ်များတွင် ငွေအကန့်အသတ်မရှိ အသုံးပြုနိုင်သည့်အတွက် ကိုယ်စားလှယ်လောင်းများကိုယ်စား ပါတီရန်ပုံငွေဖြင့် ပွဲများစီစဉ်ပြုလုပ်ပေးနိုင်သည်။ ဤကိစ္စသည် ပါတီငယ်များထက်ပို၍ ငွေကြေးအင်အားတောင့်တင်းပြီး ရန်ပုံငွေပိုရှာနိုင်သည့် ပါတီကြီးများအား သိသာထင်ရှားစွာ အသာစီးရစေသည်။

ANFREL ၏ထင်မြင်ချက်မှာမူ မြန်မာနိုင်ငံရှိ မဲဆွယ်စည်းရုံးရေးရန်ပုံငွေစည်းမျဉ်းများသည် ပွင့်လင်းမြင်သာပြီး သာတူညီမျှဖြစ်သော ရွေးကောက်ပွဲပတ်ဝန်းကျင်ကို အာမခံချက်ပေးရန် လုံလောက်မှုမရှိချေ။ အထူးသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆိုင်ရာ လိုက်နာစောင့်ထိန်းရမည့်ဝတ္တရားကို ထောက်ရှုပါက ဤအချက်ကို တွေ့ရသည်။ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCAC) ပါ အပိုဒ် ၇ (၃) အရ လက်မှတ်ရေးထိုးသည့် နိုင်ငံများသည် “ရွေးကောက်ခံ အစိုးရရာထူးအတွက် ကိုယ်စားလှယ်လောင်းများ အသုံးပြုသည့် ရန်ပုံငွေနှင့် လိုအပ်ပါက နိုင်ငံရေးပါတီများ အသုံးပြုသည့် ရန်ပုံငွေများနှင့် စပ်လျဉ်း၍ […] ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေရန် သင့်တော်သော ဥပဒေနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များကို စဉ်းစားဆောင်ရွက်ပေးရမည်”။ မြန်မာနိုင်ငံမှ အဆိုပါသဘောတူညီချက်ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပြီးတွင် ANFREL က မြန်မာနိုင်ငံတဝှမ်းရှိ ရွေးကောက်ပွဲအရာရှိများထံ ဆက်သွယ်ကာ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်ပြုစု၍ စာရင်းတင်သွင်းခြင်းအတွက် အချက်အလက်များ စုဆောင်းခဲ့ပါသည်။ စုစုပေါင်း အနေဖြင့် လူပုဂ္ဂိုလ် ၈၀ ဦးက ဥပဒေအရ ပြဋ္ဌာန်းထားသည့် သတ်မှတ်ရက်မတိုင်မီ[41] ပုံစံ (၂၀) ကို ဖြည့်သွင်းတင်ပြရန် ပျက်ကွက်ခဲ့ပါသည်။ အဆိုပါ အရေအတွက်သည် ကိုယ်စားလှယ်လောင်း စုစုပေါင်း၏ ၁.၄ ရာခိုင်နှုန်းကို ကိုယ်စားပြုပါသည်။ သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သော ကယ်ပေါက်များဖြင့် လူပုဂ္ဂိုလ်များ

41 These include 25 in Yangon, 12 in Kayah state, 8 in Bago, 7 in Tanintharyi and Mon state, 6 in Sagaing, 5 in Mandalay, 4 in Shan state, 2 in Ayeyarwady and Kachin state, 1 in Kayin state and Chin state, and none in Magway and Rakhine state.

(သို့မဟုတ်) စီးပွားရေးလုပ်ငန်းများ ၏ ပံ့ပိုးမှု အသုံးစရိတ် များကြောင့် တင်သွင်းသည့် ရွေးကောက်ပွဲအသုံးစရိတ်များ၏ တိကျမှန်ကန်မှုမှာ မေးခွန်းထုတ်စရာဖြစ်နေလေသည်။ [42]

## နိဂုံးချုပ်

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ နှင့် ရွေးကောက်ပွဲဥပဒေမူဘောင်များသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသေးပေ။ တပ်မတော်သားကိုယ်စားလှယ် အချိုးအစား၊ ဖွဲ့စည်းပုံအရ မဲဆန္ဒနယ် အချိုးအစားမညီမျှခြင်းနှင့် အမြစ်တွယ်လျက်ရှိသော မဲပေးခွင့်ပိတ်ပင်တားဆီးမှုများသည် နိုင်ငံ့အစိုးရယန္တရားများ၏ တရားဝင်မှုကိုထိခိုက်စေပြီး ဒီမိုကရေစီနှုန်းစံများအား မျက်ကွယ်ပြုရာ ကျလေသည်။ ထို့အပြင် မဲဆွယ်စည်းရုံးရေး ရန်ပုံငွေစည်းမျဉ်းများသည် အားလုံးသောပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အကြား မျှတသောယှဉ်ပြိုင်မှုဖြစ်စေရန် လုံလောက်မှုမရှိသေးပါ။ ၂၀၂၀ ခုနှစ်အစောပိုင်းတွင်ပြုလုပ်ပေးခဲ့သည့် ပြင်ဆင်ချက်များသည် ယေဘုယျအားဖြင့် အပြုသဘောဆောင်သော်လည်း နိုင်ငံ၏ ဒီမိုကရေစီ လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းစေရန်နှင့် “ပြည်သူများ၏ဆန္ဒသည် အစိုးရ၏ အခြေခံဖြစ်သည်” ဟူသော အချက်တို့ကို အာမခံချက်ပေးရန် အတွက် ပိုမို ပြည့်စုံသော ဥပဒေပြင်ဆင်မှုများ ပြုလုပ်သွားရန်လိုအပ်ပါသည်။

42 https://www.frontiermyanmar.net/en/holding-the-nld-to-account-the-money-behind-a-winning-election-campaign/

# အခန်း ၂

# နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း

## နိုင်ငံရေးပါတီများ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ပါတီမှတ်ပုံတင်ရန်အတွက် နိုင်ငံရေးပါတီများအနေဖြင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး[43] " ဟူသော ဦးတည်ချက်များကို လေးစားလိုက်နာရသည်။ ဆိုလိုသည်မှာ ခွဲထွက်ရေး လမ်းကြောင်းတွင် ပါဝင်ပတ်သက်မှုရှိပါက မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိပေ။ လျှောက်လွှာတင်သွင်းရာ၌ အနည်းဆုံး လူပုဂ္ဂိုလ် ၁၅ ဦး၏ ထောက်ခံချက်လိုအပ်ပြီး မှတ်ပုံတင်ကြေးအဖြစ် ကျပ်ငွေ ၃၀၀,၀၀၀ (USD ၂၃၀) ပေးသွင်းရသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီများအနေဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ရန်လိုအပ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ မှတ်ပုံတင်သက်တမ်းမကုန်ဆုံးစေရန် ရွေးကောက်ပွဲတိုင်းတွင် အနည်းဆုံး အမတ်သုံးနေရာ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်[44] ။

၂၀၂၀ ခုနှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်[45] ။ ၎င်းတို့အနက် တိုင်းရင်းသားပါတီ ၄၉ ခု ပါဝင်သည်။ ပါတီ ၁၈ ခုမှာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး တစ်ခုတည်းအတွင်း၌သာ လှုပ်ရှားဆောင်ရွက်ကြပြီး ကျန် ၇၃ ပါတီမှာ နိုင်ငံတဝှမ်း ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အခြားပါတီငါးခုမှာမူ စည်းမျဉ်းစည်းကမ်းများအရ UEC က ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း ပြုလုပ်ထားသည့်အတွက် မည်သည့်ကိုယ်စားလှယ်လောင်းကမျှ ပါဝင်ယှဉ်ပြိုင်ခွင့်မရချေ။

- ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် တို့မှာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာဥပဒေကြောင်းအရ လိုအပ်ချက်များကို လိုက်နာနိုင်ခြင်းမရှိသည့်အတွက် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ၎င်းတို့အား သုံးနှစ်တာ ဆိုင်းငံ့ထားလိုက်သည်[46]။

43 Article 404 of the Constitution of Myanmar

44 Article 12(a)(i) of the Political Parties Registration Law

45 https://www.facebook.com/uecmyanmar/posts/3217881765004166

46 https://elevenmyanmar.com/news/5-parties-suspended-for-inter-party-dispute-fund-problems




ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မဲဆွယ်စည်းရုံးရေး အတွက်
အသုံးပြုသောယာဉ်အား နိုဝင်ဘာလ ၁ ရက်နေ့က တွေ့ရစဉ်

- ၈၈ မျိုးဆက်ညီနောင်ပါတီကိုမူ ရက်ပေါင်းကိုးဆယ်အတွင်း အနည်းဆုံးလိုအပ်သည့် ပါတီဝင်ဦးရေ တင်သွင်းနိုင်ခြင်း မရှိသည့်အတွက် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်[47]။
- ပြည်သူ့ဒီမိုကရေစီပါတီကိုမူ ၂၀၁၇ ခုနှစ်ကစတင်ကာ သုံးနှစ်တာ ယာယီဆိုင်းငံ့ထားပြီးဖြစ်သော်လည်း ဥက္ကဋ္ဌအမည်စာရင်း မတင်သွင်းနိုင်ခြင်း၊ ယခင် UEC က ညွှန်ကြားထားသော ကိစ္စရပ်များကို မဖြေရှင်းနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်[48]။
- ပြည်ထောင်စုဒီမိုကရေစီပါတီကိုမူ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အနည်းဆုံး မဲဆန္ဒနယ်သုံးခုတွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ တင်သွင်းနိုင်ခြင်းမရှိသည့်အတွက် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်[49]။

လူသိအများဆုံးသော ဖျက်သိမ်းခံရသည့်ပါတီမှာမူ ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) ဖြစ်ပြီး ပါတီ အမှတ်တံဆိပ်ကိုအစွဲပြု၍ "နှင်းဆီပါတီ" ဟုလည်းခေါ်ကြသည်။ နိုင်ငံခြားထောက်ပံ့ငွေများ လက်ခံထားရှိသည် ဟူသော စွပ်စွဲချက်ဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ချိုးဖောက်မှုကြောင့် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် UEC က ပါတီအားဖျက်သိမ်းခဲ့သည်[50]။ တဆက်တည်းမှာပင် UDP ဥက္ကဋ္ဌ ဦးကျော်မြင့်သည် ၂၀၁၅ ခုနှစ်တွင် တရုတ်နိုင်ငံက ကျပ်ငွေ ၁၆ ဘီလျံ (US$ ၁၂.၄ သန်း) လက်ခံရရှိခဲ့ပြီး ပါတီလုပ်ငန်းများတွင် ကျပ်ငွေ ၁.၄ ဘီလျံကျပ် (US$ ၁.၁ သန်း) သုံးစွဲခဲ့သည်ဟု နိုင်ငံတော်သမ္မတရုံးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

UDP သည် ၂၀၁၀ ခုနှစ်တွင် ကိုယ်စားလှယ်လောင်း (၈၀) ဦးနှင့် ၂၀၁၅ ခုနှစ်တွင် ကိုယ်စားလှယ်လောင်းဦးရေ (၄၀) ကျော်ယှဉ်ပြိုင်ခဲ့ရာက[51] ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအဝှမ်း ကိုယ်စားလှယ်လောင်း စုစုပေါင်း (၁,၁၃၁) ဦးအထိ တိုးမြှင့်ယှဉ်ပြိုင်လာသည့်အခါ သံသယများ ထွက်ပေါ်လာခဲ့သည်။ ဤသည်မှာ မယုံနိုင်စရာ များပြားလွန်းလှသည့် အရေအတွက်ဖြစ်ပြီး အာဏာရပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တစ်ခုသာ ၎င်းထက် ကိုယ်စားလှယ်လောင်းဦးရေ ပိုများနေတော့သည်။ သတင်းမီဒီယာများ၏ ရေးသားချက်အရ ဦးကျော်မြင့်သည် ၁၉၉၈ ခုနှစ်တွင် ငွေကြေးခဝါချမှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး နောက်တစ်နှစ်တွင်ပင် မန္တလေးအကျဉ်းထောင်က ထွက်ပြေးလွတ်မြောက် သွားခဲ့သည့်ကိစ္စမှာ ပေါ်ထွက်လာခဲ့သည့်အတွက် အာဏာပိုင်များအနေဖြင့်

---

47 https://www.gnlm.com.mm/public-announcement-for-dissolution-of-political-party/

48 https://www.gnlm.com.mm/public-announcement-of-dissolution-of-political-party/

49 https://www.gnlm.com.mm/termination-of-registration-and-dissolution-of-a-political-party/

50 https://uec.gov.mm/news_preview_detail.php?action=news_detail1&news_id=ZGXmxBlXM5fd4Orat1ILKNOZyEUjq9Mzz7EljkRcHvA%3D

51 https://myanmar-now.org/en/news/a-lexus-3600-cognac-and-ex-military-men-shining-shoes-arrested-party-leaders-lavish-lifestyle

၎င်း၏ နောက်ကြောင်းရာဇဝင်နှင့် ငွေကြေးပိုင်ဆိုင်မှု တို့ကိုပါ စစ်ဆေးလာခဲ့ရသည်။ အောက်တိုဘာလနှောင်းပိုင်းတွင် ၎င်း၏ပစ္စည်းပိုင်ဆိုင်မှု ကျပ်ငွေ ၅၂ ဘီလျံ (US$ ၄၁.၈ သန်း) တန်ဖိုးရှိကြောင်း စုံစမ်းစစ်ဆေးရေး အရာရှိများက တွေ့ရှိခဲ့ကြသည်[52] ။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဦးကျော်မြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ၎င်းအား ထောင်ပြေးမှုဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့ပြီး[53] ငွေကြေးခဝါချမှုအတွက် စစ်ဆေးရန်ရုံးချိန်းကိုမူ ဤအစီရင်ခံစာရေးသားနေချိန်တွင် မသတ်မှတ်ရသေးချေ။




*မကွေးတိုင်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ မဲဆွယ်ပိုစတာ*

UDP နှင့်ပတ်သက်သည့်စွဲချက်များမှာ ပြင်းထန်ပြီး အကယ်၍ဟုတ်မှန်နေပါက မြန်မာနိုင်ငံ ရွေးကောက်ပွဲဥပဒေအရ ပါတီဖျက်သိမ်းနိုင်သည်အထိ အရေးယူခွင့်ရှိသည့်တိုင် UEC ၏ လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ မေးခွန်းများစွာ ထွက်ပေါ်လာသည်။ ပထမဆုံးတစ်ခု အနေနှင့် ၎င်းပါတီအား နိုင်ငံရပ်ခြားက ငွေကြေးထောက်ပံ့နေသည် ဟူသောအချက်နှင့် စပ်လျဉ်း၍ မည်သည့် အထောက်အထားမှ ထုတ်ပြန်ခြင်းမရှိဘဲ UEC က စာရင်းစစ်ဆေးမှု မပြုလုပ်ရသေးမီ[54] တရားရုံးက တစုံတရာ အတည်မပြုရသေးမီ ပါတီအား ဖျက်သိမ်းခဲ့သည့်အတွက် "အပြစ်ရှိသည်ဟု စီရင်ချက်မချမီ အပြစ်မရှိ" ဟူသော စည်းမျဉ်းကို

52 https://www.myanmar-now.org/en/news/investigators-find-another-225m-in-assets-belonging-to-udp-chair-kyaw-myint

53 https://www.mmtimes.com/news/fugitive-myanmar-political-party-leader-gets-two-years-jail.html

54 https://www.mmtimes.com/news/rose-party-respect-poll-disqualification.html

ချိုးဖောက်ရာကျသည်။ မမှန်မကန်ပြုလုပ်နိုင်ချေ ရှိသော အဖွဲ့အစည်းတစ်ရပ်က နိုင်ငံရေး အခင်းအကျင်းသို့ ဝင်ရောက်၍ ကိုယ်ကျိုးရှာမည့် အလားအလာကို ကြိုတင်ကာကွယ်သည့် အနေဖြင့် ဤသို့ ဆောင်ရွက်ရခြင်း ဖြစ်သည်ကို ANFREL အနေဖြင့် နားလည်သော်လည်း ပါတီဖျက်သိမ်းခြင်း ကဲ့သို့သော နိုင်ငံရေးအခွင့်အရေးများကို အကြီးအကျယ် ထိခိုက်စေမည့် ဆောင်ရွက်မှုမျိုးတွင် ဥပဒေနှင့်အညီ မျှတစွာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် နိုင်ငံတကာနှုန်းစံများတွင် ညွှန်းဆိုထားပါသည်။ နောက်ထပ် စိုးရိမ်မကင်း ဖြစ်ရသည့် ကိစ္စမှာ ကြေညာချက်ထွက်ပေါ်လာသည့် အချိန်ကာလဖြစ်ပြီး ယင်းမှာ ရွေးကောက်ပွဲ ကျင်းပရန် ရက်သတ္တပတ် သုံးပတ်ခန့်သာ လိုတော့သည့် အချိန်ဖြစ်ပါသည်။ စင်စစ်အားဖြင့် ဤအမှုကိစ္စကို မဲဆွယ်စည်းရုံးမှုများ မပြုလုပ်မီကတည်းက UEC နှင့် အခြား သက်ဆိုင်ရာအစိုးရဌာနများက အချိန်မီ လုံလောက်သောစုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့သင့်ပါသည်။ အမှုနှင့်ပတ်သက်သည့် အချို့သော အချက်အလက်များမှာ များမကြာမီကမှ ပေါ်ထွက်လာသည်မှန်သော်လည်း ဦးကျော်မြင့်သည် ဝရမ်းပြေးဖြစ်သည်ဟူသောကိစ္စနှင့် ၎င်းကြွယ်ဝချမ်းသာမှု၏ဇစ်မြစ်မှာ ၂၀၀၉ ခုနှစ် အစောပိုင်းကတည်းက[55] ထွက်ပေါ်ပြီး ဖြစ်သည့်အတွက် အာဏာပိုင်များအနေဖြင့် စောစီးစွာ စစ်ဆေးမှုများပြုလုပ်ခဲ့သင့်ပါသည်။

UDP ဖျက်သိမ်းခံရခြင်း၏ တိုက်ရိုက် အကျိုးဆက်မှာ အမည်စာရင်း တင်သွင်းပြီး ကိုယ်စားလှယ်လောင်း ၁,၁၃၁ ဦးမှာ ပယ်ဖျက်ခံခဲ့ရပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ချေ။ သို့သော်လည်း မဲလက်မှတ်များမှာ ရိုက်နှိပ်ပြီးဖြစ်သည့်အတွက် ၎င်းတို့၏အမည်များမှာ မဲလက်မှတ်ပေါ်တွင်ရှိနေသေးသည်။ UEC က မဲရုံတိုင်းတွင် ကြေညာချက်များ ကပ်ထားသည့်တိုင် ရွေးကောက်ပွဲနေ့တွင် အချို့မဲဆန္ဒရှင်များက မဲပေးမိသည့်အတွက် ပယ်မဲများဖြစ်ပေါ်ခဲ့သည်။ သာဓကအားဖြင့် မဲရလဒ်များရေတွက်စဉ်အတွင်း ANFREL က လေ့လာခဲ့သည့် မဲရုံအများစုတွင် အနည်းဆုံးအနေဖြင့် UDP မဲတစ်မဲကို တွေ့ရှိခဲ့ရသည့်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းများအနေဖြင့် သတင်းဖြန့်ဖြူးမှု လုံလုံလောက်လောက် မပြုလုပ်ခဲ့သောကြောင့် မဲဆန္ဒရှင်များမှာ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည့် အချက်ကိုတွေ့ရှိခဲ့ရသည်။

မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၏ အရေအတွက်မှာ ၂၀၁၅ ခုနှစ်က အတိုင်း အပြောင်းအလဲ မရှိလှသော်လည်း ပြည်နယ် ၆ ခု (ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်နှင့် ရှမ်း) ရှိ တိုင်းရင်းသားပါတီများမှာ သက်ဆိုင်ရာပြည်နယ်များတွင် ပိုမို အားကောင်းလာစေရန် ၂၀၁၇ နှင့် ၂၀၂၀ ခုနှစ် ကြားတွင် ပေါင်းစည်းမှုများ ပြုလုပ်ခဲ့ ကြသည်။

55 https://www2.irrawaddy.com/article.php?art_id=15174




*ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ရှိ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၏ မဲဆွယ်ပိုစတာ*

ဤသို့ဖြင့် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (CNLD)[56] ၊ ကယားပြည်နယ်ဒီမိုကရေစီပါတီ (KySDP)[57] ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)[58] ၊ ကရင်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (KNDP)[59] ၊ မွန်ညီညွတ်ရေးပါတီ (MUP)[60] နှင့် ဝအမျိုးသားပါတီ (WNP)[61] တို့ ပေါ်ထွက်လာခဲ့သည်။ ယင်းသို့သော ပါတီပေါင်းစည်းမှု များမှာ မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ပြောင်းလဲမှုအသစ်ဖြစ်ပြီး နိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ ပြုလုပ်ခဲ့သည့် ပေါင်းစည်းရေးကြိုးပမ်းမှု ခြောက်ခုအနက် ငါးခုမှာ အောင်မြင်မှုမရှိခဲ့သည်ကို တွေ့ရသည်[62] ။

56 Formed from the Chin Progressive Party, Chin National Democratic Party, and Chin League for Democracy

57 Formed from the Kayah Unity Democracy Party and All Nationals' Democracy Party

58 Formed from the Kachin Democratic Party, Kachin State Democracy Party, Unity and Democracy Party of Kachin State, and Union Nationalities Federal Democracy Party

59 Formed from the Karen Democratic Party, Karen State Democracy and Development Party, and Karen Unity Democratic Party

60 Formed from the All Mon Region Democracy Party, Mon National Party, and New Mon National Party

61 Formed from the Wa National Unity Party, Wa Democratic Party, and Wa Liberal Democratic Development Party

62 https://www.iseas.edu.sg/wp-content/uploads/2020/04/TRS8_20.pdf

## ကိုယ်စားလှယ်လောင်းများ

မြန်မာနိုင်ငံတွင် ဥပဒေပြုလွှတ်တော် အမတ်ရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်မည့်သူ တစ်ဦးအနေဖြင့် နိုင်ငံအတွင်း အနည်းဆုံး ၁၀ နှစ် တဆက်တည်းနေထိုင်သည့် မဲစာရင်းပါ မဲဆန္ဒရှင်ဖြစ်ရန်လိုအပ်ပြီး ယှဉ်ပြိုင်သည့်အချိန်တွင် အနည်းဆုံး အသက် ၂၅ နှစ် အရွယ်၊ အမျိုးသားလွှတ်တော်အတွက် ယှဉ်ပြိုင်ပါက အသက် ၃၀ ပြည့်ပြီးသူဖြစ်ရမည်။ ထို့အပြင် ကိုယ်စားလှယ်လောင်း၏ မိဘနှစ်ဦးလုံးသည်လည်း ၎င်းမွေးဖွားချိန်၌ မြန်မာနိုင်ငံသားခံယူပြီးသူများဖြစ်ရန်လိုအပ်သည်[63] ။ အစိုးရဝန်ထမ်းများ၊ နိုင်ငံသားပြုခွင့်ရသူများ (သို့မဟုတ်) ဧည့်နိုင်ငံသားများနှင့် နှစ်နိုင်ငံသားခံယူသူများမှာ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြပေ[64] ။ ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍သော်လည်းကောင်း၊ တစ်သီးပုဂ္ဂအနေဖြင့်သော်လည်းကောင်း ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သို့ယှဉ်ပြိုင်သည်ဖြစ်စေ ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် အာမခံကြေး ကျပ်ငွေ ၃၀၀,၀၀၀ ပေးသွင်းကြရသည်။ အကယ်၍ လျှောက်လွှာပယ်ချခံရခြင်း၊ မိမိကိုယ်တိုင်ရုပ်သိမ်းခြင်း၊ ရွေးကောက်ပွဲ ရွှေ့ဆိုင်းခြင်း၊ သေဆုံးခြင်း (သို့မဟုတ်) ရွေးကောက်ပွဲ ရှုံးနိမ့်သော်လည်း ခိုင်လုံမဲ အားလုံး၏ ရှစ်ပုံတစ်ပုံ အနည်းဆုံးရရှိခြင်းတို့ ဖြစ်ပါက ယင်းငွေကို ပြန်လည်ရရှိမည်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ငွေကြေး မတတ်နိုင်သူများသောတိုင်းပြည်တွင် အဆိုပါ ကုန်ကျစရိတ်များသည် လူအများစု နိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် အတားအဆီးဖြစ်စေသည်။

ကိုယ်စားလှယ်လောင်းများအတွက် လျှောက်လွှာတင်သွင်းသည့်ကာလမှာ ၂၀၂၀ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့မှ ဩဂုတ် ၇ ရက်နေ့အထိဖြစ်ပြီး ယင်းကာလအတွင်း UEC သည် လျှောက်လွှာ စုစုပေါင်း (၇,၀၂၆) စောင် လက်ခံရရှိခဲ့သည်။ ဩဂုတ်လ ၃၀ ရက်နေ့တွင် ကော်မရှင်က ရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၂ ပါတီရှိ ကိုယ်စားလှယ် ၆,၆၈၉ ဦး နှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၂၈၀ ဦး၊ စုစုပေါင်း ကိုယ်စားလှယ်လောင်း ၆,၉၆၉ ဦးကို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အတည်ပြုကြေညာပေးခဲ့သည်။ သို့သော် UDP ဖျက်သိမ်းခြင်း၊ ကိုယ်စားလှယ်လောင်းအဖြစ်က မိမိဆန္ဒဖြင့်ရုပ်သိမ်းခြင်း၊ ပယ်ချခံခြင်းတို့ ဖြစ်ပွားခဲ့ရာ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးရေမှာ ၅,၆၃၉ အထိ လျော့နည်းသွားခဲ့သည်။ ဤတွင် တစ်သီးပုဂ္ဂလဦးရေ ၂၆၀ ဦး ပါဝင်သည်။ ကိုယ်စားလှယ်လောင်း ၉၀၂ ဦး (စုစုပေါင်း၏ ၁၆%) မှာ အမျိုးသမီးများဖြစ်ကြသည့်အတွက် ၂၀၁၅ ခုနှစ် ၁၃% ထက်စာလျှင် အနည်းငယ် မြင့်တက်လာခြင်းဖြစ်သည်။

63 Articles 8(b) and 10(e) of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region Hluttaw or State Hluttaw Election Law

64 Respectively Articles 10(k) and 10(m) of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region Hluttaw or State Hluttaw Election Law

ကိုယ်စားလှယ်လောင်းအချို့ လျှောက်လွှာ တင်သွင်းရာတွင် မှားယွင်းသော သတင်းအချက်အလက်များကြောင့် ကဲ့သို့သော စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်ခြင်းကြောင့် ပယ်ချခြင်းဖြစ်သော်လည်း အချို့မှာမူ မွေးဖွားစဉ်က မိဘနှစ်ပါးလုံး မြန်မာနိုင်ငံသား မဖြစ်ခြင်းကြောင့် ပယ်ချခံရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတွင် လူတစ်ဦးတစ်ယောက်၏ နိုင်ငံသားဖြစ်မှုကို တရားဝင်အသိအမှတ်ပြု *"တိုင်းရင်းသား"* အုပ်စုဝင်ဖြစ်ခြင်းနှင့် ချိတ်ဆက်ထားသောကြောင့် ခွဲခြားဆက်ဆံမှုများသည် ဟု လူပြောများသည်[65] ။ ၂၀၁၅ ခုနှစ်တွင်ကဲ့သို့ပင် နိုင်ငံသားဖြစ်မှုပေါ်အခြေခံ၍ ကိုယ်စားလှယ်လောင်း လျှောက်လွှာကို ပယ်ချခြင်းသည် အပေါ်ယံအားဖြင့် ဥပဒေကြောင်းအရ ဆောင်ရွက်သည်ဟု ထင်ရသော်လည်း မွတ်ဆလင် ကိုယ်စားလှယ်လောင်းများအပေါ် သိသိသာသာ သက်ရောက်မှုရှိစေခဲ့သည်။

သာဓကအားဖြင့် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်ကိုယ်စားလှယ်လောင်း ၆ ဦး (ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ– DHRP) က ၅ ဦးနှင့် တစ်သီးပုဂ္ဂလတစ်ဦး တို့ကို ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်ခွဲများက ပယ်ချခဲ့သည်။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲတွင် အမတ်နေရာယှဉ်ပြိုင်အနိုင်ရခဲ့သူ DHRP ဥက္ကဋ္ဌ ဦးကျော်မင်း အပါအဝင် ပထမ ၅ ဦးမှာ ဩဂုတ်လတွင် ကိုယ်စားလှယ်လောင်းအဖြစ်က ငြင်းပယ်ခံခဲ့ရပြီး[66] နောက်ဆုံးတစ်ဦး ဖြစ်သူ မောင်းတောမြို့နယ်က ဦးအေးဝင်းမှာ မဲဆွယ်ကာလစတင်ပြီး အတန်ကြာ အောက်တိုဘာလ ၂ ရက်နေ့တွင် ပယ်ဖျက်ခံခဲ့ရသည်။ ၎င်းမှာ မူလပထမ အတည်ပြုချက်ရရှိပြီး ကိုယ်စားလှယ်လောင်း အသိအမှတ်ပြုလွှာ လက်ခံရရှိပြီးဖြစ်သည်[67] ။ ပယ်ဖျက်ခံ DHRP ကိုယ်စားလှယ်လောင်းများအားလုံး ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်များသို့ အယူခံဝင်ခဲ့ကြသော်လည်း အောင်မြင်မှုမရရှိခဲ့ကြချေ။

ဧရာဝတီတိုင်းဒေသကြီးက တစ်သီးပုဂ္ဂလ ရိုဟင်ဂျာ ကိုယ်စားလှယ်လောင်း တစ်ဦး[68] ၊ မွန်ပြည်နယ်က တစ်သီးပုဂ္ဂလ မွတ်ဆလင်ကိုယ်စားလှယ်လောင်းတစ်ဦး[69] နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) က မွတ်ဆလင် ကိုယ်စားလှယ်လောင်းတစ်ဦးကိုလည်း အလားတူ ပယ်ချမှုများ ပြုလုပ်ခဲ့သည်။ မွတ်ဆလင် မဟုတ်သော ကိုယ်စားလှယ်လောင်းများကိုလည်း အလားတူ အကြောင်းပြချက်များဖြင့် ပယ်ချခြင်းခံခဲ့ရပါသည်။ သာဓကအားဖြင့် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) ၏ ရန်ကုန်တိုင်း

65 https://www.icj.org/wp-content/uploads/2019/06/Myanmar-Citizenship-law-reform-Advocacy-Analysis-Brief-2019-ENG.pdf

66 https://www.bnionline.net/en/news/dhrp-appeal-against-rejection-its-muslim-candidates

67 https://www.bnionline.net/en/news/muslim-candidates-bid-voided-late-stage-election-commission-reversa

68 https://www.fortifyrights.org/mya-inv-2020-08-19/

69 https://www.bnionline.net/en/news/mon-state-election-commission-rejects-independent-candidate

ဒေသကြီး၊ မြောက်ဒဂုံမြို့နယ်က ကိုယ်စားလှယ်လောင်းတစ်ဦး[70] ၊ ကယားပြည်နယ်က USDP ကိုယ်စားလှယ်လောင်းတစ်ဦး[71] တို့ ဖြစ်ကြသည်။ သို့သော်လည်း ANFREL က အင်တာဗျူးပြုလုပ်ခဲ့သည့် ဆက်စပ်ပတ်သက်သူများစွာတို့၏ အဆိုအရ မွတ်ဆလင် နှင့်/သို့မဟုတ် ရိုဟင်ဂျာများဖြစ်ကြသည့် မြန်မာနိုင်ငံသားများ၏ အခြေခံနိုင်ငံရေးရပိုင်ခွင့်များဖြစ်သည့် ရွေးကောက်ခံရာထူးအတွက် ယှဉ်ပြိုင်ရာတွင်နှင့် နိုင်ငံ၏ပြည်သူ့ရေးရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရာတို့တွင် ဖိနှိပ်ချုပ်ခြယ်မှုပြုရန် ရွေးကောက်ပွဲ ဥပဒေနှင့် နိုင်ငံသားဖြစ်မှုဥပဒေတို့ကို ပေါင်းစပ်အသုံးပြု၍ ဖိနှိပ်ခဲ့သည်ဟု ထင်မြင်ယူဆရပါသည်။

အထက်ပါကိစ္စရပ်များနှင့်မသက်ဆိုင်သော ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တွင်မူ ရခိုင်အမျိုးသားပါတီ (ANP) သည် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ပြည်သူ့လွှတ်တော်အမတ်တစ်ဦးအား မူလတွင် ကိုယ်စားလှယ်လောင်းအဖြစ်ယှဉ်ပြိုင်ရန် အတည်ပြုပြီးကာမှ ၎င်း၏ သားဖြစ်သူသည် ရက္ခိုင့်တပ်မတော် (AA) တွင် ပါဝင်ပတ်သက်လျက်ရှိသည် ဟူသော စွဲချက်ဖြင့် ပယ်ချခဲ့သည်။ ဤဆုံးဖြတ်ချက်ကို ပြုလုပ်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ကျောက်ဖြူခရိုင်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက တဆင့် ချမှတ်ခဲ့သည့် ဤဖြစ်စဉ်သည်[72] "အပြစ်ရှိသည်ဟုစီရင်ချက်မချမီ အပြစ်မရှိ"ဟူသော ဥပဒေသနှင့်စုပေါင်းပြစ်ဒဏ်ချမှတ်ခြင်းမပြုရ ဟူသော နိုင်ငံတကာအသိအမှတ်ပြု စည်းမျဉ်းများနှင့် ဆန့်ကျင်နေပါသည်။




*ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ရှိ ရခိုင်အမျိုးသားပါတီ၏ မဲဆွယ်ပိုစတာ*

70 https://news-eleven.com/article/195435

71 https://www.rfa.org/english/news/myanmar/disqualified-candidates-10142020175119.html

72 https://www.irrawaddy.com/elections/rejected-candidate-myanmars-rakhine-state-says-hes-bullied-off-ballot

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများစွာ ပါဝင်ယှဉ်ပြိုင်မှုကို မြင်တွေ့ခဲ့ရသည့်တိုင် ANFREL အနေဖြင့် စိုးရိမ်မကင်းဖြစ်မိနေသေးသည့်အချက်မှာ ၂၀၁၅ ခုနှစ်တွင်ကဲ့သို့ပင် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ရာ၌ လူပေါ်မှုတည်၍ စည်းကမ်းတင်းကြပ်သည့်အသွင်ကို တွေ့မြင်ရခြင်း၊ နိုင်ငံသားဖြစ်မှုဆိုင်ရာဥပဒေများဖြင့် ကန့်သတ်လွန်းသည်ဟု ယူဆစရာရှိခြင်းတို့ကြောင့် မဲပေးရန် အရွယ်ရောက်ပြီး ပြည်သူများကြားတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ အဆင့်အတန်း ကွာဟမှုများ ဖြစ်ပေါ်လာစေပါသည်။ ထို့အပြင်လည်း အချို့သော ကိုယ်စားလှယ်လောင်းများအား မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခွင့်ပြုပြီး အချိန်အတော်ကြာ အောက်တိုဘာလလယ်ခန့်အထိ နောက်ကျပြီးမှ ပယ်ဖျက်သည့်အတွက် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ ဘက်က အချိန်မီစုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ကြသည့် သဘောဖြစ်သည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ၏တာဝန်ရှိသူများအား နောင်အခါတွင် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအတွက် မှတ်ပုံတင်ခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြရာ၌ ပိုမို၍ တရားမျှတမှုရှိစေရန်၊ အချိန်နှင့်တပြေးညီဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဥပဒေရေးရာပြုပြင်ပြောင်းလဲမှု ပြုလုပ်ဖို့ရာ နှိုးဆော်လိုပါသည်။

# အခန်း ၃ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများ

## ရွေးကောက်ပွဲ ပြက္ခဒိန်နှင့် COVID –19

မြန်မာနိုင်ငံတွင် COVID–19 အတည်ပြုလူနာ အနည်းငယ်သာရှိသေးသည့် အချိန်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်ကို ဇူလိုင် ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ သို့သော်လည်း ဩဂုတ်လ အတွင်း ရခိုင်ပြည်နယ်တွင် အစပြုခဲ့သည့် ရောဂါပြန့်ပွားမှုကြောင့် ပြည်သူလူထုအား ရောဂါကူးစက်မှု ဘေးအန္တရာယ်က ကာကွယ်ပေးရန် နှင့် ကိုယ်စားလှယ်လောင်းများ အားလုံး တန်းတူညီမျှ ယှဉ်ပြိုင်ခွင့် ရစေရန်အလို့ငှာ နိုင်ငံရေးပါတီများစွာက ရွေးကောက်ပွဲကို ရွှေ့ဆိုင်းပေးရန် UEC အား တောင်းဆိုခဲ့ကြသည်။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်တပ်မတော်ကျောထောက် နောက်ခံပြုထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) အပါအဝင် ပါတီ ၂၄ ခုက ကော်မရှင်သို့ အိတ်ဖွင့်ပေးစာတစ်စောင်ပေးပို့ခဲ့ပြီး နိုဝင်ဘာ ၈ ရက် မဲပေးမည့်နေ့ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုခဲ့ကြသည်[73] ။ ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) နှင့် လူဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) တို့ကလည်း ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရန်အတွက် သီးခြားစီ တောင်းဆိုခဲ့ကြပါသည်။ ရွေးကောက်ပွဲ ကျင်းပပေးရန် နေ့ရက်ကို ဒီဇင်ဘာ ၂၇ ရက်နေ့ သတ်မှတ်ပေးရန်ပင် တောင်းဆိုခဲ့သည်။

မွန်ညီညွတ်ရေးပါတီ (MUP)၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP) အစရှိသော တိုင်းရင်းသားပါတီအချို့ကမူ ရွေးကောက်ပွဲရွှေ့ဆိုင်းရေး တောင်းဆိုရာ၌ မပါဝင်ခဲ့ကြ သော်လည်း ရွေးကောက်ပွဲကို သတ်မှတ်ရက်အတိုင်းကျင်းပရန် အားသန်သူမှာ အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဖြစ်သည် ဟူသောအချက်မှာ သံသယဖြစ်ဖွယ် မရှိပေ။ NLD ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒေါက်တာမျိုးညွန့်က ပြောကြားသည်မှာ “ ထိန်းချုပ်၍ မရသောအနေအထား မရောက်မီ ရွေးကောက်ပွဲအား သတ်မှတ်ရက်အတိုင်း ကျင်းပခြင်းမှာ ပို၍ကောင်းမွန်ပါသည်။ နောင်တွင် ကပ်ရောဂါအခြေအနေ မည်သို့ဖြစ်လာမည်မသိသေးချိန်တွင် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းခြင်းဖြင့် နိုင်ငံရေးအကြပ်အတည်းအပြင် ကျန်းမာရေး၊ စီးပွားရေးအခက်အခဲများပါ ထပ်ဆင့်လိုက်ပါက ပြဿနာ ပိုမိုများပြားလာမည်[74] ” ဟုဆိုပါသည်။

---

73 https://apnews.com/article/aung-san-suu-kyi-myanmar-health-general-elections-elections-061b7bd307ee790335eca6958a694029

74 https://www.irrawaddy.com/elections/myanmars-nld-says-postponing-november-election-lead-chaos.html



ဧရာဝတီတိုင်းဒေသကြီးတွင် အောက်တိုဘာလ ၂၇ ရက်နေ့ကတွေ့ရှိရသည့် မဲဆွယ်ယာဉ်တန်း

စင်စစ်အားဖြင့် မြန်မာနိုင်ငံတရားဥပဒေမူဘောင်အရ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ (သို့) ဒေသန္တရ လုံခြုံရေးအခြေအနေ မကောင်းသည့်အခါများတွင် ရွေးကောက်ပွဲကိုရွှေ့ဆိုင်းရန်[75] ခွင့်ပြုပေးထားသော်လည်း ပြည်ထောင်စုလွှတ်တော်အသစ်သည် လက်ရှိလွှတ်တော်သက်တမ်းကုန်ဆုံးမည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုရန်လည်း ပြဋ္ဌာန်းထားပြန်သည်။ လွှတ်တော်တစ်ခုနှင့်တစ်ခုကြား အဆက်စပ်ပြတ်တောက်သွားသည့်အခါ မည်သို့ဆောင်ရွက်ရမည် ဟူသော ဥပဒေပြဋ္ဌာန်းချက်မရှိသည့်အတွက် ရွေးကောက်ပွဲကို ရက်သတ္တပတ်အနည်းငယ်ထက်ပို၍ ရွှေ့ဆိုင်းသည့်အခါတိုင်းပြည်အနေနှင့် မရေရာသော အနေအထားတစ်ခုသို့ ရောက်ရှိသွားနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် တပ်မတော်အုပ်ချုပ်မှုကို ကြာမြင့်စွာ ခံစားခဲ့ရသည့်အတွက် နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသူအများစုမှာ အခြေခံဥပဒေအကြပ်အတည်းကို အတတ်နိုင်ဆုံး ရှောင်ရှားလိုစိတ်ရှိသည်မှာ မထူးဆန်းလှပါချေ။

စက်တင်ဘာလ ၁၉ ရက်နေ့တွင် UEC အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်အနေဖြင့် “COVID–19 အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရန် အစီအစဉ်မရှိ[76] ” ဟု သတင်းထောက်များအား ပြောကြားခဲ့ပြီး အမှန်တကယ်လည်း စီစဉ်ထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ တစိတ်တပိုင်းအားဖြင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဆေးပညာရှင်များ အပြင် အခြားသော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်နေသူများနှင့် သဘောတူညီမှုရရန် ကြိုးစားအားထုတ်မှု မရှိခဲ့သည့်အတွက် COVID–19 ကပ်ရောဂါဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲ ဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း အထူးသဖြင့် လက်ရှိအာဏာရပါတီ အသာစီးရစေရန်ဆောင်ရွက်ခြင်းဖြစ်သည် ဟု ယူဆကြပြီး ပြည်သူလူထုကြား ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တရားဝင်မှုအပေါ် ထင်မြင်ချက်ကိုလည်း ထိခိုက်စေခဲ့သည်။

## လုံခြုံရေးအရ ရွှေ့ဆိုင်းမှုများ

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် များစွာသော ပဋိပက္ခများအရ နိုင်ငံအဝှမ်းလုံးတွင် ရွေးကောက်ပွဲများ တပြိုင်နက်ကျင်းပပေးရန် မဖြစ်နိုင်ချေ။ အောက်တိုဘာ ၁၆ ရက်နေ့တွင် UEC က ရခိုင်ပြည်နယ်ရှိ မြို့နယ်ကိုးခု၊ ရှမ်းပြည်နယ်ရှိ မြို့နယ်ခြောက်ခု၊ စုစုပေါင်း မြို့နယ် ၁၅ ခုတွင် လုံခြုံရေးအကြောင်းပြချက်ကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိကြောင်းကို

75 Article 399(f) of the 2008 Constitution of Myanmar and Article 50 of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region Hluttaw or State Hluttaw Election Law

76 https://www.bloomberg.com/news/articles/2020-09-19/myanmar-won-t-postpone-november-polls-election-official-says

ကြေညာချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့သည်[77] ။ ထို့အပြင်လည်း ရခိုင်ပြည်နယ်ရှိ မြို့နယ်လေးခု၊ ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၇ ခု၊ ကချင်ပြည်နယ်ရှိ မြို့နယ် ၁၁ ခု၊ ကရင်ပြည်နယ်ရှိ မြို့နယ် ခြောက်ခု၊ မွန်ပြည်နယ်ရှိ မြို့နယ်တစ်ခုနှင့် ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်နှစ်ခုတို့ရှိ ဒေသအချို့တွင်လည်း ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိကြောင်းကိုကြေညာခဲ့သည်။

UEC က ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိဟူ၍ ကြေညာချက်ထုတ်ပြန်ခဲ့သော ဒေသများကို စုပေါင်းကြည့်ပါက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သော နယ်မြေဧရိယာထက် ပိုမိုကျယ်ဝန်းသည်ကို တွေ့ရသည်[78] ။ ဤသည်မှာ များမကြာမီနှစ်များအတွင်း တစ်ကျော့ပြန် ဖြစ်ပွားလာသော (အထူးသဖြင့် ရခိုင်ပြည်နယ်တွင်း) လက်နက်ကိုင်ပဋိပက္ခများနှင့်လည်း သက်ဆိုင်ပါသည်။ မဲဆန္ဒနယ်အားလုံး၏ ၉၅% ခန့်တွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပါသည်[79] ။ အကျိုးဆက်အားဖြင့် ရခိုင်ပြည်နယ်တွင်းရှိ လူဦးရေ ၁.၂ သန်း (ပြည်နယ်တွင်းရှိ မဲပေးခွင့်ရှိသောလူဦးရေ၏ ၇၃%) အပါအဝင် ပြည်သူ ၁.၅ သန်းကျော်မဲပေးခွင့် ဆုံးရှုံးသွားသည်ဟု ခန့်မှန်းရပါသည်။ ဥပဒေကြောင်းအရဆိုရလျှင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်စရာ အခြေအနေမပေးသည့်အတွက်ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ပြီး လစ်လပ်သွားသော အမတ်နေရာများအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြန်လည်ဖြည့်ဆည်းနိုင်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း တစိတ်တဒေသသာ ရွေးကောက်ပွဲ ကျင်းပနိုင်သည့် မြို့နယ်များတွင်မူ ကျန်ရှိသော မဲပေးခွင့်ရှိသူများကသာ လွှတ်တော် ကိုယ်စားလှယ်လောင်းကို ရွေးချယ်ပိုင်ခွင့် ရှိတော့သည့်အတွက် အဆိုပါ ရွေးကောက်ခံပုဂ္ဂိုလ်များ၏ တရားဝင်မှုကို လျော့နည်းသွားစေသည်။

ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသော ဒေသများစာရင်းကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေး ပါတီများက အကြီးအကျယ် ဝေဖန်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဖျက်သိမ်းမှုများ ရှိလာလိမ့်မည်ကို မျှော်လင့်ထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လျှောက်ရှိ များစွာသောဒေသများမှာ ပဋိပက္ခ ဖြစ်ပွားဆဲနေရာများ ဖြစ်ကြပြီး ကျန်သောနေရာများစွာမှာလည်းတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့်ပြည်သူ့စစ်များ၏ အုပ်ချုပ်မှုအောက်တွင်ရှိနေပါသည်။ သို့သော်လည်း ANFREL (သို့မဟုတ်) သတင်းမီဒီယာများက အင်တာဗျူးပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် ဆက်စပ်ပတ်သက်သူများစွာကမူ ရွေးကောက်ပွဲမကျင်းပနိုင်သည့် နယ်မြေဒေသအရေအတွက်နှင့် UEC အသုံးပြုခဲ့သည့် စံနှုန်းတသမတ်တည်း မဖြစ်သည့်အပေါ်ကိုမူ အံ့အားသင့်ကြပါသည်။ သို့ဖြစ်၍လည်း ငြိမ်းချမ်းရေး

77 The 15 townships are, in Rakhine state: Buthidaung, Kyauktaw, Maungdaw, Minbya, Mrauk-U, Myebon, Pauktaw, Ponnagyun, and Rathedaung; in Shan state: Mongkaing, Mongla, Mongmao, Narphan, Pangsang, and Pangwaun.

78 The 16 October 2020 announcements listed a total of 15 townships and 581 wards/village tracts, whereas five townships and 403 wards/village tracts saw polling cancelled in 2015.

79 Elections were held in 315 out of 330 Pyithu Hluttaw constituencies, 161 out ot 168 Amyotha Hluttaw constituencies, and 641 out of 673 state/region hluttaw constituencies.

နှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု (MIPS) ၏ အမှုဆောင် ဒါရိုက်တာ ဖြစ်သူ ဦးမင်းဇော်ဦးက "ပဋိပက္ခဒဏ်ခံ မဲဆန္ဒနယ်များတွင် ရွေးကောက်ပွဲများ ဖျက်သိမ်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်သည် ပွင့်လင်း မြင်သာမှုလည်း မရှိ၊ ရှေ့နောက်ညီညွတ်မှုလည်း မရှိ[80] " ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် တပ်မတော်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း ကလည်း ရွေးကောက်ပွဲမကျင်းပရန် UEC သတ်မှတ်ခဲ့သော နယ်မြေများသည် "တပ်မတော်အကြံ ပြုခဲ့သည်ထက် များပြားနေပါသည်[81] " ဟု အတည်ပြုပြောကြားခဲ့ပါသည်။




*၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ အပြီးသတ်ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများ – IFES ၏ မြေပုံ*

80 https://www.aljazeera.com/news/2020/10/28/vote-cancellations-trigger-outrage-among-myanmar-minority-voters

81 https://mailchi.mp/frontiermyanmar.net/has-the-uec-gerrymandered-rakhine




*(အောက်တိုဘာလ ၂၇ရက်နေ့ စာရင်းအရ) ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ အပြီးသတ် ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများ – IFES ၏ မြေပုံ*

တိုင်းရင်းသား နိုင်ငံရေးပါတီ (၅) ခုဖြစ်သော ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP)၊ ကယားပြည်နယ် ဒီမိုကရက် တစ်ပါတီ (KySDP)၊ ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP)၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (CNLD) နှင့် မွန်ညီညွတ်ရေးပါတီ (MUP) တို့က အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး UEC အား ၎င်းဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် လည်း ရွေးကောက်ပွဲမကျင်းပသည့်ဒေသအချို့မှာ NLD နိုင်ခြေမရှိသည့် မဲဆန္ဒနယ်များ

ဖြစ်ကြပြီး ရွေးကောက်ပွဲရွှေ့ဆိုင်းရန် ဆုံးဖြတ်ချက်သည် နိုင်ငံရေးအရ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟူ၍ ၎င်းပါတီများဘက်က စွပ်စွဲမှုများ ပြုလုပ်ခဲ့သည်ဟု ကြားသိရပြန်သည်[82]။

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲကျင်းပခွင့် မရသည့် မြို့နယ်ကိုးမြို့နယ် အနက် အများစု မှာ ရခိုင်အမျိုးသားပါတီ (ANP) က လွှတ်တော်အမတ်များ အနိုင်ရရှိခဲ့သည့် နေရာများ ဖြစ်ကြပြီး NLD အနိုင်ရခဲ့သည့် လေးမြို့နယ်အနက် သုံးမြို့နယ်မှာ ရွေးကောက်ပွဲ ဖျက်သိမ်း ခံရသည့်အထဲ မပါပေ။ ရခိုင်ဦးဆောင်ပါတီ (AFP) ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လောင်း ဒေါ်မတင်ညွန့်၏ အဆိုအရမူ "ပေါက်တောမြို့နယ်တွင် သဘာဝဘေးအန္တရာယ် သော်လည်းကောင်း၊ တိုက်ပွဲဖြစ်ပွားမှု သော်လည်းကောင်း မရှိပါ၊ လက်ရှိတွင် လုံးဝ အေးချမ်း နေပါပြီ[83] " ဟု သိရသည်။ အလားတူပင် ANFREL အင်တာဗျူးခဲ့သည့် ဆက်စပ်ပတ်သက် သူအများစုကလည်း အမ်း၊ ကျောက်ဖြူ နှင့် တောင်ကုတ်မြို့နယ် များမှာ ငြိမ်းချမ်းသော နယ်မြေများ ဖြစ်ကြပြီး ရွေးကောက်ပွဲကို အနှောင့်အယှက်ပြုနိုင်စရာ လုံခြုံရေး ပြဿနာ ကြီးကြီးမားမား မရှိနိုင်ဟု မှန်းဆကြသည်။ သို့တိုင် အဆိုပါ သုံးမြို့နယ်တွင် ရပ်ကွက် နှင့် ကျေးရွာအုပ်စု အနည်းငယ်က မဲဆန္ဒရှင်များသာ မဲပေးခွင့်ရခဲ့ကြသည်။ တောင်ကုတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲလူကြီးများ ကိုယ်တိုင်ကပင် ၎င်းတို့အနေဖြင့် မြို့နယ် တစ်ခွင်လုံးတွင် ရွေးကောက်ပွဲကျင်းပ ပြုလုပ်ပေးနိုင်ကြောင်း ပြောကြားခဲ့ကြသည်။ ထို့အပြင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းရလောက်စရာ လုံခြုံရေးပြဿနာမရှိသည့် အေးချမ်းဆိတ်ငြိမ်သော ကျွန်းများလည်း ပေါက်တော နှင့် စစ်တွေမြို့နယ် များတွင် ရှိနေပါသည်။ AFP နှင့် ANP ပါတီ နှစ်ခုလုံး ကလည်း ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲ ဖျက်သိမ်းသည့်အမိန့်ကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုသည့် စာများ ပေးပို့ခဲ့ကြသည်။

ရှမ်းပြည်နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးဖြစ်သူ ဦးဇော်မြင့်ဝင်း က မြို့နယ်များစွာတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်းမှာ မမျှော်လင့်ထားသည့်ကိစ္စဖြစ်ပြီး" မြေပြင်အနေအထားအတွင် ပြဿနာ တစုံတရာမရှိဘဲ မဲရုံများကိုလည်းစီစဉ်ထားပြီး[84] " ဖြစ်ကြောင်း လွှတ်လပ်သောအာရှအသံသို့ ပြောကြားခဲ့သည်။ မိုင်းကိုင်မြို့နယ် တွင် ရွေးကောက်ပွဲများ မကျင်းပရခြင်းမှာမူ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) က ရှမ်းတိုင်းရင်းသားပါတီများကိုသာ မဲဆွယ်ခွင့်ပေးပြီး တအောင်းအမျိုးသားပါတီ (TNP) ကို မဲဆွယ်ခွင့်မပြုခြင်းကြောင့်ဖြစ်သည် ဟု သတင်းများအရကြားသိရသည်။ ထိုအခါ TNP က ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့သို့ တိုင်ကြားသောအခါ နယ်မြေတစ်ခုလုံးပါ

82 https://www.bnionline.net/en/news/kysdp-says-no-justice-declaration-some-constituencies-where-elections-could-not-be-held

83 https://www.bnionline.net/en/news/parliamentary-candidates-call-uec-reconsidering-pauktaw-township-polls

84 https://www.rfa.org/english/news/myanmar/election-cancellations-10202020102616.html

မဲပေးခွင့်မပေးရန် ဆုံးဖြတ်လိုက်ကြသည်[85]။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နိုင်ငံရေးပါတီလေးခုကနေ၍ မိုင်းကိုင်မြို့နယ်သည် တည်ငြိမ်အေးချမ်းမှုရှိသည် ဟု ၎င်းတို့ဘက်က ယူဆသည့်အတွက် ရွေးကောက်ပွဲပြန်လည်ကျင်းပခွင့်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် လူ ၁၀,၀၀၀ ကျော် လက်မှတ်ဖြင့် UEC ထံ တင်သွင်းခဲ့ကြသည်[86]။ အဆိုပါဒေသသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ အမာခံနယ်မြေဖြစ်နေသည်ကိုတွေ့ရှိရပြီး SNLD သည် ၂၀၁၅ ခုနှစ်တွင် ၎င်းအများစု အနိုင်ရရှိခဲ့သည့် မူဆယ်၊ လားရှိုးနှင့် ကျောက်မဲ ခရိုင်များတွင်ရှိ မဲဆန္ဒနယ်များတွင်ပါ ရွေးကောက်ပွဲ ကျင်းပခွင့်ပေးရန် တောင်းဆိုခဲ့ကြသည်။

သို့သော်လည်း မြန်မာနိုင်ငံအနောက်ခြမ်းတွင် ပဋိပက္ခဒဏ်အခံရဆုံးသော ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းမှု မရှိခြင်းကြောင့် UEC ၏ ရွေးကောက်ပွဲ ဖျက်သိမ်းသည့် ကြေညာချက်များသည် အခြားသောကိစ္စရပ်များထက်စာလျင် အာဏာရ ပါတီ၏ အကျိုးစီးပွားနှင့် များစွာ ချိတ်ဆက်နေသည် ဟူသော ထင်မြင်ချက်ကို ပိုမိုအား ကောင်းလာစေသည်။ ပလက်ဝမြို့နယ်၌ ၂၀၂၀ ခုနှစ် တစ်နှစ်တည်း၌ပင် လက်နက်ကိုင် တိုက်ပွဲပေါင်း ၉၀ ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းတင်သိရှိရပြီး ယင်းအချိန်တွင် ပေါက်တော၌ တိုက်ပွဲဖြစ်ပွားမှု လုံးဝမရှိဘဲ တောင်ကုတ်တွင် တိုက်ပွဲတစ်ခုသာရှိခဲ့သည်[87]။ ထို့အပြင် မြို့နယ်တဝှမ်းလုံးတွင် ရွေးကောက်ပွဲကျင်းပပေးရန် ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြီး ကျေးရွာ အုပ်စု ၁၀၂ ခုအနက် ရှစ်အုပ်စုတွင်သာ ကျင်းပတော့မည်ဟု ထုတ်ပြန် ကြေညာလိုက် သောအခါ ANFREL က အင်တာဗျူးခဲ့သည့် ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူ များမှာ တစ်ဖန်ထပ်မံ၍ စိတ်မကျေမနပ် ဖြစ်ရကြောင်း ဖွင့်ဟပြောဆိုလာသည်။ ၎င်းတို့အဆိုအရ UEC က NLD အတွက် အခွင့်အလမ်းရှိသည့် နေရာများကို ရွေးချယ်ပေးပြီး တစ်ချိန်တည်း၌ တန်းတူ လုံခြုံမှုရှိသည့် အခြားဒေသများကို ဖယ်ရှားပစ်လိုက်သည်။ မြေပြင် အခြေအနေ တည်ငြိမ်မှုမရှိခြင်းနှင့် ရွေးကောက်ပွဲရလဒ် အသေးစိတ်အား မရရှိနိုင်ခြင်း တို့ကြောင့် အဆိုပါစွဲချက်များကို အတည်ပြုရန် ခက်ခဲသော်လည်း ရွေးကောက်ပွဲတာဝန် ရှိသူများသည် ၎င်းတို့အာဏာကိုအသုံးချ၍ မဲဆန္ဒနယ်များကို လိုသလို ခြယ်လှယ်သည် ဟူသော စွပ်စွဲချက်မြောက်မြားစွာမှာ ရွေးကောက်ပွဲမကျင်းပမီ နှင့် ကျင်းပပြီးနောက်ပိုင်း တွင်ပါ ထွက်ပေါ်လာခဲ့သည်ကို သတိပြုမှတ်သားရန်လိုအပ်သည်။

အစပိုင်းတွင် UEC က ရွေးကောက်ပွဲရွှေ့ဆိုင်းရန် နယ်မြေများ စာရင်းကို ဒေသန္တရ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ တပ်မတော်လက်အောက်ခံ ဝန်ကြီးဌာနနှစ်ခုအပါအဝင် အစိုးရ၏ အကြံပြုချက်များအပေါ် မူတည်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုပြီး ၎င်း ဆုံးဖြတ်ချက်ကိုခုခံသည်။ သို့သော်လည်း အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရွေးကောက်ပွဲ

85 https://www.irrawaddy.com/elections/myanmar-military-ready-work-arakan-army-rakhine-voting.html

86 https://myanmar-now.org/en/news/parties-protest-cancelation-of-vote-in-mong-kung

87 https://www.facebook.com/minzawoo/posts/10106247693194707

ရွှေ့ဆိုင်းသည့် နယ်မြေများ စာရင်းကို ပြင်ဆင်ပေးခဲ့ပါသည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ နှင့် ဝန်ကြီးဌာနများ၏ အစီရင်ခံချက်များအရ ရခိုင်ပြည်နယ်တွင် ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာအုပ်စုသုံးစုနှင့် အမ်းမြို့နယ်ရှိ ကျေးရွာအုပ်စု လေးစု၊ ရှမ်းပြည်နယ်တစ်ခုလုံး အနေဖြင့် မူဆယ်မြို့နယ်ရှိ ရပ်ကွက်တစ်ခု၊ လားရှိုးမြို့နယ်က ကျေးရွာအုပ်စုတစ်စုနှင့် ကွမ်းလုံမြို့နယ်ရှိ ရပ်ကွက်တစ်ခုတို့ကို ရွေးကောက်ပွဲများဖျက်သိမ်းထားသည့်စာရင်းက ပြန်လည်ဖယ်ရှားပေးခဲ့သည်[88] ။

ထိုသို့ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ပေးသည့်တိုင် မျက်နှာသာပေးသည်ဟူသော စွပ်စွဲချက်များနှင့် မလွတ်နိုင်သေးချေ။ ဥပမာ ရခိုင်ပြည်နယ် တောင်ပိုင်းတွင် ANFREL ရွေးကောက်ပွဲလေ့လာသူများက အင်တာဗျူးပြုလုပ်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများက ပြောကြားသည်မှာ ရွေးကောက်ပွဲဖျက်သိမ်းသည့် စာရင်းကဖယ်ရှားပေးခဲ့သည့် နယ်မြေဒေသများသည် တပ်မတော်အခြေစိုက်စခန်းများ အနီးတွင် ရှိပြီး NLD (သို့မဟုတ်) USDP ပါတီတစ်ခုခုက ဒေသခံတိုင်းရင်းသား ပါတီများကို အနိုင်ရသွားနိုင်ခြေရှိသည့် နေရာများဖြစ်ကြသည်ဟုသိရသည်။ သတင်းမီဒီယာများကလည်း အလားတူစောဒကတက်မှုများကို ရေးသားဖော်ပြခဲ့ကြပါသည်[89] ။

## လမ်းပန်းဆက်သွယ်ရေးကြောင့် ရွေးကောက်ပွဲရွှေ့ဆိုင်းမှု

ရွေးကောက်ပွဲဖျက်သိမ်းမှု အများစုမှာ ဒေသန္တရလုံခြုံရေးအခြေအနေ နှင့် ဆက်စပ်နေသော်လည်း တနင်္သာရီ တိုင်းဒေသကြီးအတွင်းရှိ အေးမွန်သာကျေးရွာ (ချောင်းကြီး)တွင် ရွေးကောက်ပွဲ မကျင်းပနိုင်ခြင်းအတွက်မူ လမ်းပန်းဆက်သွယ်ရေး အဆင်မပြေခြင်းကို အကြောင်းပြထားသည်။ ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် UEC ကနေ၍ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် ယင်းကျေးရွာကို ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲက ဖယ်ရှားထားကြောင်း အကြောင်းကြားသည့် စာပေးပို့ခဲ့သည်။ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးဖြစ်သူ ဦးလှိုင်ဘွား၏ ရှင်းလင်းပြောကြားချက်အရ ထိုင်းအစိုးရ၏ အကူအညီမပါဘဲ ခရီးကွာလှမ်းလွန်းလှသည့် အေးမွန်သာကျေးရွာသို့ သွားရောက်၍ မရနိုင်ပါ။ သို့သော်လည်း COVID – 19 ကပ်ရောဂါကြောင့် ယင်းတောင်းဆိုမှုမျိုးကိုလည်း မပြုလုပ်ခဲ့ပါ[90] ။

88 http://www.xinhuanet.com/english/2020-10/27/c_139471521.htm

89 https://www.bnionline.net/en/news/usdp-takes-lead-ann-township

90 https://elevenmyanmar.com/news/aye-mon-tharyar-village-chaungchivillage-in-taninthayi-excluded-from-holding-election

အဆိုပါ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုကြောင့် စာရင်းထုတ်ပြန်ပြီး မဲဆန္ဒရှင် ၇၅၁ ဦးသာ ထိခိုက်နစ်နာခဲ့သည် ဆိုသော်လည်း ထောက်ပံ့ပို့ဆောင်ရေးပြဿနာရပ်များကြောင့် ရွေးကောက်ပွဲကိုရွှေ့ဆိုင်းရန်အတွက် မြန်မာနိုင်ငံ ဥပဒေအရ ခွင့်ပြုထားခြင်းမရှိသည့်အတွက် ဤသည်မှာ အလေးအနက်ထားရမည့်ကိစ္စဖြစ်သည်။အဆိုပါမဲဆန္ဒရှင်များအနေဖြင့် အခြားသူများနည်းတူ ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို ကျင့်သုံးနိုင်စေဖို့ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တွင် ဥပဒေအရရော ကိုယ်ကျင့်သိက္ခာပိုင်းအရပါ နည်းလမ်းရှာပေးရန် တာဝန်ရှိပါသည်။ အချို့သောနေရာများတွင် ရွေးကောက်ပွဲသုံးပစ္စည်းများနှင့်ဝန်ထမ်းများကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်ပြီး ဝေးလံခေါင်သီသောကျေးရွာများသို့ ပို့ဆောင်ပေးခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ဤနေရာတွင် ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သင့်တင့်လျော်ကပ်သော ဖြေရှင်းနည်းတစ်ခုမရှာနိုင်ခြင်းမှာ စိတ်မကောင်းစရာပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲမကျင်းပနိုင်ခြင်းကို တနင်္သာရီမြို့နယ် NLD လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက ကန့်ကွက်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သယ်ယူပို့ဆောင်ရေးခက်ခဲခြင်းတို့သည် ရွေးကောက်ပွဲဖျက်သိမ်းရန် လုံလောက်သော ဆင်ခြေများ မဟုတ်ဟူ၍လည်း ပြောကြားခဲ့သည်။

## ရွေးကောက်ပွဲအလွန်ကာလဖြစ်ရပ်များ

ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲများ ဖျက်သိမ်းခဲ့သည့်တိုင် မဲရလဒ်များအရ ရခိုင်အမျိုးသားရေးဝါဒီ ရခိုင် အမျိုးသားပါတီ (ANP) သည် ပြည်နယ်လွှတ်တော်တွင် အမတ်နေရာအများဆုံးရယူနိုင်ခဲ့သည့်အပြင် ယခင် NLD ရရှိခဲ့သည့် အမတ်နေရာများကိုပါ လွှဲပြောင်းယူနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့တိုင် ဤအနိုင်ရရှိမှုသည် ANP ပါတီက အများစုအားကိုယ်စားပြုနိုင်ရန် လုံလောက်မှုမရှိပေ။ ယခုတစ်ဖန်လည်း ၂၀၁၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်အတိုင်း ပြည်ထောင်စုအစိုးရက NLD ပါတီက တစ်ဦးဦးကို ပြည်နယ်ဝန်ကြီးချုပ် အဖြစ်ခန့်အပ်နိုင်သည့်အတွက် ရခိုင်လူမျိုးမဲဆန္ဒရှင်များကို ပိုမို၍ ဘေးဖယ်ထားသလိုဖြစ်လာနိုင်စရာရှိသည်။

ANFREL က လက်ခံရရှိသည့် အစီရင်ခံချက်များအရ ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲဖျက်သိမ်းခဲ့သည့်ဒေသများတွင် နှစ်နှစ်အတွင်း ရွေးကောက်ပွဲများပြန်လည်ကျင်းပရန် စဉ်းစားပေးသွားမည်ဟု ကြေညာခဲ့သည်။ ဤကိစ္စနှင့်အပြိုင် ရက္ခိုင့်တပ်မတော် (AA) က နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ပြီး ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ ကျန်ရှိနေသည့် ရခိုင်မြို့နယ် ကိုးမြို့နယ်တွင် ရွေးကောက်ပွဲများကျင်းပပေးပြီး ရခိုင့်လွှတ်တော်ကိုယ်စားလှယ်များအား အစိုးရသစ်ဖွဲ့စည်းရာ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့်ပေးရန် အစိုးရနှင့်တပ်မတော်တို့အား တောင်းဆို

ခဲ့သည်[91] ။ AA ဘက်က ရခိုင်ပြည်နယ်တွင်း တစ်ဖက်သတ်အပစ်အခတ်ရပ်ဆဲမှုကြေညာချက်ကို ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်ခဲ့ရာ အဆိုပါ ထုတ်ပြန်ချက်ကို တပ်မတော်ဘက်က ကြိုဆိုခဲ့ပြီး တပ်မတော် ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်က ရှမ်းပြည်နယ် မိုင်းကိုင်မြို့တွင်ပါ ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူခဲ့သည်[92] ။ ဤအစီရင်ခံစာကို ရေးသားသည့်အချိန်တွင် UEC ( ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း အာဏာသိမ်း စစ်ကောင်စီက ခန့်အပ်ထားသော UEC အပါအဝင် ) သည် ယခုအချိန်ထိ မဲပေးရန်ရက်စွဲကိုသော်လည်းကောင်း၊ မဲပေးမည့်နည်းလမ်း၏ ပုံစံများကိုသော်လည်းကောင်း မထုတ်ပြန်ရသေးချေ။ မြန်မာနိုင်ငံရွေးကောက်ပွဲ ဥပဒေအရ ကြားဖြတ်ရွေးကောက်ပွဲများကို လွှတ်တော်သက်တမ်း ပထမနှစ်နှင့် နောက်ဆုံးနှစ် များတွင် ကျင်းပခွင့်မရှိသည့်အတွက်[93] ရွှေ့ဆိုင်းခံထားရသည့် အမတ်နေရာများသည် အနည်းဆုံး ၂၀၂၂ ခုနှစ် အထိ လစ်လပ်နေဦးမည့်သဘော ရှိသည်။ အကယ်၍သာ အာဏာသိမ်းမှုအခြေအနေ မဖြစ်ပေါ်ခဲ့ပါက ရွေးကောက်ပွဲ တစ်စိတ်တစ်ဒေသ ကျင်းပခွင့်မရသည့် မဲဆန္ဒနယ်များတွင်နေထိုင်ကြသည့် မဲဆန္ဒရှင်များအား ၎င်းတို့ မရွေးချယ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁-၂၀၂၆ အစိုးရသက်တမ်းတစ်ခုလုံး ကိုယ်စားပြုနေလိမ့်ဦးမည် ဖြစ်သည့်အတွက် အဆိုပါ ရွေးကောက်ခံကိုယ်စားလှယ်များ၏ တရားဝင်မှုကို ထိခိုက်စေမည်ဖြစ်သည်။

## နိဂုံးချုပ်

ယေဘုယျအားဖြင့် အထက်တွင်ဖော်ပြခဲ့သည် ရွေးကောက်ပွဲဖျက်သိမ်းမှုများသည် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုနှင့်တရားဝင်မှုအပေါ် အနုတ်သဘောဆောင်သည့်သက်ရောက်မှု ဖြစ်စေသည်။ ရွေးကောက်ပွဲဖျက်သိမ်းရမည့် မြို့နယ်များနှင့် ကျေးရွာအုပ်စုများကို ရွေးချယ်ပုံမှာ ထင်သာမြင်သာမရှိ၊ စိတ်ထင်သလို ဆောင်ရွက်သကဲ့သို့ ဖြစ်နေပြီး တသမတ်တည်းမရှိချေ။ ယင်းသို့သော ဆုံးဖြတ်ချက်များကို မိမိဘာသာချမှတ်လိုက်သည့်အတွက် အဆိုပါဒေသများတွင် အနိုင်ရရှိရန် မျှော်မှန်းထားသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများအား တစိတ်တဒေသ ပစ်မှတ်ထားဆောင်ရွက်သည်ဟု ထင်မြင်သွားစေရာက ၎င်းတို့အား ဘေးဖယ်ထုတ်ရာရောက်ပြီး အာဏာရပါတီနှင့် UEC တို့အပေါ် မကျေနပ်ချက်များ တိုးပွားလာစေသည်။

91 https://www.narinjara.com/news/detail/5fae2f5933d33c18e02b2c2b

92 https://www.irrawaddy.com/elections/myanmar-military-ready-work-arakan-army-rakhine-voting.html

93 Article 89 of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region or State Hluttaw Election Law (amended in 2019)

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲစီမံခန့်ခွဲသည့်တာဝန်ရှိသူများအနေဖြင့် ဘက်မလိုက်မှုနှင့်တာဝန်ခံမှုတို့ကို ပေါ်လွင်ထင်ရှားစေရန် ဆုံးဖြတ်ချက်ပြုလုပ်ရာ၌ ပိုမိုပွင့်လင်းမြင်သာပြီး အများပါဝင်နိုင်သည့် ချဉ်းကပ်နည်းကို အသုံးပြုရန် ကျွန်ုပ်တို့အနေဖြင့်တိုက်တွန်းလိုပါသည်။ မဲဆွယ်စည်းရုံးရေး စတင်ပြီးအတန်ကြာမှ မဲပေးခွင့်ရှိသူ ၁.၅ သန်းကျော်အား မဲပေးခွင့်ဆုံးရှုံးစေမည့် ကိစ္စမျိုးတွင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအပါအဝင် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ရွေးကောက်ပွဲတာဝန်ရှိသူများ အနေဖြင့် လုံခြုံရေးအကြောင်းပြချက်များအရ နောက်ဆုံး လိုအပ်မှသာ ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများကို ပြုလုပ်သင့်ပြီး ရွှေ့ဆိုင်းရာတွင်လည်း ရှေ့နောက် တသမတ်တည်းဖြစ်သော ကျိုးကြောင်း ဆီလျော်သော စံနှုန်းများဖြင့် ဆောင်ရွက်သင့်ပါသည်။ အချို့သော ဒေသများမှာ ရွေးကောက်ပွဲ ကျင်းပပေးဖို့ရန်အတွက် အန္တရာယ်ရှိသည်မှာ ယုံမှားဖွယ်မရှိသော်လည်း အခြားမြောက်မြားစွာသော အရပ်ဒေသများမှာတွင် မဲဆန္ဒရှင်များ၏အသံများကို တတ်နိုင်သမျှ ကြားသိနိုင်စေရန် လုံခြုံသော ရွေးကောက်ပွဲများ ကျင်းပမှုများကို ပြုလုပ်၍ ရနိုင်စရာ ရှိပါသည်။

# အခန်း ၄ ရွေးကောက်ပွဲ စီမံအုပ်ချုပ်မှု

## UEC ၏ ဘက်မလိုက်မှု နှင့် ပွင့်လင်းမြင်သာမှု

မြန်မာနိုင်ငံ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) သည် နိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ် ဟူသမျှကို ကိုင်တွယ်ဖြေရှင်းရန် တာဝန်အပ်နှင်းခြင်းခံရသည့် အမြဲတမ်းအဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ အနည်းဆုံး အဖွဲ့ဝင်ဦးရေ ငါးဦးသတ်မှတ်ထားပြီး (၂၀၂၀ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၁၅ ဦးရှိခဲ့သည်) အဖွဲ့ဝင်အားလုံးကို နိုင်ငံတော်သမ္မတကခန့်အပ်သည်။ UEC ၏တာဝန်များကို (နေပြည်တော် ပြည်ထောင်စု နယ်မြေအပါအဝင်) ပြည်နယ်နှင့်တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ ၁၅ ခု၊ ခရိုင်ကော်မရှင် အဖွဲ့ခွဲ ၈၂ ခု၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ၃၂၆ ခု[94] နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ၁၇,၀၆၇ ခုတို့က ကူညီ ဆောင်ရွက်ပေးကြရသည်။ ရွေးကောက်ပွဲ ကာလအတွင်း လုပ်ငန်းတာဝန်များဆောင်ရွက်ရန် UEC လိုအပ်သော ဝန်ထမ်းအများစုကို အခြားသော အစိုးရဌာနများက ဖြည့်ဆည်းပေးသည်။

ရွေးကောက်ပွဲအလွန်ကာလ အာဏာသိမ်းမှုအပြီးတွင် တပ်မတော်သည် တရားဝင်မဟုတ်ဘဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အသစ် ကို ယခင် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အကြီးအကဲအဖြစ် တာဝန်ယူခဲ့သော ဦးသိန်းစိုးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး အဖွဲ့ဝင်ခြောက်ဦး တို့ဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အခြားသော ကော်မရှင်အဖွဲ့ဝင် ၇ ဦးအား ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ထပ်မံ ခန့်အပ်ခဲ့သည်။ ဤအစီအရင်ခံစာသည် အာဏာမသိမ်းမီကာလအား အဓိကထား လွှမ်းခြုံဖော်ပြထားသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ဟု ဖော်ပြချက်များသည် ဦးလှသိန်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲများကိုသာရည်ညွှန်းပါသည်။ ရောထွေးမှုများကို ရှောင်ရှားနိုင်ရန် အတွက် နောက်ထပ် ခန့်အပ်ထားသော ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို “စစ်တပ်ကခန့်အပ်သော” (သို့မဟုတ်) “အာဏာရှင်ကခန့်အပ်သော” ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖြစ် သုံးနှုန်းသွားမည်ဖြစ်ပါသည်။

---

94 Election sub-commissions in Pangwaun, Narphan, Pangsang, and Mongmao townships (in Wa self-administered division, Shan state) have yet to be constituted.




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသော မဲဆန္ဒရှင်အသိပညာပေး
ပိုစတာနှင့် လက်ကမ်းစာစောင်

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင်များအားလုံးကို ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း (သို့မဟုတ်) ယင်းအချိန်ကတည်းက ခန့်အပ်ခဲ့ခြင်းဖြစ်သည့်အတွက် UEC ၏ ဖွဲ့စည်းမှုတစ်ရပ်လုံးမှာ ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲကျင်းပပြီးချိန် က စ၍ ပြောင်းလဲသွားခဲ့သည့် သဘောဖြစ်သည်။ UEC သည် ဘက်မလိုက်သော အဖွဲ့အစည်းဖြစ်ရမည်မှန်သော်လည်း အဖွဲ့ဝင်အားလုံးကို လက်ရှိ သမ္မတက ခန့်အပ်ခြင်းသည် ယင်းအဖွဲ့အစည်းအား ဘက်လိုက်သည် ဟု စွပ်စွဲပြောဆိုရန် လမ်းဖွင့်ပေးလိုက်သလို ဖြစ်စေသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကာလ တစ်လျှောက်လုံးတွင် ဤသို့သော ပြောဆိုမှုများ အများအားဖြင့် ဖြစ်ပွားလျက် ရှိပြီး ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ကို အနည်းငယ်ပို၍ မျက်နှာသာပေးသည်ဟု နိုင်ငံရေးပါတီအများစု (သို့မဟုတ်) ကိုယ်စားလှယ် လောင်းများက စွပ်စွဲခဲ့ကြသည်။ ANFREL အင်တာဗျူးခဲ့သည့် NLD က အချို့သောအဖွဲ့ဝင် များနှင့် ကိုယ်စားလှယ်လောင်းများကိုယ်တိုင်ပင်လျှင် UEC ၏ ဆုံးဖြတ်ချက်များသည် ၎င်းတို့အား ဂရုတစိုက် မျက်နှာသာပေးလေ့ရှိသည်ဟု ပွင့်လင်းစွာဝန်ခံခဲ့ကြသည်။

လူပြောများသည့်သာဓကတစ်ခုမှာ မဲဆွယ်စည်းရုံးရေးစတင်သည့်ရက်ဖြစ်သည်။ များစွာသော နိုင်ငံရေး ပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်အရ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် မဲဆွယ်စည်းရုံးမှုများ စတင်ပြုလုပ်နိုင်သည် ဟူသော UEC ၏ ကြေညာချက်ကို ယင်းနေ့မတိုင်မီ နှစ်ရက်အလိုက သိရသည်ဟုဆိုသည်။ သို့ရာတွင် ၎င်းတို့၏အဆိုအရ NLD ပါတီမှာမူ အကျောပေးခြင်းခံရသည့်အတွက် မဲဆွယ်စည်းရုံးရေး အစပြုသည့်အနေဖြင့် နိုင်ငံအဝှမ်းတွင် အလံတင်အခမ်းအနားများ ကျင်းပရန် အချိန် အလုံအလောက်ရရှိခဲ့သည်။ အဆိုပါစွပ်စွဲချက်များကို အတည်ပြုရန် မဖြစ်နိုင်သော်လည်း ဘက်မလိုက် အဖွဲ့အစည်းအဖြစ် ရပ်တည်ရမည် ဖြစ်သော UEC ၏ ဂုဏ်သိက္ခာကို အများ အမြင်၌ ထိခိုက်ကျဆင်းစေသည်။

NLD အပေါ် ဘက်လိုက်သည် ဟူ၍ အတိုက်အခံပါတီများအကြား ဝေဖန်မှုများ ထွက်ပေါ် စေခဲ့သည့် UEC ၏ အခြားသော ဆုံးဖြတ်ချက်များတွင် ညီညွတ်သောဒီမိုကရက်တစ် ပါတီ (UDP) အား အချိန်နောက်ကျပြီးမှ ဖျက်သိမ်းခြင်း၊ COVID-19 ဖြစ်ပွားစဉ်အတွင်း အထွေထွေရွေးကောက်ပွဲ ကျင်းပခြင်း၊ နိုင်ငံ၏ အချို့သော အရပ်ဒေသများ၌ ရွေးကောက်ပွဲ များရွှေ့ဆိုင်းခြင်း တို့လည်း အပါအဝင်ဖြစ်ပါသည်[95]။ ANFREL က အဆိုပါ ကိစ္စရပ်များကို သုံးသပ်စစ်ဆေးကြည့်သောအခါ အချို့သောစွဲချက်များမှာ တိုက်ဆိုင်နေသည်ကိုတွေ့ရသည့် အတွက် ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် အမှန်တကယ်ပင် ပြိုင်ဖက်ပါတီများ အပေါ် အသာစီး ရခဲ့ဟန်တူပါသည်။

95 Addressed respectively in chapters 2 and 3 of this report

သို့သော်လည်း ANFREL အနေနှင့် ယုံကြည်သည်မှာ ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်း အပေါ် ဝေဖန်မှုများ ဖြစ်ပေါ်လာရခြင်းမှာ ၎င်းအနေဖြင့် ဆုံးဖြတ်ချက်များ ပြုလုပ်ရာ၌ ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် ဖြစ်သည်။ UEC သည် ပုံမှန် သတင်းစာရှင်းလင်းပွဲများ ကျင်းပပြီး နိုင်ငံပိုင်နှင့် လူကြည့်များသော သတင်းမီဒီယာများကတဆင့် ကြေညာချက်များ ထုတ်ပြန်လေ့ ရှိသော်လည်း ယင်းဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ခဲ့ရပုံ၊ မည်သည့် အကြောင်းကြောင့် ချမှတ်ခဲ့ရပုံတို့နှင့်စပ်လျဉ်း၍ အနည်းအကျဉ်းမျှသော သတင်းအချက် အလက်ကိုသာ ဖော်ပြခဲ့သည်။ ယင်းနှင့်ပတ်သက်၍ လုံခြုံရေးအကြောင်းပြချက်ကြောင့် ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခဲ့ရခြင်းမှာ အကောင်းဆုံးသော သာဓကတစ်ခုဖြစ်သည်။ ဤတွင် UEC ၏ တသမတ်တည်းမဖြစ်ရုံမျှမက ကြေညာချက်များမထုတ်ပြန်မီ ဒေသတွင်း ဆက်စပ် ပတ်သတ်သူများနှင့်လည်း တိုင်ပင်ဆွေးနွေးရန် ပျက်ကွက်ခဲ့သည်ကိုတွေ့ရသည်။ UEC အနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာ၌ အများသဘောတူညီမှု ရရှိအောင် ဆောင်ရွက်ခဲ့ ပါက အများနားလည်လက်ခံမှု ပိုမိုရရှိမည် ဖြစ်သော်လည်း အကြောင်းမလှစွာပင် ဤသို့ ဆောင်ရွက်ခြင်းမရှိခဲ့ပါ။ ANFREL အင်တာဗျူးခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အဆိုအရလည်းလက်ရှိရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တာဝန်ယူခဲ့သည့်ရွေးကောက်ပွဲကော်မရှင်ထက်စာလျှင် အဆက်အသွယ်ပြုလုပ်ရန်၊ သတင်း အချက်အလက်ရယူရန်ပိုမိုခက်ခဲ၍၎င်းတို့စိတ်ပျက်မိကြောင်းထုတ်ဖော်ပြောကြားခဲ့ကြသည်။ နိုင်ငံရေးပါတီများကလည်း အလားတူ ထုတ်ဖော်ပြောကြားခဲ့ကြရာ ၎င်းတို့အနေဖြင့် ငါးနှစ်တာကာလအတွင်း UEC နှင့်တွေ့ဆုံရန် သုံးကြိမ်သာ ဖိတ်ကြားခြင်းခံခဲ့ကြရကြောင်း သတင်းရရှိသည်[96]။ ဂျာနယ်လစ်များ အနေဖြင့်လည်း ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် တွေ့ဆုံရန်၊ သတင်းရယူရန်ခက်ခဲပြီး[97] တာဝန်ထမ်းဆောင်နေသည့် မဲရုံဝန်ထမ်းအား အင်တာဗျူးသည့်အတွက် ကော်မရှင်ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်၏ ခြိမ်းခြောက်ပြောဆိုမှုကိုပင် ခံခဲ့ရကြောင်း ပြောကြားခဲ့သည်[98]။

ယခုဖြစ်ပေါ်လျက်ရှိသော အာဏာသိမ်းမှုဖြစ်စဉ်တွင် အထက်တွင်ဖော်ပြခဲ့သော မျက်နှာသာ ပေးသည်ဟူသော စွပ်စွဲချက်များအစား ရွေးကောက်ပွဲကာလတလျောက်လုံးတွင် အင်တာဗျူး ခဲ့သော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူအားလုံး၏ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အပေါ် တရားဝင်မှုအား အသိအမှတ်ပြုသည်ကို အလေးထားရန်သာ အရေးကြီး ပါသည်။ နှိုင်းယှဉ်ကြည့်ပါက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ က စတင်ပြီး တပ်မတော်နှင့် မိတ်ဖက်မဟုတ်သော နိုင်ငံရေးအဖွဲ့အစည်းအများစုသည် အာဏာရှင်က ခန့်အပ်ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အား အသိအမှတ်ပြုရန်နှင့် လက်တွဲလုပ်ဆောင် ရန် ငြင်းဆိုနေခဲ့ကြသည်။ ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုနှင့်

96 https://www.mmtimes.com/news/political-parties-myanmar-blast-uec-over-meeting-request-snub.html

97 https://www.frontiermyanmar.net/en/u-hla-thein-myanmars-divisive-election-chief/

98 https://www.frontiermyanmar.net/en/the-uec-and-the-abuse-of-power/

တာဝန်ယူမှုတို့အား ပွင့်လင်းစွာဆွေးနွေးနိုင်ခြင်းသည် ဒီမိုကရေစီစနစ်၏ အုတ်မြစ်တစ်ခုပင် ဖြစ်သည်။ သို့ရာတွင် စင်ပြိုင်အဖွဲ့အစည်းတစ်ရပ်အား ဖွဲ့စည်းချိန်တွင် ရွေးကောက်ပွဲအရာရှိများနှင့် ဝန်ထမ်းများအား အကြောင်းပြချက်မရှိဘဲ ထိန်းသိမ်းထားခြင်းသည် လက်ခံနိုင်စရာမရှိသော အာဏာရှင်ဆန်သည့် လုပ်ဆောင်မှုတစ်ခုပင်ဖြစ်သည်။



*စစ်ကိုင်းတိုင်းဒေသကြီးတွင် မဲရုံဝန်ထမ်းမှ မဲဆန္ဒပြုခန်းများကို သန့်ရှင်းနေစဉ်*
*(ဓါတ်ပုံ – Ben Small)*

ကမ္ဘာအဝှမ်းရှိ ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းများအနေဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်များအပေါ် အများယုံကြည်မှု မြင့်မားလာစေဖို့ရာ ၎င်းတို့၏ ဆုံးဖြတ်ချက်များအား ပွင့်လင်းမြင်သာမှု ရှိသည်ထက်ရှိစေရန် ကြိုးစားဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။ ဤနေရာတွင် UEC ဖေ့ဘုတ်စာမျက်နှာ သည် နှစ်နှစ်ခန့် ကျေနပ်ဖွယ်ရာ လုပ်ဆောင်မှုမရှိသည့် အခြေအနေက ရွေးကောက်ပွဲကာလ တစ်လျှောက်လုံး ပြည်သူများထံ သတင်းအချက်အလက်များလျှင်မြန်စွာ ထုတ်ပေးခဲ့သည့်အတွက် ၎င်းလုပ်ရပ်အပေါ် ANFREL က ချီးကျူးစကားပြောကြားလိုပါသည်။ သို့သော်လည်း ပွင့်လင်းမြင်သာမှု ပိုမိုအားကောင်းစေဖို့ရာ UEC အနေဖြင့် ထိုထက်ပို၍ ဆောင်ရွက်နိုင်စရာ ရှိပါသည်။ သာဓကအားဖြင့် ပိုမိုပြည့်စုံမှုရှိသော ရွေးကောက်ပွဲ အချက်အလက်များကို စက်ဖြင့်ဖတ်နိုင်သည့်ပုံစံ (machine readable format) ဖြင့် ထုတ်ပြန်ပေးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပုံမှန်ပြုလုပ်ခြင်းနှင့် ပိုမိုပြည့်စုံသောမူဝါဒများ အကောင်အထည်ဖော်နိုင်ဖို့ရာသဘောထားကောက်ခံသည့်လုပ်ငန်းအစီအစဉ်များ ထားရှိခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ နောက်ဆုံးအချက်အနေဖြင့်ဆိုရသော် UEC အနေဖြင့် ရှင်းလင်းတိကျပြီး အချိန်နှင့်

တပြေးညီ ဆက်သွယ်မှုများပြုလုပ်ခြင်းဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေသူများ လည်း သတင်းအချက်အလက်များ ရရှိပြီး ကော်မရှင်၏ ဆုံးဖြတ်ချက်များအပေါ် ပိုမို၍ ထောက်ခံမှုရှိလာအောင် ဆောင်ရွက်ရန် ကျွန်ုပ်တို့တိုက်တွန်းလိုပါသည်။

ဒေသန္တရအဆင့် ရွေးကောက်ပွဲတာဝန်ရှိသူများအား ANFREL ကအင်တာဗျူးရာမှ ထွက်ပေါ် လာသည့် နောက်ထပ် ကိစ္စရပ်တစ်ခုမှာ UEC အဖွဲ့အစည်းအတွင်း၌ သတင်းအချက်အလက် စီးဆင်းမှု မလုံလောက်ခြင်း ဖြစ်သည်။ ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းအတွင်း တစ်ခါတစ်ရံ၌ ဆက်သွယ်မှု ကောင်းစွာမပြုလုပ်နိုင်သည့်အတွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအချို့သည် ပြည်ထောင်စု (သို့မဟုတ်) နိုင်ငံတော်အဆင့်တွင်ပြုလုပ်သည့် ဆုံးဖြတ်ချက် များနှင့်စပ်လျဉ်း၍ မသိရှိကြပေ။ ဥပမာ သတင်းအချက်အလက် အပြည့်အဝမျှဝေသည့် နည်းလမ်းမရှိခြင်းကြောင့် မဲဆွယ်စည်းရုံးသည့် ကာလတစ်လျှောက်လုံး လမ်းညွှန်ချက် များကို အကောင်အထည်ဖော်ကြရာ၌ တသမတ်တည်းမဖြစ်သည်များကို တွေ့ရှိခဲ့ရခြင်း ဖြစ်သည်ဟု တစ်စိတ်တစ်ဒေသယူဆနိုင်ပါသည်။ အလားတူပင် ကပ်ရောဂါကာလအတွင်း မဲရုံဝန်ထမ်းများကို သင်တန်းပေးရန်အတွက် အွန်လိုင်း အရင်းမြစ်များ ပြုလုပ်ပေးခဲ့ သော်လည်း ANFREL က အင်တာဗျူးခဲ့သူ ဝန်ထမ်းအချို့ကမူ အဆိုပါအရင်းမြစ်များကို မရရှိ ခဲ့ကြောင်း ဖြေကြားခဲ့ကြသည်။



*မြန်မာ့ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော COVID-19 ဘေးဥပါဒ်လျော့ချရေး ကာကွယ်မှုများ*

## COVID – 19 နှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ရွေးကောက်ပွဲဥပဒေများသည် အချိန်သတ်မှတ်ချက်နှင့်ပတ်သက်၍ တင်းကြပ်ပြီး လွှတ်တော် ငါးနှစ်သက်တမ်းမကုန်ဆုံးမီ နိုင်ငံအဝှမ်း ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးရသည်။ ထို့ကြောင့် အထွေထွေရွေးကောက်ပွဲကို COVID–19 ကပ်ရောဂါ ပြန့်ပွားမှု မပြင်းထန်မီကတည်းကပင် ၂၀၂၀ ခုနှစ်၊ နောက်ဆုံး လေးလအတွင်းကျင်းပရန် ကြိုတင်၍ ခန့်မှန်းခဲ့ခြင်းဖြစ်သည်။

UEC က ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန်ရက်ကို ဇူလိုင်လ ၁ ရက်နေ့တွင် သတ်မှတ်ကြေညာချိန်၌ မြန်မာနိုင်ငံတွင် COVID – 19 ရောဂါပိုး ကူးစက်ခံရသူ စုစုပေါင်း (၃၀၃) ဦးသာရှိသေးသည်[99] ။ သို့သော်လည်း တစ်နိုင်ငံလုံးသို့ ကူးစက်ပြန့်ပွားမှုဖြစ်စေမည့် ဖြစ်ရပ်သည် ဩဂုတ်လနှောင်းပိုင်းတွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည်။ စက်တင်ဘာလ (၈) ရက်နေ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု စတင်သည့်အချိန်တွင် ရောဂါကူးစက်ခံရသူ လူနာဦးရေ တိုးပွားလာခဲ့ရာ ၁,၇၀၉ ဦးမှ ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၈ ရက်နေ့) တွင် ၆၁,၃၇၇ ဦးအထိ ဆက်လက် မြင့်တက်ခဲ့သည်။ ရွေးကောက်ပွဲကျင်းပရန် ရက်နီးကပ်လာသည်နှင့်အမျှ မြန်မာနိုင်ငံတော်အစိုးရနှင့် ကျန်းမာရေး တာဝန်ရှိသူများက ရောဂါပိုး ကူးစက်မှု ဒုတိယလှိုင်းကို တားဆီးရန် ကြိုးစားသည့် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး နှင့် ရခိုင်ပြည်နယ်တို့ သာမက အခြားသော နေရာများစွာ တို့တွင် lockdown အမိန့်သစ်များ ချမှတ်ခဲ့ကြသည်။ Antigen အမြန်စစ်ဆေးသည့်နည်းလမ်းကို စက်တင်ဘာလ (၂၉) ရက်နေ့တွင် နိုင်ငံအဝှမ်း၌ ကျင့်သုံးခဲ့ရာ ရောဂါစစ်ဆေးနိုင်စွမ်း မြင့်တက်လာခဲ့ပြီး အောက်တိုဘာလ အစောပိုင်းတွင် တစ်ရက်လျှင် စစ်ဆေးမှုပေါင်း ၁၀,၀၀၀ အထိ ပြုလုပ်နိုင်စွမ်း ရှိလာခဲ့သည်[100] ။

| | Covid – 19 ဖြစ်ပွားမှု အရေအတွက် |
|---|---|
| UEC က ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကိုကြေညာခဲ့သည့် ဂျူလိုင်လ ၁ ရက်နေ့ | ၃၀၃ |
| ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုစတင်ခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ | ၁,၇၀၉ |
| ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၈ ရက်နေ့) | ၆၁,၃၇၇ |

99 https://www.mohs.gov.mm/content/publication/2019-ncov

100 https://www.brookings.edu/blog/future-development/2020/12/01/myanmars-response-to-the-covid-19-pandemic/

တစ်ချိန်တည်းမှာပင် ရွေးကောက်ပွဲနှင့်ကျန်းမာရေးတာဝန်ရှိသူများ ပူးပေါင်း၍ COVID – 19 ကာလအတွင်း ရွေးကောက်ပွဲကျင်းပရာ၌ကြုံတွေ့ရမည့် စိန်ခေါ်မှုကိုကိုင်တွယ်ရန် ဘေးဥပါဒ်လျှော့ချရေး မဟာဗျူဟာ တစ်ရပ်ကို ပြင်ဆင်လာခဲ့ကြသည်။ စက်တင်ဘာလ ၇ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) က မဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲနေ့တို့နှင့် အသီးသီးစပ်လျဉ်းသည့် စံလုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ပေးခဲ့သည်[101]။ အဆိုပါ စံလုပ်ငန်းလမ်းညွှန်ချက်များသည် ၂၀၂၀ ခုနှစ် အစောပိုင်းတွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြသည့် တောင်ကိုရီးယား၊ သီရိလင်္ကာ၊ စင်္ကာပူနှင့် မလေးရှား အစရှိသည့် အာရှနိုင်ငံများက ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၏ အတွေ့အကြုံများမှ သင်ခန်းစာယူထားခြင်းဖြစ်ပြီး လမ်းညွှန်ချက်အသစ်များ၌ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း (social distancing) ၊ ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ခြင်း၊ လက်ကိုသန့်ရှင်းစင်ကြယ်အောင်ထားခြင်း ဟူသော စည်းမျဉ်းများကို အဓိကအခြေခံထားသည်။ ကြိုတင်မဲပေးခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုပေးခဲ့သည့်အပြင် ရွေးကောက်ပွဲနေ့တွင် ကူးစက်မှု လျှော့ချနိုင်ရန် ထပ်တိုးမဲရုံများပင် စီစဉ်ထားရှိပေးခဲ့သည်။

အကောင်အထည်ဖော်မှုပိုင်းတွင် အဆင်မပြေမှုအချို့ ရှိခဲ့သည့်တိုင် ကပ်ရောဂါ ဖြစ်ပွားချိန်အတွင်း ရွေးကောက်ပွဲ ကျင်းပသည့်အတွက် ပေါ်ပေါက်လာမည့်ဘေးဥပါဒ်များကို လျှော့ချရန်ပြုလုပ်ခဲ့သည့် UEC ၏ ကြိုးပမ်း ဆောင်ရွက်မှုများကိုမူ ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူတော်တော်များများက ကျေနပ်လက်ခံခဲ့ကြသည်။ ရွေးကောက်ပွဲနေ့ နောက်ပိုင်းရက်သတ္တပတ်အနည်းငယ်အတွင်း COVID – 19 ရောဂါကူးစက်မှု မြင့်တက်လာခဲ့သည့်တိုင် စာရင်းအင်း ကိန်းဂဏန်းများအရ ရွေးကောက်ပွဲကြောင့် ကူးစက်မှုအပေါ် သက်ရောက်မှုမှာ အလယ်အလတ်မျှသာရှိခဲ့သည်။ စင်စစ်အားဖြင့် ၇ ရက်တာ ရွေ့လျားပျမ်းမျှ (moving average) ကိန်းဂဏန်းသည် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် နိုင်ငံအဝှမ်းလုံးစာအတွက် အတည်ပြုလူနာသစ် ၁,၅၀၁ ရှိခဲ့ပြီး နှိုင်းယှဉ်ကြည့်ပါက နိုဝင်ဘာလ ၈ ရက်နေ့တွင် ၁,၁၃၉ ဦး ရှိခဲ့သည်။ လူနာသစ်ဦးရေသည် ဧရာဝတီ[102] နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မြင့်တက်ခဲ့ပြီး ယင်းဒေသနှစ်ခုလုံးမှာ စင်စစ်အားဖြင့် ရွေးကောက်ပွဲမတိုင်မီကတည်းကပင် ရောဂါပိုးကူးစက်မှုအခြေအနေ မကောင်းလှပေ။

ခြုံငုံ၍ဆိုရပါမူ UEC နှင့် မြန်မာနိုင်ငံရှိ ကျန်းမာရေးတာဝန်ရှိသူများသည် COVID–19 ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း ရွေးကောက်ပွဲကျင်းပရာ၌ ကျန်းမာရေးဘေးဥပါဒ်နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ANFREL အနေဖြင့် ချီးကျူးစကား

101 These documents, known as “SOP 1” and “SOP 2” are discussed further in the relevant chapters.

102 https://www.irrawaddy.com/specials/myanmar-covid-19/covid-19-cases-ayeyarwady-spike-myanmars-election.html




*ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရှိ မဲရုံတစ်ရုံ၌ ကြိုတင်မဲပေးရန် လူများစုပြုံနေသည်ကို နိုဝင်ဘာလ ၃ ရက်နေ့က တွေ့ရစဉ်*

ပြောကြားလိုပါသည်။ ဤသို့သော အကြပ်အတည်းကာလတွင် ၎င်းတို့အနေဖြင့် ဒီမိုကရေစီနှင့်ပြည်သူ့ကျန်းမာရေးကို ပေါင်းစည်းပေးရာ၌ မြဲမြံစွာ ဝီရိယထား ဆောင်ရွက်နိုင်ခဲ့ကြရာ အရင်းမြစ် အကန့်အသတ်ရှိသည့်ကြားက လုပ်ဆောင်ရခြင်း ဖြစ်သည့်အတွက် သာ၍ပင် ခက်ခဲသည့်ကိစ္စဖြစ်ပါသည်။

ရွေးကောက်ပွဲတာဝန်ရှိသူများနှင့် မဲရုံဝန်ထမ်းများသည်လည်း ၎င်းတို့အလုပ်ကို တလေးတစားနှင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်ကို လေးစားဖွယ်ရာ တွေ့မြင်ခဲ့ရပါသည်။ ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်း၌ပင် မဲရုံဝန်ထမ်း ၆၀ ကျော် COVID–19 ကူးစက်ခံခဲ့ကြရပြီး ပုဇွန်တောင်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌအပါအဝင် ရှစ်ဦးမှာ အသက်သေဆုံးခဲ့သည်ဟု သတင်းရရှိပါသည်[103] ။ မန္တလေး[104] နှင့် ပဲခူးတို့တွင်ရှိ ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများမှာလည်း ရောဂါပိုးကူးစက်ခံခဲ့ကြရပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်၏ ကြေညာချက်အရ ရွေးကောက်ပွဲကျင်းပပြီးနောက် မဲရုံဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာ/ဆရာမ ၁၀၈ ဦးမှာ ဆေးစစ်ချက်အဖြေ positive ထွက်ခဲ့ပြီး ၎င်းတို့အနက် နှစ်ဦး သေဆုံးခဲ့သည်[105] ။

103 https://elevenmyanmar.com/news/pazundaung-uec-sub-commissioner-dies-from-covid-19

104 https://www.mmtimes.com/news/mandalay-election-commission-members-test-positive-covid-19.html

105 https://www.frontiermyanmar.net/en/teachers-stung-by-suite-of-usdp-lawsuits/

## မဲစာရင်း

ရွေးကောက်ပွဲမတိုင်မီ ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဓိက အလေးထား ဆောင်ရွက်ရသည့် ကိစ္စများအနက်တစ်ခုမှာ မဲပေးခွင့်ရှိသူများစာရင်း ပြုစုရခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် မဲစာရင်းအတွက် အခြေခံအသုံးပြုစရာ ဗဟိုနိုင်ငံသားမှတ်ပုံတင် စနစ်မရှိသည့်အတွက် ဤသည်မှာ ခက်ခဲသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ထိုအခါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) အပါအဝင် အရင်းမြစ် ပေါင်းစုံက အချက်အလက်များအား စုဆောင်းပြုစုရတော့သည်။ ရွေးကောက်ပွဲနည်းဥပဒေ များဆိုင်ရာ ပြင်ဆင်ချက်တစ်ခုကိုထုတ်ပြန်ပြီးဖြစ်၍ ယခင်အသုံးပြုခဲ့သည့် မဲစာရင်းများ ကိုပါ အချက်အလက်အရင်းမြစ် တစ်ခုအနေဖြင့် အသုံးပြုနိုင်ခဲ့သည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲစာရင်းထုတ်ပြန်ကြေညာမှု နှစ်ကြိမ်ပြုလုပ် ပေးခဲ့ရာ ပထမ အကြိမ်မှာ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်မှ ဩဂုတ်လ ၁၇ ရက်နေ့အထိ ဖြစ်ပြီး ဒုတိယအကြိမ်မှာ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၄ ရက်နေ့ အထိ ဖြစ်သည်။ ဤတွင် အထူးဖော်ပြလိုသည်မှာ ရွေးကောက်ပွဲ ဥပဒေအရ မဲစာရင်းတစ်ကြိမ်သာ ထုတ်ပြန်ရန် လိုအပ်ပြီး အမှားအယွင်းများပြင်ဆင်ပေးနိုင်ရန် ဒုတိယအကြိမ် ထုတ်ပြန်ပေးခြင်းသည် UEC ၏ ချီးကျူးဖွယ်ရာ ဆောင်ရွက်ချက်ဖြစ်ပါသည်။ မဲစာရင်းတစ်ကြိမ် ထုတ်ပြန်တိုင်း UEC က မဲဆန္ဒရှင်ပညာပေး စာရွက်စာတမ်းများ ဝေငှပေးခြင်းကို ပြုလုပ်ပေးခဲ့ပါသည်။ မဲဆန္ဒရှင်များ အနေဖြင့် ပြင်ဆင်မှုပြုလုပ်ရန် ရှိပါက မဲစာရင်းထုတ်ပြန်သည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသို့ ပုံစံ ၃ (က) တင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

ပထမအကြိမ် မဲစာရင်းများထုတ်ပြန်ရာ၌ မဲဆန္ဒရှင်များစွာတို့၏ အမည်များမပါဝင်ခြင်း၊ စာလုံးပေါင်းမှားခြင်း၊ အချက်အလက်များ မှားယွင်းနေခြင်းတို့ကိုတွေ့ရှိခဲ့ကြရာ[106] ယင်း သို့သော အမှားအယွင်းများအနက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၏ မိသားစုဝင်များပင် ပါဝင်နေသည်ကို တွေ့ရသည်[107] ။ သို့ဖြစ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ကပင် မဲစာရင်းများကိုပြင်ဆင်ပေးရန် ဝင်ရောက်ပြောကြားရသည် အထိ ဖြစ်ခဲ့ရသည်[108] ။ များပြားလှသော အမှားအယွင်းပြင်ဆင်မှုများကို အချိန်ပေးနိုင်ရန်အတွက် မဲစာရင်းထုတ် ပြန်သည့်ကာလကို တိုးမြှင့်ပေးခဲ့သည်။ ANFRE အင်တာဗျူးခဲ့သည့် အချို့သောမဲဆန္ဒရှင်

106 https://www.irrawaddy.com/elections/myanmar-election-officials-scramble-correct-error-riddled-voter-lists.html

107 https://www.rfa.org/english/news/myanmar/voter-lists-08072020183039.html

108 https://www.mmtimes.com/news/myanmar-state-counsellor-raps-error-filled-voters-list.html

များနှင့်ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်အရ ရန်ကုန်တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ အတွင်း ကျင်းပခဲ့သည့် နောက်ဆုံး ရွေးကောက်ပွဲအပြီး ယခုအချိန်ထိ ၎င်းတို့ နေရပ်လိပ်စာ ရွှေ့ပြောင်းခြင်း မပြုသေးသော်လည်း မဲစာရင်းတွင် အမည်ပါမလာတော့ ဟုဆိုကြသည်။ သို့သော်လည်း ၎င်းတို့အားလုံးမှာ မဲစာရင်းပြင်ဆင်ရန် လျှောက်ထားနိုင်ခဲ့ကြပြီး မဲလည်း ပေးနိုင်ခဲ့ကြပါသည်။

ဒုတိယအကြိမ် မဲစာရင်း ထုတ်ပြန်သည် နှင့် တစ်ပြိုင်နက် ဝက်ဘ်ဆိုဒ်တစ်ခု ( https://findyourpollingstation.uec.gov.mm/ ) ကိုလည်း UEC က စတင် မိတ်ဆက်ပေးခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်တွင်ကဲ့သို့ မဲဆန္ဒရှင်များက ၎င်းတို့၏ မဲပေးရမည့်သတင်းအချက်အလက်များနှင့် မဲရုံများကို ကြည့်ရှု စစ်ဆေးနိုင်ခဲ့ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များ အနေဖြင့် မဲစာရင်းအမှား ပြင်ပေးရန် အွန်လိုင်းက လျှောက်ထားခြင်းမပြုနိုင်ခဲ့ဘဲ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လူကိုယ်တိုင်သွားရောက်ရမည် ဖြစ်သည့်အတွက် COVID-19 ကပ်ရောဂါ ဖြစ်ပွားနေခြင်း၊ stay-at-home အမိန့်များ ထုတ်ပြန်ထားခြင်း တို့ကြောင့် အချို့လူများ အနေဖြင့် သွားရောက်နိုင်ကြလိမ့်မည် မဟုတ်ပေ။ နောင်တွင် မဲဆန္ဒရှင်များ မဲစာရင်းအမှားပြင်ဆင်မှုကို အွန်လိုင်းက လျှောက်ထားနိုင်ကြစေရန် ဥပဒေပြင်ဆင်မှု တစုံတရာ ပြုလုပ်ပေးနိုင်မည်ဆိုပါက အလွန် ကောင်းမွန်ပါလိမ့်မည်။ ဒုတိယအကြိမ် မဲစာရင်း ထုတ်ပြန်သည့်အခါ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်သည့် မဲစာရင်း အမည်ပေါက် မဲဆန္ဒရှင်ပေါင်း ၃၈.၂၇ သန်း ရှိသည်။



*ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မဲဆန္ဒရှင်များ မဲစာရင်းစစ်ဆေးနေသည်ကို နိုဝင်ဘာလ ၁ ရက်နေ့က တွေ့ရစဉ်*

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းသည် ယခင်အသုံးပြုခဲ့သည့် မဲစာရင်းထက် သာလွန်သည်ဟု ယုံကြည်ကြောင်း UEC က အကြိမ်ကြိမ်အခါခါ ပြောကြားခဲ့သည်။ သို့သော်လည်း မဲစာရင်း အရည်အသွေးနှင့်စပ်လျဉ်း၍ ANFREL က ဆန်းစစ်လေ့လာမှုပြုရာတွင် ကောက်ချက်ချ၍ မရနိုင်ကြောင်း တွေ့ရှိရသည်။ အင်တာဗျူး ဖြေကြားပေးခဲ့ကြသည့် ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများစွာတို့က နောက်ဆုံး မဲစာရင်းသည် လုံလောက်မှု ရှိသည် ဟု ဆိုသော်လည်း အခြားသော သဘောထားကွဲလွဲသူများလည်း ရှိကြသည်။ ရွေးကောက်ပွဲနေ့တွင် မဲစာရင်းအမည်မပါသူ အရေအတွက်အချို့ ထွက်ပေါ်လာခဲ့သော်လည်း အုံလိုက်ကျင်းလိုက် မဲပေးခွင့်မရခြင်းမျိုး မရှိခဲ့ပါ။ သို့သော်လည်း နိုင်ငံအနှံ့အပြားရှိ တိုင်းရင်းသားရေးရာဝန်ကြီးရာထူး အတွက် ယှဉ်ပြိုင်သည့် နေရာများတွင် မဲစာရင်းမကိုက်ညီမှုများ ဖြစ်ပွားခဲ့သည့်အတွက် မဲပေးခွင့်ရှိသူများ အခွင့်အရေးဆုံးရှုံးခဲ့ကြရသည်[109] ။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏မဲစာရင်းတွင် ဤသို့သောပြဿနာများ မည်သည့် အတိုင်းအတာအထိ ဖြစ်ပွားခဲ့သည်ကို လွတ်လပ်သောမဲစာရင်းစစ်ဆေးမှုတစ်ရပ်မပြုလုပ်ဘဲ ခန့်မှန်းပြောဆိုရန်ခက်ခဲလှသည်။ ကံမကောင်းစွာဖြင့်ပင် ရွေးကောက်ပွဲဥပဒေသည် ရွေးကောက်ပွဲလေ့လာသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များအား မဲစာရင်းစာရွက်များ ရယူခွင့်၊ မဲစာရင်းမိတ္တူအား စစ်ဆေးခွင့်တို့ကို ပြုလုပ်ခွင့်မပြုထားပါ။ ANFREL က အင်တာဗျူးခဲ့သည့် နိုင်ငံရေးပါတီများ၏အဆိုအရလည်း ၎င်းတို့ဘက်က မဲစာရင်းအပြည့်အစုံပေးရန် တောင်းဆိုခဲ့သည့်တိုင် မရရှိခဲ့ကြသည့်အတွက် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီ တာဝန်ရှိသူများသည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံမှ မဲစာရင်း အစိတ်အပိုင်းများကို တောင်းယူပြီး မဲစာရင်း ပြန်လည်ပြုစုခဲ့ကြရသည့်အတွက် စစ်ဆေးမှုပြုရန် ကိစ္စမှာ ပို၍ပင် ရှုပ်ထွေးခဲ့သည်။

မဲစာရင်းနှင့်ပတ်သက်၍ ဤကဲ့သို့ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ တာဝန်ခံမှုမရှိခြင်းတို့ကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က ရွေးကောက်ပွဲနောက်ပိုင်း ရွေးကောက်ပွဲမသမာမှု အမြောက်အများ တိုင်ကြားရန် မီးလောင်ရာလေပင့် ဖြစ်စေခဲ့သည်[110] ။ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် တပ်မတော်တို့အရ ပျံ့နှံ့နေသည့် ရွေးကောက်ပွဲမသမာမှုများအပေါ် ပြောဆိုချက်များ မဟုတ်မှန်ကြောင်း သက်သေပြနိုင်ရန်အတွက် ANFREL တွင်လည်း လုံလောက်သော သတင်းအချက်အလက်များမရှိပါ။ အမှန်စင်စစ်ဖြစ်ပွားခဲ့သည့် ယင်းကဲ့သို့သော မှုမမှန်မှုများစွာကို ယုံကြည်နိုင်ဖွယ်ရှိသည့် မည်သည့် သက်သေအထောက်အထားကိုမဆို လက်ခံရရှိရန်လိုအပ်နေပါသည်။

109 https://www.frontiermyanmar.net/en/ethnic-minister-election-woes-blamed-on-poor-voter-outreach/

110 See chapter 9.

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများ[111] နှင့်အညီ ဆောင်ရွက်ကြရန်နှင့် မဲစာရင်းတွင် ချို့ယွင်းချက်များ ရှိပါက ဖော်ထုတ်နိုင်ရန် အလို့ငှာ မဲစာရင်းစစ်ဆေးမှုများကို ခွင့်ပြုသင့်ပါကြောင်း ANFREL အနေဖြင့် ထပ်လောင်း ပြောကြားလိုပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ သမာသမတ်ရှိမှုကို ပိုမို၍ အားကောင်းလာစေမည်ဖြစ်ပြီး ပြည်သူလူထု၏ယုံကြည်မှုလည်း ပိုမိုရရှိလာမည်ဖြစ်ပါသည်။ လွတ်လပ်သော စစ်ဆေးမှုများမရှိပါက မဲစာရင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားဖွယ်ရာများ မကြာခဏဆိုသလို ဖြစ်ပွားနေပေလိမ့်မည်။

နိဂုံးချုပ်အနေဖြင့်ဆိုရသော် ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲတာဝန်ရှိသူများက မဲဆန္ဒရှင်များထံသို့ မဲဆန္ဒရှင် သက်သေခံစာရွက်များ ဝေငှပေးခဲ့သည့်အတွက် မဲဆန္ဒရှင်များသည် မဲစာရင်းပါနံပါတ်နှင့် တိုက်၍ ၎င်းတို့ မဲပေးရမည့် မဲရုံကို သွားရောက်နိုင်ခဲ့ကြသည့် အတွက် မဲပေးသည့်လုပ်ငန်းစဉ်မှာ အဆင်ပြေ ချောမွေ့ခဲ့သည်။ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပချိန်ကစ၍ ၎င်းမူဝါဒကို UEC က ဆက်လက် မကျင့်သုံးတော့သည့်တိုင် အချို့သော (ဥပမာ ရန်ကုန်နှင့်မကွေးတိုင်းဒေသကြီးတို့က) ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသည် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ ယင်းသို့သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဝေငှပေးခဲ့ကြသည်။ ဤသည်ကို ကောင်းမွန်သောဆောင်ရွက်ချက်တစ်ခု အဖြစ် ANFREL က အသိအမှတ်ပြုပြီး မဲဆန္ဒရှင်များ၏ မဲပေးပိုင်ခွင့်ကို လက်တွေ့ကျင့်သုံးရာတွင် အကူအညီပေးသည့် ချီးမွမ်းဖွယ်ရာ ကြိုးပမ်းဆောင်ရွက်မှုတစ်ခု ဖြစ်ပါသည်။

111 For instance Article III(b)(2) of the Dili Indicators of Democratic Elections




စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မဲဆွယ်ယာဉ်တန်းအား
အောက်တိုဘာလ ၂၇ ရက်နေ့က တွေ့ရစဉ် (ဓါတ်ပုံ – Ben Small)

# အခန်း ၅ မဲဆွယ်စည်းရုံးမှု ပတ်ဝန်းကျင်

## နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်

မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ ဆန်းသစ်တီထွင်မှုများထဲက တစ်ခုမှာ ညီညွတ်မှုရှိသော မဲဆွယ်စည်းရုံးရေးဆိုင်ရာ အလေ့အကျင့်များကိုမြှင့်တင်ရန် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ အတွက် လိုက်နာရမည့် ကျင့်ဝတ်တစ်ရပ်ကို ရေးဆွဲကျင့်သုံးခြင်းပင်ဖြစ်သည်။ လိုက်နာရမည့်ကျင့်ဝတ် ဟူသည် တနည်းအားဖြင့် ဥပဒေတွင် လွှမ်းခြုံမှုမရှိဘဲ အငြင်းပွားမှုများကိုရှောင်ရှားရန် (သို့မဟုတ်) ဖြေရှင်းရန်အတွက် မိမိတို့၏ ဆန္ဒအလျောက်ဆောင်ရွက်ရမည့် ကျင့်ဝတ်နှင့်ညီသော လမ်းညွှန်ချက်များပင်ဖြစ်သည်။ ကနဦး လုပ်ဆောင်ချက်ကို ရန်ကုန်ရှိ ဆွစ်သံရုံးက ပံ့ပိုးပေးခဲ့ပြီး လက်ရှိလည်း ပံ့ပိုးပေးနေဆဲပင်ဖြစ်သည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အကြိုကာလတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ခုနှစ်၊ ဖွန်လအထိ ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် အသစ်တစ်ရပ်ကို မူကြမ်းရေးဆွဲရန် အတွက် နိုင်ငံရေးပါတီကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ခုနှစ်၏ ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်စာတမ်းပေါ်တွင် အခြေခံပြီး ပိုမိုပြည့်စုံ၍ မိမိဆန္ဒအလျောက်ဆောင်ရွက်ရမည့် အောက်ပါ အဓိကတာဝန် (၇) ရပ် ပါဝင်သော လိုက်နာရမည့် ကျင့်ဝတ်သစ်တစ်ရပ်မရေးဆွဲမီ ၂၀၂၀ ခုနှစ်၊ မတ်လနှင့် ဧပြီလတို့၌ ကော်မတီက နိုင်ငံရေးပါတီအားလုံးနှင့်တိုင်ပင်ဆွေးနွေးခဲ့ပါသည်။

- နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များ အားလုံး၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားလိုက်နာရန် သဘောတူခြင်း၊
- တွေ့ဆုံဆွေးနွေးမှုများနှင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်း လုပ်ငန်းယန္တရားများဖြင့် အငြင်းပွား မှုများကိုဖြေရှင်းရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် တစိုက်မတ်မတ်ဆောင်ရွက်ရန်၊
- အခြားသောနိုင်ငံရေးပါတီများ/ ကိုယ်စားလှယ်လောင်းများကို လုပ်ကြံ၍အသရေဖျက်ခြင်းနှင့် မဲဆွယ် စည်းရုံးမှုများတွင် ဘာသာရေးနှင့်လူမျိုးရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုဖြစ်စေသော သုံးနှုန်း ပြောဆိုခြင်းများမပြုလုပ်ရန်၊

- မဲဆွယ်စည်းရုံးရေးပြုလုပ်ရာတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ထိန်းသိမ်းရန်၊
- မဲဆွယ်စည်းရုံးမှု အသုံးစရိတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ လွတ်လပ်သောမီဒီယာ ပတ်ဝန်းကျင်ကိုမြှင့်တင်၍ နိုင်ငံပိုင်ရင်းမြစ်များကိုအသုံး မပြုဘဲ ဘက်ညီသော ပြိုင်ပွဲအခင်းအကျင်း တစ်ရပ် ဖြစ်ပေါ်လာရေးကိုမြှင့်တင်ရန်၊
- အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် ဘေးဖယ်ခံထားရလေ့ရှိသော အုပ်စုများကဲ့သို့ အုပ်စုအမျိုးမျိုးအတွက် တူညီသောအခွင့်အလမ်းများကိုပေးခြင်း ဖြင့် မတူကွဲပြားခြားနားမှုနှင့် အားလုံး အကျုံးဝင်ပါဝင်မှုတို့ကို မြှင့်တင်ရန်နှင့်
- အကောင်အထည်ဖော်မှုကို အဆင်ပြေချောမွေ့စေရန်နှင့် လိုအပ်ပါက မှန်ကန်သော လုပ်ဆောင်မှုကို ဆောင်ရွက်ရန် ရွေးကောက်ပွဲကျင့်ဝတ်ဆိုင်ရာ လေ့လာစောင့် ကြည့်ရေးကော်မတီတစ်ရပ်ကို တည်ဆောက်ရန်။

ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်အသစ်ကို ၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ ရန်ကုန်မြို့တွင် အခမ်းအနားတစ်ခုဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။ သို့သော် တပ်မတော်နှင့်မဟာမိတ် ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် အချို့သော နိုင်ငံရေးပါတီ (၃၀) က ထိုကျင့်ဝတ်စာတမ်းကို လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့ကြပြီး အကြောင်းရင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည် ၏ ဖခင် ဖြစ်သည့် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှု၏ သူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံများကို ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် အသုံးပြုခြင်းအား ပိတ်ပင်မှု မပါရှိ သောကြောင့် ဖြစ်သည်[112]။ ဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီအားလုံးက ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်တွင် လက်မှတ်ထိုးရန်သဘောတူခဲ့သည့် ၂၀၁၅ ခုနှစ်၏ ဖြစ်ရပ်နှင့်နှိုင်းယှဉ်ပါက ထိုသပိတ်မှောက်မှုသည် ၂၀၁၅ ခုနှစ်ဖြစ်ရပ်နှင့်သွေဖယ်နေပြီး ၂၀၂၀ ရွေးကောက်ပွဲ၏ မဲဆွယ် စည်းရုံးမှုတို့သည် ပြီးခဲ့သည့်နှစ်များထက်စာလျှင် ပြည်သူများနှင့်ထိတွေ့နိုင်မှုနှင့် စနစ်တကျ ဖြစ်မှုနည်းနိုင်သည့် စိုးရိမ်ပူပန်မှုများကိုဖြစ်စေသည်။

## COVID – 19 ရောဂါပိုးကြောင့် အဟန့်အတားဖြစ်ခဲ့ရသည့် မဲဆွယ်စည်းရုံးမှု

ကမ္ဘာတလွှားဖြစ်ပွားသည့် COVID–19 ရောဂါပိုး၏ နောက်ခံဖြစ်ရပ်နှင့် ဆန့်ကျင်၍ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲများအတွက်ရက်ပေါင်း (၆၀) ကြာမြင့်သည့် ရွေးကောက်ပွဲ ဆိုင်ရာ မဲဆွယ်စည်းရုံးမှု ကာလသည် ကိုယ်စားလှယ်လောင်းများအတွက် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ မနက် ၆ နာရီမှ စတင်ခဲ့ပြီး နိုဝင်ဘာလ၊ ၆ ရက်နေ့ ညသန်းခေါင် တွင် အဆုံးသတ်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးပါတီများ အနေဖြင့် ဇူလိုင် ၁ ရက်နေ့တွင်

112 https://www.frontiermyanmar.net/en/usdp-risks-disorderly-election-by-snubbing-code-of-conduct/

ရွေးကောက်ပွဲကျင်းပမည့် နေ့ကို ကြေညာလိုက်ပြီးသည့် နောက်တွင် မဲဆွယ်စည်းရုံးမှု များကို စတင်နိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပနိုင်ရန် နှင့် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏ ဆန္ဒမဲများကို လွတ်လပ်စွာပေးခွင့် ရနိုင်ရန် မဲဆွယ်စည်းရုံးမှုအားလုံးကို နိုဝင်ဘာလ ၇ ရက်နေ့တွင် ရပ်နားရမည်ဖြစ်သည်။ ဤအချိန်တွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များသည် မဲဆွယ်စည်းရုံးမှုဆိုင်ရာ စာရွက်စာတမ်းများနှင့် သတင်းစကားများကို လူမှုကွန်ယက်များ၊ ဝက်ဘ်ဆိုဒ်များနှင့် အခြားမီဒီယာ လမ်းကြောင်းများကိုအသုံးပြု၍ မဲဆွယ်စည်းရုံးခြင်းမလုပ်ရန် တားမြစ်ထားသည်[113] ။




*ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့ရှိ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်၏ မဲဆွယ်ပိုစတာ*

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ကမ္ဘာတစ်လွှား COVID–19 ရောဂါ ပြန့်ပွားနေချိန်တွင် ၎င်းတို့၏မဲဆွယ်စည်းရုံးမှုများကို ပြည်သူ့ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး တို့ကို မထိခိုက်စေဘဲ သေချာစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုဆိုင်ရာ လမ်းညွှန်ချက် များကို စက်တင်ဘာလ ၆ ရက် နေ့တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ လမ်းညွှန်ချက်များတွင် ပါးစပ်နှင့်နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ခြောက်ပေခွာ၍နေခြင်း၊ လက်သန့်ဆေးရည်အသုံးပြုခြင်းတို့ အပြင် မဲဆွယ်စည်းရုံးမှုများ နှင့် တွေ့ဆုံပွဲများတွင် လူဦးရေ (၅၀) အထိ ကန့်သတ်ထားရှိခြင်း (သို့မဟုတ်) တစ်အိမ်တက် တစ်အိမ်ဆင်း၍ မဲဆွယ်စည်းရုံးရာတွင် လူ (၁၅) ဦးအထိ ကန့်သတ်ထားရှိခြင်းတို့ပါဝင်သည်။ လမ်းညွှန်ချက်များက နေအိမ်တွင်နေထိုင်ရေး အမိန့်

113 https://www.gnlm.com.mm/announcement-of-union-election-commission/

အောက်ရှိ နယ်မြေများတွင် မဲဆွယ်စည်းရုံးမှုပြုလုပ်ခြင်း ကလည်း ကန့်သတ်ထားပြီး ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် "New Normal" ကာလ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များထံသို့ သတင်းစကားများရောက်ရှိစေရန်အတွက် လူမှုမီဒီယာ အထူးသဖြင့် ဖေ့စ်ဘုတ်ခ်သည် အလွန်အရေးပါ လာစေသည်။

မဲဆွယ်စည်းရုံးမှု အမျိုးစုတွင် ထရပ်ကားများ၊ ကားများ၊ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ ပါဝင်သည့် ယာဉ်တန်းများနှင့် ပါတီကိုဝန်းရံသူများ၏ စီတန်းလှည့်လည်မှုများ ပါဝင်သည်။ အကန့်အသတ်ရှိသော လူစုလူဝေး စုဝေးမှုများကြောင့် နိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ သတင်းစကားများကို ပြသရန် ကြော်ငြာဆိုင်းဘုတ်များ နှင့် စာတန်းများကို အသုံးပြုခဲ့ရသည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရာတွင် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီဝင်များက ANFREL ၏ ရွေးကောက်ပွဲလေ့လာသူများအား ပြောပြခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မဲဆွယ်စည်းရုံးမှု ပြုလုပ်သော နေရာများတွင် နေရာလပ်မရှိသောကြောင့် ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဘုန်းကြီးကျောင်းများနှင့် အခြားသော ဘာသာရေးအဆောက်အဦးများကို အသုံးမပြုနိုင်သောကြောင့် တက်ရောက်သူများအတွက် သက်သောင့်သက်သာမဖြစ်သည့် လဟာပြင်တွင် ဆောင်ရွက်ရခြင်း (သို့မဟုတ်) လူထုစုဝေးပွဲများတွင် လူအရေအတွက်ကို လျှော့ချခြင်းကို အားကိုးအားထား ပြုခဲ့ရသည်။

ယခင်ကဲ့သို့ပင် နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ အနေဖြင့် မဲဆွယ်စည်းရုံးရေးပွဲများကို ကျင်းပရန် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ကြိုတင်၍ ခွင့်ပြုမိန့်တောင်းရမည်ဖြစ်သည်။ အမှန်စင်စစ် အားဖြင့် ရွေးကောက်ပွဲဝန်ထမ်းများသည် ပါတီအသီးသီးက မဲဆွယ်စည်းရုံးရာတွင် တစ်ပါတီနှင့်တစ်ပါတီ ထိပ်တိုက်တွေ့ဆုံနိုင်သည့် လူထုစုဝေးပွဲများကို ရှောင်ရှားရန်အလို့ငှာ ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ANFREL က မေးမြန်းခဲ့သည့် ကိုယ်စားလှယ်လောင်းများကဝန်ခံသည်မှာ ဤနည်းလမ်းက ဖိအားများကို ကာကွယ်တားဆီးရာတွင် ယေဘုယျအားဖြင့် အောင်မြင်ကြောင်းနှင့် ၎င်းတို့အနေဖြင့် လွတ်လပ်စွာ မဲဆွယ်စည်းရုံးရာတွင် အနှောင့်အယှက်များ မတွေ့ကြုံရဟု ဆိုကြသည်။ သို့ရာတွင် ဒေသများစွာရှိ အင်တာဗျူး ဖြေဆိုသူများက အာဏာရပါတီ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီထံက ကိုယ်စားလှယ်လောင်းများသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံက ဦးစားပေးဆက်ဆံမှုကို ရရှိသည်ဟု ဖွင့်ဟခဲ့ကြသည်။ ဥပမာအားဖြင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးပွဲများကို ပိုမိုလျှင်မြန်စွာ ခွင့်ပြုမိန့်ရရှိခြင်း (သို့မဟုတ်) အချို့သောနေရာတွင် မဲဆွယ်စည်းရုံးရန် ပထမဆုံးအခွင့်အရေးကို ရရှိခြင်းမျိုးပင်ဖြစ်သည်။

နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ၏ ထုံးတမ်းစဉ်လာ မဲဆွယ်စည်းရုံးမှု မဟာဗျူဟာများကို COVID-19 ရောဂါပိုးက ကြီးမားစွာထိခိုက်စေခဲ့သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးမှုဝန်းကျင်မှာ ပျော်ပွဲရွှင်ပွဲများနှင့် အသက်ဝင်၍ ရွေ့လျား

မဲဆွယ်စည်းရုံးမှုများ၊ တေးဂီတပွဲများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လူထုချီတက်ပွဲများနှင့် တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးမှုတို့ဖြင့် ပြည့်နှက်ခဲ့သည်[114]။ နှိုင်းယှဉ်ကြည့်ပါက ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးမှုသည် ခပ်အုပ်အုပ်သာဖြစ်သည်။

ANFREL ၏ ရွေးကောက်ပွဲလေ့လာသူတစ်ဦးက အင်တာဗျူး လုပ်ခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်လောင်း တစ်ဦးကပြောပြသည်မှာ နေအိမ်တွင်နေထိုင်ရေး အမိန့်အောက်ရှိနယ်မြေဒေသများတွင် ၎င်း၏ ပါတီအနေဖြင့် ပါတီ၏ လက်ကမ်းစာစောင်များနှင့် မဲဆွယ်စည်းရုံးရေး စာရွက်စာတမ်းများကို သူငယ်ချင်းများနှင့် ဝန်းရံသူများ၏ အိမ်နီးချင်းများထံသို့ ၎င်းတို့ကိုယ်စားဖြန့်ဝေပေးရန်အတွက် အကူအညီတောင်းခဲ့ပြီး ဤနည်းဖြင့်သာ မဲဆန္ဒရှင်များထံသို့ သတင်းစကား ရောက်ရှိစေနိုင်ခဲ့ခြင်း ဖြစ်သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းရှိပါတီအချို့က ဆိုကြသည်မှာ ၎င်းတို့အနေဖြင့် ဆက်စပ်ပတ်သက်သူပေါင်းစုံတို့ပါဝင်သည့် မဲဆွယ်စည်းရုံးပွဲများကို လူထုနှင့်အတူ (၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့်အတိုင်း) ဆောင်ရွက်ရန် မတတ်နိုင်ခဲ့ကြောင်းနှင့် ယင်းအစား မြို့လယ်ခေါင် နေရာများနှင့် အချို့သော ကျေးရွာအုပ်စုများတွင် ကြော်ငြာဆိုင်းဘုတ်ကြီးများထောင်ခြင်းကိုသာ ကန့်သတ်ဆောင်ရွက်ခဲ့ကြရသည်။ သို့ရာတွင် အချို့သောနိုင်ငံရေးပါတီများအနေဖြင့် ၎င်းတို့၏ မဲဆွယ်စည်းရုံးရေးဆိုင်ရာ မဟာဗျူဟာများကို ဆန်းသစ်တီထွင်မှု ရှိလာကြသည်။ ဥပမာအားဖြင့် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်တွင် ပြည်သူ့ရှေ့ဆောင်ပါတီ၏ ကိုယ်စားလှယ်လောင်းတစ်ဦး သည် ရွေ့လျားဈေးဆိုင်ငယ်ကိုတည်ဆောက်၍ မဲဆန္ဒရှင်များကိုဆွဲဆောင်ရန် မဲဆွယ်စည်းရုံးရေးပိုစတာများကို ပြသထားပြီး တန်ဖိုးသင့်စားသောက်ကုန်များကို ရောင်းချပေးခဲ့သည်[115]။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည် နိဝင်ဘာလ ၇ ရက်နေ့တွင် "မဲဆွယ်စည်းရုံးမှု မပြုလုပ်ရ" ဟူသောမူဝါဒအား လိုက်နာကြသည်ကို ANFREL စောင့်ကြည့်လေ့လာသူများက တွေ့ရှိရပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် မြို့တော်ခန်းမ ရှေ့၌ ဒေါ်အောင်ဆန်းစုကြည် ပုံဖြင့် ခေါင်းစည်းစာတန်းကြီး တစ်ခုကို ANFREL က တွေ့မြင်ခဲ့ရပြီး၊ မကွေးတွင် NLD စတစ်ကာများနှင့် အလံများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP) နှင့် ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ (UBP) တို့၏ ဆိုင်းဘုတ်များကို တွေ့မြင်ခဲ့ရသည်မှအပ မဲဆွယ်စည်းရုံးရေးလုပ်ငန်း တစ်စုံတစ်ရာဆောင်ရွက်ခြင်း လမ်းမများပေါ်တွင် ပါတီအမှတ်အသား သင်္ကေတများ ရှိနေခြင်းတို့ကို မတွေ့မြင်ခဲ့ရပါ။

114 https://anfrel.org/anfrel-eom-2015-report/

115 https://www.channelnewsasia.com/news/asia/myanmar-election-candidate-grocery-truck-supporters-13439616

## COVID – 19 လမ်းညွှန်ချက်များကို လိုက်နာမှုအားနည်းခြင်း

ဘေးကင်းလုံခြုံသော မဲဆွယ်စည်းရုံးရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရာတွင် လည်းကောင်း၊ အရေးယူဆောင်ရွက်ရာတွင်လည်းကောင်း လုံလောက်မှုမရှိသည်ကို ကျယ်ပြန့်စွာ ဆန်းစစ်တွေ့ရှိရပါသည်။ ANFREL က အင်တာဗျူး မေးမြန်းခဲ့သည့် မဲဆန္ဒရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၏ ဖြေကြားချက်များတွင် တူညီသည်မှာ နိုင်ငံရေးပါတီအားလုံးမဟုတ်လျှင်ပင် အများစုသည် မဲဆွယ်စည်းရုံးပွဲတွင် အများဆုံးပါဝင်နိုင်သည့်လူဦးရေ သတ်မှတ်ချက်များကို ချိုးဖောက်ကြသည်ဟုဆိုသည်။ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေခြင်း (socila distancing) နှင့် ပါးစပ်နှင့်နှာခေါင်းစည်းများအသုံးပြုခြင်း တို့ကိုလည်း မဲဆွယ်စည်းရုံးမှုများတွင် လိုက်နာမှုမရှိသလောက်ပင် ဖြစ်သည်။ သို့သော်လည်း အရေးယူဆောင်ရွက်မှုမှာ နည်းပါးပြီး ဤသို့ ဖြစ်ရခြင်းမှာ UEC အနေဖြင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ပိုင်အသိစိတ်ဖြင့် အရေးတယူ လိုက်နာဆောင်ရွက်ခြင်းကိုသာ အားကိုးနေခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့၏ လူစုလူဝေးအများအပြား ပါဝင်သည့် ကြီးမားသောစည်းရုံးလှည့်လည်မှုနှင့်ပတ်သက်၍ မေးမြန်းသည့်အခါ၌ကိုယ်စားလှယ်လောင်းများက ဝန်းရံထောက်ခံသူများသည် ၎င်းတို့ဆန္ဒဖြင့် လာရောက်ကြခြင်းဖြစ်သည်ဟုဆို၍ ၎င်းတို့တာဝန်ကို ရှောင်လွှဲတတ်ကြသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံအဝှမ်းတွင် ရဲတပ်ဖွဲ့ဝင်များအား အင်တာဗျူးသောအခါ ၎င်းတို့အား COVID-19 လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ မဲဆွယ်စည်းရုံးမှုများအား စောင့်ကြည့်ရန် တာဝန်ပေးထားခြင်း မရှိဟု ဆိုကြသည်။ ရဲတပ်ဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာတာဝန်များမှာ အဓိကအားဖြင့် မဲရုံများအား လုံခြုံရေးပေးရန် ဖြစ်သည်။

ပဲခူးမြို့တွင် ANFREL ၏ ရွေးကောက်ပွဲလေ့လာတစ်ဦးက အမျိုးသားဒီမိုကရေစီပါတီ ၏ မဲဆွယ်စည်းရုံးမှု တစ်ခုအားမြင်တွေ့ခဲ့ရပြီး အဆိုပါ စီတန်းလှည့်လည်မှုတွင် ပါတီ၏ အင်္ကျီဝတ်ဆင်ထားသူများ၊ ပိုစတာကိုင်ထား သူများနှင့် မဲဆွယ်စည်းရုံးရေး စာရွက်စာတမ်းများသယ်ဆောင်လာသူများကို အပြည့်အကျပ် တင်ဆောင်လာသည့် ထရပ်ကားမြောက်များစွာ ပါဝင်သည်ကို မျက်မြင်တွေ့ခဲ့ရသည်။ ဝန်းရံသူများက ပါးစပ်နှင့်နှာခေါင်းစည်းများ တပ်ဆင်ထားခြင်းမရှိဘဲ ခြောက်ပေအကွာတွင်လည်းမနေကြပါ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ အစရှိသော ပါတီအချို့က တိုင်ကြားမှုများ ပြုလုပ်သောအခါမှသာ ယင်း မဲဆွယ်စည်းရုံးမှုများကို ဆိုရှယ်မီဒီယာပေါ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ရွာငယ်များ နှင့် မြို့ငယ်များတွင် နိုင်ငံရေးပါတီများက တစ်သီးပုဂ္ဂလ ပိုမိုဆန်သည့် မဲဆွယ်စည်းရုံးမှုမဟာဗျူဟာ များကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ယင်းဗျူဟာတို့မှာ အိမ်နီးနားဝန်းကျင်တွင် တစ်အိမ်တက်တစ်အိမ်ဆင်း မဲဆွယ်စည်းရုံးခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ရပ်ကွက်အလိုက် အသံချဲ့စက်များဖြင့် မဲဆွယ်ခြင်းတို့ပင်ဖြစ်သည်။ အလားတူပင် MOHS က ထုတ်ပြန်သည့် အမိန့်ကြေညာစာများအား ဖောက်ဖျက်ကျူးလွန်

မှုများကို စောင့်ကြည့်လေ့လာသူများ အားလုံးက သက်ဆိုင်ရာ ဒေသအလိုက် အစီရင်ခံ တင်ပြခဲ့ကြပါသည်။ ဩဂုတ်လနှောင်းပိုင်းမှ စ၍ stay-at-home အမိန့် ထုတ်ပြန်ထားသော ရခိုင်ပြည်နယ်တွင် အထက်ဖော်ပြပါ လမ်းညွှန်ချက်များအရ မဲဆွယ်စည်းရုံးရေး ကာလ တလျှောက်လုံး မည်သည့်မဲဆွယ်စည်းရုံးမှုကိုမျှ ခွင့်မပြုသင့်သော်လည်း မဲဆွယ်မှုများ ပုံမှန် ပြုလုပ်နေခဲ့ကြပါသည်။



*ဧရာဝတီတိုင်းဒေသကြီးအတွင်း မဲဆွယ်ယာဉ်တန်းအား အောက်တိုဘာလ ၂၇ ရက်နေ့က တွေ့ရစဉ်*

COVID-19 လူနာအနည်းငယ်သာတွေ့ရှိ၍ stay-at-home ထုတ်ပြန်ထားခြင်း မရှိသော ကယားပြည်နယ် အဝှမ်းတွင် ခရီးသွားလာခွင့်ကန့်သတ်မှုများ ရှိပါသည်။ သို့တိုင် MOHS လမ်းညွှန်ချက်များကို လိုက်နာကြခြင်းမရှိဘဲ ဝန်းရံသူ ၁၀၀ မှ ၂၀၀ ကြားပါဝင်သော မဲဆွယ် စည်းရုံးရေး လှုပ်ရှားမှုများတွင် လူအနည်းငယ်မျှသာ ပလတ်စတစ်မျက်နှာအကာ ဝတ်ကြ သည်ကိုတွေ့ရသည်။ သာဓကအားဖြင့် ကယန်းအမျိုးသားပါတီ (KNP) နှင့် ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KySDP) တို့၏ ဝန်းရံသူ ၂၀,၀၀၀ ခန့်တို့သည် ထရပ်ကားများ၊ ဆိုင်ကယ်များပါဝင်သည့် စီတန်းလှည့်လည်မှု ပြုလုပ်ကြရာတွင် လူချင်းခပ်ခွာခွာ နေရမည် ဟူသော စည်းမျဉ်းများကို မလိုက်နာကြပါ။ ရခိုင်ပြည်နယ်တွင် NLD ပါတီက ခြောက်ပေ အကွာအဝေးနေရမည့်စည်းမျဉ်းကို မလိုက်နာသော “beach party” တစ်ခု ပြုလုပ်ပြီးသည့် နောက်တွင် အခြားသော နိုင်ငံရေးပါတီများလည်း ဤအတိုင်း လိုက်၍ဆောင်ရွက်ကြပြီး လမ်းညွှန်ချက်များအား အလားတူ ချိုးဖောက်ခဲ့ကြသည်။

အထက်ဖော်ပြပါတို့အပြင် အခြားများစွာသော ချိုးဖောက်မှုများကြောင့် အောက်တိုဘာလ ၂၄ ရက်နေ့တွင် UEC အနေဖြင့် "နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် သတ်မှတ်လူဦးရေထက် ကျော်လွန် ဆောင်ရွက်ခြင်း၊ Social Distancing Rule ကို လိုက်နာရန် လိုအပ်ခြင်း၊ ဝန်းရံသူ ပြည်သူ များ အနေဖြင့်လည်း ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန က ထုတ်ပြန် ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းခြင်းများကိုတွေ့ရှိရပါသည်[116] " ဟု ကြေညာချက် ထုတ်ပြန်ခဲ့ ရပါသည်။ အဆိုပါ ကြေညာချက်သည် မဲဆွယ်စည်းရုံးရေးကာလ အဆုံးမသတ်မီ နှစ်ပတ်အလိုမှ ထွက်ပေါ်လာခဲ့ပြီး နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ် လောင်းများအား MOHS ၏ လမ်းညွှန်ချက်များကို လိုက်နာပေးကြရန်လည်း တိုက်တွန်းထား ပါသည်။

ခြုံငုံ၍ ဆိုရပါမူ ရွေးကောက်ပွဲတာဝန်ရှိသူများ၏ တုံ့ပြန်ဆောင်ရွက်မှု အားနည်းခြင်း၊ ကျန်းမာရေး လမ်းညွှန်ချက်များ ဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ တာဝန်ခံမှုမရှိခြင်း တို့ကြောင့် ဘေးဥပါဒ်များလှသော မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ပေါ်စေခဲ့ပြီး မညီမျှ သောယှဉ်ပြိုင်မှုအနေအထားတစ်ရပ်သို့ ရောက်စေခဲ့ပါသည်။ Social distancing စည်းမျဉ်း နှင့် အများဆုံးပါဝင်နိုင်သည့် လူဦးရေ သတ်မှတ်ချက်တို့ကို လိုက်နာကြသည့် အနည်းငယ် မျှသောပါတီများသည် ၎င်းတို့၏ ဝန်းရံသူများနှင့် ကင်းကွာသည့်ဒဏ်ကို ခံစားကြရပြီးစီတန်း လှည့်လည်မှုများ အကြီးအကျယ် ပြုလုပ်နေကြသည့် ပါတီများကြောင့် လူသိနည်းသွား ကြသည်။ COVID-19 ဖြစ်ပွားစဉ်အတွင်း ဘေးကင်းလုံခြုံသော မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နိုင်ကြစေရန် သင့်တော်သော စည်းမျဉ်းစည်းကမ်းများ ရေးဆွဲခဲ့ကြသော်လည်း ယင်း တို့ကို အသက်ဝင်အောင် အကောင်းဆုံးဆောင်ရွက်နိုင်ကြသည့် အာဏာပိုင်များအပါအဝင် ပတ်သက်ဆက်စပ်သူ အများစုတို့က လစ်လျူရှုထားခဲ့ကြသည်ကို ANFREL က စိတ်မကောင်း ဖွယ်ရာ မြင်တွေ့ခဲ့ရပါသည်။

## မဲဝယ်ခြင်း

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက မဲဆန္ဒရှင်များအား မဲဆွယ်သည့် သာဓကမြောက်မြားစွာကို တွေ့ရှိခဲ့ရပါသည်။ ဥပမာ အချို့ကိုယ်စားလှယ်လောင်းများသည် COVID-19 အခြေအနေကို အခွင့်ကောင်းယူ၍ မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ကြပါသည်။ ပါတီ အမှတ်တံဆိပ်ပါသော ပါးစပ်နှင့်နှာခေါင်းစည်းများ၊ ပလတ်စတစ်မျက်နှာအကာများ အစရှိ

116 https://www.facebook.com/uecmyanmar/posts/3226606520798357/

သည့် တစ်ကိုယ်ရေသုံး ရောဂါအကာအကွယ်ပစ္စည်းများ (PPE) လှူဒါန်းသည်ကို ပုံမှန်တွေ့မြင်ခဲ့ရပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံရေးပါတီကြီးတစ်ခုသည် COVID-19 အတွက် ခွဲတမ်းချထားသော အစိုးရ ရန်ပုံငွေများကို အလွဲသုံးစားပြုသည့် အနေအထားတွင် ရှိနေနိုင်သည်ဟု ANFREL အား သတင်းပေးပို့လာပါသည်။ ပါတီကိုယ်စားလှယ်လောင်းများသည် အိမ်ထောင်စုအချို့အား ကျပ်ငွေ ၂၀,၀၀၀ ခန့် ပေးအပ်သည်ဟု စွပ်စွဲမှုများကြားသိရသဖြင့် ဤသို့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်သည် ကပ်ရောဂါအတွက် ထောက်ပံ့ခြင်း သက်သက်ဖြစ်သလော၊ သို့တည်းမဟုတ် မဲဆွယ်စည်းရုံးရေးရည်ရွယ်ချက် ပါသလောဟူ၍ နိုင်ငံသားများဘက်က မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါသည်။ ဒုတိယပါတီတစ်ခုမှာမူ ပါတီဝင်ဖြစ်ရန် ကျပ်ငွေ တစ်သိန်း (၁၀၀,၀၀၀ ကျပ်)၊ ၎င်းတို့အိမ်အပြင်တွင် ပိုစတာချိတ်ဆွဲရန် ငွေကျပ်သုံးသိန်းနှင့် မဲဆွယ်ဆိုင်းဘုတ်ကြီးများ တပ်ဆင်ထားပါက ကျပ်ငွေငါးသိန်းအထိ ပေးအပ်သည် ဟူသော စွပ်စွဲချက်များ ကြားသိရပါသည်။ နောက်ထပ်ပါတီတစ်ခုမှာမူ ၎င်းတို့ကိုမဲပေးသော ကျေးရွာများအား အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင်ပြုလုပ်ပေးမည်ဟု ကတိကဝတ်ပြုခဲ့ပါသည်။ ရွေးကောက်ပွဲ တာဝန်ရှိသူများအား လက်တစ်လုံးခြားလုပ်ရန် ကိုယ်စားလှယ်လောင်းများသည် ကြားခံအလှူရှင်များကတစ်ဆင့် ရွာသားများထံသို့ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြသည်ဟုလည်း ကြားသိရပြီး အနည်းဆုံး ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒရှင်များအား ဆန်၊ ဆီ အစရှိသည့် နေ့စဉ်သုံးစားနပ်ရိက္ခာများ ထောက်ပံ့ခဲ့ပါသည်။

နေရာဒေသမျိုးစုံ၌ NLD ကိုယ်စားလှယ်လောင်းများက အစိုးရထောက်ပံ့သည့် သက်သာချောင်ချိရေး အကူအညီများ၊ PPE များကို မဲဆန္ဒရှင်များထံ ပေးအပ်ပြီး ပါတီက ပေးအပ်သယောင်ယောင် ပြုလုပ်ကြသည် ဟူသော သတင်းပေးပို့မှု မြောက်မြားစွာ ကိုလည်း ANFREL က လက်ခံရရှိခဲ့ပါသည်။ အလားတူပင် USDP က ထရပ်ကားများ၊ ဆိုင်ကယ်များနှင့် ကားများတွင် လိုက်ပါစီးနင်းပြီး စီတန်းလှည့်လည်ရာတွင် ပါဝင်သူများအား ၅၀၀၀ ကျပ်စီပေးသည်ဟူသော စွပ်စွဲမှုများ ထွက်ပေါ်ခဲ့ရာ ၎င်းတို့အနက် အချို့မှာ ကလေးသူငယ်များဖြစ်ကြသည်။

အင်တာဗျူးဖြေကြားသူများ၏ အတည်ပြုချက်အရ နိုင်ငံရေးပါတီများသည် ကရင်ပြည်နယ်တွင် တီရှပ်များ၊ ပါတီတံဆိပ်ပါပစ္စည်းများ၊ လက်ဆောင်အသေးစားများ၊ ပါးစပ်နှင့်နှာခေါင်းစည်းများနှင့်ထီးများ ပေးအပ်ခဲ့သည်ဟုသိရပါသည်။ မဲဆန္ဒရှင်များ၏ ထောက်ခံမှုရရှိရန်အတွက် NLD သည် ကတိပေးပြီး စတင်မဆောင်ရွက်ရသေးသည့် စီမံကိန်းများအား အလျင်အမြန် အကောင်အထည်ဖော်လာခဲ့သည်ဟု ကြားသိရပါသည်။ မြဝတီ၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးတို့တွင် အစိုးရသည် NLD ၏ လုပ်ငန်းထိရောက်လျင်မြန်မှုနှင့် အောင်မြင်မှုတို့ကိုပြသရန် တင်ဒါများ အလောသုံးဆယ်ချပေးခဲ့သည်။ Union Development Party (UDP) သည် မဲဆန္ဒရှင်များအား နေရာအနှံ့အပြားတွင် ထောက်ပံ့ကြေး ကျပ်ငွေ

၁၀,၀၀၀ စီ နှင့် မဲဆွယ်စည်းရုံးရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း စွပ်စွဲချက်များကိုလည်း တချိန်တည်းတွင် ကြားသိခဲ့ရပါသည်။ရခိုင်ပြည်နယ်တွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ သံတွဲမြို့နယ် လွှတ်တော်အမတ်က ဆင်းရဲသားများထံ အစားအစာများနှင့် ဘဏ္ဍာငွေအထောက်အပံ့ သုံးကြိမ်သုံးခါ (တစ်ကြိမ်လျှင် ကျပ်ငွေ ၂၀,၀၀၀ မှ ၂၆,၀၀၀ ကြား) ထောက်ပံ့ခဲ့ပြီး NLD ပါတီ၏ ထောက်ပံ့ပေးအပ်မှုဖြစ်သည်ဟူသော ပြောဆိုချက်မျိုး ပြုလုပ်ခဲ့သည်ဟု ANFREL က ကြားသိခဲ့ရသည်။

## တိုင်းရင်းသားလက်နက်ကိုင်များ အဖွဲ့များက ထုတ်ပြန်သော မဲဆွယ်စည်းရုံးရေးဆိုင်ရာ စည်းမျဉ်းများ

ANFREL အဖွဲ့ကအင်တာဗျူးခဲ့သော ဂျာနယ်လစ်တစ်ဦး၏အဆိုအရ အချို့သောတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) သည် ၎င်းတို့ပိုင်နက်အတွင်း မဲဆွယ်စည်းရုံးသော နိုင်ငံရေးပါတီများလိုက်နာရန် စည်းမျဉ်းများ ထုတ်ပြန်သည်ဟုသိရသည်။ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နယ်ပယ်များထဲတွင် မဲဆွယ်စည်းရုံးမှုပြုလုပ်ရန် ၎င်းတို့ထံက ခွင့်ပြုချက် တောင်းခံကြရသည်။ တိုင်းရင်းသားပါတီများမှာမူ EAOs များနှင့်အချိတ်အဆက်ရှိ၍ ဤနေရာတွင် အားသာချက်ရှိသည်။

ရှမ်းပြည်နယ်တွင် နိုင်ငံရေးပါတီများသည် မြန်မာနိုင်ငံတွင် အင်အား အကြီးဆုံးသော လက်နက်ကိုင် အုပ်စုတစ်စုဖြစ်သည့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ နယ်ပယ်များအတွင်း မည်သည့် လှုပ်ရှားဆောင်ရွက်မှုမှ မပြုလုပ်မီ ကြိုတင်အကြောင်းကြားရသည်[117] ။ ချင်းပြည်နယ်တွင်လည်း ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ၎င်း၏လက်နက်ကိုင်အဖွဲ့က အလားတူစည်းမျဉ်းများ ထုတ်ပြန်ခဲ့ရာ COVID–19 ရောဂါပိုးပြန့်ပွားမှု ကာကွယ်တားဆီးရန် ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံရေးပါတီများအနေဖြင့် CNF ထိန်းချုပ်နယ်မြေများတွင် မဲဆွယ်ရန် ခွင့်ပြုချက်တောင်းခံကြရသည်။ မွန်ပြည်နယ်တွင် မွန်ပြည်သစ်ပါတီ (NMSP) လက်နက်ကိုင်အဖွဲ့က COVID–19 ရောဂါကူးစက်မှု ကာကွယ်တားဆီးရန် ၎င်းနယ်မြေအတွင်း နိုင်ငံရေးမဲဆွယ်စည်းရုံးမှုများအားလုံးကို ပိတ်ပင်ခဲ့သည်[118] ။ နိုဝင်ဘာလ ၂ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် တပ်မတော်က EAO များအား နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးပိုင်ခွင့်ကို အလေးထားကြရန် တိုက်တွန်းခဲ့သည်[119] ။

117 https://www.bnionline.net/en/news/rcss-recommends-political-parties-inform-them-election-cam-paigns-their-territory

118 www.bnionline.net/?url=https%3A%2F%2Fwww.bnionline.net%2Fen%2Fnews%2Fchin-national-frontcnf-and-its-armed-wing-declares-all-candidates-must-seek-permission-order

119 http://dsinfo.org/node/630

## အွန်လိုင်းမဲဆွယ်စည်းရုံးမှုများနှင့် အမုန်းစကား

COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း နိုင်ငံရေးပါတီအများစုနှင့် ကိုယ်စားလှယ်လောင်းအများစုတို့သည် မဲဆန္ဒရှင်များနှင့် ထိတွေ့မှုရရှိရန် မဲဆွယ်စည်းရုံးရေးနှင့် မဲဆန္ဒရှင်အသိပညာပေးအစီအစဉ်များကို အွန်လိုင်းပေါ်သို့ ရွှေ့ပြောင်းလုပ်ဆောင်ခဲ့ကြသည်။ အောင်နိုင်ရေးကြွေးကြော်သံများ၊ သတင်းစကားများနှင့် ကြေညာချက်များကို ဖြန့်ဝေရန် ၎င်းတို့၏ဖေ့ဘုတ်စာမျက်နှာများအား အကြီးအကျယ် အသုံးပြုလာကြသော်လည်း အွန်လိုင်းမဲဆွယ်မှုများသည် အချက်အချာကျသော မြို့ပြဒေသများနှင့် အင်တာနက်လိုင်းကောင်းမွန်သော ဒေသများသို့သာ အဓိက ရောက်ရှိသည်ကို တွေ့ရသည်။ မဲဆန္ဒရှင်များအား ဆွဲဆောင်ရန် သီချင်းများနှင့် ဆောင်ပုဒ်များကိုလည်း နိုင်ငံရေးပါတီများက ဖန်တီးလာခဲ့ကြသည်။ ဖေ့ဘုတ်ပေါ်တွင် နိုင်ငံရေးပါတီများတင်သည့် အကြောင်းအရာအများစုတွင် ယဉ်ကျေးမှုနှင့် ပထဝီဒေသ စုံလင်ကွဲပြားမှု များစွာတွေ့ရသည်။ အချို့သော မဲဆွယ်စည်းရုံးရေး သတင်းစကားများသည် အမျိုးသမီးများမဲပေးရန် အဓိက အားပေးသည်ကိုတွေ့ရသော်လည်း မသန်စွမ်းသူများ (PWDs) နှင့် အခြားသော ဘေးဖယ်ခံထားရသည့်အုပ်စုများကို အထောက်အကူပေးရန်ရည်ရွယ်သည့် အကြောင်းအရာများကိုမူ အနည်းငယ်သာ တွေ့ရှိခဲ့ရသည်။

Facebook Ad Library ၏ စိစစ်လေ့လာချက်တစ်ခုအရ ရွေးကောက်ပွဲနီးကပ်လာသည့် အချိန်တွင် နိုင်ငံရေး ပါတီများ၏ မဲဆွယ်စည်းရုံးရေးကြော်ငြာများလည်း မြင့်တက်လာခဲ့သည်။ နိုင်ငံရေးပါတီများအနက် တပ်မတော်အရာရှိဟောင်းများ ဦးဆောင်သေ အတိုက်အခံပါတီ (USDP) နှင့် အာဏာရပါတီ၏ ယခင်သစ္စာခံ ဖြစ်ခဲ့ဖူးသော PPP တို့သည် ဖေ့ဘုတ်ပေါ်တွင် ကြော်ငြာအသုံးစရိတ်သုံးစွဲမှု၌ ဦးဆောင်နေခဲ့သည်။ ဖေ့ဘုတ်သည် မြန်မာနိုင်ငံတွင် လူသုံးအများဆုံး ဆိုရှယ်မီဒီယာပလက်ဖောင်းဖြစ်ပြီး နိုင်ငံအဝှမ်းအသုံးပြုသူပေါင်း ၂၂ သန်းကျော် ရှိသည်။ အထူးသဖြင့် USDP နှင့် ဆက်နွယ်သော ဖေ့ဘုတ်စာမျက်နှာများသည် ဩဂုတ်လ ၄ ရက်နေ့မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ရက်ပေါင်း ၉၀ အတွင်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈,၂၈၀ (ကျပ်သန်းပေါင်း ၂၃.၄၈) အသုံးပြုခဲ့ပါသည်[120] ။ သို့သော်လည်း ဖေ့ဘုတ်၏ Ad Library တွင် အသုံးပြုသောနည်းလမ်းမှာ ရှင်းလင်းမှုမရှိဘဲ မဲဆွယ်စည်းရုံးမှုနှင့် စပ်လျဉ်းသည့် အသုံးစရိတ်များအားလုံးလည်း ပါဝင်ဟန်မတူချေ။

အွန်လိုင်းကတဆင့် မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ကြရသည်။ မြန်မာနိုင်ငံ၏ နေရာဒေသများစွာ (အထူးသဖြင့် ဝေးလံခေါင်သီသော ပြည်နယ်များ) တွင် အင်တာနက်ရရှိမှု နည်းပါးသည်။ ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ်တို့ရှိ မြို့နယ်အမြောက်အမြားတွင် အင်တာနက်ပိတ်ပင်ရန် အမိန့်ထုတ်ပြန်ထားပြီး 2G network သာလျှင် ချိတ်ဆက်၍ရသည့်အတွက် voice call နှင့်

120 https://www.irrawaddy.com/elections/myanmars-opposition-parties-ramp-facebook-ad-spending-election-nears.html

ဒေတာ အသုံးပြုမှု အနည်းငယ်သာ ပြုလုပ်၍ရသည်[121] ။ အဆိုပါ မမျှတသော ကန့်သတ်မှုကြောင့် ယင်းဒေသများတွင် နေထိုင်လျက်ရှိသော ပြည်သူများအနေဖြင့် အင်တာနက်ချိတ်ဆက်မှု ကောင်းစွာရရှိရေးနှင့် သတင်းအချက်အလက်များရရှိရေးတို့တွင် အခက်အခဲများ ပိုမိုတွေ့ကြုံနေကြရသည့်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပေါင်းစည်း၍ 3G နှင့် 4G အင်တာနက် ပြန်လည်ဖွင့်လှစ်ပေးရန် တောင်းဆို ခဲ့ကြသည်[122] ။

ဆိုရှယ်မီဒီယာ ပလက်ဖောင်းများပေါ်က နိုင်ငံရေး မဲဆွယ်စည်းရုံးမှု များသည် သတင်းအချက်အလက်အမှားများ နှင့် အမုန်းစကားများ အတွက် ပစ်မှတ်ဖြစ်လာခဲ့သည်။ ANFREL အင်တာဗျူးခဲ့သည့် မဲဆန္ဒရှင်များနှင့် CSO များ၏ လေ့လာတွေ့ရှိချက်အရ နိုင်ငံရေးပါတီများသည် ဆိုရှယ်မီဒီယာပလက်ဖောင်းများ (အထူးသဖြင့် ဖေ့စ်ဘုတ်) ပေါ်တွင် တစ်ဖက်နှင့်တစ်ဖက် ဝေဖန်တိုက်ခိုက်ကြသည်ဟု သိရသည်။ ဝေဖန်တိုက်ခိုက်မှု အများစုမှာ နှုတ်အားဖြင့်ဖြစ်ပြီး ပါတီတစ်ခုနှင့်တစ်ခု “ရန်သူ” ဟု ခေါ်ဝေါ်သမုတ်ကြခြင်းဖြစ်သည်။ အများဆုံးရည်ညွှန်းသည့် သာဓကများတွင် USDP က NLD အား ဝေဖန်တိုက်ခိုက်မှုလည်းပါဝင်ပြီး NLD က တိုင်းပြည်ဖွံ့ဖြိုးရေး စီမံကိန်းများတွင် နိုင်ငံခြားသားများ ခေါ်ယူခန့်အပ်ခြင်းနှင့် “ မြန်မာနိုင်ငံအား မွတ်ဆလင်နိုင်ငံ ဖြစ်အောင် ပြုလုပ်ခြင်း ” ဟူသော စွပ်စွဲချက်များပါဝင်သည်။

လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Burma Human Rights Network ၏ “Digital Hate: Free and Fair for Some: Discrimination and Hate Speech in Burma’s General Election Campaign[123] ” ဟူသော အစီရင်ခံစာတွင် မွတ်ဆလင်ဆန့်ကျင်ရေး ပြောဆိုရေးသားမှုများ အပါအဝင် ဆိုရှယ်မီဒီယာပေါ်က ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်ပုံဖျက်မှု အနည်းဆုံး ၃၉ ခုကို မှတ်တမ်းတင် ဖော်ပြခဲ့သည်။ အဆိုပါရေးသားချက်များတွင် အာဏာရ NLD ပါတီနှင့် မွတ်ဆလင်များ၊ မွတ်ဆလင် အဖွဲ့အစည်းများကြား ပူးပေါင်းကြံစည်မှုများ ရှိနေသည်ဟူသောစွပ်စွဲချက်များ အဓိကပါဝင်ပြီး NLD သည် မွတ်ဆလင်များကို မျက်နှာသာပေးသည်၊ ဗလီများ ပိုမိုဆောက်လုပ်ခွင့် ပေးတော့မည်ဖြစ်ပြီး မွတ်ဆလင်ရေးရာ ဝန်ကြီးဌာနတစ်ခုပင် ဖွဲ့စည်းပေးတော့မည်ဟူသော စွပ်စွဲချက်များလည်း ပါဝင်သည်။

မွတ်ဆလင်များမဲပေးခွင့်ကို ဖိနှိပ်ကန့်သတ်ရန် ကြိုးစားသော ကိုယ်စားလှယ်လောင်းများနှင့်ပါတီဝင်များ၏ ခွဲခြားပြောဆိုမှုများကိုလည်း မှတ်တမ်းတင်ထားပါသည်။ အခြေခံ

121 https://www.mmtimes.com/news/rakhine-chin-internet-restored-only-2g.html

122 https://www.mmtimes.com/news/14m-people-will-be-affected-internet-shutdown-civil-society-groups-warn.html

123 http://www.bhrn.org.uk/en/component/edocman/digital-hate-free-and-fair-for-some/download.html?Itemid=

လူတန်းစားဘဝမြင့်မားရေးပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ မိုက်ကယ်ကျော်မြင့်က “ခွေးကိုရွှေလည်ပတ် ပေးမဝတ်သင့်” ဟူ၍ မွတ်ဆလင်များ နိုင်ငံရေးရာထူးယူရန် ယှဉ်ပြိုင်သည့်ကိစ္စကို ရည်ညွှန်းသော အမုန်းပွားစေမည့် ပို့စ်တစ်ခုကို ဆိုရှယ်မီဒီယာပေါ်တင်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်က USDP ကိုယ်စားလှယ်လောင်းဖြစ်သူ ဦးဉာဏ်ဝင်းက “လူ့အခွင့်အရေးသည် လူ ဟု ခေါ်ဆိုနိုင်သောသူများအတွက်သာ ဖြစ်ပြီး လူလိုမကျင့်သောသူများအတွက်မဟုတ်” ဟူသော ပို့စ်တစ်ခုကို ဆိုရှယ်မီဒီယာပေါ်တင်ခဲ့သည်။ ရွေးကောက်ပွဲတာဝန်ရှိသူများ၊ အခြားအာဏာပိုင်များဘက်က အဆိုပါမနှစ်မြို့ဖွယ်ရာ အမုန်းစကားများနှင့် စပ်လျဉ်း၍ အရေးယူ ဆောင်ရွက်သည်ကို မတွေ့ရသေးပါ။

အာဏာရပါတီဘက်က ယှဉ်ပြိုင်သည့် မွတ်ဆလင်အမတ် နှစ်ဦးအနက် တစ်ဦးဖြစ်သူ ဦးစည်သူမောင်က “သတင်းတုများ” ပြန့်နှံ့နေခြင်းကြောင့် အနိုင်ရမည့် အခွင့်အလမ်းများဆုံးရှုံးမည်ကို ၎င်းအနေဖြင့် စိုးရိမ်မိကြောင်း ပြောကြားခဲ့သည်။ ၎င်းအား ဆိုရှယ်မီဒီယာပေါ်တွင် မဟုတ်မမှန်စွပ်စွဲချက်များဖြင့် ထိုးနှက်တိုက်ခိုက်လျက်ရှိရာ ၎င်းသည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပိတ်သိမ်းရန်နှင့် အာရဗီစာသင်ကြားခွင့် တောင်းဆိုရန် အစီအစဉ်များရှိသည် ဟူသော စွဲချက်များ ပြုလုပ်ခဲ့ကြသည်[124] ။ တိုင်းရင်းသားပါတီများလည်း မဲဆွယ်ကာလအတွင်း အမုန်းစကားများဖြင့် ထိုးနှက်တိုက်ခိုက်မှု ခံခဲ့ကြရပါသည်။ ဥပမာအားဖြင့် ကရင်ပြည်နယ်တွင် နိုင်ငံရေးပါတီများကြား ပြိုင်ဆိုင်မှု လွန်စွာပြင်းထန်ပြီး အချင်းချင်းကြားတွင် အမုန်းစကားများ၊ အမျိုးသားရေး ဖောင်းပေးသော ပြောဆိုမှုများ အသုံးပြုခဲ့ကြသည်ကိုလည်း ANFREL က လေ့လာတွေ့ရှိခဲ့ပါသည်။

## အစိုးရပိုင်သတင်းမီဒီယာက မဲဆွယ်စည်းရုံးရေးဆိုင်ရာ ဆင်ဆာဖြတ်တောက်မှု

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၂၃ ရက် ကြေညာချက် တွင် နိုင်ငံရေးပါတီများအား နိုင်ငံပိုင် ရေဒီယို နှင့် ရုပ်မြင်သံကြား အစီအစဉ်များက ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ မှ နိုဝင်ဘာလ ၆ ရက်နေ့ အထိ မဲဆွယ်ခွင့် ပေးမည် ဟု ထုတ်ပြန်ခဲ့သည်[125] ။ ပါတီတိုင်း မိမိတို့ ပြောကြားလိုသော အကြောင်းအရာကို ၁၅ မိနစ် ပြောကြားခွင့်ရသည်။ ယင်းကြေညာချက်အရ “သက်ဆိုင်ရာ ပါတီဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူးသည် ဟောပြောတင်ပြလိုသည့် စာမူ” ကို တင်ပြရမည် ဖြစ်ပြီး UEC က “ဟောပြောတင်ပြလိုသည့် စာမူ ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်း (သို့မဟုတ်) ပြန်လည် ပြင်ဆင်ရေးသားစေပြီး ခွင့်ပြုမိန့်ထုတ်ပေးခြင်းပြုပါမည်”။ ထို့အပြင် “ပြန်လည်

124 https://www.channelnewsasia.com/news/asia/myanmar-election-facebook-hate-speech-rohingya-disinformation-13476412

125 https://www.gnlm.com.mm/permission-for-broadcast-campaigns-of-political-parties/

ပြင်ဆင်ရေးသားရန်အတွက် ရိုက်ကူးမည့်နေ့မတိုင်မီ လျှောက်ထားသူထံ အကျိုးအကြောင်း ဖော်ပြလျက် အကြောင်းပြန်ကြားပေးပါမည်” ဟု UEC က ဆိုထားပါသည်။

နိုင်ငံပိုင်ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များက မဲဆွယ်စည်းရုံးမှုပြုသည့်အခါ နိုင်ငံရေးပါတီများအနေဖြင့် ဖောက်ဖျက်ကျူးလွန်ခြင်း မပြုလုပ်ရမည့် အောက်ပါအချက်များကိုလည်း UEC က သတ်မှတ်ပေးထားပြီး ၎င်းတို့မှာ–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ဟောပြောမှုပြုလုပ်ခြင်း၊
(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ဟောပြောမှု ပြုလုပ်ခြင်း၊
(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား လိုက်နာမှုမရှိသော ဟောပြောမှုပြုလုပ်ခြင်း၊
(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် (သို့မဟုတ်) ဂုဏ်သိက္ခာထိပါးစေရန် ဟောပြောမှု ပြုလုပ်ခြင်း၊
(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် (သို့မဟုတ်) တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် ဟောပြောမှု ပြုလုပ်ခြင်း၊
(စ) လူမျိုးရေး (သို့မဟုတ်) ဘာသာရေး (သို့မဟုတ်) လူတစ်ဦးချင်း (သို့မဟုတ်) လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ဟောပြောမှု (သို့မဟုတ်) စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခြင်း၊
(ဆ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမှုပြုသော ဟောပြောမှုပြုလုပ်ခြင်း၊
(ဇ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှုပြုလုပ်ခြင်း၊
(ဈ) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏ တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်စေရန် (သို့မဟုတ်) အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော် ဟောပြောမှု ပြုလုပ်ခြင်း။

နိုင်ငံရေးပါတီမြောက်မြားစွာက နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က အသံလွှင့်မိန့်ခွန်းပြောရာတွင် ဆင်ဆာဖြတ်တောက်မှုများခံခဲ့ကြရသည်ဟူသော စွပ်စွဲချက်များထွက်ပေါ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံရေးပါတီခုနစ်ခု (ပြည်သူ့ပါတီ၊ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ[126] ၊ ရခိုင့်ဦးဆောင်ပါတီ၊ ပြည်ထောင်စုခနေအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်[127] ၊

126 https://mizzima.com/article/two-political-parties-accuse-uec-censorship

127 https://www.bnionline.net/en/news/cnld-boycotts-mrtv-over-censored-speech

ကချင်ပြည်နယ် ပြည်သူ့ပါတီ[128] ) တို့က မဲဆွယ်မိန့်ခွန်းများကို ထုတ်လွှင့်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြသည်[129] ။

နိုင်ငံရေးပါတီများ၏ ပြောကြားချက်အရ "ဖိနှိပ်မှု"၊ "ကလေးသူငယ်များ ဆင်းရဲမွဲတေမှု"၊ "ဒုတိယတန်းစား နိုင်ငံသားများ"၊ "လျှပ်စစ်မီတာခ" အစရှိသော စကားရပ်များနှင့် "နိုင်ငံသား မှတ်ပုံတင်ပါလူမျိုးသတ်မှတ်ချက်"စသော ဝေါဟာရအသုံးပြုခြင်းတို့ကိုဖယ်ရှားရန် ညွှန်ကြား ခံခဲ့ကြရသည်[130] ။ စက်တင်ဘာလ ၁၈ ရက်နေ့ရက်စွဲပါ ထုတ်ပြန်ချက်တစ်ခုတွင် မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား (MRTV) က "သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ စည်းရုံးဟော ပြောမှုအပေါ်တွင် တည်းဖြတ်ပြင်ဆင်ခြင်း လုံး၀ (လုံး၀) မပြုလုပ်ဘဲ နေ့စဉ်ထုတ် သတင်းစာ များတွင် အဆိုပါထုတ်လွှင့်ဖော်ပြသည့်စာသားအတိုင်း တည်းဖြတ်ပြင်ဆင်ခြင်း မပြုလုပ်ဘဲ ထည့်သွင်း ဖော်ပြပေးလျက်ရှိပါသည်" ဟု ပြောကြားထားပါသည်[131] ။

Human Rights Watch အဖွဲ့ကမူ UEC အနေဖြင့် "နိုင်ငံရေးပါတီများ နိုင်ငံပိုင်ရေဒီယို နှင့်ရုပ်မြင်သံကြား အစီအစဉ်များကတစ်ဆင့် မိန့်ခွန်းပြောကြားရာ၌ မလိုလားအပ်သော ကြားဝင်မှုမျိုးမပြုလုပ်ဘဲ ၎င်းတို့ ရပ်တည်ချက်ကို တင်ပြခွင့်ရကြစေရန် စည်းမျဉ်းစည်းကမ်း များကို ပြင်ဆင်ပေး[132] " ဖို့ရာ အရေးဆိုခဲ့သည်။ Article 19 အမည်ရသော NGO အဖွဲ့က ပြောကြားသည်မှာ UEC က ထုတ်ပြန်သော ကြေညာချက်အမှတ် (၁၃၈/ ၂၀၂၀) တွင် "နိုင်ငံရေးပြောရေးဆိုခွင့်အပေါ် အကြီးအကျယ် ချုပ်ခြယ်ကန့်သတ်မှုများ ပါရှိသည်" ဟု ဆိုပြီး UEC အား "၎င်းကြေညာချက်ကို ရုပ်သိမ်းပေးရန်နှင့် လူများအား ဖိနှိပ် ချုပ်ခြယ်ခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများနှင့် မလျော်ညီသည့် အတွက် ယင်းလုပ်ဆောင်ချက်များက ရှောင်ကြဉ်ရန်[133] " တောင်းဆိုခဲ့သည်။

128 https://kachinnews.com/2020/10/13/kspp-wont-air-policy-speech-on-mrtv/

129 https://mizzima.com/article/six-parties-decide-not-broadcast-election-campaign-speeches

130 https://mm.boell.org/en/2020/10/05/no-free-elections-without-free-media

131 https://www.gnlm.com.mm/campaign-speeches-of-political-parties-not-edited-for-broadcasting-on-mrtv-and-publishing-in-dailies/

132 https://www.hrw.org/news/2020/08/14/myanmar-revise-election-broadcast-rules

133 https://www.article19.org/resources/myanmar-as-campaign-period-begins-freedom-of-expression-violations-ramp-up/

## နိဂုံးချုပ်

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင်သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကဲ့သို့ အပြည့်အဝ လွတ်လပ်၍ မျှတမှုမရှိခဲ့သည်ကို ANFREL က လေ့လာ တွေ့ရှိခဲ့ရပြီး တစိတ်တဒေသသော အကြောင်းအရင်းမှာ COVID – 19 ကပ်ရောဂါကို နောက်ခံပြု၍ မကြုံစဖူး ကျင်းပပြုလုပ်ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ ရောဂါကူးစက်မှု ဆက်တိုက်ဖြစ်ပွားနေချိန်တွင် ကူးစက်မှုနှုန်းကျဆင်းစေရန်ရည်ရွယ်၍ ကျန်းမာရေးညွှန်ကြားချက်များ၊ ခရီးသွားလာရေးကန့်သတ်ချက်များကို ပြုလုပ်ထားသည့်အတွက် မဲဆွယ်စည်းရုံးမှုသည် သမိုင်းဝင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလတွင်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းနိုင်တော့မည်မဟုတ်ပေ။ ပါတီများအနေဖြင့် ရပ်ရွာအတွင်း၌သာ လူအနည်းငယ်ဖြင့် ပွဲများကျင်းပပြုလုပ်ကြရပြီး အွန်လိုင်းမဲဆွယ်စည်းရုံးများ ပိုမိုများပြားလာခဲ့သည်။ သို့တိုင် စည်းမျဉ်းစည်းကမ်း ချိုးဖောက်မှုများလည်းဖြစ်ပေါ်ခဲ့ပြီး မိမိအသိစိတ်နှင့်မိမိ ထိန်းကျောင်းဆောင်ရွက်ရေးမူဝါဒမှာ အလုပ်မဖြစ်ကြောင်း ပေါ်လွင်ထင်ရှားခဲ့သည်။ လူဦးရေ ကန့်သတ်ချက်၊ social distancing စည်းကမ်းနှင့် ပါးစပ်နှင့်နှာခေါင်းစည်းများတပ်ဆင်ရေးတို့ကို လိုက်နာရန် ကြိုးပမ်းအားထုတ်ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများမှာ ယင်းတို့ကို မလိုက်နာသူများနှင့်ယှဉ်သောအခါ တစ်ပန်းရှုံးနိမ့်ခဲ့ရသည်။ တာဝန်ရှိသူအနေဖြင့် ဝင်ရောက်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းယန္တရားများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခဲ့သည်ကိုလည်း တွေ့ရှိရသည်။

ထို့အပြင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အင်တာနက်ဝန်ဆောင်မှု ဖြတ်တောက်ထားပြီး ရွေးကောက်ပွဲနှင့် COVID – 19 အခြေအနေနှစ်ရပ်လုံးနှင့်ဆက်နွှယ်သည့် သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းမှုအပေါ် ကန့်သတ်မှု ဖြစ်စေခဲ့ခြင်း၊ အွန်လိုင်းက တစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း တိုင်းရင်းသားနှင့်ဘာသာရေး အရ လူနည်းစုကိုယ်စားလှယ်လောင်းများအား အမုန်းစကားများ၊ သတင်းအချက်အလက် မှားများဖြင့် တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲ အကြမ်းဖက်မှုဖြစ်ရပ်များ မြင့်တက်လာခြင်း၊ နိုင်ငံပိုင်မီဒီယာတွင် မဲဆွယ်မိန့်ခွန်းများ ဆင်ဆာဖြတ်တောက်ခံရခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆွယ်စည်းရုံးမှုနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ရာတွင် အာဏာရ ပါတီကို မျက်နှာသာပေးသည့် ပုံစံများ ဆက်တိုက်ထွက် ပေါ်နေခြင်း တို့သည် မဲဆွယ်စည်းရုံးရေးပတ်ဝန်းကျင်အပေါ် အနုတ်သဘောဆောင်သည့် သက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။ အဆိုပါ အကြောင်းတရားများ အားလုံးတို့ကြောင့် အင်အားကြီးမားသော (သို့မဟုတ်) လက်ရှိအာဏာရဆဲ ဖြစ်သော နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ အနေဖြင့် ၎င်းတို့၏ အရင်းမြစ်များ နှင့် ရာထူး တို့ကို အခြားသူများ အသုံးမပြုနိုင်သည့် နည်းလမ်းများဖြင့် အသုံးပြုနိုင်ခွင့် ရရှိခဲ့ကြပါသည်။

# အခန်း ၄ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် လူတစ်ဦးတစ်ယောက်၏ ဆန္ဒမဲပေးပိုင်ခွင့် (သို့မဟုတ်) ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို ကန့်သတ်တားဆီးရန် ရည်ရွယ်၍ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း တို့အား ပြစ်မှုအဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါ ကျူးလွန်ဖောက်ဖျက်မှုမျိုး ပြုလုပ်သည်ဟု ပြစ်မှုထင်ရှားပါက မည်သည့် နိုင်ငံရေးပါတီ (သို့မဟုတ်) ကိုယ်စားလှယ်လောင်း မဆို အရည်အချင်း ပျက်ယွင်းကြောင်း သတ်မှတ်ခံရမည့်အပြင် ထောင်ဒဏ်တစ်နှစ် (နှင့်/သို့မဟုတ်) ဒဏ်ငွေကျပ် ၁၀၀,၀၀၀ ပေးဆောင်ရမည် ဖြစ်သည်[134]။ ထို့အပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ပါတီများအနေဖြင့် ကိုးကွယ်ယုံကြည်ရာ ဘာသာမတူသူများအကြား ပဋိပက္ခဖြစ်စေသော လူတစ်ဦးချင်း (သို့မဟုတ်) အများပြည်သူ၏ “သိက္ခာနှင့်ကိုယ်ကျင့်တရား”ကို ထိခိုက်စေမည့် မဲဆွယ်စည်းရုံးခြင်းလုပ်ရပ်များကို ရှောင်ရှားရန်လိုအပ်ပါသည်[135]။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ မဲဆွယ်စည်းရုံးရေးကာလသည် ယေဘုယျအားဖြင့် အေးဆေး တည်ငြိမ်မှုရှိသည် ဟု ဆိုနိုင်ပါသည်။ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှု အနည်းငယ်ကို ANFREL က လေ့လာခဲ့ရသော်လည်း အများစုမှာ သေးငယ်သောအမှုအခင်းများ ဖြစ်ကြပါသည်။ သို့သော်လည်း သတင်းမီဒီယာများ၏ ရေးသားချက်များအရ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်ဖြစ်ရပ် များသည် ၂၀၁၅ ခုနှစ် ထက်စာလျှင် မြင့်တက်လာသည် ဟု သိရှိရသဖြင့် ဤသည်မှာ စိတ်ညစ်ညူးဖွယ်ရာ ကိစ္စရပ် ဖြစ်ပါသည်။ မဲဆွယ်စည်းရုံးမှုများ မစတင်မီကတည်းကပင် ANFREL အင်တာဗျူးခဲ့သော ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများက ရွေးကောက်ပွဲ၏ ပြိုင်ဆိုင်မှု ရေချိန် မြင့်မားလာသည့်အလျောက် အကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေမြင့်တက်လာမည်ကို စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ ကြသည်။ ကံမကောင်းစွာပင် ယင်းခန့်မှန်းချက်များအတိုင်း အမှန်တကယ်ဖြစ်ပွားခဲ့သည်။

New Myanmar Foundation (NMF) ၏ အဆိုအရ မဲဆွယ်စည်းရုံးမှုများ စတင်သည့်အချိန်ကစ၍ အောက်တိုဘာလ ၂၉ ရက်နေ့ထိ မတူညီသော နိုင်ငံရေးပါတီဝန်းရံသူများကြား ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ပွားမှု စုစုပေါင်း ၈၂ မှုရှိခဲ့ပါသည်။ ယင်းအမှုကိစ္စများတွင် ဗီနိုင်းပိုစတာများ ချိုးဖဲ့ဖျက်ဆီးခြင်း၊ ကိုယ်စားလှယ်လောင်းအချင်းချင်း အသရေဖျက်ခြင်း၊

134 Article 57 of the Pyithu Hluttaw Election Law, Amyotha Hluttaw Election Law, and Region or State Hluttaw Election Law

135 Article 6(d) of the Political Parties Registration Law




ရန်ကုန်တိုင်းအတွင်း ရွေးကောက်ပွဲဆိုင်ရာပစ္စည်းများအား လူဝင်မှုကြီးကြပ်ရေး အရာရှိတစ်ဦးက
စောင့်ကြပ်နေသည်ကို နိုဝင်ဘာလ ၈ ရက်နေ့က တွေ့ရစဉ်

ပစ္စည်းများဖျက်ဆီးခြင်း၊ သွေးထွက်သံယို ဖြစ်စေခြင်းအပြင် လူသေဆုံးမှုအထိပါဝင်သည်။ နိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အကြမ်းဖက်မှု ၂၈ မှု ရှိခဲ့သည်ဟု အစီရင်ခံသိရှိရပါသည်[136] ။

NMF ၏ အမှုဆောင်ဒါရိုက်တာ ဒေါ်မြနန္ဒာသင်း၏အဆိုအရ ယခုနှစ်တွင် အရင်နှစ်များနှင့် မတူသောပုံစံဖြင့် မဲဆွယ်စည်းရုံးရခြင်းသည် ရွေးကောက်ပွဲဆိုင်ရာအကြမ်းဖက်မှုများကို ဖြစ်ပွားစေသည့် အကြောင်းရင်း တစ်ရပ်ဟုသိရသည်။ ၎င်းအဆိုအရ “ယခင်နှစ်များနှင့် မတူဘဲ ယခုနှစ်ရွေးကောက်ပွဲကို မတူညီသော အခြေအနေများအောက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ COVID – 19 ကပ်ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကြောင့် ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ မဲဆွယ်စည်းရုံးမှုများကို လွန်စွာများပြားသော ကန့်သတ်ချက်များအောက်တွင် ဆောင်ရွက်ခဲ့ကြရသည့်အတွက် မဲဆွယ်စည်းရုံးရေး ယာဉ်တန်းများနှင့် ပါတီဝန်းရံသူများ၏လှည့်လည်မှုများသည် ကိုယ်စားလှယ်များ၏ မဲဆွယ်စည်းရုံမှုများ နေရာတွင် အစားထိုးဝင်ရောက်လာခဲ့သည်။ သို့သော်လည်း ပါတီဝန်းရံသူများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တိကျသော စည်းမျဉ်းစည်းကမ်းများ မရှိဘဲ လုံခြုံရေး ချထားပေးမှုလည်း မရှိသည်ကိုတွေ့ရသည်။”

## မဲဆွယ်စည်းရုံးစဉ်ကာလ

ပါတီဝန်းရံသူများအတွက် မဲဆွယ်စည်းရုံးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်း အတိအကျထုတ်ပြန်ပေးရန် လိုအပ်သည်မှာမှန်သော်လည်း နိုင်ငံရေးပါတီများကိုယ်တိုင် အနေဖြင့်လည်း မိမိလူမိမိ စည်းကမ်းတကျ ထိန်းသိမ်းရန်ကိစ္စအား အမှုမထားကြသည်ကို တွေ့ရှိရပါသည်။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများအပါအဝင် များစွာသော ပြည်နယ်နှင့် တိုင်းဒေသကြီးများ[137] အပြင် စစ်ကိုင်းတိုင်း နှင့် နေပြည်တော်တို့တွင်ပါ ဖြစ်ပွားခဲ့သည့် USDP ဝန်းရံသူများနှင့် NLD ဝန်းရံသူများအချင်းချင်း ခိုက်ရန်ဖြစ်ပွားသည်ကို လေ့လာကြည့်ပါက ဤအချက်ကို တွေ့မြင်နိုင်ပါသည်။ များစွာသော မဲဆန္ဒနယ်များတွင်ရှိ မဲဆွယ်ပိုစတာများမှာလည်း ဖျက်ဆီးခံခဲ့ရပြီး အများစုမှာ အာဏာရပါတီ၏ ပိုစတာများဖြစ်သည်[138] ။

ရွေးကောက်ပွဲအကြမ်းဖက်မှုများအနက် အပြင်းထန်ဆုံးသော ကိစ္စရပ်တစ်ခုမှာအောက်တိုဘာလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ တောင်ကုတ်မြို့နယ်တွင်း မဲဆွယ်စည်းရုံး

136 https://www.irrawaddy.com/opinion/analysis/myanmar-election-violence-rise-november-vote-nears.html

137 https://www.frontiermyanmar.net/en/political-violence-a-threat-to-myanmars-election/

138 https://www.irrawaddy.com/elections/election-posters-myanmars-ruling-party-vandalized-dozen-locations.html

ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော NLD ကိုယ်စားလှယ်လောင်းသုံးဦးအား ရက္ခိုင့်တပ်မတော် (AA) က ပြန်ပေးဆွဲခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်နီနီမေမြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်ချစ်ချစ်ချော နှင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမင်းအောင်တို့အား stay-at-home အမိန့် ထုတ်ပြန်ထားသည့်တိုင် ရပ်ရွာနေပြည်သူလူထုနှင့် တွေ့ဆုံမှုပြုပြီး လူအများ၏ အသက်အန္တရာယ်ဖြစ်ပွားအောင် ပြုလုပ်သည် ဟု လက်နက်ကိုင်တပ်ဖွဲ့က စွပ်စွဲခဲ့သည်။ ရက္ခိုင့်တပ်မတော် (AA) က ၎င်းတို့နှင့်ဆက်သွယ်သည့်အတွက် ဖမ်းဆီးခံခဲ့ကြရသည့် ရခိုင်နိုင်ငံရေးသမားများနှင့်အရပ်သားများ၊ ငြိမ်းချမ်းရေးအတွက် တောင်းဆိုခဲ့ကြသည့် ဆန္ဒပြကျောင်းသားများတို့အား လွှတ်ပေးပါက ဓါးစာခံများအား လွှတ်ပေးမည်ဟု တောင်းဆိုခဲ့ကြသည်[139] ။

ရွေးကောက်ပွဲနီးကပ်လာသည်နှင့်အမျှ ပြန်ပေးဆွဲခံထားရသော ကိုယ်စားလှယ်လောင်းများ၏ အသက်အန္တရာယ်ကို စိုးရိမ်မိသည်ဟု NLD လူကြီးပိုင်းက ပြောဆိုခဲ့ကြသည်[140]။ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဖမ်းဆီးခံ ကိုယ်စားလှယ်လောင်းများအား အမြန်ဆုံးလွှတ်ပေးရန် NLD က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်[141]။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရက္ခိုင့်တပ်မတော်ကနေ၍ အစိုးရအနေဖြင့် ၎င်း၏ တောင်းဆိုချက်များကို လိုက်လျောပါက ဖမ်းဆီးထားသူများအား လွှတ်ပေးရန်အသင့်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်[142]။ နောက်ဆုံးတွင် ဖမ်းဆီးခံထားရသော ကိုယ်စားလှယ်လောင်းသုံးဦးအား ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်[143] ။

အောက်တိုဘာလ ၂၂ ရက်နေ့တွင် အခြားသောအမှုကြီးတစ်ခုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်ရပ်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုးကျေးရွာတွင် USDP နှင့် NLD ဝန်းရံသူများကြား ခိုက်ရန်ဖြစ်ပွားကြစဉ်အတွင်း လူတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားစဉ်အတွင်း ဆိုင်ကယ်ခုနစ်စီး၊ အိမ်တစ်လုံးနှင့် COVID-19 စစ်ဆေးရေးဂိတ်များ ပျက်စီးခဲ့သည်။ အဆိုပါအမှုအတွက် လူငါးဦးကို စုံစမ်းစစ်ဆေးလျက်ရှိပါသည်[144] ။ NLD ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးမျိုးညွန့်၏အဆိုအရ ဤဖြစ်ရပ်မှာ USDP

139 https://www.irrawaddy.com/elections/arakan-army-admits-abducting-three-myanmar-ruling-party-candidates.html

140 https://www.irrawaddy.com/news/burma/long-silence-abducted-nld-candidates-myanmars-rakhine-state-prompts-fears.html

141 https://www.mmtimes.com/news/nld-calls-release-abducted-candidates-voices-appreciation-over-election-win.html

142 https://www.mmtimes.com/news/myanmars-ruling-party-refuses-negotiate-aa-rakhine-hostages.html

143 https://www.irrawaddy.com/news/burma/aa-frees-three-abducted-nld-members-three-soldiers-myanmars-rakhine-state.html

144 https://www.myanmar-now.org/en/news/usdp-mob-beats-nld-supporter-to-death-during-clash-in-sagaing

နှင့် NLD ဝန်းရံသူများကြား အကြီးအကျယ် ခိုက်ရန်ဖြစ်ပွားမှုသုံးခုအနက် တစ်ခုအပါအဝင် ဖြစ်ပြီး ကျန်နှစ်ခုမှာ ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တို့တွင်ဖြစ်ပွားခဲ့သည်။ ထို့အပြင် "အခြားသော အသေးစားခိုက်ရန်ဖြစ်ပွားမှု များလည်း အကြိမ်များစွာ ဖြစ်ပွားခဲ့[145] " သည်ဟုလည်း ဦးမျိုးညွန့်က ပြောကြားခဲ့ပါသည်။

အောက်တိုဘာလ ၃ ရက်နေ့တွင် မြိုင်မြို့နယ် NLD အမှုဆောင်ကော်မတီဝင် ဦးမြင့်နိုင်နှင့် ရွာသားတစ်ဦးသည် ပါတီမဲဆွယ်စည်းရုံးရေး သီချင်းဖွင့်သည့်ကိစ္စကြောင့် စကားများရာမှ စတင်ကာ လူအယောက် ၁၀၀ ခန့်ပါဝင်သောအုပ်စုက ဦးမြင့်နိုင်၏ နေအိမ်ကို ဝင်ရောက်ဖျက်ဆီးခဲ့ကြသည်။ ဦးမြင့်နိုင်၏ ပြောကြားချက်အရ ရွာသားတစ်ဦးက ၎င်းနေအိမ်သို့လာရောက်၍ သီချင်းပိတ်ပေးရန် ပြောပြီးနောက် ဓါးဖြင့်ခုတ်သည့်အတွက် လည်ပင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ယင်းနောက်တွင် လူများစုဝေး၍ ဦးမြင့်နိုင်၏ အိမ်ကို တုတ်များ၊ ခဲများ၊ မီးစာတပ်ထားသော ဓါတ်ဆီပုလင်းများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ အခင်းဖြစ်ပွားစဉ်အတွင်း ရဲကားတစ်စီးနှင့် လမ်းမီးများ ပျက်စီးခဲ့သည်။ နောက်ဆုံးရရှိသောသတင်းများအရ လူ ၃၂ ဦးကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ တရားစွဲဆိုထားပြီး ယင်းတို့အနက် ၁၉ ဦးမှာ ဖမ်းဆီးခံထားရကြောင်းသိရသည်[146] ။



*အောက်တိုဘာလ ၁၄ရက်နေ့က ပြန်ပေးဆွဲခံခဲ့ရသည့် NLD ကိုယ်စားလှယ်လောင်းသုံးဦး၏ ဓါတ်ပုံအား ရက္ခိုင့်တပ်မတော် (AA) က ထုတ်ပြန်စဉ် ( ဓါတ်ပုံ – ရောဝတီ)*

145 http://mizzima.com/article/three-clashes-break-out-between-nld-and-usdp-supporters

146 https://myanmar-now.org/en/news/police-arrest-19-after-pro-usdp-mob-attacks-home-of-nld-member-in-magwe

အောက်တိုဘာလ ၁၀ ရက်နေ့တွင်လည်း ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်အတွင်းရှိ တာဂွကျေးရွာတွင် စီတန်းလှည့်လည်ရာက ပြန်လာကြသော USDP ဝန်းရံသူများအဖွဲ့သည် NLD ဝန်းရံသူများအား တိုက်ခိုက်ခဲ့ ကြသည်ဟု ကြားသိရသည်။ ဒေသခံ USDP ကိုယ်စားပြုပုဂ္ဂိုလ်များကမူ ၎င်းတို့၏ ဝန်းရံသူများမှာ ဦးစွာ တိုက်ခိုက်ခံခဲ့ရခြင်း ဖြစ်သည်ဟု ဆိုသည်[147] ။ ရွာသား ၁၃ ဦးမှာ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြပြီး တစ်ဦးကိုမူ ဒေသန္တရ ဆေးရုံတွင် ကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ရသည်။ ရဲအရာရှိများ အခင်းဖြစ်ပွားရာသို့ လာရောက်၍ လူအုပ်အားမထိန်းသိမ်းမီတွင် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီးနှင့် အိမ်ခေါင်မိုးများ ပျက်စီးခဲ့သည်။ မူလတွင် USDP ဝန်းရံသူ ၂၆ ဦးအား အမှုဖွင့်ထားသော်လည်း[148] စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ပြီး သဘောတူညီမှုရရှိ၍ အမှုပိတ်သိမ်းခဲ့သည်။

နောက်ထပ် အကြမ်းဖက်ဖြစ်ရပ်တစ်ခုမှာ စက်တင်ဘာလ ၁၆ ရက်နေ့တွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ USDP ယာဉ်တန်းပါလူများက ဆယ်ကျော်သက်လူငယ်များအား ရန်စပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့ကြရာ နှစ်ဘက်လုံး ဒဏ်ရာရရှိခဲ့ကြသည်။ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ NLD ထောက်ခံဝန်းရံသူ တစ်ဦး၏နေအိမ်ကို USDP ဝန်းရံသူများက ခဲများဖြင့် ပစ်ပေါက်နေသည်ကို ဗွီဒီယိုမှတ်တမ်း ရယူနိုင်ခဲ့ရာ အနည်းဆုံးခြောက်ဦးမှာ ဖမ်းဆီးခံခဲ့ရသည်[149] ။

စက်တင်ဘာလအတွင်း တွင်လည်း နေပြည်တော် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေး၏ နေအိမ်တွင် မပေါက်ကွဲသေးသော လက်ပစ်ဗုံးများကိုတွေ့ရှိခဲ့ရသည်။ အဆိုပါ လက်ပစ်ဗုံးနှစ်လုံးကို လမ်းပေါ်မှနေ၍ ခြံဝင်းအတွင်းသို့ ပစ်ထည့်သွားခြင်းဖြစ်သည် ဟု သတင်းဖော်ပြထားသည်။ နိုင်ငံရေးပါတီ မြောက်မြားစွာက COVID–19 ကြောင့် ရွေးကောက်ပွဲအားဆိုင်းငံ့ရန် တင်ပြခဲ့သော်လည်း UEC က ရွှေ့ဆိုင်းမှုမပြုလုပ်ရန် ကြေညာပြီး မကြာမီ၌ ၎င်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်[150] ။

ရွေးကောက်ပွဲမတိုင်မီ နှစ်ရက်အလို နိုဝင်ဘာလ ၆ ရက်နေ့ တွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ခြံဝင်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်[151] ။ သို့ရာတွင်

---

147 https://www.irrawaddy.com/elections/fourteen-nld-supporters-injured-attack-pro-usdp-mob-myanmars-ayeyarwady-region.html

148 https://myanmar-now.org/en/news/26-usdp-supporters-face-charges-after-clash-with-nld-rivals-in-hinthada

149 https://www.irrawaddy.com/elections/violence-erupts-shortly-myanmar-political-parties-hit-campaign-trail.html

150 https://www.irrawaddy.com/elections/second-unexploded-hand-grenade-found-residence-election-official-myanmars-capital.html

151 https://elevenmyanmar.com/news/bomb-blast-hit-bago-election-commission-office-ahead-of-general-election

လူသေဆုံးမှုမရှိခဲ့သလို တိုက်ခိုက်မှုကိုလည်း မည်သူကမျှ ထုတ်ဖော်ကြေညာခဲ့ခြင်းမရှိပေ။ ပဲခူးနှင့်ပတ်ဝန်းကျင် ပြည်နယ်များ/ တိုင်းဒေသကြီးများရှိ မဲရုံးများစွာတို့အား ဗုံးရှာဖွေရေး အဖွဲ့များက သွားရောက်စစ်ဆေးကာ လုံခြုံမှုရှိစေရန် ဆောင်ရွက်ခဲ့ကြရသည်။

ရှမ်းပြည်တောင်ပိုင်းတွင် တအောင်းအမျိုးသားပါတီ (TNP) အား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း၌သာ မဲဆွယ်စည်းရုံးမှုပြုရန် သတိပေးသည့်အနေဖြင့် ဩဂုတ်လ ၁၅ ရက်နေ့ကစတင်၍ သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) က ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟူသော အစီရင်ခံမှုများကို ANFREL က လက်ခံရရှိခဲ့ပါသည်။ RCSS က ဆိုင်းဘုတ်များကို ဖျက်ဆီးခဲ့သည့်အပြင် TNP မဲဆွယ်စည်းရုံးရန် စီစဉ်ထားသည့် ကျေးရွာများကိုလည်း ခြိမ်းခြောက်ခဲ့သည်ဟူသော စွပ်စွဲချက်များကိုလည်း ကြားသိရပါသည်။ ထို့အပြင် တအောင်းအမျိုးသမီး အဖွဲ့အစည်း ကိုလည်း RCSS က ခြိမ်းခြောက်မှုပြုလုပ်ခဲ့ပြီး မိုင်းကိုင်ကျေးရွာများအတွင်း မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဟန့်တားမှုများ ပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များလည်း ရှိခဲ့ပါသည်။

## ရွေးကောက်ပွဲအလွန်

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်တွင် NLD ထောက်ခံသူတစ်ဦး ကျောက်ခဲဖြင့် ထုသတ်ခံခဲ့ရသည်။ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ ဦးအောင်ဇင်ဖြိုးမှာ တကုန်းကြီး ကျေးရွာတွင် ပါတီအနိုင်ရသည့်အတွက် အောင်ပွဲခံနေစဉ် USDP ထောက်ခံသူသုံးဦး၏ ရန်ပြုခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းတို့အနက်တစ်ဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးရမိပြီး လူသတ်မှုဖြင့် တရားစွဲဆိုထားသည်[152] ။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) ၏ အသစ်စက်စက် ရွေးကောက်ခံအမတ် ဦးထိုက်ဇော်အား ကျောက်မဲမြို့နယ်၊ ပင်တိန်ရွာ ရှိ ၎င်း၏ နေအိမ်အပြင်ဘက်တွင် မော်တော်ဆိုင်ကယ်စီးလာသူလူနှစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်[153] ။ အချိန်အနည်းငယ်အကြာ ကျောက်မဲခရိုင်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဆုံးပါးသွားခဲ့သည်။ လုပ်ကြံပစ်ခတ်မှုကို မည်သည့် အဖွဲ့အစည်းကမျှ ထုတ်ဖော်ကြေညာခဲ့ခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖမ်းဆီးမခံရသေးချေ။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လှုပ်ရှားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAO) သုံးခုဖြစ်သော သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ သျှမ်းပြည်

152 https://www.myanmar-now.org/en/news/nld-supporter-beaten-to-death-after-victory-celebration

153 https://www.mmtimes.com/news/nld-mp-elect-shot-dead-kyaukme.html

တိုးတက်ရေးပါတီ/သျှမ်းပြည် တပ်မတော်-မြောက်ပိုင်း (SSPP/SSA-N) နှင့် တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) တို့က အဆိုပါ လုပ်ကြံသတ်ဖြတ်မှု ကို မကျူးလွန်ခဲ့ဟု ငြင်းဆိုထားသည်။ နိုဝင်ဘာ ၂၂ ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) နှင့် တအောင်းအမျိုးသားပါတီ (TNP) တို့က ဦးထိုက်ဇော် လုပ်ကြံသတ်ဖြတ်ခံရသည့် ကိစ္စကို ဝေဖန်ရှုတ်ချပြီး ကျန်ရစ်သူမိသားစုအတွက် ဝမ်းနည်း ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ USDP ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးသိန်းထွန်းဦးက "ပါတီစုံ ဒီမိုကရေစီခေတ်တွင် ဤကိစ္စမျိုးမှာ လက်ခံနိုင်ဖွယ်မရှိ[154] " ဟု ပြောကြားခဲ့သည်။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျောက်မဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးထွန်း၏ နေအိမ်အား မည်သူမည်ဝါမှန်းမသိရသော သေနတ်သမားများက သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ကြသည်။ အဆိုပါပစ်ခတ်မှုသည် ဦးထိုက်ဇော်က မဲအရေအတွက် ၄၅၀ ဖြင့် ကပ်၍ ရွေးကောက်ပွဲအောင်နိုင်ကြောင်း ကြေညာခဲ့ပြီး[155] ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) ၏ အမတ်နေရာကို NLD သို့ ပေးအပ်လိုက်ရသည့်နေ့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဦးစိုးထွန်း၏ပြောကြားချက်အရ မဲရလဒ်များနှင့် ပတ်သက်၍ တရားဝင်တိုင်ကြား မှုများမရှိခဲ့သော်လည်း ကျောက်မဲမြို့နယ်တွင်း ဒေသအချို့တွင် ရွေးကောက်ပွဲ မပြုလုပ်ခြင်း အပေါ် မကျေနပ်မှုများရှိသည်ကိုမူ နားလည်ထားသည်[156] ။

ကျောက်မဲမြို့သည် လွန်ခဲ့သော လအနည်းငယ်အတွင်း တပ်မတော် နှင့် ပြည်သူ့စစ် နှစ်ဖက် လုံးကြောင့် ဒေသခံ ပြည်သူများ နေရပ်စွန့်ခွာရခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ခြင်းတို့ အပါအဝင် အကြမ်းဖက်မှုများ မြင့်တက်လာခဲ့သည့် နေရာတစ်ခု ဖြစ်သည်ကို သတိချပ်သင့်ပါသည်[157] ။ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ အတွင်း တပ်မတော်က အရပ်သားများကို ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း တို့ကြောင့် လူ ၁၀,၀၀၀ ကျော် စုဝေးဆန္ဒပြခဲ့ကြသည်[158] ။ ဤသို့သော အကြမ်းဖက်မှု နောက်ကြောင်းရာဇဝင် ရှိသည့်တိုင် ရွေးကောက်ခံ လွှတ်တော်အမတ်တစ်ဦးအား သတ်ဖြတ်ခြင်းမှာ ဒီမိုကရေစီစနစ် ကို ထိတ်လန့်ဖွယ်ရာ မသိကျိုးကျွံပြုမှုဖြစ်ပြီး ANFREL အနေဖြင့် အပြင်းအထန်ရှုတ်ချပါသည်။ ဦးထိုက်ဇော်၏ အမျိုးသားလွှတ်တော်အမတ်ရာထူးမှာ ကြားဖြတ်ရွေးကောက်ပွဲ မကျင်းပမီ အချိန်အထိ လစ်လပ်နေတော့မည်ဖြစ်ပြီး ဥပဒေအရ အနည်းဆုံး အချိန်တစ်နှစ် ကြာမြင့် တော့မည်ဖြစ်ကာ ဒေသတွင်းတည်ငြိမ်မှုမရှိသည့်အတွက် အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်း ခံရနိုင်ခြေလည်းရှိပါသည်။

154 https://www.rfa.org/english/news/myanmar/shooting-death-11232020183542.html

155 https://www.mmtimes.com/news/tension-high-shan-town-amid-winning-nld-bet-killing.html

156 https://english.shannews.org/archives/22141

157 https://thediplomat.com/2020/08/myanmars-ceasefire-falls-apart-in-shan-state/

158 https://www.bnionline.net/en/news/more-10000-people-protest-burma-army-violence-kyaukme

## နိဂုံးချုပ်

ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုနှင့် ရွေးကောက်ပွဲအလွန်ကာလပတ်ဝန်းကျင်မှာ မြန်မာနိုင်ငံ ဒေသအများစုတွင် တည်ငြိမ်အေးချမ်းလျက်ရှိရာ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အကြမ်းဖက်မှု မြင့်တက်လာသည့်အခါ ANFREL အနေဖြင့် အံ့ဩထိတ်လန့်ခဲ့ရပါသည်။ ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်မှုအရေအတွက်မှာ အထူးတလည် မြင့်တက်လာခဲ့ပြီး အခင်းဖြစ်ပွားမှုအများစုမှာ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများ တနည်းအားဖြင့် ပဋိပက္ခဒဏ်မခံရသောဒေသများတွင် အထင်ကရပါတီကြီးနှစ်ခုက ဝန်းရံသူများကြား အများဆုံးဖြစ်ပွားခြင်းဖြစ်သည်။ အကြမ်းဖက်မှုများအတွက် တာဝန်ရှိသူများအား တာဝန်ခံစေရန်နှင့် ၎င်းဖြစ်ရပ်မျိုး နောင်အနာဂတ်တွင် ထပ်မံမဖြစ်ပွားအောင် ကာကွယ်ရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သင့်ပါသည်။ မဲဆန္ဒရှင်များ၊ မဲဆွယ်စည်းရုံးမှုပြုလုပ်သူများနှင့် ကိုယ်စားလှယ်များအား အကြမ်းဖက်တစ္ဆေခြောက်လှန့်နေပါက မျှတသော ရွေးကောက်ပွဲယှဉ်ပြိုင်မှု မဖြစ်ပေါ်နိုင်ပေ။
ထို့အပြင် ရခိုင်ပြည်နယ်အတွင်း ကိုယ်စားလှယ်လောင်းသုံးဦး ပြန်ပေးဆွဲခံရမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းက ရွေးကောက်ခံအမတ်အား လက်သည်မပေါ်ဘဲ လုပ်ကြံသတ်ဖြတ်မှုတို့မှာ (ဒေသနှစ်ခုလုံးမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တက်ကြွလှုပ်ရှားရာနယ်မြေများဖြစ်ကြသည်) နိုင်ငံအဝှမ်း လုံလောက်မှုမရှိသော လုံခြုံရေးအခြေအနေများကြား ရွေးကောက်ပွဲများကျင်းပရာတွင် ဖြစ်ပေါ်တတ်သည့် စိန်ခေါ်မှုများကို ပြသလျက်ရှိပါသည်။ မဲဆွယ်စည်းရုံးရေး ပတ်ဝန်းကျင်အား ချုပ်ခြယ်မှုများ၊ မလျော်ကန်သော ဩဇာများအောက်က ကင်းလွတ်စေပြီး ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲလုပ်ငန်းစဉ်များက တဆင့်မိမိစိတ်ဆန္ဒကို ဖော်ပြလိုသော ဒေသခံပြည်သူများ၏ အခွင့်အရေးများကို လေးစားသမှုပြုပေးကြပါရန် နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားလက်နက်ကိုင်များ အားလုံးတို့အား ကျွန်ုပ်တို့အနေဖြင့် တောင်းဆိုလိုပါသည်။

အထက်ဖော်ပြပါ အကဲဖြတ်မှုဖြစ်စဉ်တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်၏ အကြမ်းဖက်အာဏာသိမ်းယူမှု နှင့် ၎င်းအာဏာသိမ်းမှု နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကြသူများ၊ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ဖိနှိပ်ချုပ်ခြယ်ခြင်း အပေါ် အမြင်ကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။ စစ်တပ်အုပ်ချုပ်မှုအောက်တွင် အကြောင်းအရင်းမရှိဘဲ ဒါဇင်နှင့်ချီသော လူပေါင်းများစွာ သတ်ဖြတ်ခံရခြင်းနှင့် ရာပေါင်းများစွာသောသူများသည် ဥပဒေနှင့်အညီ မဟုတ်ဘဲ ဖမ်းဆီးထိန်းသိမ်းခံထားရသည်။ အားလုံးမှာ ယခင်ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှု ကိစ္စရပ်များ၏ အရိပ်လွှမ်းမိုးနေခြင်း ဖြစ်ပေသည်။ ပြန်လှန်စဉ်းစားကြည့်ပါက ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသရှိ အင်အားအကြီးဆုံး ပါတီကြီးနှစ်ခု ၏ ဝန်းရံထောက်ခံသူများအကြား ဖြစ်ပွားသည့် အကြမ်းဖက်မှု

ပိုမိုပြင်းထန်လာရခြင်းသည် တင်းမာမှုများ ဆက်လက်မြင့်မားနေပြီး အဆိုပါ ခေါင်းမာသူများက ရွေးကောက်ပွဲလုပ်ငန်းစဉ်များက တဆင့် အငြင်းပွားမှုကို ဖြေရှင်းခြင်းထက် လူကိုယ်တိုင် ထိပ်တိုက် ရင်ဆိုင်ဖြေရှင်းခြင်းကို စိတ်အားထက်သန်နေကြကြောင်းကို ပြသခဲ့သည်။ ပြည်သူများက ၎င်းတို့၏ အတွေးအမြင်များအား တန်ပြန် တုန့်ပြန်မှု များကို ကြောက်ရွံ့ရခြင်းမျိုး မရှိဘဲ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရသော စစ်မှန်သော ဒီမိုကရေစီ ပတ်ဝန်းကျင်တစ်ခုအားဖော်ဆောင်ရာတွင် ယင်းကဲ့သို့သော သွေးဆူလွယ်သည့် ပတ်ဝန်းကျင် အခင်းအကျင်းသည် အသုံးမဝင်ပေ။

# အခန်း ၇ ကြိုတင်မဲ

## ဥပဒေ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲနေ့၌ မိမိကိုယ်ပိုင်မဲဆန္ဒနယ်အတွင်း မဲပေးနိုင်ခြင်း မရှိသူများအတွက် ကြိုတင်မဲပေးခွင့် ပြုထားပါသည်။ ရွေးကောက်ပွဲဥပဒေပုဒ်မ (၄၅) အရ ကြိုတင်မဲ အမျိုးအစားနှစ်ရပ် ကို သတ်မှတ်ပေးထား ပါသည်။ ပထမတစ်ခုမှာ ရွေးကောက်ပွဲနေ့တွင် ခရီးလွန်နေမည့်မဲဆန္ဒရှင်များ၊ မသန်စွမ်းသူများ (သို့မဟုတ်) အပြင်းအထန်နာမကျန်းဖြစ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မီးဖွားပြီးစ အမျိုးသမီးများ၊ အချုပ်ကျခံနေရသူများ၊ ဆေးရုံတက်နေသည့် အတွင်းလူနာများနှင့် အစိုးရဝန်ထမ်းများ၊ တာဝန်ကျ စစ်ဘက် (သို့မဟုတ်) ရဲဘက်ဝန်ထမ်းများ အစရှိသော မဲဆန္ဒရှင်များအတွက် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခွင့်ဖြစ်ပြီး ဒုတိယတစ်ခုမှာ နိုင်ငံရပ်ခြားတွင်နေထိုင်သူများ (သို့မဟုတ်) မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ အချုပ်ကျခံနေရသူများ၊ ဆေးရုံတွင် တက်ရောက် ကုသနေသည့် အတွင်းလူနာများ၊ တပ်မတော်သားများနှင့် အတူနေမိသားစုဝင်များ၊ တာဝန်ကျအစိုးရဝန်ထမ်းများအတွက် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခွင့်တို့ဖြစ်ကြပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို COVID-19 ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလအတွင်း ကျင်းပပြုလုပ် ရသည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မဲဆန္ဒရှင်များ၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်နိုင်ရန်အတွက် UEC က ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ထူးခြားသော အပြောင်းအလဲများ ပြုလုပ်ပေးခဲ့သည်။ အောက်တိုဘာလ (၁၀) ရက်နေ့တွင် အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (stay-at-home) အမိန့်ထုတ်ပြန်ထားသော မြို့နယ်တစ်ခုခုတွင်နေထိုင်သူဖြစ်စေ၊ လူဦးရေထူထပ်သောမြို့နယ်တစ်ခုခုတွင် နေထိုင်သူ ဖြစ်စေ အောက်တိုဘာလ (၂၉) ရက်နေ့မှ နိုဝင်ဘာလ (၅) ရက်နေ့အတွင်းတွင် ၎င်းတို့နေအိမ်တွင် မဲပေးနိုင်မည် ဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။[159] အခြားသောဒေသများတွင်မူ သက်ကြီးရွယ်အိုမဲဆန္ဒရှင်များ အနေဖြင့် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တွင် သွားရောက်မဲပေးနိုင်သကဲ့သို့ မဲရုံသို့မသွားရောက်နိုင်ပါကလည်း နေအိမ်ကမဲပေးရန် လျှောက်ထားနိုင်သည်[160]။ အသက် ၆၀ ကျော် မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့တွင်မဲပေးလိုပါက

159 Defined as above 5,000 people per square kilometer. There are 29 such townships in Yangon region and five in Mandalay region.

160 https://www.gnlm.com.mm/announcement-for-advance-voting-rights-of-elderly-persons/




ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် မဲရုံဝန်ထမ်းများ ကြိုတင်မဲလိုက်လံကောက်ယူခြင်းအား
အောက်တိုဘာလ ၃၁ ရက်နေ့က တွေ့ရစဉ်

မဲသွားရောက်ပေးနိုင်သော်လည်း ပိုမို၍လုံခြုံစိတ်ချရပြီး ဗိုင်းရပ်ပိုးကူးစက်မှုနည်းပါးမည့် နည်းလမ်းတစ်သွယ် ဖော်ဆောင်ပေးသော UEC ၏ ဆောင်ရွက်ချက်မှာ ချီးကျူးဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အသက် ၆၀ နှင့်အထက် လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၅.၁ သန်းခန့် ရှိပြီး ယင်းမှာ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါးမျှရှိသည်[161] ။

နိုင်ငံအဝှမ်းတွင် ရှိသော အသွားအလာ ကန့်သတ်၍ စောင့်ကြပ် ကြည့်ရှုသည့် နေရာ (quarantine centre) များရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးနိုင်ရန်အတွက်လည်း UEC က စီစဉ်ပေးခဲ့ပါသည်။ Quarantine centre များ အားလုံးသည် မဲဆန္ဒနယ် အတွင်းနှင့်ပြင်ပ ကြိုတင်မဲပေးမည့် quarantine ဝင်လျက်ရှိသော မဲဆန္ဒရှင်များ စာရင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည့် တာဝန်ရှိသည်။ ထို့နောက် မဲပေးသည့် လုပ်ငန်းစဉ်ကို အောက်တိုဘာလ (၂၅) ရက်မှ နိုဝင်ဘာလ (၇) ရက်နေ့အတွင်း နေ့ရက်နှင့် အချိန်ကို အတိအကျသတ်မှတ်၍ quarantine centre များတွင် ကျင်းပပြုလုပ်ရသည်။

မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းကို နိုင်ငံအဝှမ်းတွင် အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြုလုပ်ပေးခဲ့သည်။ COVID–19 ကူးစက်မှုနှုန်း ပြည်တွင်း၌ မြင့်တက်လာသောအခါ COVID–19 ကူးစက်ပြန့်နှံ့မှုကို တားဆီးရန်ရည်ရွယ်၍ ခရီးသွားလာခွင့်များ ကန့်သတ်ထားသောကြောင့် သက်ဆိုင်ရာ မဲဆန္ဒနယ်သို့ မပြန်နိုင်ကြသည့် မဲဆန္ဒရှင်များ မဲပေးခွင့် မဆုံးရှုံးစေရန် အတွက် UEC က မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းကို တိုးချဲ့ဆောင်ရွက်ရန် အောက်တိုဘာလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်[162] ။ အဆိုပါ မဲဆန္ဒရှင်များ အနေဖြင့် မဲပေးခွင့်ရရန်အတွက် ကြိုတင်မဲပေးခွင့်လျှောက်လွှာ (ပုံစံ ၁၅) ဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အောက်တိုဘာလ ၂၅ ရက်နေ့အမီ လျှောက်ထားနိုင်သည်။ ဤအစီအစဉ်မှာ ရွေးကောက်ပွဲဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း မဲဆန္ဒရှင်များ၏ မဲပေးခွင့် မဆုံးရှုံးရစေရန်အတွက် ရွေးကောက်ပွဲ စီမံခန့်ခွဲရေးအဖွဲ့အစည်းက ပြုလုပ်ပေးသော လက်ခံကြိုဆိုရမည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။

ဆန္ဒမဲပေးရာ၌ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်ကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) က ထုတ်ပြန်ထားသော စံလုပ်ငန်းလမ်းညွှန်ချက်များ (SOP) နှင့်အညီ လိုက်နာ ဆောင်ရွက်ခဲ့ကြရပါသည်။ SOP အရ မဲဆန္ဒရှင်များ အားလုံးသည် ပါးစပ်နှင့်နှာခေါင်းစည်းများ စနစ်တကျ ဝတ်ဆင်ထားရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေရန်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား (NRC) များကို ပလတ်စတစ် ကဒ်ပြားထဲထည့်၍ပြသရန်၊ မဲမပေးမီနှင့်မဲပေးပြီးနောက်တွင် လက်သန့်ဆေးအသုံးပြု၍ လက်ဆေးရန် လိုအပ်ပါသည်။ ဆေးရုံတက်နေရသော COVID–19 လူနာများ ကြိုတင်မဲပေး

161 https://www.irrawaddy.com/elections/election-2020-week-review-10.html

162 https://www.gnlm.com.mm/announcement-on-advance-voting-for-local-voters-outside-their-constituencies-in-2020-general-election/

နိုင်ရန် ဆောင်ရွက်ပေးကြသော မဲရုံဝန်ထမ်းများအနေဖြင့်လည်း PPE ဝတ်စုံများ အပြည့်အစုံ ဝတ်ဆင်ခြင်း၊ ဘောပင်များနှင့် တံဆိပ်တုံးများကို တစ်ကြိမ်သုံးပြီးတိုင်း စွန့်ပစ်ခြင်းနှင့် ကြိုတင်မဲပါ စာအိတ်များကို သီးသန့်အခန်း (Isolation Room) ထဲက ထုတ်ယူရာတွင် ပိုးသတ်ခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။



*ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မဲဆန္ဒရှင်တစ်ဦးက ကြိုတင်မဲပေးနေသည်ကို အောက်တိုဘာလ ၂၉ ရက်နေ့က တွေ့ရစဉ်*

## မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ နိုင်ငံရပ်ခြားတွင် နေထိုင်လျက် ရှိသည့် မြန်မာနိုင်ငံသား ၁၀၉,၄၇၀ ဦး ကြိုတင်မဲပေးရန် စာရင်းပေးသွင်းခဲ့ကြသည်[163]။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၃၄,၆၉၇ ရှိရာမှ သုံးဆ တိုးပွားလာသည့်အတွက် နိုင်ငံရပ်ခြားတွင် ရွှေ့ပြောင်းနေထိုင်သူများကြား မဲဆန္ဒရှင် အသိပညာ တိုးပွားလာသည်ကို ဖော်ပြလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံရပ်ခြားတွင် နေထိုင်လျက်ရှိသည့် မြန်မာနိုင်ငံသား ခန့်မှန်းအရေအတွက် လေးသန်းနှင့် နှိုင်းယှဉ်ကြည့်ပါက စာရင်းရှိ မဲဆန္ဒရှင် ပမာဏမှာ

163 https://www.irrawaddy.com/elections/myanmars-election-body-faces-crisis-confidence-ahead-election.html

လွှန်စွာနည်းပါးလျက် ရှိနေပါသေးသည်[164]။ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင် ပြည်ပရောက် မြန်မာနိုင်ငံသား အများဆုံး နေထိုင်လျက်ရှိကြရာ ထိုင်းတွင် ၃ သန်း[165] နီးပါးရှိရာ မဲဆန္ဒရှင် ၃၉,၀၀၀[166] နှင့် မလေးရှားတွင် ၆၀၀,၀၀၀[167] အနက် ၆,၀၀၀ သာ မဲပေးရန် စာရင်းပေးသွင်းခဲ့ကြသည်။ ထို့အပြင် လျှောက်လွှာ ၈,၀၀၀ နီးပါးကိုလည်း UEC က ပယ်ချခဲ့သည်ဟု သတင်းထွက်ပေါ်ခဲ့ပြီး အများစုမှာ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အတည်ပြုချက်ရယူရန် ပေးပို့ခဲ့ခြင်း မရှိခြင်းကြောင့်ဖြစ်သည်[168] ။ နောင်တွင် ဤသို့သော ဖြစ်ရပ်များ ထပ်မံမဖြစ်ပွားရအောင် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အမှားအယွင်း ဖြစ်ပေါ်စေခဲ့သည့် အကြောင်းရင်းကို စနစ်တကျ စုံစမ်းစစ်ဆေးသင့်ပါသည်။

စက်တင်ဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၂၇ ရက်နေ့အတွင်း ကမ္ဘာအဝှမ်းရှိ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ရုံး (၄၅) ခုတို့တွင် မဲပေးခွင့်ရှိသူ ပြည်ပရောက်မဲဆန္ဒရှင်ပေါင်း ၇၀,၀၀၀ ကျော် မဲပေးခဲ့ကြသည်။ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင် သံရုံးနှင့်ခရီးကွာလှမ်းလွန်းသည့် ရွှေ့ပြောင်းအလုပ်သမားများအတွက် မဲရုံများထပ်တိုးဖွင့်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း အများပြည်သူကျန်းမာရေးကို ငဲ့ကွက်၍ မလိုက်လျောနိုင်ခဲ့ပါ[169] ။ မဲရုံများသည် ဘန်ကောက်၊ ချင်းမိုင်နှင့် ကွာလာလမ်ပူမြို့ များတွင်သာ တည်ရှိကြသည့်အတွက် ထိုင်းနိုင်ငံ တောင်ပိုင်းပြည်နယ်များနှင့် မလေးရှားနိုင်ငံ အရှေ့ပိုင်းတို့တွင်နေထိုင်ကြသော မြန်မာနိုင်ငံသားများမှာ မဲပေးရာ၌ အခက်အခဲများ ကြုံတွေ့ကြရသည်။

ပြည်ပရောက်မဲဆန္ဒရှင်များကြား လာရောက်မဲပေးသူအရေအတွက် နည်းပါးသည့်ကိစ္စအပြင် နောက်ထပ် ကိစ္စတစ်ခုမှာ မဲရုံအရေအတွက် နည်းပါးလွန်းသည့်အတွက် တန်းစီစောင့်ဆိုင်းရသည့် လူတန်းကို ရှည်လျားစေခြင်းဖြစ်သည်။ ANFREL က အင်တာဗျူးခဲ့သော ဘန်ကောက်ရှိ ကြိုတင်မဲပေးသူများ၏ ပြောကြားချက်အရ ဆယ်နာရီကြာသည်အထိ စောင့်ဆိုင်းကြရသည်ဟု သိရသည်။ အချို့သော သံရုံးများသည် မဲဆန္ဒရှင် အရေအတွက်များများ လက်ခံပေးနိုင်ရန်စီစဉ်ခဲ့ကြသည်။ သာဓကအားဖြင့် မလေးရှားနိုင်ငံနှင့် တောင်ကိုးရီးယားနိုင်ငံတို့ရှိ

164 https://www.irrawaddy.com/elections/many-myanmar-migrants-in-thailand-to-be-denied-vote-as-extra-polling-stations-ruled-out.html

165 https://www.mmtimes.com/news/embassies-urge-myanmar-expats-register-vote.html

166 http://www.mizzima.com/article/situation-casting-absentee-ballots-foreign-countries-myanmar-nationals

167 https://www.mmtimes.com/news/advance-voting-malaysia-set-october-9-11.html

168 https://www.irrawaddy.com/elections/myanmars-election-body-faces-crisis-confidence-ahead-election.html

169 https://www.irrawaddy.com/elections/many-myanmar-migrants-in-thailand-to-be-denied-vote-as-extra-polling-stations-ruled-out.html

သံရုံးများသည် ကြိုတင်မဲပေးသည့်ကာလကို တစ်ရက်ထပ်တိုးပေးခဲ့ပြီး[170] ၊ စင်ကာပူနိုင်ငံရှိ သံရုံးသည် မဲပေးသည့်အချိန်ကို နေ့စဉ်တစ်နာရီ ထပ်တိုးပေးခဲ့သည်[171] ။

မြန်မာနိုင်ငံအတွင်းတွင်လည်း တပ်မတော်သားများနှင့် ၎င်းတို့၏အတူနေမိသားစုဝင်များ၊ ကျောင်းသားများ၊ အချုပ်ကျနေရသူများ၊ ဆေးရုံတွင်တက်ရောက်နေသော အတွင်းလူနာများနှင့် အစိုးရဝန်ထမ်းများအတွက် မဲဆန္ဒနယ်ပြင်ပကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်ကို အောက်တိုဘာလ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့ကြသည်။ UEC ၏ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကိုယ်စား မဲပေးသည့်လုပ်ငန်းစဉ် ကို သက်ဆိုင်ရာအဖွဲ့အစည်းဌာနများက ကြီးကြပ်ပေးခဲ့ကြပါသည်။ ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများကြောင့် ANFREL အနေဖြင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်ကို လေ့လာနိုင်ခြင်းမရှိခဲ့ပါ။ သို့သော်လည်း မစ်ရှင်အဖွဲ့ အင်တာဗျူးခွင့်ရခဲ့သော ဆက်စပ်ပတ်သက်သူများ၏ မှတ်ချက်များအရ ဤလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီး တစ်ခုလုံး၏ ထင်သာမြင်သာမရှိဆုံးသော အစိတ်အပိုင်းဖြစ်သည်ဟုသိရသည်။ မဲပေးသည့်ကာလပြီးဆုံးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ချိတ်ပိတ်ထားမှုမရှိသောစာအိတ်များဖြင့် တပ်မတော်သားများ၏ ဆန္ဒမဲ (၅၈) စောင်ကို လက်ခံရရှိခဲ့ပြီး ၎င်းမဲလက်မှတ်ကိုထည့်သွင်းမရေတွက်ရန် ကနဦး၌ဆုံးဖြတ်ခဲ့ကြသည်[172] ။နောက်မှသာ UEC ၏ ဆုံးဖြတ်ချက်ကိုပြင်ဆင်ပြီး အဆိုပါ မဲလက်မှတ်များကို ထည့်သွင်းရေတွက်ရန် ဆုံးဖြတ်ခဲ့သည်[173] ။

သတိပြုရမည့်ကိစ္စမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်ကို စက်တင်ဘာလ ၂၄ ရက်နေ့ကတည်းက စတင်ခဲ့ခြင်းဖြစ်သော်ငြားလည်း အချို့ဒေသများတွင် ရွေးကောက်ပွဲ ရွှေ့ဆိုင်းသည့်ကြေညာချက်များမှာ အောက်တိုဘာလ ၁၆ ရက်နှင့် ၂၇ ရက်တို့တွင်သာ ထွက်ပေါ်လာခဲ့သည့် အတွက် ယင်းဒေသများရှိ ကြိုတင်မဲဆန္ဒရှင်များ၏ မဲများမှာ ပျက်ပြယ်သွားခဲ့သည်။ ထို့အပြင် အောက်တိုဘာလ အတွင်း ကိုယ်စားလှယ်လောင်း ၁,၂၀၀ နီးပါးခန့်ကို အကြောင်းအမျိုးမျိုးကြောင့် ကိုယ်စားလှယ်လောင်း အဖြစ်က ဖျက်သိမ်းခဲ့သည့်အတွက် ၎င်းတို့အားပေးထားသော ကြိုတင်မဲများမှာ ပယ်မဲများဖြစ်သွားပြီး မဲဆန္ဒရှင်များအား မဲပေးခွင့်ဆုံးရှုံးစေခဲ့သည်။

170 https://www.irrawaddy.com/elections/myanmar-embassies-malaysia-south-korea-add-extra-voting-days.html

171 https://www.mmtimes.com/news/myanmar-embassy-extends-voting-hour-accommodate-more-voters-singapore.html

172 https://www.irrawaddy.com/elections/myanmar-militarys-advance-votes-discounted-violating-electoral-law.html

173 https://elevenmyanmar.com/news/uec-decides-to-count-unsealed-envelopes

## မဲဆန္ဒနယ်အတွင်း ကြိုတင်မဲများ

ရွေးကောက်ပွဲလေ့လာသူများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များမှာ နိုင်ငံအဝှမ်းတွင် ရွေးကောက်ပွဲလေ့လာရန် အခွင့်အရေးရခဲ့ကြပါသည်။ ANFREL ၏ ရွေးကောက်ပွဲ လေ့လာသူများ၏ အစီရင်ခံချက်များအရ ကြိုတင်မဲပေးသည့် လုပ်ထုံးလုပ်နည်းများသည် UEC ၏ လမ်းညွှန်ချက်များကို တသမတ်တည်း လိုက်နာခြင်းမရှိဘဲ မဲရုံဝန်ထမ်းများသည်လည်း လုံလောက်သော လေ့ကျင့်သင်ကြားမှု ရှိထားကြဟန်မတူချေ။ သာဓကအားဖြင့် တခါတရံ မဲရုံဝန်ထမ်းများသည် မဲဆန္ဒရှင်များကို မဲလက်မှတ်သုံးခုတစ်ခါတည်းပေးလိုက်ခြင်း၊ မဲပုံးများအား စနစ်တကျ ချိတ်ပိတ်ခြင်းကို အမြဲတစေ ပြုလုပ်မထားခြင်း၊ မဲပေးသူများအတွက် ဆန္ဒမဲပါသည့် စာအိတ်များကို ပိတ်ရန် ကော်ဘူးမပေးထားခြင်းတို့ကို တွေ့ရှိရပါသည်။ အစောပိုင်းထုတ်ပေးသည့်စာအိတ်များသည် စုတ်ပြဲလွယ်ပြီး ထူထူထဲထဲ မရှိသည့်အတွက် စာအိတ်အရည်အသွေး နှင့် ပတ်သက်ပြီး ဝေဖန်မှုများစွာထွက်ပေါ်ခဲ့သေးသည်။ သို့သော်လည်း ယင်းသို့သော ပြဿနာအချို့ကို UEC က ချက်ခြင်းသိရှိဖြေရှင်းခဲ့ပြီး စာအိတ်ပွင့်နေသော၊ ကော်စွန်းပေနေသော (သို့မဟုတ်) စာအိတ်ဖွင့်ဖောက်သောအခါ မတော်တဆ ပျက်စီးသွားသော ဆန္ဒမဲ များကို မဲရေတွက်စဉ် အတွင်း




*ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ မသန်စွမ်းမဲဆန္ဒရှင်တစ်ဦးက မိသားစုဝင်များ၏အကူအညီဖြင့် ကြိုတင်မဲပေးနေသည်ကို နိုဝင်ဘာလ ၁ ရက်နေ့က တွေ့ရစဉ်*

ပယ်မဲ အဖြစ် ယူဆမည် မဟုတ်ကြောင်း  အောက်တိုဘာလ (၃၀) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်[174] ။



ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်ရှိ ကွာရန်တင်းစင်တာတစ်ခုတွင် မဲရုံဝန်ထမ်း (ဝဲ)မှ မဲဆန္ဒရှင်(ယာ)အား မဲလက်မှတ်အား ပြသနေသည်ကို နိုဝင်ဘာလ ၂ ရက်နေ့ကတွေ့ရစဉ်

ယခင် ရွေးကောက်ပွဲများတွင် ကဲ့သို့ပင် ရောဂါ ကူးစက်နိုင်ခြေ / ထိခိုက်နိုင်ချေ အများဆုံးသော မဲဆန္ဒရှင်များထံ ရွေ့လျားမဲရုံများ အသုံးပြု၍ တစ်အိမ်တက် တစ်အိမ်ဆင်း ဆန္ဒမဲကောက်ယူခြင်းကို အသုံးပြုခဲ့ကြပါသည်။ လူအများ မဲပေးခွင့် ရစေရေး အတွက် ပြုလုပ်သော ဤဆောင်ရွက်ချက်ကို ANFREL အနေဖြင့် ကြိုဆိုသော်လည်း လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ အဆိုပါ ရွေ့လျားမဲရုံ များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီး၏ အားအနည်းဆုံးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို တွေ့ရသည်။ လက်တွေ့တွင်လည်း အချို့သော မဲရုံဝန်ထမ်းများသည် ချိတ်ပိတ်ထားခြင်း မရှိသော မဲပုံးများကိုအသုံးပြုခြင်း၊ ဆန္ဒပြုထားသောမဲလက်မှတ်များထည့်သွင်းထားသည့် စာအိတ်များကို ပိုမိုကြီးသော စာအိတ်အကြီး၊ ပလတ်စတစ်အိတ်တို့ထဲတွင်သာမက ဆန်ထည့်သည့် ပီနံအိတ်များထဲတွင်ပါ ထည့်သွင်း သိမ်းဆည်းသည်ကို တွေ့ရှိရသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် မဲရုံဝန်ထမ်းများက အနီးအနားရှိ ဆေးရုံသို့ဝင်၍ ကြိုတင်မဲကောက်ခံနေစဉ် ဆန္ဒပြုထားသော မဲလက်မှတ်များပါသည့်မဲပုံးတစ်ခုကို ထရပ်ကားပေါ်တွင် အစောင့်အကြပ်မရှိဘဲ ချန်ထားခဲ့သည်ကိုတွေ့ရှိရပါသည်။ မြောက်များစွာသော မဲဆန္ဒရှင်များ မဲပေးခွင့်ရကြစေရန် ရည်ရွယ်၍ ကြိုတင်မဲပေးသည့်ကာလကို အချိန်ကပ်၍တိုးမြှင့်လိုက်သည့်အတွက် များပြားလှစွာသောကြိုတင်မဲများ ကောက်ယူနိုင်ရန်အတွက် ရွေးကောက်ပွဲနေ့တွင်သာအသုံးပြုရန် လျာထားသည့် မဲပုံးများနှင့်အခြားပစ္စည်းများကို မဲရုံဝန်ထမ်းများက သမရိုးကျအနေဖြင့် သုံးစွဲနေခြင်းကို တွေ့ရှိခဲ့ရသည်။

174 https://www.uec.gov.mm/news_preview_detail.php?action=news_detail1&news_id=ULw22%2FBwRaNX3REKtJDtzzLt9rUGF7An0u1iGS5ZyL8%3D



*ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တွင် သက်ကြီးမဲဆန္ဒရှင်တစ်ဦးမဲပေးရန် မဲရုံဝန်ထမ်းမှ ပြင်ဆင်ပေးနေသည်ကို နိုဝင်ဘာလ ၂ ရက်နေ့က တွေ့ရစဉ်*

သွားရောက်လေ့လာခဲ့သည့် ကြိုတင်မဲပေးသည့် မဲရုံအချို့တွင် လျှို့ဝှက်ဆန္ဒမဲပေးခြင်း နှင့် စပ်လျဉ်းသည့် ပြဿနာများကို ကြားသိခဲ့ရပါသည်။ မဲရုံအချို့တွင် ဆန္ဒပြုခန်းများ စီစဉ်ထားပုံမှာ လုံလောက်သော လျှို့ဝှက် လုံခြုံမှု မရရှိစေဘဲ နေအိမ်က မဲပေးသူများ အနေဖြင့်လည်း မဲလက်မှတ်အပေါ် ဆန္ဒပြုရာ၌ လျှို့ဝှက်လုံခြုံစွာ ပြုလုပ်ဖို့ရာ အခွင့်အလမ်းနည်းပါးကြောင်းသိရှိခဲ့ရသည်။ စိုးရိမ်စရာအကောင်းဆုံးမှာမူ COVID – 19 လူနာများအား ဆေးကုသမှုပေးရာ quarantine centre များနှင့် ဆေးရုံများရှိ မဲပေးသည့် လုပ်ထုံးလုပ်နည်းများ ဖြစ်ကြသည်။ အချို့သောဒေသများက ANFREL လေ့လာသူများ၏ ကြားသိခဲ့ရ၊ လူကိုယ်တိုင်မြင်တွေ့ခဲ့ရသည်မှာ quarantine centre များရှိ မဲဆန္ဒရှင်များမှာ မဲလက်မှတ်များကို ၎င်းတို့ကိုယ်တိုင် ဆန္ဒပြုခွင့်မရှိဘဲ မဲရုံဝန်ထမ်းအား ၎င်းတို့ရွေးချယ်လိုသည့် ပါတီနှင့်ကိုယ်စားလှယ်လောင်းကို ပြောကြားပြီး တံဆိပ်တုံးနှိပ်ခိုင်းရခြင်း ဖြစ်သည်။

ဤလုပ်ထုံးလုပ်နည်းသည် နိုင်ငံတကာစံနှုန်းများနှင့်မကိုက်ညီသည်မှာ အထင်အရှားပင်ဖြစ်သော်လည်း ရွေးကောက်ပွဲတာဝန်ရှိသူများဘက်က လက်ခံပေးနိုင်သည်မှာ အံ့အားသင့်စရာကောင်းလှပါသည်။ COVID–19 ရောဂါကူးစက်ပြန့်ပွားမှုက ကာကွယ်လိုသည်ကို နားလည်ပေးနိုင်ပါသော်လည်း quarantine ဝင်နေရသည့် လူနာများနှင့် မဲဆန္ဒရှင်များ၏ လျှို့ဝှက်လုံခြုံမှုကို မထိခိုက်စေဘဲ မဲပေးခွင့် ရရှိစေမည့် ပိုမိုကောင်းမွန်သော လုပ်ထုံးလုပ်နည်းများကို အကောင်အထည် ဖော်သင့်ပါသည်။ သို့သော် အရေးတကြီးသတိပြုသင့်သည့် ကိစ္စမှာ

ANFREL လေ့လာသူများက အစီရင်ခံတင်ပြလာသည့် အကြိမ်တိုင်းတွင် မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲပေးနိုင်ကြပြီး၊ မည်သည့်အခါတွင်မျှ ရွေးကောက်ပွဲတာဝန်ရှိသူများ (သို့မဟုတ်) အခြားမည်သူ တစ်ဦးတစ်ယောက် ၏ မလျော်ညီသောလွှမ်းမိုးမှုဖြင့် မဲပေးရသည့် အနေအထားကိုမတွေ့ရှိခဲ့ရကြောင်းသိရှိရပါသည်။ COVID-19 လူနာများနှင့် quarantine ဝင်လျက်ရှိသူများအား မဲပေးခွင့်ပြုလိုက်ခြင်းမှာ ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ အတွက် စိန်ခေါ်မှု ကြီးမားသော တာဝန်တစ်ရပ်ဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံတွင် ယင်းသို့သော မဲဆန္ဒရှင်များ မဲပေးခွင့် ဆုံးရှုံးခဲ့ကြရသည် ကိုလည်း ANFREL အနေဖြင့် မကြာသေးမီက တွေ့ရှိခဲ့ရပါသည်[175] ။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ဤဖြစ်စဉ်တွင် ပိုမိုကောင်းမွန်သည့် မဲပေးမည့် နည်းလမ်းတစ်ရပ်ကို စီစဉ်ထားရှိနိုင်ခဲ့၊ ထားရှိခဲ့သင့်သည် ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။



*တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ ကွာရန်တင်းစင်တာတစ်ခုတွင် မဲဆန္ဒရှင်တစ်ဦး ကြိုတင်မဲပေးနေသည်ကို အောက်တိုဘာလ ၃၀ ရက်နေ့က တွေ့ရစဉ်*

အထက်ဖော်ပြပါ အစီအစဉ်တကျမဖြစ်သည့်ကိစ္စများကို တွေ့ရှိခဲ့ရသည့်တိုင် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲ ပေးသည့်ကာလအတွင်း မဲပေးသည့်လုပ်ငန်းစဉ်တစ်ရပ်လုံး၏ သမာသမတ်ဖြစ်မှုကို သံသယဖြစ်နိုင်စရာ အထောက်အထားကိုမူ ANFREL က မတွေ့ရှိခဲ့ရပါ။ မဲဆန္ဒရှင်

175 https://anfrel.org/wp-content/uploads/2020/09/Sri-Lanka-Report-2020-FINAL-ol.pdf

အများစုမှာ မဲပေးရန် စိတ်အားထက်သန်နေကြပြီး မဲရုံဝန်ထမ်းများမှာလည်း အများအားဖြင့် အကူအညီပေးတတ်ကြသလို လိုက်လျောညီထွေ ဆောင်ရွက်ပေးတတ်ကြ၍ တစ်ခါတစ်ရံ၌ UEC နှင့်/သို့မဟုတ် MOHS တို့၏ လမ်းညွှန်ချက်များကိုပင် သတိလက်လွတ် ချိုးဖောက်မိတတ်ကြပါသည်။ နိုင်ငံရေးပါတီများက စေလွှတ်ထားသော ကိုယ်စားလှယ်များ (ကြိုကြား ကြိုကြား မြင်တွေ့ရတတ်သော) ပြည်တွင်းရွေးကောက်ပွဲ လေ့လာသူများသည်လည်း မဲပေးသည့် လုပ်ငန်းများကိုစောင့်ကြည့်ရန် ရောက်ရှိနေတတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ မဲမသမာမှုလျော့နည်းစေရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် အများပြည်သူ၏ယုံကြည်မှု တိုးပွားလာစေရန်အလို့ငှာ နောင်အနာဂတ်တွင် မဲရုံဝန်ထမ်းများအား သင်တန်းများထပ်တိုးပေးရန်နှင့် မဲပေးခြင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်လုံခြုံမှု တိုးမြှင့်ပေးရန်တို့အတွက် ကြိုတင်မဲကိစ္စသည် တွန်းအား ဖြစ်စေသင့်ပါသည်။

ကံမကောင်းအကြောင်းမလှစွာဖြင့်ပင် မြောက်မြားစွာသော ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ကိစ္စရပ်များသည် မဲဆန္ဒရှင်များအား မဲပေးခွင့်ဆုံးရှုံးစေနိုင်သည်ကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ ကြိုတင်မဲပေးစဉ်အတွင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် ကြိုတင်မဲရုံကို မူလသတ်မှတ်ထားသည်ထက် ငါးရက်နောက်ကျပြီး နိုဝင်ဘာလ (၂) ရက်နေ့မှသာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အချို့သောဖြစ်စဉ်များတွင် မဲရုံဝန်ထမ်းများက ဆန္ဒမဲပေးမည့်သူများအား မဲလက်မှတ်များ မှားယွင်းစွာထုတ်ပေးမိခြင်း (သို့မဟုတ်) တိုင်းရင်းသားရေးရာဝန်ကြီး ရွေးကောက်မှုအတွက် မဲပေးခွင့်ရှိသူအား မဲလက်မှတ် ထုတ်မပေးမိခြင်းတို့ကိုတွေ့ရှိရပါသည်။

သတင်းမီဒီယာများ၏ရေးသားဖော်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပါတီကိုယ်စားလှယ်တစ်ဦးသည် သက်ကြီးရွယ်အို မဲဆန္ဒရှင်များအား မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရန် တံဆိပ်တုံးအတု ပေးသည်ကို တွေ့ရှိခဲ့ရသဖြင့် ရလဒ်အနေဖြင့် မဲလက်မှတ် (၄)ခုမှာ ပယ်မဲဖြစ်ခဲ့ရသည်[176] ။ ကျူးလွန်သူကိုလည်း ရွေးကောက်ပွဲဥပဒေပုဒ်မ (၅၉) ဖြင့် အမှုဖွင့်ခဲ့ကြပါသည်။ သီးခြားဖြစ်ရပ်တစ်ခုမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်ရှိ မဲဆန္ဒရှင်နှစ်ဦးသည် အောက်တိုဘာလ (၃၁) ရက်နေ့တွင် ၎င်းတို့ကိုယ်ပိုင် တံဆိပ်တုံးအတုများ အသုံးပြုခဲ့ကြသည် ဟု သတင်းကြားသိရသည်။ အဆိုပါ ဖြစ်ရပ်အား ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံမတင်ပြရသေးမီတွင် ၎င်းတို့နှစ်ဦးအား နောက်တစ်ကြိမ် ထပ်မံ၍မဲပေးရန် ခွင့်ပြုခဲ့သေးသည်။ ယင်းဖြစ်ရပ်အပြင် ဧရာဝတီတိုင်းဒေသကြီးမှာပင် ကျောင်းဆရာမတစ်ဦးသည် အောက်တိုဘာလ (၃၀)

176 https://www.irrawaddy.com/elections/myanmar-party-poll-monitors-complain-of-election-law-violations-during-early-voting.html

ရက်နေ့နှင့် (၃၁) ရက်နေ့တို့တွင် ကျေးရွာအုပ်စုနှစ်ခု၌ နှစ်ကြိမ်မဲပေးခဲ့သည့်အတွက် အမှုဖွင့်ခဲ့ရကြောင်း UEC ထုတ်ပြန်ချက်အရ သိရှိရပါသည်[177] ။

များစွာသောကြိုတင်မဲရုံများသည် COVID – 19 ဆိုင်ရာ ညွှန်ကြားချက်များကို အများသူငှာ လိုက်နာနိုင်အောင် ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ANFREL သွားရောက်လေ့လာခဲ့သည့် နေရာဒေသအများစုတွင် မဲဆန္ဒရှင်များ၊ မဲရုံဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း (social distancing)၊ လက်သန့်စင်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းများအား စနစ်တကျ တပ်ဆင်ခြင်းတို့ကို မပြုလုပ်ကြပါ။ မဲရုံဝန်ထမ်းအနည်းငယ်သာ တာဝန်ချိန်အတွင်း MOHS က ထုတ်ပြန်သည့် စံလုပ်ငန်းလမ်းညွှန်များအတိုင်း လက်အိတ်များနှင့် ပလတ်စတစ်မျက်နှာအကာ (face shield) များ ဝတ်ဆင်ကြသည်ကို တွေ့ရှိခဲ့ရပါသည်။ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များအားလုံးအား ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ရောဂါကူးစက်နိုင်မည့်ဘေးက ကာကွယ်ရန်အတွက် ကြိုတင်မဲပေးသည့်ကာလကို တိုးမြှင့်ပေးသော်လည်း ANFREL လေ့လာသူများ မှတ်တမ်းရယူခဲ့သည့် မဲပေးခြင်းလုပ်ငန်းစဉ်သည် COVID – 19 ရောဂါကူးစက်မှုကို အမှန်တကယ်လျှော့ချနိုင်ရန် အကူအညီဖြစ်၊ မဖြစ်မှာ သံသယဖြစ်စရာ ကောင်းလှပါသည်။

ထို့အပြင် တစ်အိမ်တက်တစ်အိမ်ဆင်း ကြိုတင်မဲကောက်ခံသည့် လုပ်ငန်းစဉ်မှာ ရောဂါပိုးကူးစက်မှုကို လျှော့ချရန်ဖြစ်သော်လည်း မဲဆန္ဒရှင်များမှာ COVID–19 ရောဂါကို ကြောက်လန့်နေကြသည်ဖြစ်၍ တစ်အိမ်တက်ဆင်း ကြိုတင်မဲကောက်ခံခြင်းကို အမြဲတစေ ကြိုဆိုခြင်းမခံရပါ။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်ရှိ အိမ်ထောင်စုများစွာတို့သည် မဲရုံဝန်ထမ်းများအား ၎င်းတို့နေအိမ်သို့ လာရောက်ခြင်းအား လက်မခံကြသည့်အတွက် သက်ကြီးရွယ်အို မဲဆန္ဒရှင်များ အနေဖြင့် ၎င်းတို့နေအိမ်ကနေ၍ မဲပေးပိုင်ခွင့်ကျင့်သုံးရန် အခွင့်အရေးများ ဆုံးရှုံးသွားစေခဲ့သည်။

အလုံးစုံခြုံငုံ၍ဆိုရပါမူ stay–at–home အမိန့်ထုတ်ပြန်ထားသော (သို့မဟုတ်) လူဦးရေထူထပ်သော နေရာဒေသများက COVID–19 ရောဂါကူးစက်မှု၏ ဘေးဒဏ်ကို ခံနိုင်ရည်မရှိသော သက်ကြီးရွယ်အိုများ ကြိုတင်မဲပေးနိုင်စေရန် အစီအစဉ်များ ချမှတ်ပေးသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ANFREL က ချီးကျူးစကား ပြောကြားလိုပါသည်။ ကြိုတင်မဲရုံများတွင် ကျန်းမာရေးလမ်းညွှန်ချက်များအား အကောင်အထည်ဖော်ရာ၌ တသမတ်တည်းမဖြစ်ခြင်း၊ စိတ်ပူပင်စရာများကိစ္စရပ်များပေါ်ပေါက်လာခြင်းတို့တွေ့ရှိရသည့်တိုင် UEC အနေဖြင့် ထိခိုက်ခံစားရအလွယ်ဆုံးသော မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိစေရန်နှင့် ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် တတ်နိုင်သမျှ အားလုံးအကျုံးဝင်ပါဝင်မှု

177 https://www.gnlm.com.mm/announcement-on-legal-actions-taken-against-two-women-over-electoral-fraud-in-advance-voting/



*စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် သက်ကြီးမဲဆန္ဒရှင်တစ်ဦး ကြိုတင်မဲပေးနေသည်ကို နိုဝင်ဘာလ ၂ ရက်နေ့က တွေ့ရစဉ် (ဓါတ်ပုံ – Ben Small)*

အားကောင်းစေရန် ကြိုးပမ်း အားထုတ်မှုများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ရုံမက ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးခဲ့သည် ကိုပင် တွေ့ရှိခဲ့ရပါသည်။ UEC က ရရှိသော ကိန်းဂဏန်းအချက်အလက်များအရ မဲဆန္ဒရှင် ၂၇.၅ သန်း၏ ငါးပုံတစ်ပုံခန့်မှာ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲ၏ ကြိုတင်မဲပေးသည့် လုပ်ငန်းစဉ်တွင် ပါဝင် မဲပေးခဲ့ကြသည့်အတွက် ယခင် ရွေးကောက်ပွဲများထက် ပမာဏများစွာ သာလွန်ခဲ့ပါသည်[178] ။ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်သည် ရွေးကောက်ပွဲတာဝန်ရှိသူများ အတွက် ထောက်ပံ့ပို့ဆောင်မှုပိုင်းဆိုင်ရာ စိန်ခေါ်မှုများနှင့်တွေ့ကြုံစေပါသည်။ လုပ်ငန်းစဉ်အတွက် စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ရာတွင် တသမတ်တည်းမရှိခြင်း၊ တခါတရံတွင် တစ်ရွာနှင့်တစ်ရွာပင် မတူခြင်းတို့ ဖြစ်ပွားခဲ့သည့်တိုင် ၎င်းရည်မှန်းချက်ကို ကောင်းစွာ ပေါက်ရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နောက်ထပ် သင်တန်းပေး လေ့ကျင့်မှုများ၊ အရင်းမြစ်များ ရရှိနိုင်မည်ဆိုပါက နောင်လာမည့် ရွေးကောက်ပွဲ စက်ဝန်းများတွင် ပိုမိုကောင်းမွန်လာလိမ့်မည် ဟု မျှော်လင့်ပါသည်။

178 In 2015, advance voting represented 6.1% of all ballots cast for the Amyotha Hluttaw; it was 21.3% in 2020.




စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ရှိ မဲဆန္ဒရှင်တစ်ဦးက ရွေးကောက်ပွဲနေ့ မဲပေးပြီးနောက် မှင်ဖြင့် အမှတ်အသားပြုထားသည့် ၎င်း၏လက်သန်းအားပြသနေစဉ် (ဓါတ်ပုံ – Ben Small)

# အခန်း ၈ ရွေးကောက်ပွဲနေ့

## မဲရုံများ

၂၀၁၆ ခုနှစ် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရအား အာဏာလွှဲပြောင်းပေးလိုက်သည့် သမိုင်းဝင်ဖြစ်ရပ် နောက်ပိုင်း ပထမဦးဆုံးသော အထွေထွေရွေးကောက်ပွဲတွင် မဲပေးရန်အတွက် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ၃၈.၂၇ သန်းသော မဲဆန္ဒရှင်များမှာ ဖိတ်ကြားခြင်းခံခဲ့ရပါသည်။ COVID – 19 ကပ်ရောဂါ၏ စိန်ခေါ်မှုများကြားကပင် မြောက်မြားစွာသော မဲဆန္ဒရှင်များသည် မဲရုံများသို့ လာရောက်ခဲ့ကြရာ လာရောက် မဲပေးသူ ပမာဏသည် ၇၁.၈၉% ရှိသည်ဖြစ်၍ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၆၉.၇၁% ရှိခဲ့သည်ထက်ပင် အနည်းငယ်မြင့်မားခဲ့ပါသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ANFREL က လေ့လာသူများသည် မဲပေးသည့်လုပ်ငန်းစဉ်များကို လေ့လာရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုရှိ မဲရုံစုစုပေါင်း (၂၂၅) ရုံသို့ သွားရောက်ခဲ့ပါသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့သည် အေးဆေးတည်ငြိမ်မှု နှင့် စည်းကမ်းသေဝပ်မှုရှိပါသည်။ မဲပေးသည့် လုပ်ငန်းကို ပျက်ပြားစေသော (သို့မဟုတ်) မဲပေးသည့်လုပ်ငန်းစဉ်၏ သမာသမတ်ကျမှုကို ထိခိုက်စေနိုင်လောက်သော မည်သည့် မသမာမှုအဖြစ်အပျက် ကြီးကြီးကျယ်ကျယ်ကိုမျှမတွေ့ခဲ့ရပါ။

ရွေးကောက်ပွဲနေ့တွင် စာသင်ခန်းများနှင့် အခမ်းအနားပေါင်းစုံအတွက် အသုံးပြုနိုင်သော ခန်းမများကို မဲရုံများ အဖြစ် အဓိက အသုံးပြုခဲ့ကြပါသည်။ အထူးသဖြင့် COVID–19 ကပ်ရောဂါ ဖြစ်ပွားစဉ်အတွင်း၌ ခန်းမကျယ်များသည် မဲလာပေးသူများစွာ အတွက် နေရာပေးနိုင်ခြင်း၊ လူအုပ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်ခြင်းနှင့် လေဝင်လေထွက်ကောင်းမွန်ခြင်းတို့ကြောင့် ပိုမိုသင့်တော်မှုရှိပါသည်။ အချို့သော အသုံးပြုသည့် စာသင်ခန်းများမှာမူ သေးငယ်လွန်းလှသည့်အတွက် လူတစ်ဦးနှင့်တစ်ဦးကြား ခြောက်ပေခွာရန် အတွက် ခက်ခဲရုံမက လျှို့ဝှက်စွာမဲပေးနိုင်ရန် အတွက်ပင် အခက်အခဲရှိပါသည်။ ထို့အပြင်လည်း ANFREL သွားရောက်လေ့လာခဲ့သည့် အချို့သော မဲရုံများကို ဗုဒ္ဓသာသနိက အဆောက်အအုံများတွင် ထားရှိသည့်အတွက် UEC ၏ စည်းမျဉ်းစည်းကမ်းနှင့် ဆန့်ကျင်လျက်ရှိပါသည်။

မဲရုံအများစုမှာ မသန်စွမ်းသူများအတွက် သွားလာလှုပ်ရှားရန်အတွက် အဆင်မပြေသည်ကို တွေ့ရှိရပါသည်။ ANFREL က သွားရောက်လေ့လာခဲ့သည့် မဲရုံအားလုံး၏ ၇၉% မှာ အဝင်ဆင်ခြေလျှောမပါရှိခြင်း၊ မြေမျက်နှာပြင်မညီညာခြင်းတို့ကြောင့် ဘီးတပ်ကုလားထိုင်

အသုံးပြုသူများ အနေဖြင့် အခြားသူ တစ်ဦးတစ်ယောက်၏အကူအညီ မပါဘဲ ဝင်ထွက်သွားလာရန် မဖြစ်နိုင်ချေ။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့အနေဖြင့် UEC အား နောင်အနာဂတ်တွင် မဲရုံများအား ပိုမို၍ဝင်ထွက်သွားလာရလွယ်ကူအောင် ပြုလုပ်ပေးရန် အဆိုပြုလိုပါသည်။

ANFREL လေ့လာသူများအနေဖြင့် မဲပုံးများထားရှိသည့်နေရာများသည် အများအားဖြင့် လုံခြုံလျှို့ဝှက်စွာ မဲပေးနိုင်ရန် စီစဉ်ထားကြောင်းတွေ့ရှိခဲ့ရသော်လည်း မဲပုံးများအား ပြတင်းပေါက်ဖွင့်လျက်သားနေရာများတွင် ထားရှိသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဤနေရာမျိုးတွင် ဖြတ်သွားဖြတ်လာများအနေဖြင့် မဲပေးသည်ကို ရှင်းလင်းစွာ မြင်တွေ့နိုင်သည့်အနေအထား ရှိပါသည်။ အချို့သောမဲရုံများမှာ လုံလုံလောက်လောက် ကျယ်ဝန်းခြင်း မရှိသည့်အတွက် မဲပုံးတစ်ခုနှင့်တစ်ခုကြား လုံလောက်သည့်အကွာအဝေး မထားရှိနိုင်သည့် အလျောက် မဲပေးသူများအနေဖြင့် တစ်ဦး၏မဲလက်မှတ်ကို တစ်ဦးမြင်တွေ့သွားနိုင်ပါသည်။

ရွေးကောက်ပွဲ လေ့လာသူများ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ ၏ ကိုယ်စားလှယ်များအနေဖြင့် ဝင်ရောက်လေ့လာခွင့်ကို မဲရုံတိုင်းနီးပါးတွင်ရရှိခဲ့ကြပါသည်။ နေရာအကန့်အသတ်ရှိခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင်နေရခြင်းတို့ကြောင့် လေ့လာသူများအတွက် မဲရုံအတွင်း သီးခြားနေရာပေးရာပေးဖို့ရာ အကန့်အသတ်ဖြင့်သာ ပြုလုပ်နိုင်ခဲ့ပါသည့်တိုင် အချို့သောမဲရုံများ၌မူ အပြင်ဘက်က လေ့လာမှုပြုရန် သီးသန့်နေရာ သတ်မှတ်ပေးထားသည်ကို တွေ့ရှိရပါသည်။ ခြွင်းချက်အနေဖြင့် ဆိုရပါမူ ANFREL လေ့လာသူများက သက်ဆိုင်ရာမဲရုံမှူးအား အထောက်အထားများ ပြသခဲ့သည့်တိုင် အကြောင်းပြချက် မယ်မယ်ရရ မရှိဘဲ မဲရုံအတွင်း အဝင်မခံသည့် ဖြစ်ရပ်အချို့လည်း ရှိခဲ့ပါသည်။ ဤကဲ့သို့ အဆင်မပြေမှုများကို ဖြေရှင်းသည့်အနေဖြင့် မဲရုံဝန်ထမ်းများအား သင်တန်းပေးရာ၌ အဆိုပါ အကြောင်းအရာများကို ထည့်သွင်းသင်ကြားပေးပြီး တရားဝင်ခွင့်ပြုမိန့်ရ ရွေးကောက်ပွဲ လေ့လာသူများအား အတားအဆီးမရှိ ဝင်ရောက်လေ့လာခွင့်ပြုပေးဖို့ရာ UEC အား တောင်းဆိုလိုပါသည်။

## မဲပေးသည့် လုပ်ငန်းစဉ်

ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်များအနေဖြင့် နံနက် ၆:၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်မဲပေးနိုင်သည်။ ANFREL လေ့လာခဲ့သည့်မဲရုံအများစုမှာ အချိန်မီဖွင့်လှစ်နိုင်သည်ကိုတွေ့ရပြီး ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းပစ္စယများ အရောက်နောက်ကျ၍ အတန်ငယ် ကြန့်ကြာသွားသည့်မဲရုံအချို့ပင် နံနက် ၆:၁၀ နောက်ဆုံးထား၍ ဖွင့်လှစ်နိုင်ကြသည်။ လိုအပ်သောမဲရုံသုံးပစ္စည်းများမှာ အများအားဖြင့် အချိန်မီရောက်ရှိပြီး သက်ဆိုင်ရာနေရာများတွင် မှန်မှန်ကန်ကန် နေရာချထားသည်ကိုလည်း တွေ့ရှိရပါသည်။ မဲပုံးအလွတ်များကို

အများမြင်သာအောင်ပြသခြင်းနှင့် ယင်းနောက် လုံခြုံရေးကြိုးနှင့်ချိတ်ပိတ်ခြင်းများကိုလည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြပါသည်။

သွားရောက်လေ့လာခဲ့သည့် မဲရုံအများစု၏ အပြင်ဘက်တွင် မဲဆန္ဒရှင်များ အတွက် သင့်တော်မည့် ညွှန်ကြားချက်များ၊ သတင်းအချက်အလက်များပါ ပိုစတာများကို ပြသထားသည်ကို တွေ့ရပါသည်။ COVID-19 ဖြစ်ပွားစဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ မဲပေးနိုင်ရေးအတွက် ညွှန်ကြားချက်များ၊ ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ဖျက်သိမ်းပြီးကြောင်း အသိပေးချက်၊ သက်ဆိုင်ရာမဲရုံတွင် ကြိုတင်မဲပေးပြီးသူများ၏ အမည်စာရင်းပါရှိသည့် ပုံစံ-၁၃ အစရှိသည့် စာရွက်စာတမ်းအချို့ကိုမူ အချို့သောမဲရုံများ၌ မတွေ့ရပေ။ မဲရုံပြင်ပ၌ မဲစာရင်းလုံးဝကပ်မထားသည့် ဖြစ်ရပ်နှစ်ခုကိုလည်း ANFREL က တွေ့ရှိရ၍ မှတ်တမ်းယူထားပါသည်။ ထို့အပြင် မဲစာရင်းကပ်ထားသည့် နေရာများ၏ ထက်ဝက်ခန့်တွင်လည်း ကြိုတင်မဲပေးသူများ၏အမည်များကို ဖော်ပြမထားသည်ကို တွေ့ရပါသည်။ ဤသည်မှာ အရေးကြီးသော ကာကွယ်ရေးလုပ်ငန်းစဉ်ဖြစ်ပြီး အမှုမဲ့အမှတ်မဲ့ မထားသင့်ပါ။ သို့သော်လည်း မဲရုံဝန်ထမ်းများအသုံးပြုသည့် မဲစာရင်းမိတ္တူစာရွက်ပေါ်၌မူ ကြိုတင်မဲပေးပြီးသူများ၏ အမည်များအောက်တွင် မျဉ်းသားထားသည်ကို တွေ့ရှိရပါသည်။




*စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ANFREL ၏ ရွေးကောက်ပွဲလေ့လာသူတစ်ဦးက မဲပေးခြင်းလုပ်ငန်းစဉ်အား လေ့လာနေစဉ် (ဓါတ်ပုံ – Ben Small)*

အခြားသော တက်သုတ်ရိုက် ဆောင်ရွက်သည့်ကိစ္စတစ်ခုမှာ တစ်ကြိမ်ထက်ပို၍ မဲပေးခြင်း မဖြစ်ပွားစေရန် မဲဆန္ဒရှင်များ မဲရုံတွင်းသို့ ဝင်လာသည့်အခါ လက်တွင် မင်စွန်းခြင်းရှိမရှိကို စစ်ဆေးသည့်လုပ်ငန်း ဖြစ်သည်။ သို့သော်လည်း မဲဆန္ဒရှင်များ မဲပေးပြီးသည့်အခါ၌ လက်တွင်မင်တို့ရန် မဲရုံဝန်ထမ်းများက အမြဲတစေ ဂရုစိုက်၍ ဆောင်ရွက်ကြပါသည်။

မဲပေးသည့်လုပ်ငန်းစဉ်၏ အခြားကျန်ရှိသောအစိတ်အပိုင်းများ၏ သမာသမတ်ရှိမှု၊ မဲပေးရာ၌ လျှို့ဝှက်သိုသိပ်စွာ ဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ဆိုရပါမူ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ တညီတညွတ်တည်း ဆောင်ရွက်နိုင်သည်ကို တွေ့ရသည့်အတွက် မဲရုံဝန်ထမ်းများအားကောင်းမွန်စွာသင်တန်းပေးထားပြီးအများစုမှာ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲအတွေ့အကြုံကို အနိမ့်ဆုံးအနေဖြင့် ရရှိထားကြောင်း သိသာထင်ရှားပါသည်။ မဲပေးသည့်လုပ်ငန်းစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် ငါးသိန်းဝန်းကျင်မျှသော မဲရုံဝန်ထမ်းများကို ANFREL က ချီးကျူးဂုဏ်ပြုကြောင်း ပြောကြားလိုပါသည်။



*ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းများက မဲဆန္ဒရှင်များအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ၊ ပလတ်စတစ်မျက်နှာအကာများ ပြင်ဆင်နေစဉ်*

ရွေးကောက်ပွဲနေ့တွင် သိသာထင်ရှားသည့် စည်းကမ်းချိုးဖောက်မှုများကို ANFREL အနေဖြင့် မတွေ့ရှိခဲ့ရသော်လည်း တိုင်းရင်းသားမဲဆန္ဒရှင်များအား မဲလက်မှတ်ထုတ်မပေးသည့်

အတွက် တိုင်းရင်းသားရေးရာဝန်ကြီးများကို မဲမပေးနိုင်ခဲ့သည့် ဖြစ်ရပ်များရှိခဲ့ပါသည်[179]။ ရခိုင်ပြည်နယ်တွင်လည်း မဲမသမာမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိပါသည်[180]။ ဤသို့သောဖြစ်ရပ်များကို ရွေးကောက်ပွဲ တာဝန်ရှိသူများဘက်က စုံစမ်းစစ်ဆေးပြီး ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းမှုပြုသင့်ပါသည်။

ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းများကို ဖောက်ဖျက်သူများအား ဥပဒေအရ အရေးယူထားသည့် ကြေညာချက်နှစ်စောင်ကို နိုဝင်ဘာလ ၁၉[181] ရက်နေ့နှင့် ၂၃[182] ရက်နေ့တို့တွင် UEC က ထုတ်ပြန်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးက မဲဆန္ဒရှင်တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ အရပ်ဒေသပေါင်းစုံက မဲဆန္ဒရှင် ရှစ်ဦးတို့အားလည်း ရွေးကောက်ပွဲနေ့တွင် အခြားသူကိုယ်စားမဲပေးခြင်း၊ နှစ်ကြိမ်မဲပေးခြင်းတို့အတွက် တရားစွဲဆိုထားသည်။ မဲမသမာမှုတွင် ပါဝင်သည့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သုံးဦးနှင့် မဲရုံဝန်ထမ်း



*ရန်ကုန်တိုင်းဒေသကြီးရှိ မဲရုံတစ်ခု၏ အဝင်ဝတွင် မဲရုံဝန်ထမ်းက မဲဆန္ဒရှင်များအား ကိုယ်အပူချိန် တိုင်းတာနေစဉ်*

179 https://www.irrawaddy.com/elections/myanmars-minorities-claim-cannot-vote-ethnic-affairs-ministerial-races.html

180 https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%B9%E1%80%B8/td_ayx.html

181 https://www.uec.gov.mm/news_preview_detail.php?action=news_detail&news_id=3%2FmpugNcTPpTQSAEpmAaemx4MSDC5onr4vleaRhW%2B4c%3D

182 https://www.uec.gov.mm/news_preview_detail.php?action=news_detail&news_id=AnUvXc4Ek%2FC31xonGCX3e%2FlFIR%2FK6KBCxgHUpUZkxfM%3D

များကိုလည်း တရားစွဲဆိုထားပါသည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးက လူတစ်ဦးနှင့် ရှမ်းပြည်နယ်ကလူတစ်ဦးတို့ကိုလည်း ရွေးကောက်ပွဲပစ္စည်းများဖျက်ဆီးမှု၊ တံဆိပ်တုံးအတု အသုံးပြုကာ မဲပေးမှုတို့အတွက် အသီးသီး တရားစွဲဆိုထားပါသည်။

## COVID – 19 လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် COVID–19 ကပ်ရောဂါကြောင့် ပေါ်ထွက်လာသည့် ကြိုတင်ကာကွယ်ရေး ကျန်းမာရေးစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခဲ့ကြရပါသည်။ ဘေးအန္တရာယ်ကင်းရှင်းသော မဲပေးသည့်လုပ်ငန်းစဉ် ဖြစ်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) က COVID–19 စံလုပ်ငန်းလမ်းညွှန်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ပေးခဲ့ပါသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံတစ်ရုံချင်းစီ၏ဝင်ပေါက်ဝ၌ မဲရုံဝန်ထမ်းက မဲလာပေးသူများအား ထိတွေ့မှုမရှိသော အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းပါသည်။ အကယ်၍ ကိုယ်အပူချိန် ၃၈°C ထက် ကျော်လွန်နေပါက အဆိုပါမဲဆန္ဒရှင်အား အရိပ်ရသည့်နေရာတွင် ၁၅ မိနစ်ခန့် အနားယူစေပြီး အပူချိန်ထပ်တိုင်းပါသည်။ အကယ်၍ ဒုတိယအကြိမ်တိုင်းတာရာ၌လည်း ကိုယ်အပူချိန် မြင့်မားနေသည်ကိုတွေ့ရှိရပါက အဆိုပါမဲဆန္ဒရှင်အား ရိုးရိုးမဲပေးသည့်လုပ်ငန်းစဉ်တွင် မပါဝင်စေတော့ဘဲ သီးခြားအခန်း (သို့မဟုတ်) သီးသန့်နေရာတစ်ခုတွင် မဲပေးနိုင်စေရန် အစီအစဉ်များ ပြုလုပ်ပေးပါသည်။

သို့သော်လည်း ANFREL သွားရောက်လေ့လာခဲ့သည့်မဲရုံများတွင် ကိုယ်အပူချိန်တိုင်းတာသည့်ကိစ္စကို ညွှန်ကြားချက်ပါအတိုင်း အမြဲတစေ ဆောင်ရွက်ခြင်းမပြုသည်ကို တွေ့ရသည်။ အပူချိန်တိုင်းကိရိယာ ကိုင်ဆောင်ပြီး အပူချိန်စစ်ဆေးနေသည့် ဝန်ထမ်းများစွာမှာလည်း အကယ်၍ မဲဆန္ဒရှင်တစ်ဦး ကိုယ်အပူချိန် မြင့်မားနေသည်ကိုတွေ့ရှိရပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကိုမသိရှိကြပေ။ အချို့သော မဲရုံဝန်ထမ်းများက ANFREL သို့ ပြောကြားချက်အရ အကယ်၍ မဲဆန္ဒရှင်တစ်ဦးဦးတွင် ကိုယ်အပူချိန် မြင့်မားနေပါက ၎င်းအား ကိုယ်တိုင်ကိုယ်ကျ မဲပေးခွင့်ပြုမည်မဟုတ်ဘဲ မဲရုံဝန်ထမ်းက ၎င်းကိုယ်စား မဲလက်မှတ်ကို တံဆိပ်တုံးထုပေးမည် ဖြစ်သည့်အတွက် ဤသည်မှာ ၎င်းမဲဆန္ဒရှင်၏ လျှို့ဝှက်စွာမဲပေးပိုင်ခွင့်ကို ချိုးဖောက်ရာကျပေသည်။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် တွေ့ရှိခဲ့ရသည့်ဖြစ်ရပ်တစ်ခုတွင် အပူချိန်မြင့်မားနေသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံဝန်ထမ်းက ရေအေးဗူးဖြင့် နဖူးတွင်ကပ်ပေးထားပြီး ဒုတိယအကြိမ် ကိုယ်အပူချိန်တိုင်းတာရာတွင် ၃၂.၅°C သို့ ကျသွားသောအခါ မဲရုံသို့ ပြန်ဝင်ခွင့်ပြုခဲ့ကြောင်းတွေ့ရသည်။ ဤဖြစ်ရပ်မျိုးကို မဲရုံတိုင်းတွင် တွေ့ရလေ့မရှိသည့်တိုင် ဤသည်မှာ ဘေးအန္တရာယ်လျှော့ချရေး ဆောင်ရွက်ချက်များကို အမြဲတစေ လုံလောက်စွာမပြုလုပ်နိုင်သည်ကို ပြသ

လျက်ရှိပါသည်။မဲရုံဝန်ထမ်းများ၊ မဲဆန္ဒရှင်များ၊ ပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲလေ့လာသူများအပါအဝင် မဲရုံရှိလူတိုင်း အမြဲတစေ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ထားရန်လိုအပ်ပါသည်။

လမ်းညွှန်ချက်များအရ မဲဆန္ဒရှင်တွင် ပါးစပ်နှင့်နှာခေါင်းစည်း မပါရှိပါက မဲရုံကထုတ်ပေးရန်ဖြစ်သည်။ တခါတရံ မဲရုံဝန်ထမ်းများသည် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ထားသူများပါမကျန် လူတိုင်းထံ ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် ပလတ်စတစ် မျက်နှာအကာများ လိုက်လံဝေငှသည့် အတန်ငယ်လွန်ကဲသော ဆောင်ရွက်မှုများပြုလုပ်သည်ကိုလည်း တွေ့ရပါသည်။ သို့သော်လည်း အချို့သောမဲရုံများက မဲရုံဝန်ထမ်းများမှာမူ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပါးစပ်နှင့်နှာခေါင်းစည်း မဝတ်ဆင်ထားခြင်း (သို့မဟုတ်) စနစ်တကျ မှန်ကန်စွာဝတ်ဆင်မှုမရှိခြင်းတို့ကြောင့် ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ရေးစည်းကမ်းလိုက်နာရန် ပျက်ကွက်သည်ကိုလည်းတွေ့ရပါသည်။



*ချင်းပြည်နယ်၊ မတူပီမြို့တွင် မဲပေးခြင်းလုပ်ငန်းစဉ်အပြီး၌ ဆန္ဒမဲများအားခွဲခြားနေစဉ်*

ANFREL က သွားရောက်လေ့လာခဲ့သည့် မဲရုံအများစုတွင် MOHS လမ်းညွှန်ချက်ပါအတိုင်း social distancing ပြုလုပ်ရန် မြေပြင်ပေါ်၌ ခြောက်ပေအကွာစီ အမှတ်အသားများပြုလုပ်ထားသော်လည်း social distancing ကို အမှန်တကယ် လိုက်နာကျင့်သုံးအောင်

ဆောင်ရွက်ခြင်း၊ လိုက်နာကြခြင်းတို့တွင်မူ အားနည်းသည်ကို တွေ့ရသည်။ မြောက်မြား စွာသော မဲရုံများတွင် မြေပြင်ပေါ်ရှိအမှတ်အသားများသည် မဲပေးရန် စောင့်ဆိုင်းနေသည့် ရှည်လျားလှသော လူတန်းကြီးများအတွက် လုံလောက်မှုမရှိဘဲ နောက်မှ ဝင်ရောက်တန်းစီ သူများသည် လုံလောက်သည့် အကွာအဝေးခြား၍ တန်းစီခြင်းမရှိကြပေ။ အချို့သောမဲရုံ များ၌ နံနက်ပိုင်းမဲလာပေးသူပမာဏ များပြားလွန်းလှသည့်အတွက် social distancing ပြုလုပ်ရန် ခက်ခဲလွန်းရုံသာမက မဖြစ်နိုင်ဟုဆိုရပေမည်။ ဥပမာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် စာသင်ကျောင်းဝင်းတစ်ခုတည်းတွင်ရှိ မဲရုံလေးရုံတွင် မဲဆန္ဒရှင်ပေါင်း ၇,၀၀၀ နီးပါးခန့်အတွက် မဲရုံလေးရုံကို နေရာချထားခြင်းကြောင့် အဆမတန် လူအများစုပြုံ နေသည့် ဖြစ်ရပ်မျိုး ဖြစ်စေပါသည်။

MOHS လမ်းညွှန်ချက်များအရ လက်သန့်ဆေးရည်များကို မဲရုံများအတွင်း လွယ်လင့်တကူ အသုံးပြုနိုင်သည့် နေရာများတွင် ထားရှိပေးရမည်ဖြစ်ပြီး လူများစုပြုံမှု မဖြစ်ပွားစေရန် တံခါးများကို အဝင်နှင့်အထွက် သီးခြားစီ စီစဉ်ထားရှိပေးရမည်ဖြစ်သည်။ အဆိုပါ လမ်းညွှန် ချက်များကိုမူ ရွေးကောက်ပွဲနေ့ ANFREL သွားရောက် လေ့လာခဲ့သည့် မဲရုံများအားလုံး နီးပါးတွင် လိုက်နာဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။

## မဲရေတွက်ခြင်းနှင့် ရလဒ်များစာရင်းသွင်းခြင်း

မဲရုံများကို ညနေ ၄ နာရီတွင် ပိတ်သိမ်းရန်ဖြစ်သော်လည်း အချို့သောနေရာများ၌ မဲပေး မည့်သူများစွာ စောင့်ဆိုင်းလျက်ရှိနေခြင်းကြောင့် ၎င်းတို့မဲပေးနိုင်ရန် တစ်နာရီ (သို့မဟုတ်) တစ်နာရီကျော်ခန့် နောက်ကျပြီးမှ ပိတ်သိမ်းရပါသည်။ မဲရုံပိတ်သိမ်းပုံမှာ အစီအစဉ်တကျ ရှိပြီး မဲပေးသည့်မဲရုံများက မဲရေတွက်သည့်ရုံများအဖြစ် ရုတ်ချည်း ပြောင်းလဲသွားပါသည်။ ANFREL လေ့လာသူများ သွားရောက်ခဲ့သည့် မဲရုံ ၂၂ နေရာတွင် မဲလက်မှတ်များရေတွက်ပုံမှာ နှေးကွေးပြီး တစ်ခါတစ်ရံ စနစ်တကျမရှိတတ်သော်လည်း ယေဘုယျအားဖြင့် အလွန်တရာ ယုံကြည်စိတ်ချရသည့် လုပ်ကိုင်ဆောင်ရွက်မှုမျိုးကိုတွေ့မြင်ခဲ့ရပါသည်။

မဲလက်မှတ်များကို စာအိတ်အတွင်းကထုတ်၍ သက်ဆိုင်ရာလွှတ်တော်အလိုက် ထည့်သွင်း ရခြင်းကြောင့် ကြိုတင်မဲများ များပြားလွန်းပါက လုပ်ငန်းစဉ်နှေးကွေးသည်ကို မကြာခဏ ကြုံတွေ့ရတတ်ပါသည်။ မဲရေတွက်မှုစတင်ပြီး ငါးနာရီခန့်ကြာသည်အထိ အချို့သောမဲရုံ များတွင် ကြိုတင်မဲများကို ရေတွက်နေရဆဲဖြစ်ပြီး ရွေးကောက်ပွဲနေ့တွင်ပေးထားသည့် မဲလက်မှတ်များကို ကိုင်တွယ်ခြင်းမပြုနိုင်သေးချေ။ ထို့ကြောင့်ပင် များစွာသောမဲရုံဝန်ထမ်း များသည် နောက်တစ်နေ့ နံနက်အစောပိုင်းအထိ မဲရေတွက်နေရဆဲဖြစ်ပြီး ၎င်းတို့၏ ဖွဲ့ ထက်သန်မှုနှင့် အလုပ်တာဝန်ကျေပွန်မှုတို့ကို ပြသခဲ့ကြပါသည်။

## ချင်းပြည်နယ်ရှိ မဲရေတွက်ခြင်းလုပ်ငန်းစဉ်

မဲရေတွက်စဉ်အတွင်း ကြီးကြီးမားမား အမှားအယွင်းရှိသည်ဟူ၍ ANFREL လေ့လာသူများက အစီရင်ခံခြင်း မရှိခဲ့ပါ။ မဲလက်မှတ်များကို ဂရုတစိုက် ရေတွက်မှုပြုခဲ့ကြပြီး မဲလက်မှတ်များ စစ်ဆေးသည့် UEC ဝန်ထမ်းများဘက်က အမှားအနည်းငယ်ပြုလုပ်မိပါကလည်း နေရာတွင် ရှိနေသည့် ပါတီကိုယ်စားလှယ်များက ချက်ချင်း အမှန်ပြင်ဆင်ပေးတတ်ကြပါသည်။ ကြိုတင်မဲပေးခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ UEC ၏ အောက်တိုဘာ ၃၀ ရက်နေ့ ထုတ်ပြန်ချက်ပါ အမှားပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ကောင်းမွန်စွာ အကောင်အထည်ဖော်မှု ရှိခဲ့ပြီး မည်သည့်မဲလက်မှတ်ကိုမျှ မတရားသက်သက် ပယ်မဲအဖြစ်သတ်မှတ်ခြင်းမျိုး မတွေ့ ရှိခဲ့ရပါ။

ပယ်မဲအဖြစ် သတ်မှတ်ခံရသည့်ဖြစ်ရပ်များမှာ ပျမ်းမျှအားဖြင့်နည်းပါးပြီး ယင်းတို့ကိုလည်း မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများပိုမိုပြုလုပ်ခြင်းဖြင့် ယခုထက်ပို၍ လျှော့ချနိုင်စရာရှိ ပါသည်။ ANFREL လေ့လာခဲ့သည့်မဲရုံများတွင် ပယ်မဲဖြစ်ပွားရသည့် အဓိကအကြောင်းရင်း များမှာ မဲလက်မှတ်ပေါ်တွင် တံဆိပ်တုံး လုံးဝမနှိပ်ထားခြင်း၊ ကိုယ်စားလှယ်လောင်းနှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပို၍ မဲပေးခြင်းတို့ကြောင့် ဖြစ်ပါသည်။ မဲရုံအများစု၌ ဖျက်သိမ်းပြီး ဖြစ်သော ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) သို့ ပေးသည့် မဲလက်မှတ်တစ်ခုစီ အနည်းဆုံးပါရှိတတ်ပါသည်။ ဤသည်ကိုကြည့်ခြင်းဖြင့် မဲရုံများတွင် ကပ်ထားသည့် ကြေညာချက်များသည် မဲဆန္ဒရှင်များအားအသိပေးရာ၌ လုံလောက်မှုမရှိသည်ကိုတွေ့ရပြီး UEC အနေဖြင့် မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးကြစေရန် သတင်းပြန်ကြားရေးကိစ္စရပ်များ တွင် ပိုမို၍အားစိုက်ကြိုးပမ်း ခဲ့သင့်ပါသည်။

လုပ်ငန်းပိုင်းဆိုင်ရာပုံမှန် မဟုတ်သည့်ဖြစ်ရပ်အချို့ကိုလည်း ကြားသိခဲ့ရပါသည်။ သာဓက အားဖြင့် များစွာသော မဲရုံများတွင် ရလဒ်များ (ပုံစံ ၁၆ နှင့် ၁၆-က) ကို မဲရုံပြင်ပ၌ လုပ်ထုံးလုပ်နည်းအတိုင်း ကပ်ထားခြင်းမရှိသည်ကို တွေ့ရပါသည်။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ မဲရုံတစ်ရုံတွင် ကြိုတင်မဲပုံးအတွင်းရှိ မဲအရေအတွက်သည် ပါရှိ သင့်သည်ထက် ပို၍ပါရှိနေသည့်အတွက် ရွေးကောက်ပွဲတာဝန်ရှိသူများဘက်က စောင့်ကြည့် စစ်ဆေးမှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါသည်။ သို့သော်လည်း နိုင်ငံတကာရွေးကောက်ပွဲ လေ့လာရေးမစ်ရှင် (IEOM) က သွားရောက်လေ့လာခဲ့သည့် နေရာများ၏ တွေ့ရှိချက်များ အရ မဲရေတွက်သည့် လုပ်ငန်းစဉ်သည် မဲဆန္ဒရှင်များ၏ စိတ်ဆန္ဒကို တိကျစွာထင်ဟပ်မှုရှိ သည်ဖြစ်၍ ယင်းလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုအပေါ် ANFREL အနေဖြင့် တစ်စုံတစ်ရာ ပြောကြားရန်မရှိပါ။

မဲရေတွက်မှုပြုလုပ်ပြီးသည်နှင့် မဲရလဒ်များစာရင်းထည့်သွင်းရန် ယင်းမဲလက်မှတ်များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်ပို့ဆောင်ရသည်။ မဲရလဒ်ထည့်သွင်းသည့်လုပ်ငန်းစဉ်မှာ လျင်မြန် သွက်လက်မှုရှိသည့်အတွက် UEC အနေဖြင့် နိုဝင်ဘာလ (၉) ရက်နေ့တွင် မဲဆန္ဒနယ်အတော်များများ၏ ရလဒ်များကို အတည်ပြုနိုင်ခဲ့သည်။

သို့သော်လည်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်တစ်ခုနှင့်စပ်လျဉ်း၍ ANFREL အနေဖြင့် စိတ်ပူပင်မိကြောင်း ပြောကြားလိုပါသည်။ ယင်းအရပ်ဒေသတွင်ရောက်ရှိနေသည့် ကျွန်ုပ်တို့၏ လေ့လာသူအား ရွေကောက်ပွဲတာဝန်ရှိသူများက ပြောကြားချက်အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီ အချိန်မီ မရောက်ရှိခဲ့သည့် နိုင်ငံခြားကလာသော မဲဆန္ဒနယ်ပြင်ပကြိုတင်မဲ ၃၀၀ ခန့် အပြင် မြန်မာနိုင်ငံအတွင်းကလာသည့် ကြိုတင်မဲ ၁၂၀ အနက် အရေအတွက်အတိအကျမသိရသောပမာဏတို့ကို ပယ်မဲအဖြစ်သတ်မှတ်မည် ဟု သိရှိရပါသည်။ အဆိုပါမဲလက်မှတ်များကို ဥပဒေကြောင်းအရ ငြင်းပယ်စရာမရှိသော်လည်း သယ်ယူပို့ဆောင်ရေးကြန့်ကြာမှုကြောင့် ရာချီသောမဲဆန္ဒရှင်များမှာ မဲပေးခွင့် ဆုံးရှုံးခဲ့ရသည်။

## နိဂုံးချုပ်

ရွေးကောက်ပွဲနေ့တွင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး စည်းကမ်းကျနစွာရှိနေခဲ့ရာ ပြောပလောက်စရာကိစ္စ အကြီးအကျယ် ဖြစ်ပွားခဲ့သည်ဟုလည်း မကြားသိခဲ့ရပါ။ မဲပေးနေစဉ်နှင့် မဲရေတွက်စဉ်အတွင်း လုပ်ငန်းပိုင်းဆိုင်ရာ ပုံမှန်မဟုတ်သည့်ကိစ္စအချို့ရှိခဲ့သည်ကို ANFREL လေ့လာသူများက သတင်းပေးပို့ခဲ့သော်လည်း ရွေးကောက်ပွဲ၏ သမာသမတ်ရှိမှုကို မထိခိုက်ခဲ့ပါ။ မဲပေးခြင်းနှင့်မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို အားကြိုးမာန်တက်နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခဲ့ကြပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကိုလည်း ယေဘုယျအားဖြင့် ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြပါသည်။ သို့သော်လည်း လူအုပ်ကြီးမားလွန်းခြင်း (နှင့်/သို့မဟုတ်) လုံလောက်သောနေရာမရှိခြင်း တို့ကြောင့် social distancing ကို မဲရုံများစွာ၌ ကောင်းစွာမကျင့်သုံးနိုင်ခဲ့ပါ။ ဘီးတပ်ကုလားထိုင်အသုံးပြုသူမဲဆန္ဒရှင်များ မဲရုံသို့ လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်စေရေးမှာ အရေးတကြီး ကိုင်တွယ်ဖြေရှင်းပေးရမည့် ကိစ္စရပ်ကြီးတစ်ခု ဖြစ်နေပါသေးသည်။

# အခန်း ၄

# ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ကြေညာခြင်းနှင့် အငြင်းပွားမှုများဖြေရှင်းခြင်း

## ရလဒ်များထုတ်ပြန်ခြင်းနှင့် လက်ခံခြင်း

ရွေးကောက်ပွဲနေ့ နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရသူများ၏အမည်စာရင်းများကို နိုဝင်ဘာ ၉ ရက်နေ့မှ ၁၅ ရက်နေ့ကြားတွင် ပုံမှန် ထုတ်ပြန်ကြေညာပေးခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ရွေးကောက်ခံ လွှတ်တော်အမတ်စာရင်းကို နိုင်ငံရေးပါတီနှင့်လွှတ်တော်အလိုက် နောက်ဆုံးပိတ် ထုတ်ပြန်ပေးခဲ့သည်[183] ။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်မှုသည် ၂၀၁၅ ခုနှစ်ထက်စာလျှင် အချိန်နှင့်တပြေးညီ လျှင်မြန်စွာ ထုတ်ပြန်နိုင်ခဲ့သည်[184] ။

အာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) က ရွေးကောက်ပွဲနေရာ စုစုပေါင်း ၁,၁၁၇ အနက် ၉၂၀ (၈၂%) အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနည်းတူ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ပြန်သည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ ဒုတိယအင်အားအကြီးဆုံးပါတီဖြစ်သည့် တပ်မတော် ကျောထောက် နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က အမတ်နေရာ ၇၁ (၆%) နေရာအနိုင်ရရှိပြီး၊ တိုင်းရင်းသားပါတီ ၁၇ ပါတီက အမတ်နေရာစုစုပေါင်း ၁၂၂ နေရာရရှိကာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများက စုစုပေါင်း အမတ်လေးနေရာ ရရှိခဲ့ကြသည်။

ပြည်ထောင်စုလွှတ်တော်တွင် အမတ်နေရာ ၄၇၆ နေရာရှိသည့်အနက် NLD ပါတီက ၂၀၁၅ ခုနှစ်တွင် အမတ်နေရာ ၃၉၀ ရရှိခဲ့ရာက ယခုအခါ ၃၉၆ နေရာ အနိုင်ရရှိခဲ့သည့်အတွက် ယခင်သက်တမ်းထက်ပင် ပိုမိုအားကောင်းလာခဲ့သည်။ ရှေ့ဝတီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးများ တွင်လည်း အမတ်နေရာ အကုန်အစင် သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ရှမ်းနှင့်ရခိုင်တို့မှအပ အခြားသော ပြည်နယ် နှင့် တိုင်းဒေသကြီးလွှတ်တော်များ တွင်လည်း မဲအများစုဖြင့် အသာစီးရရှိခဲ့သည်။

183 https://www.gnlm.com.mm/announcement-on-the-final-list-of-elected-hluttaw-representatives-in-2020-multiparty-general-election/

184 The last result in the 2015 elections was released on 20 November 2015, 12 days after Election Day.




စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် မဲရုံဝန်ထမ်းတစ်ဦးက မဲရေတွက်ရာ၌ ကြိုတင်ဆန္ဒမဲ
လက်မှတ်စာအိတ်အားပြသနေစဉ် (ဓါတ်ပုံ – Ben Small)

ရှမ်းပြည်နယ်လွှတ်တော်တွင် NLD ပါတီက အမတ်နေရာ ၃၃ နေရာရရှိခဲ့ပြီး ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD) နှင့် USDP တို့က ၂၆ နေရာနှင့် ၂၄ နေရာစီ အသီးသီးရရှိခဲ့ကြသည်။ အခြားသော တိုင်းရင်းသားပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများက ကျန်ရှိသော ၂၂ နေရာကိုရရှိကာ နောက်ထပ် ၃၅ နေရာကို တပ်မတော်ကခန့်အပ်မည်ဖြစ်သည့်အတွက် လွှတ်တော်တွင်သရေဖြစ်ခဲ့သည်[185] ။

ရခိုင်ပြည်နယ်တွင် အကြီးဆုံးသော တိုင်းရင်းသားပါတီဖြစ်သည့် ရခိုင်အမျိုးသားပါတီ (ANP) က ပြည်နယ် လွှတ်တော်တွင် အမတ်ခုနစ်နေရာ ရရှိခဲ့ပြီး ရခိုင့်ဦးဆောင်ပါတီ (AFP) က အမတ်နှစ်နေရာ ရရှိခဲ့သည်။ NLD နှင့် USDP ပါတီတို့ကလည်း အမတ်နေရာငါးခုနှင့်တစ်ခုစီ အသီးသီး ရယူနိုင်ခဲ့ကြသည်။ တပ်မတော်က ခန့်အပ်သည့် အမတ်ငါးနေရာရှိသည့်အတွက် ဤပြည်နယ်လွှတ်တော်တွင်လည်း မည်သည့်ပါတီကမျှ မဲအများစု အပြတ်အသတ် သာသည်ဟူ၍ မရှိပြန်ချေ[186] ။

၂၀၁၅ ခုနှစ် နှင့် မတူသည့်အချက်မှာ ရွေးကောက်ပွဲရလဒ်များကို ပါတီအားလုံးက အလွယ်တကူ သဘောတူ လက်ခံခြင်းမရှိကြချေ။ ပဏာမထွက်ပေါ်လာသည့်ရလဒ်များအရ အဓိက အတိုက်အခံပါတီသည် နိုင်ငံအဝှမ်း၌ အကြီးအကျယ် ရှုံးနိမ့်ပြီးသည့်နောက် USDP ခေါင်းဆောင်များက မဲသမာမှုများရှိသည်ဟူသော စွဲချက်ဖြင့် ရွေးကောက်ပွဲရလဒ်များကို လက်ခံရန်ငြင်းဆိုခဲ့ပြီး တပ်မတော်နှင့်ပူးပေါင်း၍ ရွေးကောက်ပွဲအသစ် ပြန်လည် ကျင်းပပေးရန် တောင်းဆိုခဲ့သည်[187] ။ သို့သော်လည်း UEC က အဆိုပါ တောင်းဆိုချက်များကို ချက်ချင်းပယ်ချခဲ့ပြီး ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ပါတီအများစုမှလည်း ရလဒ်များကို ကျေနပ်လက်ခံကြောင်းကြေညာခဲ့သည်[188] ။ တပ်မတော်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက USDP နှင့် တပ်မတော်ကြားတွင် ညှိနှိုင်းဆောင်ရွက်မှု တစ်စုံတစ်ရာမရှိကြောင်း တရားဝင်ကြေညာခဲ့ပြီး ၎င်းကိုယ်တိုင်လည်း USDP ၏ ရပ်တည်ချက်နှင့်သီးခြားစီဖြစ်ကြောင်း ဖော်ပြခဲ့သည်[189] ။ သို့သော်လည်း ယခုအချိန်လွန်မှသိရှိလာရသည်က စစ်တပ်သည် အရပ်သားအစိုးရကို ဖြုတ်ချရန် စီစဉ်နေခဲ့ခြင်းဖြစ်ပေသည်။

185 https://www.frontiermyanmar.net/en/shan-states-controversy-filled-election-delivers-a-hung-hluttaw/

186 https://www.frontiermyanmar.net/en/rakhine-parties-fall-just-short-of-majority-in-state-hluttaw/

187 https://www.mmtimes.com/news/myanmar-opposition-demands-election-re-run-after-heavy-losses.html

188 https://www.frontiermyanmar.net/en/commission-shuts-down-usdp-call-for-fresh-election/

189 https://www.irrawaddy.com/elections/usdps-call-re-run-general-election-doesnt-reflect-military-view-spokesman.html

ဤတွင် သတိပြုစရာကောင်းသည်မှာ USDP ၏ ရွေးကောက်ပွဲရလဒ်များအပေါ် စိန်ခေါ်မှုသည် နှစ်ပေါင်းကြာရှည် အုတ်မြစ်ခိုင်ခဲ့ပြီးဖြစ်သည့် ဒီမိုကရေစီအစဉ်အလာကိုဆန့်ကျင်၍ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၂၀ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့မှုကို အသိအမှတ်ပြုရန် ငြင်းဆန်မှုဖြစ်ပွားပြီး မရှေးမနှောင်း မှာပင် ဖြစ်ပွားခဲ့၍ အဆိုပါဖြစ်ရပ်က ၎င်းတို့အား သတ္တိရှိလာစေခဲ့ခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

တဖက်တွင်လည်း ရွေးကောက်ပွဲအပြီး ရက်အနည်းငယ်အကြာတွင် အနိုင်ရ NLD ပါတီက အိတ်ဖွင့်ပေးစာ တစ်စောင်ဖြင့် တိုင်းရင်းသားပါတီ ၄၈ ပါတီအား "ဒီမိုကရေစီဖယ်ဒရယ်ပြည်ထောင်စု[190] " တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားပါတီ အချို့နှင့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့သည်။ ANP နှင့် SNLD ပါတီတို့အပါအဝင်တစ်ဆယ့်လေးပါတီက အဆိုပြုလာသည့် အမျိုးသားစည်းလုံးညီညွတ်ရေး အစိုးရတွင် ပူးပေါင်းပါဝင်ရန် စိတ်ပါဝင်စားကြောင်း ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်းတွင် ထုတ်ဖော် ပြောကြားခဲ့သည်[191] ။

## မဲလာရောက်ပေးသူနှင့် ပယ်မဲအရေအတွက်

ဒီဇင်ဘာလအစောပိုင်းတွင် မဲလာရောက်ပေးသူနှင့် ပယ်မဲအရေအတွက်အပါအဝင် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ၏ တရားဝင် စာရင်းအင်းကိန်းဂဏန်းများကို UEC က ၎င်း၏ ဝက်ဘ်ဆိုဒ် နှင့် အစိုးရသတင်းစာ များတွင် ထုတ်ပြန်ပေးခဲ့သည်။[192] [193] မဲလာရောက်ပေးသူရာခိုင်နှုန်းသည် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အတွက် ၇၁.၀၆% ရှိပြီး ပြည်သူ့လွှတ်တော်အတွက် ၇၁.၈၉% ရှိခဲ့၍ COVID-19 ကပ်ရောဂါ ဖြစ်ပွားနေသည့်တိုင် ၂၀၁၅ ခုနှစ်ထက် ရာခိုင်နှုန်းအနည်းငယ် ပိုမိုမြင့်မားခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ သို့သော်လည်းအချို့သောအရပ်ဒေသများတွင် ရွေးကောက်ပွဲရွှေ့ဆိုင်းမှုများကြောင့် မဲဆန္ဒရှင်အရေအတွက် များစွာ မဲပေးခွင့်ဆုံးရှုံးခဲ့ရသည့်အချက်ကို မေ့မှိန်ပျောက်ကွယ်မသွားသင့်ပါ။

190 https://www.irrawaddy.com/elections/nld-reaches-myanmars-ethnic-parties-seeking-federal-union-end-civil-war.html

191 https://www.mmtimes.com/news/two-biggest-ethnic-parties-join-nld-unity-talks.html

192 https://www.gnlm.com.mm/announcement-on-figures-and-percentages-in-multiparty-democracy-general-elections-for-hluttaws/

193 https://www.gnlm.com.mm/figures-and-percentages-of-2020-multiparty-democracy-general-election-to-be-published-in-newspapers/

| ပြည်နယ်/တိုင်းဒေသကြီး | ပြည်သူ့လွှတ်တော်အတွက် မဲပေးသူအရေအတွက် | အမျိုးသားအဆင့်ပျမ်းမျှ ကွာဟချက် | ၂၀၁၅ ခုနှစ်နှင့် ကွာဟချက် |
|---|---|---|---|
| ဧရာဝတီ | 75.66% | +3.77% | +0.21% |
| ပဲခူး | 71.85% | –0.04% | +0.12% |
| ချင်း | 77.85% | +5.96% | –1.44% |
| ကချင် | 66.22% | –5.67% | –2.11% |
| ကယား | 76.49% | +4.60% | +2.42% |
| ကရင် | 53.50% | –18.39% | +6.77% |
| မကွေး | 77.87% | +5.98% | +1.27% |
| မန္တလေး | 78.00% | +6.11% | +4.84% |
| မွန် | 57.83% | –14.06% | +6.49% |
| ရခိုင် | 68.89% | –3.00% | +0.73% |
| စစ်ကိုင်း | 78.58% | +6.69% | +3.82% |
| ရှမ်း | 66.63% | –5.26% | +0.29% |
| တနင်္သာရီ | 66.51% | –5.38% | +3.69% |
| ရန်ကုန် | 68.25% | –3.64% | +3.24% |

ထို့အပြင်လည်း အထက်ဖော်ပြပါဇယားကွက်အတိုင်း မဲလာရောက်ပေးသူဦးရေသည် နိုင်ငံအဝှမ်း ကွာဟချက်ကြီးမားသည်ကို တွေ့ရသည်။ ချင်းပြည်နယ်နှင့် ကယားပြည်နယ်များ ကအပ အခြားသော တိုင်းရင်းသားလူနည်းစုများနေထိုင်သော ပြည်နယ်များတွင် ပြည်သူများ ရွေးကောက်ပွဲတွင် ပါဝင်ဆောင်ရွက်မှုသည် ဗမာအများစုနေထိုင်ရာ တိုင်းဒေသကြီးများ ထက်နည်းပါးခဲ့သည်ကိုတွေ့ရသည်။ တဖက်တွင်လည်း ရန်ကုန်နှင့်တနင်္သာရီတိုင်းတို့သည် မဲပေးသူဦးရေသည် အမျိုးသားအဆင့် ပျမ်းမျှရာခိုင်နှုန်းထက် နည်းပါးသည့် တိုင်းဒေသကြီး များဖြစ်ကြသည်။ မဲပေးသူအနည်းဆုံးမှာ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်များ ဖြစ်ကြသည် ကိုမှတ်တမ်းတင်တွေ့ရှိခဲ့ရပြီး ၂၀၁၅ ခုနှစ်အတိုင်းပင် နိုင်ငံအဝှမ်း ကျန်ဒေသများထက် နောက်ကောက်ကျ ကျန်ခဲ့သည်။ သို့သော်လည်း အားတက်စရာကိစ္စမှာ ယင်းပြည်နယ်နှစ်ခု တွင် ပြည်သူများ ရွေးကောက်ပွဲတွင် ပါဝင်မှု များစွာမြင့်တက်လာခဲ့ပြီး မဲပေးသူ ဦးရေ ၆% ကျော် တိုးတက်လာခဲ့သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုချင်းစီအတွင်းရှိ မြို့နယ်များနှင့် မဲဆန္ဒနယ်များ အကြား မဲပေးသူပမာဏ ကွာဟချက်ရှိသည့်အတွက် မဲဆန္ဒရှင်အသိပညာပေးမှု၊ ယဉ်ကျေးမှု၊ ပထဝီ မြေမျက်နှာသွင်ပြင်နှင့် အခြားသော အကြောင်းတရားများ၏ လွှမ်းမိုးမှုရှိသည်ကို တွေ့ မြင်ရပါသည်။ ယင်းသို့သော ရာခိုင်နှုန်းအနိမ့်အမြင့်များသည် ရှမ်းပြည်နယ်ကဲ့သို့ ကြီးမား ကျယ်ပြန့်ပြီး စုံလင်ကွဲပြားမှုများသည့်ပြည်နယ်တွင် အထူးအရေးကြီးပါသည်။ ရှမ်းပြည်နယ်၊ လောက်ကိုင်တွင် မဲပေးသူရာခိုင်နှုန်း ၃၂.၁၉% (တစ်နိုင်ငံလုံးတွင် အနည်းဆုံး) သာရှိပြီး ရွာငံ နှင့် ပင်းတယတို့တွင် မဲဆန္ဒရှင်များ၏ ၉၀% ကျော် လာရောက်မဲပေးခဲ့ကြသည်။

ဤတွင် နယ်စပ်နှင့်ဝေးလံခေါင်သီသောဒေသများသည် နယ်မြေဒေသအရ သီးခြားဖြစ်လွန်း ခြင်း၊ လုံခြုံရေး အခြေအနေ မတည်ငြိမ်ခြင်း၊ နိုင်ငံ၏ အခြားသောဒေသများနှင့် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေး ဆက်နွယ်မှုများ နည်းပါးခြင်းတို့ကြောင့် မဲပေးသူနည်းပါးခြင်း ဖြစ်သည်ဟူသော နောက်ခံအကြောင်းတရားကို တွေ့မြင်ရသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် မဲပေးသူ ၅၀% အောက် လျော့နည်းသည့် မြို့နယ်ကိုးခုသာ ရှိခဲ့ပြီး ၎င်းတို့အနက်နှစ်ခုမှာ ကရင်ပြည်နယ်[194] တွင် တည်ရှိပြီး ကျန်ခုနစ်မြို့နယ်မှာ ရှမ်းပြည်နယ်တွင်ဖြစ်သည်[195] ။

194 Hlaingbwe and Myawaddy.

195 Mongkhet, Kutkai, Konkyan, Laukkaing, Kunhing, Monghsu, and Laihka.

| ပြည်နယ်/တိုင်းဒေသကြီး | ပယ်မဲနှင့်ပျောက်ဆုံးမဲ (ပြည်သူ့လွှတ်တော်) | အမျိုးသားအဆင့်ပျမ်းမျှ ကွာဟချက် | ၂၀၁၅ ခုနှစ်နှင့်ကွာဟချက် |
|---|---|---|---|
| ဧရာဝတီ | 2.99% | -0.07% | -3.70% |
| ပဲခူး | 2.57% | -0.49% | -3.52% |
| ချင်း | 3.56% | +0.50% | -1.27% |
| ကချင် | 3.98% | +0.92% | -4.52% |
| ကယား | 5.10% | +2.04% | -3.62% |
| ကရင် | 5.92% | +2.86% | -2.76% |
| မကွေး | 2.28% | -0.78% | -2.76% |
| မန္တလေး | 2.39% | -0.67% | -2.74% |
| မွန် | 4.16% | +1.10% | -4.27% |
| ရခိုင် | 5.03% | +2.97% | -4.39% |
| စစ်ကိုင်း | 2.32% | -0.74% | -2.79% |
| ရှမ်း | 6.08% | +3.02% | -3.01% |
| တနင်္သာရီ | 3.93% | +0.87% | -3.46% |
| ရန်ကုန် | 2.22% | -0.84% | -2.61% |

၂၀၁၅ ခုနှစ် နှင့် ၂၀၂၀ ခုနှစ် ကြားတွင် ပယ်မဲနှင့်ပျောက်ဆုံးမဲ အရေအတွက် များစွာလျော့နည်းလာခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် နိုင်ငံတဝှမ်းအနေဖြင့် ၆.၂၅% မှ ၃.၀၆% ဖြစ်လာခဲ့သည်။ ဤသို့ အကြီးအကျယ် လျော့နည်းလာရခြင်းမှာ မဲဆန္ဒရှင်များစွာသည်

၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ မဲမပေးဖူးခြင်း၊ တစ်ချိန်တည်းမှာပင် သတင်းအချက်အလက်ရရှိပြီး အတွေ့အကြုံရှိသော မဲဆန္ဒရှင်အရေအတွက် လျင်မြန်စွာ တိုးပွားလာခြင်း ဟူသော အကြောင်းတရားကြောင့် တစ်စိတ်တစ်ဒေသ ဖြစ်နိုင်သည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးစာအနေဖြင့် ပျမ်းမျှထက်ပိုသည့် ပယ်မဲအရေအတွက် ထွက်ပေါ်လာခြင်း မရှိတော့သော်လည်း မြို့နယ် ၂၉ ခုတွင် ပယ်မဲနှင့်ပျောက်ဆုံးမဲ အချိုးအဆသည် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ၇% ထက် ရှိခဲ့သည့်အတွက် နိုင်ငံတကာစံနှုန်းများအရ မြင့်မားသည်ဟုဆိုရမည်။ အမြင့်မားဆုံးသော ကိန်းဂဏန်းမှာ ရှမ်းပြည်နယ်၊ မိုင်းခတ်မြို့နယ်ကထွက်ပေါ်ခဲ့ပြီး စုစုပေါင်းမဲအားလုံး၏ ၁၉.၅၃% ကို ပယ်မဲအဖြစ် အံ့သြဖွယ်ရာသတ်မှတ်ခဲ့သည်။ UEC အနေဖြင့် ဤဒေသများတွင် သေသေချာချာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ဤမျှလောက် ပယ်မဲများပြားရသည့် အကြောင်းတရားများကို ဖော်ထုတ်ကာနောင်လာမည့် ရွေးကောက်ပွဲများမတိုင်မီ ကိုင်တွယ်ဖြေရှင်းပေးရန် ကျွန်ုပ်တို့ နှိုးဆော်လိုပါသည်။

ပယ်မဲအရေအတွက်မြင့်မားသည့် ဒေသအတော်များများတွင် မဲလာပေးသူ ပျမ်းမျှဦးရေလည်း နည်းပါးသည်ကို တွေ့ရှိရသည့်အတွက် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း ဝေးလံခေါင်သီသော၊ ကွဲပြားစုံလင်မှုများသော ဒေသများတွင် အထူးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပိုမိုသိသာလာပါသည်။ နောင်အခါတွင် မဲဆန္ဒရှင်အရေအတွက် များနိုင်သမျှအများဆုံး မဲလက်မှတ်များပေါ်တွင် မှန်မှန်ကန်ကန် အမှတ်အသားပြုနိုင်ကြစေရန် ဆောင်ရွက်ပေးနိုင်သော၊ ဆောင်ရွက်ပေးသင့်သော အရာများစွာရှိသေးသည်ဟု ANFREL အနေဖြင့် ယုံကြည်ပါသည်။

## ရွေးကောက်ပွဲရလဒ်များ၏ပွင့်လင်းမှု

ရွေးကောက်ပွဲအချက်အလက်များကို တတ်နိုင်သမျှ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးခြင်းသည် ရွေးကောက်ပွဲ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ရွေးကောက်ပွဲများအပေါ် အများပြည်သူ၏ယုံကြည်မှုမြင့်မားစေရန် လွန်စွာ အရေးကြီးပါသည်။ သို့မှသာ သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများအနေဖြင့် ရွေးကောက်ပွဲကိုနားလည်နိုင်၊ စိစစ်လေ့လာနိုင်ပြီး ရွေးကောက်ပွဲစီမံခန့်ခွဲရေးအဖွဲ့အစည်းနှင့် ရွေးကောက်ပွဲဆိုင်ရာဇာတ်ကောင်များကို တာဝန်ခံလာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲအပါအဝင် ၂၀၁၀ ခုနှစ်ကစ၍ ရွေးကောက်ပွဲရလဒ်များအားလုံးကို UEC ဝက်ဘ်ဆိုဒ်[196] ပေါ်တွင် ရယူအသုံးပြု

196 https://www.uec.gov.mm/pages.php?pagename=၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ

နိုင်သော်လည်း အဆိုပါအချက်အလက်များသည် Open Election Data Initiative[197] က သတ်မှတ်ထားသည့် အခြေခံစည်းမျဉ်းများနှင့် အကုန်အစင် ကိုက်ညီခြင်းမရှိပေ။

ဥပမာဆိုရသော် ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ပြီးစီးသောအခါ ယင်းတို့မှာ အသေးစိတ် အချက်အလက်များ မဟုတ်ကြချေ။ UEC က မဲပေးခွင့်ရှိသူ၊ ကြိုတင်မဲအရေအတွက်၊ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ ရရှိသည့်မဲ၊ ပယ်မဲ နှင့် ပျောက်ဆုံးမဲ အရေအတွက်ကို ထုတ်ပြန်သည့်အခါ ၎င်းအချက်အလက်များကို မဲဆန္ဒနယ် အဆင့်အတွက်သာ ရရှိခဲ့သည်။ မဲရုံအဆင့်တွင်ရေတွက်သောမဲကို ထုတ်ပြန်ပေးနိုင်ပါက အကောင်းဆုံးဖြစ်ပြီး အချို့သော အာရှနိုင်ငံများတွင် ဤအတိုင်းဆောင်ရွက်ကြပါသည်။ ထို့အပြင် မဲဆန္ဒနယ်အတွင်းနှင့်ပြင်ပ ကြိုတင်မဲများကို ခွဲခြားဖော်ပြပေးပါက ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ယင်းအစိတ်အပိုင်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု တိုးပွားလာစေနိုင်ပါသည်။

လွှတ်တော်တစ်ခုချင်းစီအတွက် ရွေးကောက်ပွဲရလဒ်များကို ဖိုင်ခွဲ၍ ထုတ်ပြန်ပေးခဲ့သည့် အတွက် UEC က ထုတ်ပြန်သည့်အချက်အလက်များကို တစ်စုတစ်စုတည်း ဒေါင်းလုတ်ဆွဲ ယူ၍မရနိုင်ပေ။ ထို့အပြင် open data စံနှုန်းများအရ PDF ဖိုင်များသည် CSV, JSON နှင့် XML တို့ကဲ့သို့သော စက်ဖြင့်ဖတ်ရှုနိုင်သောပုံစံအဖြစ် ယူဆ၍မရနိုင်သည့်အတွက် အသုံးပြုသူများ အနေဖြင့် အချက်အလက်များကို လွယ်လင့်တကူ စိစစ်လေ့လာမှုမပြုနိုင်ပါ။ ယင်းသို့သော ချို့ယွင်းချက်များမှအပ UEC ၏ ရွေးကောက်ပွဲရလဒ်များသည် အချိန်မီခြင်း၊ အွန်လိုင်းတွင် အခမဲ့ရယူနိုင်ခြင်း အစရှိသည့် အခြားသော open data အခြေခံစည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိပါသည်။

## ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းခြင်း

ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ဖြေရှင်းခြင်းသည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက် နေသူ လူများစွာတို့၏ အငြင်းပွားမှုများ၊ မကျေနပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပေး ရသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အရေးကြီးလှသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်း၊ ကိုယ်စားလှယ်လောင်း အမည်တင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးရေး ကာလအတွင်း စည်းကမ်းဖောက်ဖျက်ခြင်း၊ ရွေးကောက်ပွဲနေ့ စည်းကမ်းဖောက်ဖျက်ခြင်း၊ ရွေးကောက်ပွဲရလဒ်များ နှင့် ရွေးကောက်ပွဲအသုံးစရိတ်များ စသည်တို့နှင့် ပတ်သက်၍ ကန့်ကွက်ခြင်း၊ တိုင်ကြားခြင်းတို့အပါအဝင် အငြင်းပွားမှု အမျိုးအစားပေါင်းစုံကို ဖြေရှင်းရန် လုပ်ထုံးလုပ်နည်း ပေါင်းစုံရှိပါသည်။ အငြင်းပွားမှု၏ သဘောသဘာဝကိုလိုက်၍ တိုင်ကြား သည့် လုပ်ထုံးလုပ်နည်းများ ကွာခြားပါသည်။

197 https://openelectiondata.net/en/guide/principles/

ရွေးကောက်ပွဲနှင့် ဆက်စပ်ပတ်သက်သူများအား ရွေးကောက်ပွဲအငြင်းပွားမှု ဖြေရှင်းရေး လုပ်ထုံးလုပ်နည်း အမျိုးမျိုးအကြောင်းကို ပညာပေးရာ၌ UEC သည် ချီးကျူးဖွယ်ရာ ဆောင်ရွက်ချက်များပြုလုပ်ခဲ့ပါသည်။ ဥပမာ အငြင်းပွားမှုဖြေရှင်းရေး လုပ်ထုံးလုပ်နည်း အသေးစိတ်ပါဝင်သော လက်စွဲစာအုပ်တစ်အုပ်ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလ[198] အတွင်း ထုတ်ဝေပေးခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အကျဉ်းချုပ် တင်ပြဆွေးနွေးမှု တစ်ခုကိုလည်း ၂၀၂၀ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်ခဲ့သည်။

## ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများ (EMCs)

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများ၊ နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် ကျင့်ဝတ်များ လိုက်နာစေရေးတို့နှင့် စပ်လျဉ်းသည့် အငြင်းပွားဖွယ်ရာကိစ္စ ရပ်များ ပေါ်ထွက်လာပါက အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နည်းလမ်းတစ်သွယ် အဖြစ် အသုံးပြုရန် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မတိုင်မီကတည်းက ရွေးကောက်ပွဲ ဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီများ (EMCs) ကို UEC က ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ နည်းလမ်းကိုပင် ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် လက်ခံ ကျင့်သုံးခဲ့ရာကောင်းစွာထိရောက်မှုရှိခဲ့ပြီး မြောက်များစွာသော အငြင်းပွားမှုတို့ကို မြို့နယ် အဆင့်၌ ဖြေရှင်းပေးနိုင်ခဲ့သည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ် ပိုမိုထိရောက်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ရည်မှန်းချက်ဖြင့် ရွေးကောက်ပွဲ အငြင်းပွားမှု ဖြေရှင်းရေးကို UEC က ၎င်း၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၂ တွင် မဏ္ဍိုင်တစ်ရပ်အနေဖြင့် ထည့်သွင်းခဲ့ပါသည်။ ၂၀၂၀ ခုနှစ်အစောပိုင်းတွင် EMC များကို ရွေးကောက်ပွဲနည်းဥပဒေတွင် ထည့်သွင်းခဲ့ခြင်းဖြင့် တရားဝင်ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်စေခဲ့သည်။ EMC ၏ ဆုံးဖြတ်ချက်များမှာ ဥပဒေကြောင်းအရ ချုပ်နှောင်မှုမရှိသော်လည်း ၎င်း၏အဓိကရည်မှန်းချက်မှာ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ကာလအတွင်း ပဋိပက္ခဖြစ်ပွားမှုများလျှော့ချရာ၌ တွေ့ဆုံဆွေးနွေးပြီး သဘောတူညီချက် ရယူသည့်နည်းဖြင့် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို သတ်မှတ်ကြေညာပြီးသည့်နောက်တွင် EMC များကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်များ၌ ဖွဲ့စည်းကြပါသည်။ EMC တွင် အငြင်းပွားမှု တိုင်ကြားနိုင်သည့် သက်ဆိုင်သူများမှာ အငြင်းပွားမှုတွင်ပါဝင်သည့်

198 https://merin.org.mm/sites/merin.org.mm/files/publication/edr_manual_eng_version_v5_b5_size_10-11-2020.pdf

နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာအစိုးရဌာနများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူများ နှင့် အငြင်းပွားမှုတွင်ပါဝင်နေသည့် မဲဆန္ဒရှင်များ ဖြစ်ကြပါသည်။ EMC အစည်းအဝေးများကို အများပြည်သူက ကြားနာသိရှိနိုင်ပြီး လေ့လာသူများနှင့်မဲဆန္ဒရှင်များလည်း တက်ရောက်နိုင်သည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက်ပြင်ဆင်ရာတွင် အငြင်းပွားမှုများကို ကိုယ်တွယ်ဖြေရှင်းရာတွင် အဆင်ပြေ ချောမွေ့မှုရှိစေရန် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့် လုပ်ငန်းစဉ်လက်စွဲ[199] ကို UEC က ထုတ်ဝေပေးခဲ့သည်။ ရွေးကောက်ပွဲမတိုင်မီ EMC အဖွဲ့ဝင်များအတွက် UEC က အွန်လိုင်းသင်တန်းများ အစဉ်တစိုက် ပြုလုပ်ပေးခဲ့သည်။ တဖက်တွင်လည်း စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်ကို ဆက်စပ်ပတ်သက် သူများအား အသိပညာပေးရန်အတွက် ဗီဒီယို[200] တစ်ခု နှင့် ပိုစတာ[201] တစ်ခု ကို UEC က ပြုလုပ်ပေးခဲ့သည်။

ANFREL က အစီအရင်ခံရရှိမှုများအရ မဲဆွယ်စည်းရုံးရေးကာလအတွင်း ဖြစ်ပွားသည့် ရွေးကောက်ပွဲ အငြင်းပွားမှုများအား EMC များက တစ်ဆင့် လျင်မြန်စွာ ဖြေရှင်းပေးနိုင်ခဲ့ရာ မြို့နယ်အဆင့်ကို ကျော်လွန်၍ အထက်သို့ရောက်ရှိသွားသည့် အမှုကိစ္စမှာ လွန်စွာနည်းပါးသည်ဟုသိရှိရပါသည်။ သို့ဖြစ်၍ EMC များသည် ဆက်စပ်ပတ်သက်သူများနှင့် အဖွဲ့အစည်းများကြား ဆွေးနွေးမှုနှင့်စေ့စပ်ညှိနှိုင်းမှု အားကောင်းလာစေရေးတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အကျိုးရှိသောလမ်းစဉ်တစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း အရေးပါသည့် သတင်းအချက်အလက်ပေးသူ အချို့၏ ပြောကြားချက်အရ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းစဉ်သည် တလွဲအသုံးချ ခံရနိုင်ခြေရှိနေပြန်ပါသည်။ သာဓကအားဖြင့် UEC သည် စည်းကမ်းချိုးဖောက်သော ကိုယ်စားလှယ် လောင်းများနှင့်နိုင်ငံရေးပါတီများကို အရေးယူခဲလှပြီး ပါတီအချင်းချင်း ပြန်လည်သင့်မြတ်သွားအောင်သာ တွေ့ဆုံဆွေးနွေး စေသည်။ သို့ဖြစ်ပါ၍ ရွေးကောက်ပွဲ ဥပဒေချိုးဖောက်သူများကို UEC က အရေးယူမည်ဆိုပါက EMC များ၏ ထိရောက်မှုမှာ ပိုမိုအားကောင်းလာမည်ဖြစ်ပြီး ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသည်လည်း စိတ်ရင်းအမှန်ဖြင့် ပြန်လည်သင့်မြတ်အောင် ဆောင်ရွက်လာကြမည်ဖြစ်သည်။

---

199 https://merin.org.mm/sites/merin.org.mm/files/publication/mediation_guide_en.pdf

200 https://www.facebook.com/609520065840362/videos/919037571852278/

201 https://www.facebook.com/uecmyanmar/photos/a.609541812504854/2875207495938263/

## ရွေးကောက်ပွဲအလွန် အငြင်းပွားမှုများ

အထွေထွေရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်တွင် USDP ဥက္ကဋ္ဌ ဦးသန်းဌေးက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများဖွဲ့စည်းမှု၊ ရွေးကောက်ပွဲဆိုင်ရာညွှန်ကြားချက်များနှင့် ပါတီများမဲဆွယ်ရန် အချိန်ကာလမလုံလောက်မှု စသည်ဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ မသမာမှုများရှိသည်ဟုစွပ်စွဲခဲ့သည်။ ရွေးကောက်ပွဲအတွင်း ဥပဒေချိုးဖောက်မှုများနှင့် ပတ်သက်၍ သက်သေအထောက်အထားများ စုဆောင်း ကြရန်နှင့် ၎င်းတို့ကို ပါတီထံသို့တင်ပြရန်လည်း ပါတီဝန်းရံထောက်ခံသူများအား ၎င်းက နှိုးဆော်ခဲ့သည်။ ရလဒ်အနေဖြင့် USDP က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေချိုးဖောက်မှုနှင့်စပ်လျဥ်း၍ ရဲအရေးပိုင်သော တိုင်ကြားမှုပေါင်း ၁၂၇ မှုနှင့် UEC သို့တိုင်ကြားသော အမှုပေါင်း ၁,၁၆၄ ကို တင်သွင်းသည်ဟု အခိုင်အမာဆိုခဲ့သည်[202]။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ်၏ ပြောကြားချက်အရ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မဲရုံဝန်ထမ်းအဖြစ်ဆောင်ရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမ ၁၀ ဦးကျော်ကိုလည်း USDP အဖွဲ့ဝင်များက အမှုဖွင့်တိုင်ကြားခဲ့ကြသည်ဟုသိရသည်[203]။

USDP ၏ မဟာမိတ် ဖြစ်သူ အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီ ကလည်း ရွေးကောက်ပွဲသည် လွတ်လပ်မျှတမှုရှိသည်ဟု လက်မခံကြောင်းကြေညာချက်ထုတ်ပြန်ခဲ့ပြီး ၎င်းတို့မဲဆွယ်စည်းရုံးရာ၌ နှောင့်ယှက်မှုများ ကြုံတွေ့ခဲ့ရပြီး ရွေးကောက်ပွဲ တရားမဲ့ပြုကျင့်မှုများလည်း ရှိခဲ့ကြောင်း စွပ်စွဲခဲ့သည်[204]။ ထို့အပြင် တပ်မတော်နှင့်အဆက်စပ်ရှိသည့် အခြားပါတီဖြစ်သော USDP နှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ (DNP) တို့က သမ္မတ ဦးဝင်းမြင့်နှင့်တကွ အခြားသောအစိုးရခေါင်းဆောင်သုံးဦး၊ UEC ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အခြားသော ရွေးကောက်ပွဲတာဝန်ရှိသူ ၁၄ ဦး[205] တို့ကို အာဏာပိုင်မေး စာချွန်တော်အမိန့်[206] ထုတ်ပြီး စစ်ဆေးပေးပေးရန်တိုင်ကြားခဲ့ပါသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အထွေထွေရွေးကောက်ပွဲရလဒ် များကို လက်ခံမည်ဟု[207] ပြောကြားခဲ့သော်လည်း တပ်မတော်သတင်းမှန်

202 https://www.facebook.com/UnionSolidarityAndDevelopmentPartyPeople/posts/1058775664592062

203 https://www.frontiermyanmar.net/en/teachers-stung-by-suite-of-usdp-lawsuits/

204 https://www.irrawaddy.com/elections/election-thrashing-myanmars-military-backed-opposition-casts-doubt-result.html

205 https://www.irrawaddy.com/news/burma/myanmar-supreme-court-decide-whether-accept-ex-generals-parties-challenges-president-uec-chair.html

206 A writ of mandamus is a written court order compelling government officials or departments to perform their duties.

207 https://www.irrawaddy.com/news/burma/myanmars-military-chief-agrees-accept-election-result.html

ပြန်ကြားရေးအဖွဲ့က တပ်မတော်သားများနှင့် ၎င်းတို့၏မိသားစုများ မဲပေးသည့်မြို့နယ်များက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်ကို ပြန်လည်စစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့သည်[208] ။ ၎င်းအဖွဲ့က ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့အတွင်း ကြေညာချက် (၁၇) စောင်ထုတ်ပြန်ခဲ့ပြီး မြို့နယ်ပေါင်း ၂၂၈ မြို့နယ်ရှိ မဲစာရင်းပါ မဲဆန္ဒရှင် ၂၈.၁၈ သန်းအနက် မသင်္ကာဖွယ်ရာမဲပေးသူ ၅.၈၅ သန်း တွေ့ရှိခဲ့သည် ဟုဆိုသည်[209] ။ ၎င်းအဖွဲ့၏တွေ့ရှိချက်များအရ မဲစာရင်းတွင်အမည်ထပ်နေသူ ၂.၂၇ သန်းနှင့် အသက်မပြည့်သူ၊ အသက်ရာကျော်သူ ဘိုးဘွားများနှင့် မှတ်ပုံတင်မရှိသူများ အပါအဝင် မဲလိမ်လည်မှု ဖြစ်ပွားစေနိုင်သူ ၃.၅၈ သန်း ရှိသည်ဟု သိရသည်။ USDP ပါတီအတွင်းက လူတစ်ဦး၏ ပြောကြားချက်အရ ပါတီကိုယ်စားလှယ်လောင်းများစွာ တို့သည် နောက်ဆုံးအကြိမ် မဲစာရင်းများကို မရရှိခဲ့ကြ၍ အချို့သော နေရာဒေသများတွင် မဲဆန္ဒရှင်များ ရုတ်တရက် တိုးပွားလာသည့်ကိစ္စများကို စစ်ဆေးခြင်း မပြုနိုင်ခဲ့ဟုဆိုသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်သည် ၎င်း၏ စွဲချက်များကို ထပ်မံပြုပြင်ပြောင်းလဲခဲ့ပြီး "၂၀၂၀ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် လက်ခံနိုင်ဖွယ်ရာ မရှိကြောင်း၊ အမှန်တကယ်မရှိသော မဲဆန္ဒရှင်များ ကဲ့သို့သော ကိစ္စရပ်များအပါ ၁၀.၅ သန်းနှင့် အထက်သော မဲမသမာမှု ဖြစ်နိုင်ချေရှိကြောင်း" ကို အခိုင်အမာ ပြောဆိုခဲ့သည်[210] ။ အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မဲဆန္ဒရှင်စာရင်း တောင်းခံနိုင်ခြင်း မရှိသည့်အတွက် ANFREL အနေဖြင့် အဆိုပါ စွပ်စွဲချက်များကို အတည်ပြုနိုင်ခဲ့ခြင်းမရှိပါ။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးစီးသော တပ်မတော်သည် အဆိုပါ ထောက်ခံဖွယ်မရှိသောစွပ်စွဲချက်များကို ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းခြင်း အတွက် တရားမျှတမှုအဖြစ် အသုံးပြုလာခဲ့တော့သည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း မဲစာရင်းမသမာမှု ကြီးမားစွာရှိသည်ဟူသော အခိုင်အမာပြောဆိုချက်ကို အထောက်အပံ့ဖြစ်စေသော တိကျသည့် သက်သေအထောက်အထားများအား အများပြည်သူသို့ ရှင်းလင်းချပြခြင်းမရှိသေးပါ။

ရွေးကောက်ပွဲ ရလဒ်များ ထုတ်ပြန်ကြေညာပြီး ၄၅ ရက် အတွင်း မဲဆန္ဒရှင်များ နှင့် ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရွေးကောက်ပွဲရလဒ်များနှင့်ပတ်သက်၍ ကန့်ကွက်လွှာများကို UEC ထံသို့ ပေးပို့နိုင်သည်။ ကန့်ကွက်လွှာတင်သွင်းသူအနေဖြင့် အမှုစရိတ် ကျပ်ငွေ ၅၀၀,၀၀၀ (USD ၃၈၀ ခန့်) ပေးရန်လိုအပ်သည်။ ကန့်ကွက်လွှာကို စစ်ဆေးရာတွင် UEC

208 https://www.irrawaddy.com/elections/myanmar-military-launches-review-election-proxy-party-cries-foul.html

209 http://www.dsinfo.org/sites/default/files/All%20Total%20statement%20ENG-page-001.jpg(page since taken down)

210 https://www.mmtimes.com/news/tatmadaw-reprimands-diplomatic-community-unwarranted-assumptions.html

က ရွေးကောက်ပွဲခုံရုံးကို UEC ဗဟိုကော်မရှင်အဖွဲ့ဝင်သုံးဦး သို့တည်းမဟုတ် UEC ကော်မရှင်အဖွဲ့ဝင်တစ်ဦးနှင့် လွတ်လပ်သော ဥပဒေပညာရှင်နှစ်ဦးတို့ဖြင့်ဖွဲ့စည်း၍ အမှုကိုကြားနာစစ်ဆေးရမည်။

အထွေထွေရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ကန့်ကွက်လွှာ ၄၅ ခု ရှိခဲ့သော်လည်း ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက် ကန့်ကွက်လွှာစုစုပေါင်း (၂၈၇) ခု ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ အကုန်တွင် လက်ခံရရှိခဲ့ပါသည်။ ၎င်းကန့်ကွက်လွှာ တို့တွင် USDP က ၁၇၁ ခု၊ NLD က ၁၇ ခု၊ မဲဆန္ဒရှင်များက ၉၄ ခု၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)၊ မွန်ညီညွတ်ရေးပါတီ(MUP)၊ လီဆူအမျိုးသားဖွံ့ဖြိုးရေးပါတီ (LNDP)၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(UPNO)၊ ဝအမျိုးသားပါတီ (WNP) တို့မှ ၁ ခုစီပါဝင်ပါသည်။ ကန့်ကွက်လွှာများ၏ ထက်ဝက်ကျော်သည် မန္တလေးတိုင်းဒေသကြီး (၆၉ မှု) ကဖြစ်ပြီး ရှမ်းပြည်နယ် (၅၁ မှု) နှင့် ပဲခူးတိုင်းဒေသကြီး (၃၃ မှု) တို့ပါဝင်သည်[211] ။

ရွေးကောက်ပွဲဥပဒေတွင် UEC အနေဖြင့် မည်သည့်ရက်တွင်နောက်ဆုံးထား၍ ရွေးကောက်ပွဲ ကန့်ကွက်လွှာများကို ဖြေရှင်းပေးရမည် ဟု ဖော်ပြမထားသော်လည်း မြန်မာနိုင်ငံ ရွေးကောက်ပွဲ ခုံရုံးများအနေဖြင့် အချိန်ကိုက်ဆောင်ရွက်မှုသည် အရေးအကြီးဆုံး ကိစ္စရပ်ဖြစ်သည်ဟု ANFREL အနေဖြင့် ယုံကြည်ပါသည်။ တစ်ဖက်စောင်းနင်းဖြစ်ခြင်းနှင့် မကျေနပ်မှုများမဖြစ်ပေါ်စေရန် ကန့်ကွက်လွှာများကို အဆောတလျင်နှင့် ပွင့်လင်းမြင်သာစွာဖြေရှင်းပေးရပါမည်။ ကံမကောင်းအကြောင်းမလှစွာပင် မြန်မာ့စစ်တပ်သည် မည်သည့်ရွေးကောက်ပွဲခုံရုံးမျှမဖွဲ့စည်းရသေးမီ အာဏာသိမ်းခြင်းကိုပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲအလွန်ကာလ အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ်အား ဟန့်တားခြင်းသည် ဥပဒေအကြောင်းနှင့် မညီဘဲဆောင်ရွက်ခဲ့သည်ဟု မှတ်ယူရတော့မည်ဖြစ်သည်။

211 https://bit.ly/3hjMwP1

# အခန်း ၁၀

# ဘေးဖယ်ချန်ထားခြင်းခံရသော လူ့အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှု

## အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှု

၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (NSPAW) တွင် "လူ့အဖွဲ့အစည်း၏ အဆင့်အားလုံးတွင်ရှိ ဆုံးဖြတ်ချက် ချမှတ်သည့် နေရာများနှင့် ခေါင်းဆောင်မှုပိုင်း တွင် အမျိုးသမီးများ တန်းတူပါဝင်မှုရရှိစေရန် စနစ်များ၊ ဖွဲ့စည်းပုံများနှင့်အလေ့အကျင့်များ[212] " ကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ရန် နှိုးဆော်ထားသည်။ အဆိုပါ ရည်ရွယ်ချက်ကိုတိုင်းတာ ရာတွင် "ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်များရှိ ဆုံးဖြတ်ချက် ချမှတ်သည့် နေရာတွင် အမျိုးသမီးများ၏ ပါဝင်မှုရရှိစေဖို့ရာ" ဝေပုံကျခွဲတမ်းသတ်မှတ်ပေးရန်ဖြစ်သည်။ သို့သော်လည်း ဥပဒေအရချုပ်နှောင်မှုမရှိသော ကတိကဝတ်မျိုးဖြစ်နေသည့်အတွက် ကျား၊ မ တန်းတူညီမျှသော ပါဝင်ဆောင်ရွက်မှုဖြစ်စေရေးအတွက် အစိုးရ၏ လက်တွေ့ဆောင်ရွက်မှု မှာ အနည်းငယ်သာ ရှိသည်[213] ။ မည်သို့ပင်ဖြစ်စေ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များ၌ အမျိုးသမီးကိုယ်စားပြုမှု မြင့်တက်လာ ခဲ့ရာ ရွေးကောက်ခံအမတ်နေရာများ၏ ၁၂.၇ ရာခိုင်နှုန်းကို ရယူနိုင်ခဲ့ပြီး နှိုင်းယှဉ်ကြည့် ပါက ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ နောက်ပိုင်းတွင် ၃.၈ ရာခိုင်နှုန်းမျှသာ ရှိခဲ့သည်။

International IDEA ၏အဆိုအရ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၅,၆၄၁ ဦး ရှိသည့်အနက် အမျိုးသမီးကိုယ်စားလှယ်လောင်း ၉၀၂ ဦး၊ တစ်နည်းအားဖြင့် ၁၆% ရှိသည်ဟု သိရသည်[214] ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း ၆,၁၈၉ ဦးအနက် ၈၀၀ (၁၃%) မှာ အမျိုးသမီးများ ဖြစ်ကြသည့် အတွက် ဤအချိုးအဆမှာ မြင့်တက်လာသည်[215] ဟု ဆိုနိုင်သော်လည်း ပမာဏ နိမ့်ပါးလျက် ရှိနေပါသေးသည်။ ခန့်မှန်းခြေအားဖြင့် မဲဆန္ဒရှင် ၃၈ သန်းခန့်ရှိသည့်အနက် ၁၉ သန်းကျော် မှာအမျိုးသမီးများ ဖြစ်ကြပါသည်။

---

212 https://myanmar.unfpa.org/sites/default/files/pub-pdf/NSPAW2013-2022_0.pdf

213 https://asiafoundation.org/wp-content/uploads/2016/05/Gender_in_Equality_in-the-Governance-of-Myanmar_ENG.pdf

214 http://stepdemocracy.eu/uploads/publications/election-sataglance-(A4).pdf?fbclid=IwAR0IcqQKUiCMq5QmO1j-_4kux7vjS5rrJIj7V94iAYBM6cv-QYEXRs_YBJg

215 http://www.dvb.no/news/2015-election-women-account-for-13-of-candidates-burma-myanmar/57024



စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့တွင် သက်ကြီးမဲဆန္ဒရှင်တစ်ဦး အကူအညီဖြင့် မဲပေးနေပုံကို နိုဝင်ဘာလ ၂ ရက်နေ့က တွေ့ရစဉ် (ဓါတ်ပုံ – Ben Small)

မြန်မာနိုင်ငံတွင် ဥပဒေကြောင်းအရ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု ကို တားဆီး ကန့်သတ်ထားခြင်းမရှိသော်လည်း အမျိုးသမီးများအား ထုံးတမ်းအစဉ်အလာ များဖြင့် ပိတ်လှောင်ထားလိုသော လူ့အဖွဲ့အစည်း၏ နှုန်းစံများ ရှိနေသေးသည်။ ANFREL အင်တာဗျူးခဲ့သည့် အဓိက သတင်းအချက်အလက် ပေးသူများ၏ ယူဆချက်အရ နိုင်ငံရေး ပါတီများတွင် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန် ဟူသော မဟာဗျူဟာ မျိုးမရှိပေ။ ထို့အပြင် အချို့သော အမျိုးသမီးကိုယ်စားလှယ်လောင်းများ၏ ဖွင့်ဟပြောဆို ချက်အရ အမျိုးသမီးများအပေါ် ခွဲခြားမှုရှိနေသေးကြောင်း မဲဆန္ဒရှင်များ ကိုယ်တိုင်က အမျိုးသားကိုယ်စားလှယ်လောင်းကို ပိုမိုလိုလားမှုရှိကြောင်းကို ကိုးကား၍ ပြောကြားခဲ့ ကြသည်။ သာဓကအားဖြင့် အမျိုးသမီးနိုင်ငံရေးသမားများသည် ညအခါ အရေးပေါ်ကိစ္စများ (သို့မဟုတ်) ရပ်ရွာအတွင်း တစ်ခုခုဖြစ်ပွားပါက လာရောက်ပေးနိုင်မည်မဟုတ်ဟုဆိုကြပြီး ဇနီးသည်အနေဖြင့် မိခင်အနေဖြင့် ဝတ္တရားများကို မဆောင်ရွက်ဘဲ နိုင်ငံရေးတာဝန်များ ကိုသာ ဆောင်ရွက်နေကြခြင်းကိုလည်း ဝေဖန်ကြသည်။

ရခိုင်ပြည်နယ်တွင် အမျိုးသမီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦး ၏ ထုတ်ဖော် ပြောကြားချက် အရ ၎င်းအား မဲဆန္ဒရှင်များ၊ အာဏာရပါတီနှင့် ဆိုရှယ်မီဒီယာ အသုံးပြုသူများက ခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့ကြသည်ဟုသိရသည်။ မဲဆွယ်စည်းရုံးမှု ပြုလုပ်စဉ်အတွင်း ၎င်းသည် တက္ကသိုလ်ဘွဲ့ရပြီးသူဖြစ်ကြောင်း ပြည်သူများယုံကြည်အောင် ပင် ပြောကြားခဲ့ရသည်။ ဖေ့ဘုတ်ပေါ်တွင်လည်း မကောင်းသော မှတ်ချက်များ ရရှိခဲ့ပြီး သတင်းမှားများဖြင့် တိုက်ခိုက်ခြင်းခံခဲ့ရသည် (ဥပမာ– မဘသ ထောက်ခံသူဖြစ်သည် ဟူ၍ လည်းကောင်း၊ အဆင့်မြင့် တပ်မတော်အရာရှိတစ်ဦး၏ ဇနီးဖြစ်သည်ဟူ၍လည်းကောင်း မဟုတ်မမှန်စွပ်စွဲ ခြင်း)။

ပဲခူးတွင် အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အရေးဆိုလှုပ်ရှားလျက်ရှိ ကြသော အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ အဆိုအရ အမျိုးသမီးများစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ကျား၊မ တန်းတူညီမျှမှု ရှိရေးတို့အတွက် လုပ်ငန်းစဉ်များစ၍ ဆောင်ရွက် ရန် အဖွဲ့အစည်းယန္တရားပိုင်း ထောက်ပံ့ကူညီမှုမရှိဟု သိရသည်။ ရခိုင်ပြည်နယ်က မေးခွန်း ဖြေကြားပေးသူများ၏ ပြောကြားချက်အရသတင်းအချက်အလက်ကောင်းစွာရရှိသော မဲဆန္ဒ ရှင်များသည် သတင်းအချက်အလက်များစွာမရရှိသော အုပ်စုများထက်စာလျှင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို ပိုမိုလိုလားကြသည်ဟု သိရသည်။ ထို့အပြင်လုံခြုံရေးမှာလည်း နောက်ထပ် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ဖေ့စ်ဘုတ်ကဲ့သို့သော ဆိုရှယ်မီဒီယာပလက်ဖောင်းများ ပေါ်က လုပ်ကြံသတင်းများသည် ရုပ်ပိုင်းဆိုင်ရာ၊ နှုတ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ ဖြစ်ပေါ် စေနိုင်သည်။

လူငယ်အမျိုးသမီး ကိုယ်စားလှယ်လောင်းတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံသားအများစု တွင် အမျိုးသမီးများအား အသိအမှတ်ပြု နှစ်သက်လိုလားသည့်စိတ်မျိုး မရှိကြဘဲ ပြည်သူ့

ရေးရာကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှုကို ထောက်ခံခြင်းမရှိဟုသိရသည်။ ၎င်း၏ ပြောကြားချက်အရ ၂၀၁၅ ခုနှစ်ထက်စာလျှင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် အမျိုးသမီးများအား အမုန်းစကားများဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှု ပိုမိုများပြားသည် ဟု သိရပြီး ၎င်းအနေဖြင့် နောင်အနာဂတ်တွင် ပြောင်းလဲမှုရှိလာစေရန် မျှော်လင့်နေပါသည်။ ဘေးဖယ်ချန်ထားခံရခြင်းသည် တိုင်းရင်းသားလူနည်းစုဝင် အမျိုးသမီးများအတွက် ပို၍ ကြီးမားစွာ ကြုံတွေ့ရပါသည်။ မွတ်ဆလင်အမျိုးသမီး မဲဆွယ်စည်းရုံးရေးမန်နေဂျာတစ်ဦး က ANFREL သို့ပြောကြားသည်မှာ ပြည်သူ့ရေးရာကိစ္စရပ်များတွင် အမျိုးသမီးများပါဝင်ခြင်း ကို အစ္စလာမ်ဘာသာတွင် ကန့်သတ်ထားခြင်းမရှိကြောင်းကို သက်သေပြနိုင်ရန် အတွက် မွတ်ဆလင်အမျိုးသမီးများအနေဖြင့် နိုင်ငံရေးတွင် တက်ကြွစွာပါဝင်ရန် အရေးကြီးပါသည်။

သို့သော်လည်း အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ခွဲခြားဆက်ဆံခြင်းကို အမျိုးသား များကသာ ပြုလုပ်ကြသည်မဟုတ်ပါ။ အမျိုးသမီးမဲဆန္ဒရှင်တစ်ဦးအား အင်တာဗျူးရာတွင် ၎င်း၏ထင်မြင်ချက်မှာ အမျိုးသမီးများသည် "စိတ်ပျော့ပျောင်း" သည့်အတွက် နိုင်ငံရေးသမား ကောင်း မဖြစ်နိုင်ဟုဆိုပါသည်။ အလားတူပင် မန္တလေးတိုင်းဒေသကြီးက မွတ်ဆလင် အမျိုးသမီးကိုယ်စားလှယ်လောင်းတစ်ဦး၏ ပြောကြားချက်အရ ၎င်းပါတီကိုထောက်ခံသူများ ကြား၌ပင် သူမအား ခွဲခြားဆက်ဆံသူများရှိကြောင်းသိရသည်။

မည်သို့ပင်ဆိုစေ အချို့သောနိုင်ငံရေးပါတီများမှာမူ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အတွက် ၎င်းတို့၏ ကိုယ်စားလှယ်လောင်းများစာရင်းတွင် အမျိုးသမီးအရေအတွက် ပိုမို ထည့်သွင်းရေးကို အလေးအနက်ထား ဆောင်ရွက်ခဲ့ကြပါသည်။ ဥပမာ NLD ကိုယ်စားလှယ် လောင်းများ၏ ၂၀% မှာ အမျိုးသမီးများဖြစ်ကြပြီး ၂၀၁၅ ခုနှစ် တွင် ၁၃% ခန့်ရှိရာမှ တိုးတက်လာခဲ့ခြင်းဖြစ်သည်[216]။ SNLD ပါတီကလည်း အမျိုးသမီးများနှင့် လူငယ်များအား နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန်အားပေးသည့် မူဝါဒတစ်ရပ်ကို အကောင်အထည်ဖော်ခဲ့ရာ အမျိုးသမီးကိုယ်စားလှယ်လောင်း ၂၉% ပါဝင်ခဲ့ပြီး ၎င်းတို့အနက် ၃၆ ဦးသည် အသက် ၂၅ နှစ် မှ ၃၅ နှစ်ကြား ရှိကြသည်။ မွန်ညီညွတ်ရေးပါတီ (MUP) ကိုယ်စားလှယ်လောင်းများ၏ ၂၆% မှာ အမျိုးသမီးများဖြစ်ကြပြီး လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS) ၏ ကိုယ်စားလှယ်လောင်း ၁၆ ဦးအနက် ရှစ်ဦး (၅၀%) မှာ အမျိုးသမီးများဖြစ်ကြသည်။ သို့သော်လည်း USDP တွင် အမျိုးသမီးကိုယ်စားလှယ်လောင်းပမာဏမှာ ၁၅% သာရှိပြီး ANP (ရခိုင်အမျိုးသားပါတီ) တွင် ၈% သာရှိသည်။ ကချင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ် မှစ၍ အမျိုးသမီးကိုယ်စားလှယ်လောင်း ပျမ်းမျှအရေအတွက် ကျဆင်းလာခဲ့ပြီး KSPP က အမျိုးသမီး ၁၃% သာ ရွေးကောက်ပွဲတွင် ပွဲထုတ်ခဲ့သည်။[217]

216 https://www.irrawaddy.com/news/burma/nld-selects-20-female-candidates-myanmars-november-election.html

217 https://www.tni.org/files/publication-downloads/bpb23_def_26092020_highres.pdf

အကောင်းဘက်ကကြည့်မည်ဆိုပါလျှင် ၂၀၂၀ ခုနှစ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြု လွှတ်တော်များတွင် အမျိုးသမီးရွေးကောက်ခံအမတ် အချိုးအဆ တိုးတက်လာခဲ့ပါသည်။ ပြည်တွင်း CSO တစ်ခုဖြစ်သော ဖန်တီးအိမ်၏ပြောကြားချက်အရ ရွေးကောက်ခံဥပဒေပြုအမတ်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများအားလုံး၏ ၁၇% မှာ အမျိုးသမီးများဖြစ်ကြပါသည်။ အမတ်နေရာ ၁,၁၁၇ နေရာအနက် အမျိုးသမီးများက ၁၉၄ နေရာ အနိုင်ရရှိခဲ့ရာ အမျိုးသားလွှတ်တော်တွင် ၂၅ နေရာ၊ ပြည်သူ့လွှတ်တော်တွင် ၅၃ နေရာနှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များတွင် ၁၁၆ နေရာ အသီးသီးရှိပြီး ၂၀၁၅ ခုနှစ်တွင် အမတ်နေရာ ၁,၁၅၀ အနက် အမျိုးသမီးများက ၁၅၂ နေရာသာရရှိခဲ့သည့်အတွက် ၄% တိုးပွားလာခဲ့ခြင်းဖြစ်သည်[218] ။




*စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် အမျိုးသမီးမဲဆန္ဒရှင်များက ၎င်းတို့၏ မှင်တို့ထားသော လက်သန်းများအားပြသနေစဉ် (ဓါတ်ပုံ – Ben Small)*

## တိုင်းရင်းသားနှင့် ဘာသာရေးအရလူနည်းစုများ၏ ပါဝင်ဆောင်ရွက်မှု

ANFREL က အင်တာဗျူးခဲ့သော ဆက်စပ်ပတ်သက်သူများ၏ခန့်မှန်းချက်အရ လူမျိုးအုပ်စုကြီးများဖြင့် နိုင်ငံစာပါက တိုင်းရင်းသား (သို့မဟုတ်) ဘာသာရေးအရ လူနည်းစုများအနေဖြင့် ၂၀၂၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်းသည် လေဆန်ရေဆန် သွားရခြင်းဖြစ်သည်။ သာဓကအားဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ယာယီနိုင်ငံသားစိစစ်ရေးကဒ်ပြား ကိုင်ဆောင်ထားကြသော မွတ်ဆလင်နှင့် ဟိန္ဒူ မဲဆန္ဒရှင်အချို့သည် မဲဆန္ဒရှင်စာရင်းပေးသွင်းရာ၌ အခက်အခဲများကြုံတွေ့ခဲ့ကြရသည်။ ရခိုင်ပြည်နယ် တောင်ပိုင်းက မွတ်ဆလင်

218 https://www.irrawaddy.com/elections/proportion-women-myanmars-legislatures-rises-following-nov-8-election.html

ကိုယ်စားလှယ်လောင်းတစ်ဦးမှာမူ သက်ဆိုင်ရာအစိုးရဌာနသို့ ကိုယ်စားလှယ်လောင်းအဖြစ် လျှောက်လွှာတင်သွင်းသောအခါ ၎င်း၏ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့် အရည်အချင်း ပြည့်မီကြောင်းကို အတည်ပြုရာတွင် အခြားလူနည်းစု မဟုတ်သော ကိုယ်စားလှယ်လောင်းများထက် ပိုမိုကြာမြင့်ခဲ့ကြောင်း သိရသည်။ ရှေ့တွင်ဖော်ပြခဲ့သည့် အတိုင်းပင် အထူးသဖြင့် မွတ်ဆလင်မဲဆန္ဒရှင်များ နှင့် ကိုယ်စားလှယ်လောင်းများကို မဲပေးခွင့် ကန့်သတ်ရာ၌ ခွဲခြားဆက်ဆံမှုရှိသော မြန်မာနိုင်ငံသားဥပဒေကို မကြာခဏ အသုံးပြုတတ်ကြပါသည်။

မွန်ပြည်နယ်က မွတ်ဆလင် မဲဆန္ဒရှင်များ၏ ပြောကြားချက်အရ “ဘာသာရေး နှင့် တိုင်းရင်းသားဖြစ်မှုသည် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများ ဖြစ်လာရေး အတွက် အတားအဆီးဖြစ်နေသည့်အပြင် လူနည်းစုများသည် အွန်လိုင်းပေါ်တွင် ပိုမို၍ တိုက်ခိုက်မှု၊ အနိုင်ကျင့်မှုဒဏ်ကို ခံစားရသည်” ဟုဆိုသည်။ ကျိုက်မရောမြို့နယ် တွင် မွတ်ဆလင် ၁၅၀,၀၀၀ အနက် ၃၅,၀၀၀ သာမဲပေးခဲ့သည်ဟု သတင်းရရှိပြီး မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း မရှိခြင်းကြောင့်မှာ သိသာထင်ရှားပါသည်။ မွတ်ဆလင် ကိုယ်စားလှယ် လောင်းတစ်ဦးဖြစ်သူ ဦးမောင်မောင်မှာ ဖခင်ဖြစ်သူသည် မြန်မာနိုင်ငံသား မဟုတ်သည့် အတွက်ကြောင့်ဟုဆိုကာ UEC က ကိုယ်စားလှယ်လောင်းအဖြစ်က ပယ်ဖျက်ခြင်းကိုခံခဲ့ ရပြီး နောက်ပိုင်းတွင် ယင်းစွဲချက်မှာလည်း ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ အဆိုအရ မဟုတ်မှန်ဟုသိရသည်။ ANFREL က အင်တာဗျူးသောအခါ ၎င်းအဆိုအရ ပြည်ထောင်စု




*ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီတွင် အမျိုးသမီးမဲရုံဝန်ထမ်းများက မဲရုံအဖွင့်အတွက် ပြင်ဆင်နေကြစဉ်*

အဆင့်ရဲအရာရှိက လူဝင်မှုကြီးကြပ်ရေးက ထုတ်ပေးထားသည့် ၎င်း၏ စာရွက်စာတမ်းများ၏ တရားဝင်မှုအပေါ် လွှမ်းမိုးပယ်ဖျက်လိုက်ပြီး ကိုယ်စားလှယ်လောင်းအဖြစ် ပယ်ဖျက်ရာတွင်လည်း ဤအတိုင်းသာ ဆက်ထားခဲ့သည်ဟု သိရသည်။ ၎င်းအား ကိုယ်စားလှယ်လောင်းအဖြစ်က ပယ်ဖျက်သည့်စာကို မိတ္တူကူးယူခွင့်တောင်းရာတွင်လည်း တစ်ကြိမ်ထက်မက ငြင်းဆိုခြင်းခံရပြီး ၎င်း၏ UEC သို့ အယူခံလျှောက်ထားသည့်ကိစ္စကိုလည်း ယနေ့အချိန်ထိ တစုံတရာ ဖြေကြားခြင်းမရှိသေးပေ။

ရခိုင်ပြည်နယ်က နိုင်ငံရေးပါတီဝင်တစ်ဦး၏ ပြောကြားချက်အရ ရိုဟင်ဂျာကိုယ်စားလှယ်လောင်းများမှာလည်း ရိုဟင်ဂျာတိုင်းရင်းသားဖြစ်ခြင်း နှင့် တင်းပြည့်ကျပ်ပြည့်နိုင်ငံသားမဖြစ်ခြင်းကြောင့် ခွဲခြားဆက်ဆံခြင်းခံရပြီး ကိုယ်စားလှယ်လောင်းအဖြစ်က ပယ်ဖျက်ခြင်းခံခဲ့ကြရပါသည်။ ၎င်းက ဆက်လက်ပြောကြားသည်မှာ ရခိုင်ပြည်နယ်၊ မြို့နယ်ကိုးခုတွင် ရွေးကောက်ပွဲများပယ်ဖျက်လိုက်ခြင်းသည် ရခိုင်ပြည်နယ်က တိုင်းရင်းသား လူနည်းစုများအပေါ် ခွဲခြားဆက်ဆံသည့်လုပ်ရပ်ဖြစ်သည်ဟူ၍ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ANFREL က အင်တာဗျူးခဲ့သော ကိုယ်စားလှယ်လောင်းများ၏ ပြောကြားချက်အရ ကရင်တိုင်းရင်းသားများသည် NLD က ၎င်းတို့၏ အခွင့်အရေးများကို အားပေးမြှင့်တင်ပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သော်လည်း ဘေးဖယ်ချန်ထားခြင်း ခံနေကြရဆဲဖြစ်သည်။ ယခုအချိန်အထိ တိုးတက်မှုတစုံတရာ မတွေ့မြင်ရသေးသည့်အတွက်လည်း ၎င်းတို့အတွက် မြန်မာနိုင်ငံတွင် ပြောရေးဆိုခွင့် ကင်းမဲ့နေသကဲ့သို့ ခံစားနေကြရသည်။ ကရင်ပြည်သူများက ပုံစံ ၁၅ (မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခွင့်လျှောက်လွှာ) တင်သွင်းခဲ့သော်လည်း မဲစာရင်းတွင် အမည်မပါလာသည့် ဖြစ်ရပ်များကိုလည်း လူအချို့က မှတ်တမ်းရယူထားကြပါသည်။ ကရင်ပြည်သူ့ပါတီ (KPP)၊ ချင်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (CNLD) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ကဲ့သို့ မြောက်မြားစွာသော တိုင်းရင်းသားပါတီများက ၎င်းတို့နှင့် သက်ဆိုင်ရာပြည်နယ်များတွင် အကြမ်းဖက်မှု (သို့မဟုတ်) လုံခြုံရေးဆိုင်ရာကိစ္စရပ်များမရှိဘဲ ရွေးကောက်ပွဲများ ပယ်ဖျက်ခြင်းသည် နိုင်ငံရေးရည်ရွယ်ချက်အရ လုပ်ဆောင်ခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့ကြသည်။

တိုင်းရင်းသားမဲဆန္ဒရှင်များသည် မဲပေးခွင့်ရှိသူဦးရေ၏သုံးပုံတစ်ပုံကို ကိုယ်စားပြုကြသည်။ တိုင်းရင်းသား ပါတီများစွာကလည်း ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ အသာစီးရစေရန်နှင့် အမတ်နေရာ ပိုမိုရရှိစေရန် ပေါင်းစည်းမှုများ၊ မဟာမိတ်ဖွဲ့မှုများ[219] ပြုလုပ်ခဲ့ကြသည်။ တိုင်းရင်းသားပါတီများအနေဖြင့် ခန့်မှန်းသလောက် အမတ်နေရာမရရှိခဲ့သည့်အတွက် ၎င်းတို့၏မဟာဗျူဟာမှာ မအောင်မြင်ခဲ့ဘဲ ကယားနှင့် မွန်ပြည်နယ်တို့တွင်သာ အမတ်နေရာ

219 See chapter 2.

ပိုမိုရရှိခဲ့ကြသည်[220]။ သို့သော်လည်း အထင်ကရပါတီကြီးနှစ်ခု (USDP နှင့် NLD) ကလည်း ပြည်နယ်များတွင် ယှဉ်ပြိုင်ရန်အတွက် တိုင်းရင်းသားလူနည်းစု ကိုယ်စားလှယ်လောင်းများကို ပိုမိုဦးစားပေးရွေးချယ်ရန် မူဝါဒရှိသဖြင့် နိုင်ငံရေးပါတီများ ပေါင်းစည်းခြင်းသည် တိုင်းရင်းသားကိုယ်စားပြုမှု အတွက် တိကျသော အညွှန်းကိန်းမဟုတ်ပေ။

၂၀၁၅ ခုနှစ်တွင် မွတ်ဆလင်ကိုယ်စားလှယ်လောင်းတစ်ဦးမျှ ပွဲမထုတ်ခဲ့သည့် အတွက် NLD အား ဝိုင်းဝန်း ဝေဖန်ခဲ့ကြသော်လည်း[221] ၂၀၂၀ ခုနှစ်တွင် နှစ်ဦးပွဲထုတ်ခဲ့ရာ ၎င်းတို့နှစ်ဦးလုံး ရွေးကောက်ပွဲ အောင်နိုင်ခဲ့ကြသည်[222] ။ သို့သော်လည်း ဤမျှလောက်နည်းပါးသည့် ဘာသာရေးလူနည်းစုအရေအတွက်ကြောင့် ဗုဒ္ဓဘာသာနှင့်အမျိုးသားရေးဝါဒီများက အမျက်ဒေါသဖြစ်ခဲ့ကြပြီး မန္တလေးမြို့ကကိုယ်စားလှယ်လောင်း ဒေါ်ဝင်းမြမြကိုဖယ်ရှားပေးရန် လက်မှတ်ထိုးတောင်းဆိုမှုများ[223] နှင့် အမုန်းစကား[224] ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။

## လိင်စိတ်/လိင်ဝိသေသလက္ခဏာ ခံယူဖော်ပြမှု ကွဲပြားသူများ (LGBT) ၏ ပါဝင်ဆောင်ရွက်မှု

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ထူးထူးခြားခြား မှတ်တမ်းတင်ရမည့်ကိစ္စမှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော လိင်တူချစ်သူ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သည့် ဦးမျိုးမင်းထွန်းက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်တွင် ပြည်နယ်လွှတ်တော်အမတ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အောင်မြေသာဇံမြို့နယ်သည် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်နေထိုင်သူအမျိုးသမီးများနှင့် အခြားသော LGBT များအား ရဲသားများကတရားမဲ့ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ နှိပ်စက်ခြင်းတို့ကြောင့် ကာလအတန်ကြာကတည်းက တိုင်ကြားမှုများဖြစ်ပွားခဲ့ရာနေရာဖြစ်သည်။ "LGBT တွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးတာတွေ၊ ရဲတွေနဲ့ပြဿနာတွေ၊ ဥပဒေကိုကျော်လွန်ပြီးတော့ ဖမ်းဆီးတာတွေ၊ ချုပ်နှောင်တာတွေ အဲ့လိုအရေးမျိုးကျတော့ LGBT တွေပဲသိတယ်။ LGBT တစ်ယောက်ဖြစ်တဲ့

220 https://www.tni.org/files/publication-downloads/myanmar_policy_briefing_24_for_website_open_sans_last_version_dec_23.pdf

221 https://www.theguardian.com/world/2015/nov/03/no-vote-no-candidates-myanmars-muslims-barred-from-their-own-election

222 https://www.mmtimes.com/news/two-nld-muslim-candidates-win.html

223 https://www.myanmar-now.org/en/news/officials-investigating-after-hundreds-of-monks-sign-petition-against-muslim-nld-candidate

224 https://asia.nikkei.com/Politics/Myanmar-election-fought-on-Facebook-where-hate-speech-is-rife

အတွက် LGBT တွေကို ကိုယ်ချင်းစာပြီး နားလည်တယ်[225] ” ဟု ၎င်းက ပြောကြားခဲ့ပါသည်။ ဦးမျိုးမင်းထွန်းသည် ပြည်သူ့ရှေ့ဆောင်ပါတီ (PPP) က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပြီး ၎င်းပါတီသည် လူငယ်များကို ဦးစားပေးရန် နှင့် ကျား၊ မရေးရာ ခွဲခြားဆက်ဆံမှုများ ကို ကိုင်တွယ်ဖြေရှင်းရန် ကတိပြုထားသည်။

ရန်ကုန်အခြေစိုက် NGOs များဖြစ်ကြသော Colors Rainbow နှင့် &PROUD တို့က ပြုလုပ်သော နိုင်ငံတော်အဆင့်စစ်တမ်းပါ တွေ့ရှိချက်များအရ ပျမ်းမျှ ပြည်သူလူထုအနေဖြင့် LGBT များ ယခုထက်ပို၍ တန်းတူညီမျှမှုရရှိရေးကို လိုလားကြပြီး ၎င်းတို့အား လက်ရှိတွင် ရာဇဝတ်မှုမြောက်အောင် ပြုလုပ်ထားခြင်းကို လူအများစုကြီးက အားပေးလက်ခံခြင်းမရှိကြပါ။ ပြည်တွင်းသုတေသနအဖွဲ့အစည်းတစ်ခုက proprietary research panel ကို အသုံးပြု၍ မိုဘိုင်းဖုန်းများကတစ်ဆင့်ပြုလုပ်သော ယင်းလေ့လာချက်တွင် ပြန်လည်ဖြေကြားပေးသူ စုစုပေါင်း ၁,၅၅၄ ဦး ရှိခဲ့ပါသည်။ ပြန်လည်ဖြေကြားသူများ၏ ၇၄% သည် ရာဇသတ်ကြီးပုဒ်မ ၃၇၇ နှင့် အခြားသက်ဆိုင်ရာ ရဲအက်ဥပဒေများအပါအဝင် LGBT ဖြစ်ခြင်းအား ရာဇဝတ်မှုမြောက်အောင်ပြုလုပ်ခြင်းကို သဘောမတူကြပေ။ LGBT များသည် မြန်မာနိုင်ငံရှိ အခြားသူများနည်းတူ တန်းတူညီမျှဆက်ဆံခြင်း ခံရသင့်ပါသည်ဟူသောအချက်ကို ပြန်လည်ဖြေကြားသူများ၏ ၈၁% က သဘောတူကြသည်[226] ။ တစ်ချိန်တည်းမှာပင် Myanmar Men Who Have Sex With Men and Transgender Network (MMTN) က ကိုယ်စားလှယ်လောင်းများနှင့် အသစ်ရွေးကောက် တင်မြှောက်ထားသော အမတ်များအား လိင်စိတ်တိမ်းညွှတ်မှု၊ လိင်ဝိသေသနှင့် ထုတ်ဖော်ပြသခွင့်ဆိုင်ရာ ကိစ္စများအပေါ် အကျွမ်းတဝင် နားလည်မှုရှိလာကြစေရန် အရေးဆိုလှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြပါသည်[227] ။

LGBTQ အဖွဲ့အစည်း ၂၅ ခုက အဖွဲ့ဝင် ၁၀၀ ခန့်ကလည်း ရွေးကောက်ပွဲလေ့လာသူများ အဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ C.A.N–Myanmar NGO အဖွဲ့၏ထူထောင်သူ စောဇင်မောင်စိုး၏ ပြောကြားချက်အရ LGBT အဖွဲ့များသည် LGBTQ များအား နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် စဉ်ဆက်မပြတ် တိုက်တွန်းခဲ့ကြသည့် အလျောက် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲကျင်းပစဉ်ကပင် လေ့လာသူများအဖြစ် ဆောင်ရွက်ခဲ့ကြသည်ဟု သိရပါသည်။ ၎င်းအဖွဲ့က စေတနာ့ဝန်ထမ်းများသည်လည်း ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ရခိုင်နှင့် တနင်္သာရီမှအပ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် လေ့လာမှုများ ဆောင်ရွက်ခဲ့ကြပါသည်[228] ။

---

225 https://myanmar-now.org/en/news/myanmars-first-openly-gay-mp-candidate-vows-to-stand-up-to-police-abuse-of-lgbt-people

226 https://www.newmandala.org/understanding-lgbt-realities-in-myanmar-new-study-indicates-public-support-for-equality/

227 https://frontlineaids.org/moving-lgbt-rights-up-the-political-agenda-in-myanmar/

228 https://www.mmtimes.com/news/lgbts-serve-observers-upcoming-myanmar-elections.html

## ရွေးကောက်ပွဲဖြစ်စဉ်တွင် မသန်စွမ်းသူများပါဝင်နိုင်မှု

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအရ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ရရှိရေးအပါအဝင် ပြည်သူ့ရေးရာ ကိစ္စရပ်များတွင် မသန်စွမ်းသူများ ၏အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) ကို ၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းစာချုပ်ပါ အပိုဒ် ၂၉ အရ မသန်စွမ်းသူများ၏ အခြေခံနိုင်ငံရေးရပိုင်ခွင့်များအားလုံးကို ဖြည့်ဆည်းပေးရမည်။ ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် မြန်မာ့အသံရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ မသန်စွမ်းသူမဲဆန္ဒရှင် ၈၀,၀၀၀ ခန့် ရှိသည်ဟုသိရပါသည်[229] ။

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) က မသန်စွမ်းသူများ နှင့် အခြားသော ဖယ်ချန်ထားခြင်းခံရသည့် အုပ်စုများအတွက် နိုင်ငံသားအသိပညာပေး ဆောင်ရွက်မှုများ ဆောင်ရွက် ပေးခဲ့ပါသည်။ မဲပေးသည့်နေရာများတွင် လက်လှမ်းမီ ဝင်ထွက်သွားလာရ အဆင်ပြေစေရန်အတွက်လည်း မဲရုံများအတွက် နည်းပညာနှင့်ဘဏ္ဍာရေးဆိုင်ရာ အကူအညီ များ ပံ့ပိုးပေးခဲ့ ကြပါသည်။ မသန်စွမ်းသူများအားလုံး လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေး အစီ အမံများတွင် ဝှီးချဲအသုံးပြုသူများ အတွက် ဆင်ခြေလျှောလမ်းများ တပ်ဆင်ပေးခြင်း၊ မျက်မမြင်လက်စမ်းစာ ဖြင့် မဲပေးနိုင်ရန် စီစဉ်ပေးခြင်းနှင့် လက်သင်္ကေတပြ ဘာသာပြန် ဆိုမှုများ ပါဝင်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲအတွက် ကြိုတင် ပြင်ဆင်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲရုံများတွင် အားလုံး လက်လှမ်းမီ ဝင်ထွက်သွားလာနိုင်ရေးအား စစ်ဆေးမှု ပြုလုပ်ခဲ့ခြင်း ရှိ၊ မရှိ ကိုမူ ရှင်းလင်းစွာ မသိရှိခဲ့ရပါ။ မဲရုံများ ဝင်ထွက်သွားလာရလွယ်ကူရေးနှင့်ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကူညီပေးခဲ့ ကြသော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဘက်က အကောင် အထည်ဖော် ဆောင်ရွက်မှုပိုင်းမှာမူ တညီတညွတ်တည်းမရှိခဲ့ပေ။ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ကြိုတင်မဲပေးသည့်လုပ်ငန်းစဉ်ကို ANFREL က သွားရောက်လေ့လာခဲ့ရာ မဲရုံအများစုသည် ဘီးတပ်ကုလားထိုင် အသုံးပြုသော မဲဆန္ဒရှင်များအတွက် သွားလာရ လွယ်ကူမှုမရှိသည်ကို တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင်လည်း အလားတူပင်ဖြစ်ပြီး မဲရုံအများစု၏အဝင်ဝတွင် လှေကားထစ်များ ရှိနေသည်ကိုတွေ့ရသည်။ မဲရုံများ၌ မသန်စွမ်း သူမဲဆန္ဒရှင်များအတွက် လိုအပ်သလို ကူညီပေးမှုကိုတွေ့ရှိခဲ့ရပြီး လူပေါ်မူတည်၍ ပြုလုပ် ပေးခဲ့ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် ကူညီပေးမှု များသည် အများအားဖြင့် social distancing စည်းမျဉ်းနှင့်မကိုက်ညီကြောင်း တွေ့ရသည်။

229 https://soundcloud.com/myanmar_radio/taawpisis25n

မကွေးတွင် မဲပေးသူလည်းဖြစ် မသန်စွမ်းဦးစားပေး NGO က စေတနာ့ဝန်ထမ်းလည်းဖြစ်သူကို အင်တာဗျူးသောအခါ ၎င်းထင်မြင်ချက်အရ မသန်စွမ်းအများစုမှာ အချို့သော သက်ကြီးရွယ်အိုများနည်းတူ မဲမပေးခဲ့ကြကြောင်း အကြောင်းရင်းမှာ မဲဆန္ဒရှင်စာရင်းပေးသွင်းရန်၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် လာယူရန် ကြေညာချက်ကို မကြားသိကြ၍ ၎င်းတို့သည် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ကြသည်ကိုလည်း မသိရှိကြပေ။

## ပဋိပက္ခနှင့် COVID–19 ရောဂါကြောင့် အဟန့်အတားဖြစ်ခဲ့ရသည့် ပြည်တွင်းစစ်ဘေးရှောင်များ၏ ရွေးကောက်ပွဲတွင်ပါဝင်ဆောင်ရွက်မှု

ပြည်တွင်းစစ်ဘေးရှောင်များသည် (IDPs) COVID–19 ရောဂါကြောင့် အာဏာပိုင်များပြဋ္ဌာန်းလိုက်သော ပိတ်ဆို့မှုများနှင့် စပ်လျဉ်း၍ ထိခိုက်မှုဒဏ်ကို အများဆုံးခံစားခဲ့ကြ ရသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မြန်မာပြည်နယ်စပ်တစ်လျှောက်တွင်ရှိသော ပြည်တွင်းစစ်ဘေးရှောင်များကို မဲပေးခွင့်ပြုခဲ့သော်လည်း ၎င်းတို့အများစုမှာ မဲစာရင်းထုတ်ပြန်ကြေညာမှု ပထမအကြိမ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်တွင်လည်းကောင်း လူကိုယ်တိုင်သွားရောက်စစ်ဆေးခြင်း မပြုနိုင်ခဲ့ကြပါ။

ကချင်ပြည်နယ်တွင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO) နှင့် တပ်မတော်အကြား ပဋိပက္ခကြောင့် ပြည်တွင်းစစ်ဘေးရှောင်စခန်းပေါင်း (၁၃၆) ခုခန့်[230] ရှိသည်။ ယင်းပြည်တွင်းစစ်ဘေးရှောင်များအနက် ၂၀,၀၀၀ခန့်မှာမဲပေးခွင့်ရှိသူများဖြစ်ကြသည်။ ANFREL က မေးမြန်းခဲ့သည့် အဓိကသတင်းပေးသူတစ်ဦး၏ အဆိုအရ ပြည်တွင်းစစ်ဘေးရှောင်များ အနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက် အနည်းအကျဉ်းမျှသာ ရရှိခဲ့ကြသည်။ ၎င်းတို့စခန်းများတွင် လူများစုပြုံလျက်ရှိနေပြီး ရေနှင့်ဆပ်ပြာ၊ လက်သန့်ဆေးရည် (သို့မဟုတ်) ပါးစပ်နှင့်နှာခေါင်းစည်း အစရှိသည့် အခြေခံ လူသုံးကုန်ပစ္စည်းများ ရရှိနိုင်မှုလည်း လွန်စွာရှားပါးသည်။

ရွေးကောက်ပွဲမတိုင်မီ ပြည်တွင်းစစ်ဘေးရှောင်များသည် COVID–19 ကြောင့် ရွေးကောက်ပွဲနေ့တွင် လူများစုပြုံနေမည်ကို စိုးရိမ်ခဲ့ကြသည်။ ၎င်းတို့အနေဖြင့် စစ်ရှောင်စခန်းပတ်ဝန်းကျင်တွင် ရောဂါလွယ်ကူစွာ ကူးစက်လာမည်ကိုလည်း စိုးရိမ်ကြောက်လန့်ခဲ့ကြသည်။ ဤအချက်သည် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ မဲဆွယ်စည်းရုံးမှုကာလအတွင်း ပြည်တွင်းစစ်ဘေးရှောင်စခန်းများသို့ သွားရောက်ရန်မဖြစ်နိုင်သည့် အဓိက အကြောင်းအရင်းများအနက် တစ်ခုဖြစ်သည်။ သွားရောက်ခွင့် မရှိခဲ့သည့်အတွက်လည်း ပြည်တွင်းစစ်ဘေးရှောင်များအတွက် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ ဆောင်

230 https://reliefweb.int/map/myanmar/myanmar-idp-sites-kachin-state-31-august-2020

ရွက်နိုင်ရန်အခွင့်အရေးရသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဟူ၍ မရှိသလောက်ရှားခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ပဒေသာမိုးကဲ့သို့သော အဖွဲ့အစည်းများသည် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများကို အွန်လိုင်းက ပေးခြင်းဖြင့် ပြည်တွင်းစစ်ဘေးရှောင်များ ထံသို့ သတင်းအချက်အလက်ရောက်ရှိရန် ကြိုးပမ်းခဲ့ကြသည်။

## ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် လူငယ်များ၏ပါဝင်ဆောင်ရွက်မှု

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမဆုံးအကြိမ်မဲပေးမည့်သူ ခန့်မှန်းခြေ ၅ သန်းခန့်ပါဝင်ရန် အခွင့်အရေးရရှိခဲ့ပါသည်။ လူငယ်မဲဆန္ဒရှင်များ၏ အရေးပါသည့်အခန်းကဏ္ဍကို အလေးထားရန်အတွက် IFES က ၂၀၂၀ ပြည့်နှစ် လူငယ်ဆန်းသစ်တီထွင်မှုစုံညီပွဲတော် (2020 Youth Innovation Summit) ကို ကျင်းပခဲ့ရာ လူငယ်ခေါင်းဆောင်အဖွဲ့ (၇) ဖွဲ့က ပထမဆုံးအကြိမ်မဲပေးမည့်မဲဆန္ဒရှင်များကို ချိတ်ဆက်ရန်၊ စိတ်ဓာတ်မြှင့်တင်ရန်နှင့် အသိပညာပေးရန် နည်းလမ်းသစ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်[231] ။

နိုင်ငံရေးပါတီများသည်လည်း ရွေးကောက်ပွဲတွင် အားလုံးအကျုံးဝင်ပါဝင်မှု မြှင့်တင်ရာတွင် လူငယ်များ၏ အရေးကြီးသောအခန်းကဏ္ဍကို အသိအမှတ်ပြုထားပြီးဖြစ်သည်။ ကွဲပြားစုံလင်မှုနှင့် အားလုံးအကျုံးဝင်ပါဝင်မှုကို မြှင့်တင်ရန်အလို့ငှာ အချို့သော တိုင်းရင်းသားပါတီများသည် လူငယ်ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်းကို ဦးစားပေးပြီး ပုံမှန်အားဖြင့် အသက် ၄၀ အောက်ကို "လူငယ်" ဟု သတ်မှတ်ကြပါသည်။ ဤသည်ကိုရည်ရွယ်၍ ရှမ်းပြည်နယ်က ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) သည် အနည်းဆုံး ၃၀% သော ကိုယ်စားလှယ်လောင်းများသည် လူငယ်များဖြစ်ကြရမည်ဟု သတ်မှတ်ပြီး ကချင်ပြည်နယ်က ကချင်ပြည်နယ်ပြည်သူ့ပါတီ (KSPP) သည်လည်း အလားတူ အချိုးအဆမျိုးကို ရည်ရွယ်ထည့်သွင်းခဲ့သည်[232] ။ ANFREL က အင်တာဗျူးခဲ့သည့် အဓိက သတင်းအချက်အလက်ပေးသူများမှလည်း ဤတိုးတက်မှုကို အတည်ပြုခဲ့ကြပါသည်။ ဥပမာအားဖြင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) က လားရှိုးမြို့နယ်တွင် တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးခြင်းနှင့် စတစ်ကာများအသုံးပြုကာမဲဆွယ်စည်းရုံးခြင်းတို့ပြုလုပ်ရာတွင် ၎င်း၏လူငယ်ပါတီဝင်များအား အသုံးပြုခဲ့ပါသည်။ အလားတူပင် လူနည်းစုတိုင်းရင်းသားများနှင့် လူငယ်များကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီတစ်ခုက အဓိကသတင်းအချက်အလက်ပေးသူတစ်ဦး၏ ထင်မြင်ယူဆချက်အရ နိုင်ငံရေးတွင် လူငယ်များပါဝင်ဆောင်ရွက်နိုင်စရာ အရေးကြီးသောအခန်းကဏ္ဍရှိပြီး ရွေးကောက်ပွဲအပြီးတွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာကြလိမ့်မည်ဟု မျှော်လင့်ထားသည်။

231 https://www.ifes.org/news/myanmar-youth-innovate-engage-first-time-voters

232 https://www.tni.org/files/publication-downloads/bpb23_def_26092020_highres.pdf

ပဋိပက္ခဒဏ်ခံရသောဒေသများ၌မူ လူငယ်များ၏ ပါဝင်ဆောင်ရွက်မှုမှာ နည်းပါးသည်ကို တွေ့ရသည်။ ရခိုင်ပြည်နယ်က မေးခွန်းဖြေကြားပေးသူ၏ အဆိုအရ "လူငယ်များသည် ကြောက်ရွံ့နေကြပြီး ၎င်းတို့ ထောက်ခံသည့်ပါတီအတွက် ထုတ်ဖော်ပြောဆိုရဲခြင်း မရှိကြပေ။ အဆိုပါ အကြောက်တရားကိုလည်း ကြောက်တတ်သောမိဘများထံက လက်ဆင့်ကမ်း သယ်ယူလာခဲ့ခြင်းဖြစ်သည်။ အတိတ်ကာလတွင် နိုင်ငံရေးလုပ်ဆောင်သော လူငယ်များသည် အများအားဖြင့် ထောင်ထဲ ရောက်သွားတတ်ကြ၍ လူငယ်များ နိုင်ငံရေးစိတ်ဝင်စားပါက မိဘများသည် ဤနိုင်ငံရေးစိတ်ဝင်စားခြင်းကို ယနေ့ထက်တိုင် ပိတ်ပင်တားဆီးတတ်ကြသည်။" လူငယ်များနှင့် သက်ဆိုင်သော အရေးကိစ္စများကို ကိုယ်စားလှယ်လောင်းများက ဆွေးနွေးခဲ့လှပြီး နိုင်ငံရေးမဲဆွယ်စည်းရုံးမှုအတွင်း အများဆုံးဆွေးနွေးကြသည့် အကြောင်းအရာများမှာ လုပ်ခလစာနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုသာ ဦးတည်လေ့ရှိကြသည်။

## နိဂုံးချုပ်

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကွဲပြားစုံလင်မှုကိုမြှင့်တင်ရန်နှင့် ဘက်စုံပါဝင်မှု ပိုမိုအားကောင်းစေရန် ကြိုးစားဆောင်ရွက်ရာတွင် အမျိုးသမီးကိုယ်စားလှယ်လောင်းဦးရေ မြင့်တက်လာခဲ့ခြင်း၊ နိုင်ငံရေးပါတီများက တိုင်းရင်းသား ကိုယ်စားလှယ်လောင်းများကို ဦးစားပေးပွဲထုတ်လာခဲ့ပြီး ပထမဆုံးအကြိမ် မဲပေးမည့်မဲဆန္ဒရှင် ၅ သန်းနှင့် ထိတွေ့မှုရရှိစေရန်ကြိုးစားခြင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းမဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးနိုင်စေရန် အခွင့်အလမ်းများ ဆက်တိုက်ဖန်တီးပေးခြင်းနှင့် ပထမဦးဆုံးသော LGBT ဖြစ်သည်ဟု ဖွင့်ဟပြောဆိုထားသော ကိုယ်စားလှယ်လောင်း ပါဝင်လာခြင်း စသည်တို့ကို တွေ့မြင်ခဲ့ရပါသည်။

သို့သော်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင်သာမက ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင်ပါ ကျား၊ မ တန်းတူညီမျှရေးနှင့် ဘေးဖယ်ချန်ထားခံရသောအုပ်စုများ၏ စစ်မှန်သော ပါဝင်ဆောင်ရွက်မှုရရှိစေရေး အတွက် ယခုထက်ပို၍ ဆောင်ရွက်နိုင်စရာများ ရှိနေပါသေးသည်။ အစိုးရအသစ်အနေဖြင့် အမျိုးသမီးဝန်ကြီးအဖွဲ့ဝင်များ ပိုမိုခန့်အပ်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသမီးကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ခြင်း၊ မဲရုံများတွင် ဝင်ထွက်သွားလာရေး အဆင်ပြေမှုကို စစ်ဆေးရေးလုပ်ဆောင်ခြင်း၊ ဘေးဖယ်ချန်ထားခံရသောအုပ်စုများ နှင့် ဘာသာခြားများကို ပစ်မှတ်ထားခွဲခြားဆက်ဆံမှုများ အတွက် ဥပဒေပြဋ္ဌာန်းချက်များ ပြင်ဆင်ရေးဆွဲခြင်းတို့ဖြင့် ၎င်းတို့အတွက် လုပ်ပိုင်ခွင့်အသစ် ပေးအပ်နိုင်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားပေါင်းစုံနေထိုင်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားအားလုံး၏ ပါဝင်ဆောင်ရွက်မှုကို လူမျိုး၊ ဘာသာ၊ ကျား၊ မ မရွေး အသိအမှတ်ပြုပေးခြင်းဖြင့် လူစုံတက်စုံပါဝင်သော အစိုးရတစ်ရပ် တည်ဆောက်သင့်ပါသည်။

# အခန်း ၁၁ အရပ်ဘက်လူမှုအဖွဲ့အစည်းများ

အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) သည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွက် အဓိက ပံ့ပိုးကူညီပေးနေသည့် ဇာတ်ကောင်များတွင် ပါဝင်ပါသည်။ အခြားသော ဆက်စပ်ပတ်သက်သူများအကြားက CSO များသည် ရွေးကောက်ပွဲလေ့လာခြင်း၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း အစရှိသည့် ချိတ်ဆက်ဆောင်ရွက်မှု အမျိုးမျိုး ကတဆင့် နိုင်ငံတွင်း လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ဖြစ်စေရေး၌ အထူးအရေး ပါခဲ့သည်။ သို့သော်လည်း CSO များသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက် ရှိပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပိုမိုပါဝင်မှုရှိလာစေရန် အားပေးကူညီနေသည့် ၎င်းတို့၏ လုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။ COVID-19 ကပ်ရောဂါ ကြောင့် ၎င်းတို့၏ အစီအစဉ်များ အကောင်အထည်ဖော်ရာ၌ အချို့ကို အွန်လိုင်းက တဆင့် ဆောင်ရွက်သည့်တိုင် အခက်အခဲများ ပိုမိုကြုံတွေ့ခဲ့ရသည်။

## ရွေးကောက်ပွဲလေ့လာရေး

မြန်မာနိုင်ငံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သည် ပြည်တွင်းရွေးကောက်ပွဲလေ့လာရေး အဖွဲ့ (၁၃) ဖွဲ့က ပြည်ထောင်စုအဆင့် လေ့လာမှုပြုရန် လျှောက်ထားသည့် လေ့လာသူ (၇,၂၃၂) ဦးအား ခွင့်ပြုပေးခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်း (၂၃) ခုက လေ့လာသူ (၉၈၅) ဦး အား ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများက ခွင့်ပြုပေးခဲ့ ကြသည်။

မြန်မာနိုင်ငံအတွင်းရှိ အကြီးဆုံးသော နိုင်ငံသားလေ့လာသူအဖွဲ့များထဲက တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) သည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအတွင်း စောင့်ကြည့်လေ့လာခွင့် လျှောက်ထားရာ၌ ကနဦးတွင် ခွင့်ပြုမိန့်မရရှိခဲ့ပါ။ သတင်းတစ်ပုဒ် အရ အဖွဲ့အစည်းမှတ်ပုံတင်မရှိခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများက ရန်ပုံငွေလက်ခံသည်ဟု စွပ်စွဲနိုင်စရာရှိခြင်းဟူသော အကြောင်းပြချက်များဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲလေ့လာခွင့် အသိအမှတ်ပြုကဒ် ထုတ်မပေးခြင်းဖြစ်သည်ဟု သိရှိရသည်[233]။ PACE သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြင် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကိုပါ စောင့်ကြည့်လေ့လာခွင့်ရခဲ့ပါသည်။

233 https://www.mmtimes.com/news/myanmars-largest-monitor-group-barred-observing-november-polls.html



ANFREL သည် မြန်မာနိုင်ငံ ၏ ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် တရားဝင်ခွင့်ပြုမိန့်ရသော နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအဖွဲ့ ၂ ခုအနက် တစ်ဖွဲ့ဖြစ်သည်။

အရပ်ဘက်လူမှုအဝန်းအဝိုင်း နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့က များစွာ ဖိအားပေးပြီး နောက်ဆုံးတွင် PACE သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံက စက်တင်ဘာလ ၂ ရက်နေ့တွင် ခွင့်ပြုမိန့်ရရှိခဲ့သည်။ နောက်ပိုင်းတွင် PACE သည် ယင်းကိစ္စရပ်ကို ခွင့်ပြုမိန့် "ကြန့်ကြာခြင်း" ဟုသာ ယူဆပြီး မဲဆွယ်စည်းရုံးမှုလေ့လာရေးအစီရင်ခံစာ တွင် ဖော်ပြခဲ့သည်။

> "၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲများအပါအဝင် ယခင်ရွေးကောက်ပွဲများ နှင့် နိုင်းစာကြည့်ပါက ယခုရွေးကောက်ပွဲကာလအတွင်း ကြီးမားသောစိန်ခေါ် မှုမှာ ပြည်တွင်းလေ့လာသူများအတွက် ခွင့်ပြုမိန့်ရရှိရန် ထပ်တိုးလိုအပ်ချက် များကို အချိန်ကပ်မှ တောင်းခံလာခဲ့ခြင်းဖြစ်သည်။ ယခင် ရွေးကောက်ပွဲများ နှင့်မတူဘဲ ယခုနှစ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိုလေ့လာမည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ၎င်းတို့၏ တရားဝင်အဖွဲ့အစည်းမှတ်ပုံတင်၊ ရန်ပုံငွေ အရင်းမြစ်များနှင့်ဆိုင်သည့် သတင်းအချက်အလက်များကို ထပ်တိုးတောင်းခံခဲ့ သည်။ ယင်းအချက်အလက်များကိုတင်ပြရန် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများတွင် ဖော်ပြထားခြင်းမရှိပေ။ ထို့အပြင် တရားဝင်မှတ်ပုံတင် ထားခြင်းမရှိသော အဖွဲ့အစည်းများကို ခွင့်ပြုမိန့်မပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ မူလဆုံးဖြတ်ချက်သည် အသင်းအဖွဲ့များမှတ်ပုံတင် ခြင်းဆိုင်ရာဥပဒေတွင် အရပ်ဘက်အသင်းအဖွဲ့များအတွက် တရားဝင် မှတ်ပုံ မတင်ဘဲ နေလိုက နေပိုင်ခွင့်ပေးထားသည့်အချက်ကို မျက်ကွယ်ပြုရာရောက် သည်။ ရွေးကောက်ပွဲလေ့လာခွင့်ရရှိရေးနှင့် တရားဝင် အဖွဲ့အစည်းမှတ်ပုံတင် ခြင်းကို ဆက်စပ်ချည်နှောင် ထားခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြမည့် ပြည်တွင်းအဖွဲ့အစည်းများ အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်စေခဲ့သည်။[234] "

နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအဖွဲ့များသာမက သံတမန်အသိုင်းအဝိုင်း[235] နှင့် အခြားသော အစိုးရများလည်း ရွေးကောက်ပွဲကို လေ့လာခဲ့ကြပါသည်။ ထိုနိုင်ငံတကာအဖွဲ့များမှာ လွတ်လပ်သောရွေးကောက်ပွဲများအတွက်အာရှကွန်ရက် (ANFREL)[236]၊ Carter Center[237]၊

234 https://drive.google.com/file/d/1bX-8cm_Up-gs3_Tz6Adm_oe738gEPqkC/view

235 https://www.irrawaddy.com/elections/thai-ambassador-praises-myanmars-election-handing.html

236 https://myanmar.anfrel.org/en/news/301

237 https://www.irrawaddy.com/elections/carter-center-launches-election-monitoring-mission-myanmar.html

ဥရောပသမဂ္ဂ[238] နှင့် ဂျပန်အစိုးရ[239] အစရှိသည့် အဖွဲ့အစည်းများသည် ရွေးကောက်ပွဲ လေ့လာရေးမစ်ရှင်များကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ် စေလွှတ်ခဲ့ကြသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံတကာလေ့လာသူ ၆၁ ဦး၊ သံတမန်လေ့လာသူ ၁၈၂ ဦးနှင့် ရွေးကောက်ပွဲ အထောက်အကူပြုအဖွဲ့အစည်းများက ၅၈ ဦး (IFES နှင့် International IDEA) တို့ကို လေ့လာခွင့်ပြုပေးခဲ့ပါသည်။

COVID – 19 ကပ်ရောဂါသည် လေ့လာရေးအဖွဲ့များ၏ နယ်မြေနေရာဖြန့်ကျက်ချထားခြင်း အစီအစဉ်အပေါ် သက်ရောက်မှုဖြစ်စေခဲ့ပြီး ယခင် အထွေထွေရွေးကောက်ပွဲများနှင့် နှိုင်း စာပါက လေ့လာသူအရေအတွက် လျှော့ချထားရသည်ကို ကြည့်ခြင်းဖြင့် ဤအချက်မှာ ထင်ရှားပါသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပြည်တွင်းလေ့လာသူပေါင်း (၁၁,၃၇၀) ဦးနှင့် နိုင်ငံတကာ လေ့လာသူပေါင်း (၇၆၄) ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

ဖြန့်ကျက်သည့် အရပ်ဒေသများနှင့် လေ့လာသူများ၏ စွမ်းဆောင်နိုင်မှုအပိုင်း တွင်လည်း အကန့်အသတ်များ ဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရန်အတွက် သွားလာမှု ကန့်သတ်ထားသော နေရာများတွင် ဤအချက်မှာ ပို၍သိသာ ပါသည်။ ဥပမာ အားဖြင့် နိုင်ငံတကာလေ့လာသူများ တစ်နေရာ မှ တစ်နေရာ သို့ သွားလာရာတွင် ကျန်းမာရေးစစ်ဆေးမှုများ နှင့် ခွင့်ပြုမိန့်မျိုးစုံ လိုအပ်ပြီး အချို့နေရာများတွင် ရောက်ရှိသည် နှင့်တစ်ပြိုင်နက် quarantine ဝင်ရန် အမိန့်ထုတ်ပြန်ထားခြင်းမျိုးပင်ရှိပါသည်။ ပြည်သူ့ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် ဤသတ်မှတ်ချက်များ ထားရှိရန် လိုအပ်သော် လည်း လေ့လာသူများအနေဖြင့် ၎င်းတို့အားဖြန့်ကျက်နေရာချထားသည့် အရပ်ဒေသတစ်ခု လုံးကို နှံ့စပ်အောင် လေ့လာဖို့ရာတွင် အကန့်အသတ်များဖြစ်စေခဲ့ပါသည်။

## မဲဆန္ဒရှင် အသိပညာပေးခြင်း

CSO များကလည်း ရွေးကောက်ပွဲဖြစ်စဉ်၊ ဒီမိုကရေစီ၊ သတင်းတုများ ၊ဆိုရှယ်မီဒီယာပေါ်က အမုန်းစကားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များပါဝင်သည့် မဲဆန္ဒရှင် အသိ ပညာပေး အစီအစဉ်များ ဆောင်ရွက်ခဲ့ကြရာ မဲဆန္ဒရှင်များ အထူးသဖြင့် မဲပေးသည့် အတွေ့ အကြုံ မရှိသေးသော လူငယ်များနှင့် ပထမအကြိမ် မဲပေးမည့်သူများ အတွက် အကျိုးရှိစေခဲ့ ပါသည်။

238 https://www.mmtimes.com/news/eu-sends-four-monitors-myanmar-polls.html

239 https://elevenmyanmar.com/news/japan-to-send-special-delegation-to-observe-2020-election

New Myanmar Foundation (NMF)[240]၊ Myanmar Network Organization for Free and Fair Election (MYNFREL)[241] နှင့် ပဒေသာမိုးတို့ကဲ့သို့သော ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူအဖွဲ့များက လူငယ်နှင့် ပထမဆုံးအကြိမ် မဲပေးမည့်သူများ၊ ပြည်တွင်းစစ်ဘေးရှောင်များ (IDPs) နှင့် အခြားသူများအတွက် အွန်လိုင်းကသာမက လူကိုယ်တိုင်ပါ မဲဆန္ဒရှင်အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းက Women LEAD ကဲ့သို့သောအဖွဲ့အစည်းများသည် မဲဆန္ဒရှင်များနှင့် နိုင်ငံသားအသိပညာပေးရေးဆိုင်ရာ ဆရာဖြစ်သင်တန်းများကို ၎င်းမိတ်ဖက်အဖွဲ့အစည်းများ ကတဆင့် အမျိုးသမီးများအတွက် ပို့ချပေးခဲ့သည်။ ဖန်တီးအိမ်ကလည်း မဲဆန္ဒရှင် အသိပညာပေး ဆွေးနွေးပွဲများကို တစ်ခုပြီးတစ်ခု ပြုလုပ်ပေးခဲ့သည့်အပြင် ရွေးကောက်ပွဲနှင့်နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု အားကောင်းလာစေရန် ရည်ရွယ်သော music video တစ်ခုပင် ဖန်တီးပေးခဲ့သေးသည်။



*ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International IDEA တို့ ပူးပေါင်းထုတ်လုပ်သော မဲဆန္ဒရှင်အသိပညာပေးဇာတ်လမ်း*

240 https://web.facebook.com/new.myanmar.foundation/posts/1491601844384064

241 https://www.mynfrel.org/en/civic-and-voter-education/

ရှမ်းပြည်နယ်တောင်ပိုင်းက ကမ္ဘောဇ လူငယ်စာကြည့်တိုက် ကဲ့သို့သော လူငယ်ဦးဆောင်သည့် ဆောင်ရွက်ချက်များလည်းရှိခဲ့ရာ ၎င်းအဖွဲ့သည် ဒီမိုကရေစီ၊ မဲပေးသည့်လုပ်ငန်းစဉ်နှင့် မဲဆန္ဒရှင်၏ တာဝန်များကို ထည့်သွင်းဖော်ပြထားသည့် စာအုပ်ငယ်များဝေငှပေးခဲ့သည်။ ဤတွင် ဒေါင်းတို့မျိုးဆက်ကလည်း ကျေးရွာအတွင်းကရွာသားများပါဝင်သော အုပ်စုငယ်များ ဝိုင်းဖွဲ့၍ မဲပေးသည့် လုပ်ငန်းစဉ်များကို သင်ကြားပြသပေးပါသည်။

COVID-19 ကပ်ရောဂါကာလအတွင်း လူစုလူဝေးကန့်သတ်ချက်များရှိသည့်အတွက် CSO များသည် သတင်းစကားများ ဖြန့်ဝေရန်အတွက် နည်းလမ်းသစ်များ တီထွင်အသုံးပြုခဲ့ကြရသည်။ အင်တာနက် လိုင်းမကောင်းသည့် နေရာများက မဲဆန္ဒရှင်များထံ ရောက်ရှိနိုင်ရန်အတွက် MYNFREL ကဲ့သို့သော အဖွဲ့အစည်းများသည် ကျေးရွာများသို့ သွားရောက်ပြီး အသံချဲ့စက်ဖြင့် သတင်းစကားများဖြန့်ဝေခြင်း၊ အများပြည်သူနှင့်ဆိုင်သောနေရာများတွင် ပိုစတာများကပ်ခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။ အခြေအနေပေးသည့် အခါများတွင် ဒေါင်းတို့မျိုးဆက်ကဲ့သို့သော အဖွဲ့အစည်းများသည် ကျေးလက်နေပြည်သူများနှင့်အတူ အဖွဲ့ငယ်များ ဝိုင်းဖွဲ့၍ မဲပေးသည့်လုပ်ငန်းစဉ်အကြောင်း ပညာပေးဆွေးနွေးခဲ့ကြပါသည်။



*ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒရှင်အသိပညာပေးစာစောင်*

ANFREL ကလည်း နိုင်ငံသားအသိပညာများနှင့် မဲဆန္ဒရှင်များ မဲပေးခြင်းဖြစ်စဉ် အပေါ် နားလည်မှု တိုးတက်လာစေရန် "မဲပေးကြမယ် Go Vote"[242] ဟုအမည်ရသော အွန်လိုင်း လှုပ်ရှားမှုတစ်ခု ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ IFES[243] နှင့် PACE[244] တို့ကဲ့သို့ အခြားသော အဖွဲ့များကမူ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရှာဖွေ၍ရနိုင်သည့် အွန်လိုင်း ပလက်ဖောင်းများကို လွှင့်တင်ပေးခဲ့ကြပါသည်။

IFES ကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်လုံး မဲဆန္ဒရှင်များ၊ CSO များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တို့ကို အကူအညီပေးခဲ့သည်။ မဲရုံမှူးများ၊ ဒုမဲရုံမှူးများ နှင့် မဲရုံဝန်ထမ်းများအား သင်တန်းပေးရန် စာရွက်စာတမ်းများ၊ လက်စွဲစာအုပ်များ ပေးအပ် ခဲ့သည့်အပြင် ကွန်ပျူတာများပံ့ပိုးခြင်း၊ "Find Your Polling Station" ဝက်ဘ်ဆိုက်ကို host လုပ်ပေးခြင်းတို့ကတစ်ဆင့် နည်းပညာဆိုင်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ IFES ၏လုပ်ဆောင်ချက်များအနက်တွင် ၎င်း၏မိတ်ဖက် CSO များကတစ်ဆင့် ဖြန့်ဝေသော မဲစာရင်းထုတ်ပြန်မှုများ၊ မဲပေးရမည့်ပုံစံတို့ကို ဖော်ပြပေးထားသည့် မဲဆန္ဒရှင်ပညာပေး စာရွက်စာတမ်းများနှင့် အခြားသတင်းအချက်ပါ စာရွက်စာတမ်းများအပြင် မဲဆန္ဒရှင်များအား မဲသွားပေးရန် တိုက်တွန်းသည့် အွန်လိုင်းလှုပ်ရှားမှုများလည်း ပါဝင်ပါသည်[245] ။ နောက်ဆုံး တစ်ခုအနေဖြင့်ဆိုရသော် IFES သည် မသန်စွမ်းများ၊ အမျိုးသမီးများ၊ ပထမဆုံးအကြိမ် မဲ ပေးမည့်လူငယ်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ LGBT အသိုင်းအဝိုင်း၊ တိုင်းရင်းသားနှင့် ဘာသာရေး အစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် CSO များနှင့်လက်တွဲ၍ နိုင်ငံ အဝှမ်းတွင် လူအများလက်လှမ်းမီပြီး ပါဝင်မှုအားကောင်းသော ရွေးကောက်ပွဲ ကျင်းပနိုင် စေရန် ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်လည်း နိုင်ငံပိုင်မီဒီယာ၊ ဆိုရှယ်မီဒီယာတို့ကို အများဆုံး အသုံးပြု၍ မဲပေးသည့်လုပ်ငန်းစဉ်၊ COVID–19 လမ်းညွှန်ချက်များနှင့် သက်ဆိုင် သည့် သတင်းအချက်အလက်ပါ ရုပ်ပုံကားချပ်များ (infographics နှင့် ဗီဒီယိုများဖြင့် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ မဲဆန္ဒရှင်များ ရွေးကောက် ပွဲတွင်ပါဝင်ပေးကြရန် နှိုးဆော်သည့် သီချင်းအပုဒ်ပေါင်းများစွာကို မြန်မာဘာသာဖြင့် ထုတ်လုပ်ပေးခဲ့ပြီး music video များစွာကိုလည်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) က ထုတ်လွှင့်ပေးပြီး UEC ၏ ဖေ့ဘုတ် စာမျက်နှာ[246] ပေါ်တွင်လည်း တင်ပေးခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် International IDEA နှင့် ပူးပေါင်း၍လည်း

242 https://web.facebook.com/govotemm

243 https://merin.org.mm/en/who-we-are

244 https://www.votemm.info/

245 https://drive.google.com/file/d/1aKJu3o6h33vpYN3naAoEW5okKlK0Hzro/view

246 https://web.facebook.com/uecmyanmar

မဲဆန္ဒရှင်အသိပညာပေးနှင့် မဲပေးခြင်းနှင့်ဆိုင်သော အသိပညာမြင့်မားရေး အတွက်ရည်ရွယ်၍ ပညာပေး အချစ်ဇာတ်ကားတစ်ကား ထုတ်လုပ်ရိုက်ကူးပြီး MRTV က ထုတ်လွှင့်ခဲ့သလို ဖေ့ဘုတ်တွင်လည်းထုတ်လွှင့် ပြသခဲ့သည်။



ဥရောပသမဂ္ဂက ရန်ပုံငွေထောက်ပံ့သည့် STEP Democracy – ရှေ့သို့မြန်မာ၏ အကူအညီဖြင့် International IDEA နှင့် အာရှဖောင်ဒေးရှင်းတို့က အကောင်အထည်ဖော်ရေးဆွဲသည့်“mVoter2020” [247] ဟူသော ဖုန်းအပလီကေးရှင်း တစ်ခုကိုလည်း UEC က မိတ်ဆက်လွှင့်တင်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံရှိမဲဆန္ဒရှင်များကို အသိပညာပေးရန်ရည်ရွယ်သောအဆိုပါအပလီကေးရှင်းတွင် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံရေးပါတီများ ၊ မဲပေးသည့် လုပ်ငန်းအဆင့်ဆင့်နှင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ လူမေးများသည့် မေးခွန်းများပါဝင်သည်။ အဆိုပါအပလီကေးရှင်းသည် ရိုဟင်ဂျာမွတ်ဆလင် ကိုယ်စားလှယ်လောင်းများ [248] အား “နိုမ့်ချ” ခေါ်ဝေါ်သည့် အသုံးအနှုန်းကြောင့် လူမျိုးရေး၊ ဘာသာရေး မီးမွေးသည့် သဘောသက်ရောက်သည်[249] ဟုဆိုကာ များမကြာမီပင်ဝေဖန်ခံခဲ့ရသည်။ အပလီကေးရှင်းကို ပြန်လည်ဖြုတ်ချခဲ့သည်[250] ဟု သတင်း ထွက်ပေါ်ခဲ့သော်လည်း ဤအစီရင်ခံစာရေးသားနေသည့်အချိန်အထိ အပလီကေးရှင်း ၏ web version[251] မှာ အင်တာနက်တွင်ရှိနေဆဲဖြစ်ပြီး ဖုန်းအပလီကေးရှင်းကိုလည်း Google Play နှင့် Apple app store များတွင် ဒေါင်းလုတ်ရယူနိုင်ပါသေးသည်။

247 https://www.idea.int/news-media/news/statement-mvoter2020-myanmar

248 https://www.reuters.com/article/us-myanmar-election-idUSKBN26S1M6

249 https://www.myanmar-now.org/en/news/activists-condemn-eu-funded-election-app-for-inflaming-ethnic-and-religious-nationalism

250 https://www.reuters.com/article/us-myanmar-election-idUSKBN26N2LL

251 https://web.mvoterapp.com/candidates

International IDEA က ကြေညာချက်တစ်စောင်တွင်[252]

> "ပင်ကိုစရိုက်လက္ခဏာ (သို့မဟုတ်) တိုင်းရင်းသား၊ ဘာသာရေးတို့နှင့်ဆက်နွယ်သည့် ကိစ္စရပ်များသည် အထူးသဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သောနယ်ပယ်တွင် သာ၍ပင် အကဲဆတ်သည်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ သို့သော်လည်း ကမ္ဘာအဝှမ်းရှိ မြောက်မြားလှစွာသော တရားစီရင်ရေး နယ်ပယ်များတွင် ရွေးကောက်ပွဲစနစ်များ၊ ကျင့်ထုံးများ၌ မျှတပြီး သာတူညီမျှရှိသော ကိုယ်စားပြုမှု၊ ပါဝင်မှုတို့ရရှိစေခြင်းငှာ တိုင်းရင်းသား အမည်ဖော်ပြချက်များကို ထည့်သွင်းလေ့ရှိကြပါသည်။"

ANFREL လေ့လာတွေ့ရှိခဲ့ရသည်မှာ ဖော်ပြပါ ကြိုးပမ်းဆောင်ရွက်ချက်များ ပြုလုပ်ခဲ့ကြသည့်တိုင် အထူးသဖြင့် ကျေးလက်ဒေသများတွင် အင်တာနက်ရရှိမှုနည်းပါးခြင်း၊ ကပ်ရောဂါကြောင့် ခရီးသွားလာခွင့်နှင့် လူအများစုဝေးခွင့်တို့အပေါ် ကန့်သတ်ထားခြင်းတို့ကြောင့် မဲဆန္ဒရှင်များ၏အသိပညာအဆင့်မှာ နိမ့်ပါးလျက် ရှိနေခဲ့ပါသည်။ UEC က တိုင်းရင်းသားနှင့်ဘာသာစကားအရ လူနည်းစုများအတွက် အာရုံထားဆောင်ရွက်မှု နည်းပါးခဲ့ပြီး မဲဆန္ဒရှင်အသိပညာပေး စာရွက်စာတမ်းများကို ပြင်ဆင်ရာတွင်နှင့်တင်ပြရာတွင် ရုံးသုံး မြန်မာဘာသာစကားကိုသာ အသုံးပြုခဲ့သည့်အတွက် ပြည်သူလူထုအတွင်း များစွာသောအုပ်စုများကို ဖယ်ကြဉ်ရာ ရောက်ခဲ့သည်။

## အခြားထင်ရှားသောဆောင်ရွက်ချက်များ

မြန်မာနိုင်ငံရှိ CSO များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အားလေ့လာရေးနှင့် အများပြည်သူအား ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအကြောင်း အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည့်အပြင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအကြောင်း အထူးပြုပြောကြားရာ၌ နောက်ခံအခြေအနေနှင့် ရှင်းလင်းမြင်သာမှုရှိစေဖို့ရာ လိုအပ်သောကွက်လပ်များကိုလည်း ဖြည့်ဆည်းပေးရန်ကြိုးပမ်းသည့် ထင်ရှားသော ဆောင်ရွက်ချက်များလည်း ပြုလုပ်ခဲ့ကြပါသေးသည်။

လူ့အခွင့်အရေး အဖွဲ့အစည်းတစ်ခုဖြစ်သော Free Expression Myanmar က လည်း ၂၀၂၀ ခုနှစ် မြန်မာနိုင်ငံ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီ ၂၁ ခု ၏ ရွေးကောက်ပွဲ ကြေညာချက်များကို မဲဆန္ဒရှင်များ နှိုင်းယှဉ်စစ်ဆေးနိုင်ကြစေရန် online

252 https://www.idea.int/news-media/news/statement-mvoter2020-myanmar

tool[253] တစ်ခု လွှင့်တင်ပေးခဲ့ပါသည်။ အဆိုပါ tool တွင် နိုင်ငံရေးပါတီများ၏ မဲဆွယ်ကတိကဝတ်များကို လူ့အခွင့်အရေးရှုထောင့်က ဆန်းစစ်လေ့လာပြီး ၎င်းတို့အနေဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစာမီဒီယာလွတ်လပ်ခွင့်၊ သတင်းအချက်အလက်များ ရယူပိုင်ခွင့်၊ လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ အမုန်းစကားနှင့် ဒစ်ဂျစ်တယ် အခွင့်အရေးများနှင့်စပ်လျဉ်း၍ မည်မျှအထိ ဆောင်ရွက်သွားရန်ရှိသည်ကို စူးစမ်းထားပါသည်[254] ။

Myanmar ICT for Development Organization (MIDO)[255] နှင့် Myanmar Tech Accountability Network (MTAN)[256] တို့ကဲ့သို့သော အဖွဲ့အစည်းများကလည်း သတင်းတု (disinformation) များကို ကိုင်တွယ်နိုင်ရန် နည်းပညာဆိုင်ရာစွမ်းဆောင်မှုများဖြင့် ကြိုးပမ်းခဲ့ကြသည်။ “ဟုတ်တယ် မဟုတ်ဘူး”[257] အမည်ရသော MIDO ၏ အချက်အလက်စစ်ဆေးရေး အစဦးဆောင်ရွက်မှုနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများက အခြားအလားတူ လုပ်ဆောင်ချက်များသည် အွန်လိုင်းပေါ်တွင် ပြန့်နှံ့နေသည့် သတင်းအချက်အလက်အမှားများကို ဖွင့်ချခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် MTAN သည်လည်း “မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုများ ပေါ်ပေါက်စေနိုင်သည့် ဆိုရှယ်မီဒီယာက အစပြုသည့် ဘေးအန္တရာယ်များ” ကို လျှော့ချရေးအတွက် ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့၏ ရွေးကောက်ပွဲဆိုရှယ်မီဒီယာ Dashboard[258] သည် ဂျာနယ်လစ်များ၊ သုတေသီများနှင့် ပြည်သူများ အတွက် ဖေ့စ်ဘုတ်ပေါ်က ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားမှု များကို အရိပ်အမြွက် သိစေနိုင်ပြီး၊ ဒေတာအချက်အလက် ဦးစားပေးသည့် အပတ်စဉ် အချိန်နှင့်တပြေးညီ တင်ပြမှုများသည် အွန်လိုင်းပေါ်က သတင်းအချက်အလက် အနေအထားကို သဘောပေါက် နားလည်စေပါသည်။

## စိန်ခေါ်မှုများ

COVID – 19 ကပ်ရောဂါနှင့် ချမှတ်ထားသည့်ထိန်းချုပ်ကန့်သတ်မှုများကြောင့် ၂၀၂၀ ခုနှစ် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် CSO များ၏ ဆောင်ရွက်ချက်အများစုကို အားနည်းသွားခဲ့သည်။ ထို့အပြင်လည်း ကပ်ရောဂါထိခိုက်မှုဒဏ်ခံ ရပ်ရွာအစုအဖွဲ့များ

253 http://freeexpressionmyanmar.org/manifestos/

254 http://freeexpressionmyanmar.org/new-manifesto-tool-to-compare-parties-on-human-rights/

255 https://web.facebook.com/Myanmarido/

256 https://www.mmtan.org/

257 https://www.realornotmm.info/?lang=en

258 https://datastudio.google.com/reporting/4adfdc5c-3ef7-4794-87f7-f461e5838e70/page/deSeB?s=mqGx1SInUc4

အတွက် လူသားချင်း စာနာထောက်ထားရေးဆိုင်ရာ လိုအပ်ချက်များကဲ့သို့ အရေးပေါ်ကိစ္စရပ်များတွင် ၎င်းတို့၏အာရုံစူးစိုက်မှုနှင့် အရင်းမြစ်များကို ပေးအပ်လိုက်ကြရသည်။ စင်စစ်အားဖြင့် ကပ်ရောဂါမဖြစ်ပွားမီကတည်းကပင် CSO များအနေဖြင့် စိန်ခေါ်မှုများဖြင့် ကြုံတွေ့နေရပြီးဖြစ်သည်။

၂၀၁၉ ခုနှစ် မတ်လနှင့် ဧပြီလများ အတွင်း ANFREL နှင့် Democracy Reporting International (DRI) တို့က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများတွင်ရှိ CSO များအား Mapping ရေးဆွဲခြင်းနှင့် ရွေးကောက်ပွဲလေ့လာရေး လိုအပ်ချက်များဆိုင်ရာ ဆန်းစစ်ချက်အရ နည်းပညာပိုင်းနှင့် ဘဏ္ဍာရေးပိုင်း အကန့်အသတ်များရှိခြင်း၊ ရွေးကောက်ပွဲလေ့လာဖူးသည့် အတွေ့အကြုံမရှိခြင်း၊ ရွေးကောက်ပွဲနှင့် နိုင်ငံရေးအပေါ် ပြည်သူများစိတ်ဝင်စားမှုမရှိခြင်း၊ လုံခြုံရေးခြိမ်းခြောက်မှုရှိခြင်း၊ ဒေသခံအာဏာပိုင်များနှင့် အစိုးရတို့က ပူးပေါင်းဆောင်ရွက်မှုနှင့် ထောက်ပံ့ကူညီမှုအားနည်းခြင်း အစရှိသည့် ပြဿနာရပ်ပေါင်းများစွာကို CSO များ ရင်ဆိုင်နေကြရပါသည်[259] ။

ANFREL သည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံရှိ CSO များ အားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည် မြှင့်မားလာကြစေရန်အတွက် များစွာသောအစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ခဲ့ရာ မြန်မာနိုင်ငံအတွင်းက ပြည်တွင်းလေ့လာရေးအဖွဲ့များအတွက် ရွေးကောက်ပွဲလေ့လာရေး လက်စွဲစာအုပ်ကို ပြန်လည်ပြင်ဆင်ထုတ်ဝေပေးခြင်း[260] ၊ ကာလရှည်နှင့် ကာလတိုလေ့လာသူများအတွက် စွမ်းဆောင်ရည်မြှင့် သင်တန်းပေးခြင်း[261] ၊ တွေ့ဆုံဆွေးနွေးပွဲများနှင့် ဖိုရမ်များကျင်းပပြုလုပ်ခြင်း[262] တို့ပါဝင်ပါသည်။

စိန်ခေါ်မှုများစွာရှိသည့်တိုင် မြန်မာနိုင်ငံရှိ CSO များ၏ စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်မှုကြောင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအား အသိပညာပေးရာတွင်နှင့် ဖြစ်ပေါ်လာနိုင်သော မဲလိမ်လည်မှုများ၊ မဲမသမာမှုများက ကင်းဝေးစေရန် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို လေ့လာခြင်းတို့တွင် လစ်ဟာနေသည်များကို ကူညီဖြည့်ဆည်းပေးနိုင်ခဲ့ကြပါသည်။ ဆက်လက်၍လည်း CSO များနှင့် ၎င်းတို့၏ လုပ်ငန်းများကို စွမ်းရည်မြှင့်တင်ရန်နှင့် ပိုမိုအားကောင်းစေရန် ပံ့ပိုးကူညီသင့်ပါသည်။

259 https://democracy-reporting.org/wp-content/uploads/2020/04/DRI_MM_CSO-Need-Assessment-Report-ANFREL-DRI-report-format-v6-2020-03-13-1.pdf

260 https://anfrel.org/anfrel-releases-revised-myanmar-election-monitoring-handbook/

261 https://myanmar.anfrel.org/en/news/292

262 https://anfrel.org/tag/anfrel-webinar-series/

# အခန်း ၁၂ သတင်းမီဒီယာအခင်းအကျင်း

သတင်းစာလွတ်လပ်ခွင့်ကိုတန်ဖိုးထားပြီး စာနယ်ဇင်းကျင့်ဝတ်နှင့် ပညာရှင်န္နန်းစံများကို စောင့်ထိန်းကြောင်းတွေ့ရှိရသည့် တက်ကြွအားကောင်းသော သတင်းမီဒီယာ အခင်းအကျင်း တစ်ရပ်သည် လွတ်လပ်မျှတပြီး အများပါဝင်မှုရှိသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေး အတွက် အထူးအရေးကြီးပါသည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် သတင်းအချက်အလက်များရယူနိုင်ရေးနှင့် အစိုးရဌာန များ၊ နိုင်ငံရေးပါတီများ အစရှိသည့် သတင်းရင်းမြစ်များအား လက်လှမ်းမီနိုင်ရေးတို့တွင် သတင်းထောက်များအနေဖြင့် အခက်အခဲများ တွေ့ကြုံနေကြဆဲ ဖြစ်ပါသေးသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမတိုင်မီ များစွာသော သတင်း ဝက်ဘ်ဆိုဒ်များအပိတ်ခံခဲ့ရပြီး ကိုရိုနာဗိုင်းရပ်အသစ် ကူးစက်ပြန့်ပွားမှုကို လျှော့ချရန် ပြုလုပ်ထားသည့် ကန့်သတ်မှုများ ကြောင့် သတင်းမီဒီယာများအနေဖြင့် ၎င်းတို့တာဝန်များကို ဆောင်ရွက်ရာ၌ သက်ရောက်မှု ဖြစ်စေသည်။ လက်ရှိအစိုးရကို ဝေဖန်ရာရောက်သော အကဲဆတ်သော သတင်းများ ရေးသား တင်ဆက်သည့် သတင်းမီဒီယာ လောကသားများအနေဖြင့်လည်း တရားဥပဒေကြောင်း အရ ဖိနှိပ်မှုကို ခံရနိုင်ခြေရှိသည်။

စိန်ခေါ်မှုများရှိနေသည့်တိုင် မြန်မာ့သတင်းမီဒီယာသည် ရွေးကောက်ပွဲကာလအတွင်း ၎င်း တာဝန်များကို အကောင်းဆုံး ထမ်းရွက်ခဲ့ပါသည်။ Myanmar Tech Accountability Network[263] (MTAN) ၏ Election Social Media Dashboard[264] ၏ အချက်အလက်များအရ ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများသည် Facebook တွင် ဖတ်ရှုသူ အများဆုံးဖြစ်ပြီး နေ့စဉ်ဖတ်ရှု မျှဝေမှုပေါင်း ပျမ်းမျှ ၁.၁ သန်းရှိသည်ဟုသိရသည်။ ယင်း dashboard များမှာ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ နိုဝင်ဘာလ ၁၇ ရက်နေ့အထိ နေ့စဉ်နေ့တိုင်း Facebook စာမျက်နှာပေါ်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လူဖတ်များသည့် Public post များကို စုစည်းထားသော Social Media Archive က အချက်အလက်များပေါ် အခြေခံထား ခြင်း ဖြစ်သည်[265]။

263 https://www.mmtan.org/

264 https://datastudio.google.com/reporting/4adfdc5c-3ef7-4794-87f7-f461e5838e70/page/IXFfB?s=mqGx1SInUc4

265 MTAN has gathered 142,000 election-related content (71,000 pages/verified accounts and 71,000 public groups) from 9,300 unique sources (5,503 pages/verified accounts and 3,797 public groups).

## ရွေးကောက်ပွဲ သတင်းတင်ဆက်ခြင်း

ANFREL အင်တာဗျူးခဲ့သည့် သတင်းထောက်များနှင့်သတင်းဌာနများ၏ ပြောကြားချက်များအရ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ခုနှစ်ကြားတွင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့ပြီး ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ပိုမိုလွတ်လပ်စွာ သတင်းရေးသားနိုင်ခြင်း၊ ကြိုတင်မဲပေးသည့်ကာလအတွင်း မဲရုံများသို့ သွားရောက်လေ့လာခွင့်ရရှိခြင်းတို့အပြင် ရွေးကောက်ပွဲကာလအတွင်း ဒေသခံအာဏာပိုင်များ၏ နှောင့်ယှက်ဟန့်တားမှု များဖြင့် မကြုံတွေ့ရတော့ကြောင်း သိရှိရသည်။

သို့သော်လည်း သတင်းမီဒီယာအဖွဲ့အစည်းများစွာက ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ သတင်းရယူခြင်းနှင့် မဲရုံမှူးများကို အင်တာဗျူးခြင်း အပါအဝင် ရွေးကောက်ပွဲသတင်း တင်ဆက်မှုများ ပြုလုပ်ရာ၌ ကန့်သတ်မှုများဖြင့် ကြုံတွေ့ခဲ့ရကြောင်း ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။ ရွေးကောက်ပွဲကာလအတွင်း မီဒီယာများ သတင်းပိုမိုစွာရယူနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) အနေဖြင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည် သုံးသပ်ပေးရန်နှင့် ပြင်ဆင်ပေးရန် ၎င်းတို့ကတောင်းဆိုခဲ့ကြသည်[266] ။

သတင်းအချက်အလက်များရယူခွင့်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှု တို့မှာ တိုးတက်လာသည်ဟု ANFREL က ကြားသိရသော်လည်း သတင်းထောက်များအနေဖြင့် အစိုးရတာဝန်ရှိသူများထံ ဆက်သွယ်နိုင်ရေးနှင့် UEC ကဲ့သို့သော အစိုးရအဖွဲ့အစည်းများထံက သတင်းရယူရေးတို့တွင် အခက်အခဲများ ကြုံတွေ့နေရသေးသည်။ ပြည်သူများ အနေဖြင့်လည်း စကားမှားပါက (သို့မဟုတ်) သတင်းအချက်အလက် လွဲမှားစွာ ပေးအပ်မိပါက ၎င်းတို့အပေါ် အန္တရာယ်ကျရောက်လာမည်ကို စိုးရိမ်ကြသည့်အတွက် သတင်းမီဒီယာကို စကားပြောရန် ဝန်လေးတတ်ကြသည်။

မြန်မာသတင်းထောက်များသည် ယေဘုယျအားဖြင့် ၎င်းတို့လုပ်ငန်း၏ ကျင့်ဝတ်စံနှုန်းများအပေါ် တန်ဖိုးထားကြပြီး ရုံးတွင်းချမှတ်ထားသည့် ကျင့်ဝတ်များနှင့် ရပ်ရွာကသတ်မှတ်ထားသည့် လမ်းညွှန်ချက်များကိုလည်း လိုက်နာမှုရှိကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) သည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအတွက်ရည်ရွယ်၍ ၎င်း၏ သတင်းမီဒီယာကျင့်ဝတ်များနှင့် ကျင့်ထုံးများအပေါ်အခြေခံကာ ရွေးကောက်ပွဲသတင်းများ တင်ဆက်ရာ၌ သတင်းမီဒီယာသမားများ အနေဖြင့် လိုက်နာဆောင်ရမည့် လမ်းညွှန်ချက်များကို ပြန်လည်မွမ်းမံထားသည်[267] ။

266 https://web.facebook.com/permalink.php?story_fbid=4619677108106422&id=206380619436115

267 https://en.unesco.org/news/myanmar-press-council-launches-media-guidelines-election-coverage







*အရင်းမြစ်အလိုက် နေ့စဉ်မှတ်တမ်းတင်ရရှိသည့် ထိတွေ့အသုံးပြုမှု။ MTAN ကဒေတာများ။*

သို့သော်လည်း Myanmar Network Organization for Free Elections (MYNFREL) ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာဖော်ပြချက်များအား စောင့်ကြည့်လေ့လာသည့် ကနဦး တွေ့ရှိချက်များအရ သတင်းမီဒီယာများသည် အထင်ကရပါတီကြီးနှစ်ခုဖြစ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) တို့ကိုသာ အဓိက အာရုံစိုက်ခဲ့ကြကြောင်းသိရသည်။ MYNFREL အနေဖြင့် သတင်းစာ ငါးစောင်၊ တီဗီချန် နယ်လိုင်း ခြောက်ခု၊ ရေဒီယိုသတင်းဌာနငါးခုနှင့် သတင်းဝက်ဘ်ဆိုဒ် ခုနစ်ခု တို့၏ သတင်း တင်ဆက်ပုံတို့ကို လေ့လာ သုံးသပ်ခဲ့ခြင်းဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်နှင့် နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာနှစ်မျိုးလုံးတွင် NLD အကြောင်းကို အများဆုံးဖော်ပြကြပြီး၊ ဒုတိယအများဆုံးမှာ

USDP ဖြစ်၍ တတိယမှာ PPP ပါတီဖြစ်သည်။ သတင်းမီဒီယာများတွင် NLD အကြောင်း ဖော်ပြချက်အများစုမှာ အပြုသဘောဆောင်ပြီး တိုင်းရင်းသား လူနည်းစုပါတီများမှာ ဖော်ပြခံရသည့် အကြိမ်ရေနည်းပါးသည်ကို တွေ့ရသည်။

မြောက်မြားစွာသော နိုင်ငံရေးပါတီများက ANFREL ထံသို့ ပြောကြားချက်များအရလည်း သတင်းမီဒီယာ ပတ်ဝန်းကျင်တစ်ခုလုံးသည် အာဏာရပါတီဘက်သို့ ယိမ်းသည်ဟု ၎င်းတို့အနေဖြင့် ခံစားနေကြရသည်ဟု ဆိုကြသည်။ NLD နှင့် USDP အကြား ပြိုင်ဆိုင်မှုကို မကြာခဏဆိုသလို အလေးပေး ဖော်ပြတတ်ကြသော်လည်း ပါတီငယ်များကိုမူ သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် သတင်းရေးသား ဖော်ပြလေ့ မရှိကြချေ။ ထို့အပြင် MYNFREL က ANFREL ထံသို့ ပြောကြားချက်အရ သတင်းမီဒီယာများသည် ယေဘုယျအားဖြင့် ရွေးကောက်ပွဲကို လွတ်လပ်မျှတသည် ဟု ရေးသားဖော်ပြ ကြသော်လည်း တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးနှင့် လူငယ်များ အစရှိသည့် ထိခိုက်ခံစားရလွယ်သည့် အုပ်စုများအကြောင်းကိုမူ ရေးသားတင်ဆက်မှု အနည်းငယ် တွေ့ရသည့်တိုင်လုံလောက်မှု မရှိသေးသည့်အတွက် ပိုမိုလွှမ်းခြုံမှုရှိသော သတင်းတက်ဆက်မှုမျိုးပြုလုပ်ရန် လိုအပ်သည်ဟု သိရသည်။



*ANFREL နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့ ပူးပေါင်းကာ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ မြန်မာနိုင်ငံရှိ သတင်းထောက်များအတွက် ရွေးကောက်ပွဲဆိုင်ရာသတင်းရေးသားနည်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။*

မီဒီယာများ သတင်းတင်ဆက်မှု ပိုမိုအားကောင်းလာစေရန်အတွက် လိုအပ်ချက်များနှင့် ရွေးကောက်ပွဲကာလအတွင်း ပြည်သူလူထုကို သတင်းအချက်အလက်များ ပေးဝေရာ၌ မီဒီယာ၏အခန်းကဏ္ဍ အရေးပါမှုတို့ကို အသိအမှတ်ပြုသည့်အနေဖြင့် ANFREL သည် MPC နှင့် ပူးပေါင်း၍ မြန်မာသတင်းထောက်များအတွက် ရွေးကောက်ပွဲသတင်းများ ရေးသား တင်ဆက်ခြင်းဆိုင်ရာ အခြေခံလက်စွဲ[268] ကို ထုတ်ဝေခဲ့သည့်အပြင် စာနယ်ဇင်းအလုပ်ကို လက်တွေ့လုပ်ကိုင်နေသူများကို ရွေးချယ်ပြီး များစွာသော အလုပ်ရုံဆွေးနွေးပွဲ များကို ရွေးကောက်ပွဲမတိုင်မီ ပြုလုပ်ပေးခဲ့ပါသည်[269]။ ရွေးကောက်ပွဲသတင်းတင်ဆက်မှုကို အကဲဖြတ်ရန်နှင့် ပိုမိုကောင်းမွန်လာအောင် အားပေးရန်အတွက် မီဒီယာစောင့်ကြည့်လေ့လာ ရေးဆောင်ရွက်ချက်များကို ANFREL က ထောက်ပံ့ကူညီပေးခဲ့ပါသည်[270]။ ပြည်သူ့အတွက် သတင်းအချက်အလက်များပေးရာတွင်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များက မသမာမှုများ ကို စောင့်ကြည့်လေ့လာရာတွင် ၎င်းတို့တာဝန်ကို ကောင်းစွာ ထမ်းဆောင်နိုင်စေရန်အတွက် သတင်းမီဒီယာ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေရန် နောင်တွင်လည်း ယင်းသို့ သော ဆောင်ရွက်ချက်များကို အားပေးကူညီသင့်ပါသည်။

## COVID – 19 ၏ ရိုက်ခတ်မှု

COVID–19 ကပ်ရောဂါ၏ ဆိုးဝါးသောသက်ရောက်မှုများတွင် သတင်းမီဒီယာများလည်း သက်သာရာမရခဲ့ပါ။ ရောဂါပြန့်ပွားမှု ပိုမိုမဖြစ်ပွားစေရန် ထိန်းချုပ်သည့်အနေဖြင့် ခရီး သွားလာမှုကန့်သတ်ထားခြင်းကြောင့် သတင်းထောက်များအတွက် အလုပ်လုပ်ကိုင်ရာ၌ အတားအဆီးဖြစ်စေခဲ့သည်။ မြန်မာနိုင်ငံ၏ တင်းကြပ်လှစွာသော နေအိမ်တွင်သာနေထိုင် ရေး (stay–at–home) အမိန့်များအောက်တွင် မီဒီယာသည်လည်း ခြွင်းချက်ပြုခြင်းမခံရသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အကယ်၍သာ ခြွင်းချက်ရရှိခဲ့ပါက အများပြည်သူအတွက် သတင်း တင်ဆက်ခွင့်ရရှိနိုင်မည်ဖြစ်ပါသည်[271]။နိုင်ငံတကာပုဂ္ဂလိကလေကြောင်းလိုင်းများကိုပျံသန်း သွားလာခွင့် ပိတ်ထားသည့်အတွက်ကြောင့်လည်း နိုင်ငံတကာသတင်းမီဒီယာများက ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကို လုံလောက်စွာ သတင်းဖော်ပြနိုင်ရန် အခက်အခဲကြုံခဲ့ရသည်[272]။

268 https://myanmar.anfrel.org/en/media-toolkit/about-the-toolkit

269 https://myanmar.anfrel.org/en/news/283

270 https://myanmar.anfrel.org/en/news/285

271 https://www.nytimes.com/2020/09/28/world/myanmars-virus-restrictions-keep-journalists-at-home.html

272 https://www.mmtimes.com/news/foreign-reporters-cannot-enter-myanmar-cover-election-run.html

COVID–19 ၏ စီးပွားရေးဂယက် ရိုက်ခတ်မှုကို များစွာသော သတင်းဌာနများကလည်း ခံစားခဲ့ကြရပြီး အချို့သော သတင်းဌာနများသည် ဝန်ထမ်းဦးရေ လျှော့ချခဲ့ရသည့်အတွက် ရွေးကောက်ပွဲ သတင်းတက်ဆင်မှုနှင့် အခြားအရေးကြီးသော သတင်းဖော်ပြမှုများကိုပါ လျော့နည်းစေခဲ့သည်။ မြောက်မြားစွာသော သတင်းစာများနှင့် မဂ္ဂဇင်းများမှာလည်း ပုံနှိပ်ထုတ်ဝေမှု၊ ဖြန့်ချိမှုတို့ မပြုလုပ်နိုင်တော့ပဲ ရပ်ဆိုင်းသွားခဲ့ကြသည်[273] ။ ရခိုင်ပြည်နယ်တွင် COVID–19 ရောဂါပြန့်ပွားမှုကြောင့် ဩဂုတ်လကစ၍ သတင်းစာပေးပို့မှုများ အားလုံး ရပ်ဆိုင်းသွားခဲ့ သည်ကို ANFREL က လေ့လာတွေ့ရှိခဲ့ရပါသည်။ နိုင်ငံရေးပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးမှု လုပ်ငန်းများကို အကန့်အသတ်နှင့်သာ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့်လည်း ရွေးကောက်ပွဲမတိုင်မီကာလ သတင်းမီဒီယာတင်ဆက်မှု ကို လျော့ပါးသွား စေခဲ့သည်။

## သတင်းထောက်များအား ဥပဒေဖြင့်ခြိမ်းခြောက်နှောင့်ယှက်ခြင်း

သတင်းမီဒီယာအနေဖြင့် တိုင်းပြည်၏ သတင်းစာလွတ်လပ်ခွင့်ကိုထိခိုက်စေသည့် ချုပ်ခြယ်ကန့်သတ်မှုများ၊ တားဆီးပိတ်ပင်မှုများဖြင့် တွေ့ကြုံနေရဆဲဖြစ်ပါသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်သော အသံ က ထုတ်ဝေသည့် အစီရင်ခံစာတစ်စောင်တွင် သတင်းထောက်များအား တရားစွဲဆိုအရေးယူသည့် အမှုကိစ္စ ၆၇ ခုကို အသေးစိတ်ဖော်ပြခဲ့ပါသည်[274] ။ အမှုကိစ္စအများစုကို အစိုးရ (သို့မဟုတ်) တပ်မတော်က တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး အသုံးအများဆုံးသောဥပဒေမှာ ဆက်သွယ်ရေးဥပဒေဖြစ်ကြောင်းတွေ့ရသည်။ ANFREL မစ်ရှင်အဖွဲ့က ပြုလုပ်ခဲ့သည့် အင်တာဗျူးများအရ ပေါ်လွင်ထင်ရှားသည့်အချက်မှာ မြေယာအငြင်းပွားမှု၊ တရားမဝင်မူးယစ်ဆေးဝါးနှင့် သစ်အရောင်းအဝယ်၊ တိုင်းရင်းသားဒေသများရှိ အကြမ်းဖက်တိုက်ခိုက်မှုတို့ကဲ့သော အကဲဆတ်သည့်အကြောင်းအရာများကို သတင်းတင်ဆက်ရခြင်းသည် နိုင်ငံနေရာအနှံ့အပြားတွင် စိန်ခေါ်မှုနှင့်ကြုံတွေ့နေရဆဲဖြစ်သည်။ သတင်းမီဒီယာများအနေဖြင့် အထူးတလည်သတိထားကြရပြီး တခါတရံတွင် သတင်းရေးသားရာ၌ မိမိဘာသာဆင်ဆာဖြတ်ရသည်လည်း တွေ့ရှိရသည်။

၂၀၂၀ ခုနှစ် တစ်နှစ်တည်းတွင်ပင် လက်နက်ကိုင်ပဋိပက္ခနှင့် အခြားဆက်စပ်အကြောင်းအရာများကို ဖော်ပြသည့်အတွက် သတင်းထောက်များ တရားစွဲဆိုခံရသည့် အမှုကိစ္စများစွာ ပေါ်ထွက်ခဲ့ပါသည်။ ၎င်းတို့အနက် အချို့ကိုဖော်ပြရသော် အစိုးရကအကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် ရက္ခိုင့်တပ်မတော် (AA) ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်နှင့် အင်တာဗျူးကိုဖော်ပြ

273 https://www.mmtimes.com/news/newspapers-under-lockdown.html

274 https://web.facebook.com/athan.foe.myanmar/posts/707268793165522

သည့် Voice of Myanmar အယ်ဒီတာ ဦးနေမျိုးလင်း[275] နှင့် နေဥ္မရာသတင်း အယ်ဒီတာချုပ် ဦးခိုင်မြတ်ကျော်[276] ၊ တပ်မတော်နှင့် AA အကြား ဖြစ်ပွားသည့် တိုက်ပွဲများသတင်းကို ဖော်ပြသည့် ဧရာဝတီသတင်းဌာနက ဦးရဲနိုင်[277] နှင့် ရခိုင်ပြည်နယ်အတွင်း လက်နက်ကြီးကျည်ကျရောက်၍ သေဆုံးခဲ့သည့် ရိုဟင်ဂျာ မွတ်ဆလင်အမျိုးသမီးနှစ်ဦးအကြောင်း သတင်းဖော်ပြခဲ့သည့် ရိုက်တာသတင်းဌာန[278] တို့ ပါဝင်ကြပါသည်။ ဒွဲပြောအွန်လိုင်းသတင်းဌာန အယ်ဒီတာချုပ် ဦးဇော်ရဲထက်အား ကရင်ပြည်နယ်အရှေ့ပိုင်းတွင် COVID-19 ဖြင့် သေဆုံးသူတစ်ဦး ရှိခဲ့သည်ဟု မှားယွင်းဖော်ပြခဲ့သည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။ အဆိုပါသတင်းမှားယွင်းကြောင်း သိရှိသည်နှင့်တပြိုင်နက် အယ်ဒီတာက တရားဝင်တောင်းပန်မှု ပြုခဲ့ပါသေးသည်[279] ။

## အင်တာနက်နှင့်ဝက်ဘ်ဆိုဒ်များ ပိတ်ပင်ခြင်း

မြန်မာနိုင်ငံတွင် အင်တာနက်လွတ်လပ်ခွင့်နိမ့်ပါးပြီး အမေရိကန်အခြေစိုက် ပညာရှင်အဖွဲ့ဖြစ်သော Freedom House ၏ ၂၀၂၀ ခုနှစ် “Freedom on the Net” အစီရင်ခံစာတွင် “လွတ်လပ်မှုမရှိ” ဟု သတ်မှတ်ဖော်ပြထားသည်။ အမှတ် ၁၀၀ ဖိုးအနက် မြန်မာနိုင်ငံသည် ၃၁ မှတ်သာရရှိခဲ့ရာ ရခိုင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင်ရှိ မြို့နယ်ပေါင်းများစွာ တွင် မိုဘိုင်းဖုန်းအင်တာနက်များ ဖြတ်တောက်ထားခြင်းနှင့် သတင်းဝက်ဘ်ဆိုဒ်များ ပိတ်ဆို့ခြင်းတို့အပါအဝင်အခြားသော အရေးကြီးဖြစ်စဉ်များကြောင့်[280] နိုင်ငံ၏ အင်တာနက်လွတ်လပ်ခွင့်ဆိုင်ရာရမှတ် နည်းပါးခဲ့ရခြင်းဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့တွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန က ရခိုင်ပြည်နယ် နှင့် ချင်းပြည်နယ် တို့ရှိ မြို့နယ်ကိုးခုတွင် “မိုဘိုင်းဖုန်း အင်တာနက်လိုင်းများ ရပ်ဆိုင်းထားရန်” အမိန့် ထုတ်ပြန်ခဲ့သည်[281] ။ ၂၀၂၀ ခုနှစ်၊ မေလ ၂ ရက် နေ့တွင်

275 https://www.irrawaddy.com/news/burma/myanmars-special-branch-police-sue-editor-counter-terrorism-law.html

276 https://cpj.org/2020/05/myanmar-editor-in-hiding-facing-terrorism-charges/

277 https://www.irrawaddy.com/news/burma/myanmar-military-case-irrawaddy-editor-move-ahead.html

278 https://uk.reuters.com/article/uk-myanmar-reuters/myanmar-army-sues-reuters-for-criminal-defamation-police-idUKKBN20W1ZO

279 https://rsf.org/en/news/myanmar-journalist-jailed-two-years-reporting-covid-19-death

280 https://freedomhouse.org/country/myanmar/freedom-net/2020

281 https://www.article19.org/resources/myanmar-one-year-on-internet-shutdown-imperils-human-rights-in-myanmar/

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်းတောမြို့နယ်တွင် အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးခဲ့သော်လည်း[282] အခြားမြို့နယ် ရှစ်မြို့နယ်တွင်မူ 2G ကွန်ရက်သာ ပြန်ဖွင့်ပေးခဲ့သည့်အတွက် voice call ခေါ်ဆိုမှုများနှင့် ဒေတာအကန့်အသတ်နှင့်အသုံးပြုခွင့်ကိုသာ ရရှိခဲ့ကြသည်[283] ။

2G ကွန်ရက်ကန့်သတ်ချက်ကို ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အဆုံးသတ်ရန် စီစဉ်ထားသော်လည်း တယ်လီနောအ၏ထုတ်ပြန်ချက်အရ အင်တာနက်ကန့်သတ်မှုများကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရှိ မိုဘိုင်းဖုန်း အော်ပရေတာများအားလုံးကို ညွှန်ကြားထားသည်ဟု သိရသည်။[284]

လူ့အခွင့်အရေး အဖွဲ့အစည်းများစွာ ပူးပေါင်းထုတ်ပြန်သည့် ကြေညာချက်တစ်ခု[285] တွင် "ရွေးကောက်ပွဲ အလွန်ကာလအထိ သက်ရောက်မှုရှိသော အင်တာနက်ဖြတ်တောက်မှုအား သက်တမ်းတိုးရန်အတွက်ဆက်သွယ်ရေးကုမ္ပဏီများသို့အမိန့်ပေးခဲ့သောအစိုးရ၏နောက်ဆုံးထွက်ရှိထားသည့် အမိန့်ညွှန်ကြားစာအပေါ် များစွာစိုးရိမ်မိပါသည်" ဟုဖော်ပြခဲ့ကြသည်။

၂၀၂၀ ခုနှစ်မတ်လတွင် ဝက်ဘ်ဆိုဒ်များပိတ်ပစ်ရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည့်အတွက် သတင်းဝက်ဘ်ဆိုဒ်များပါ အပိတ်ခံခဲ့ရပါသည်။ ယင်းတို့အနက် Development Media Group၊ နေ့စဉ်ရာ သတင်းဌာန[286] ၊ Mandalay In-Depth News၊ မဲခေါင်သတင်း၊ Voice of Myanmar နှင့် Karen News[287] တို့ ပါဝင်ကြပြီး COVID-19 "သတင်းမှား" ဖြန့်ချီသည်ဟူသော အကြောင်းပြချက်အပါအဝင် အခြားသော အကြောင်းပြချက်များဖြင့် အပိတ်ခံခဲ့ရခြင်းဖြစ်ပါသည်[288] ။ မိုဘိုင်းဖုန်းအော်ပရေတာ တယ်လီနောမြန်မာ၏ ထုတ်ပြန်ကြေညာချက်အရ ဝက်ဘ်ဆိုဒ်များပိတ်ရန် အာဏာပိုင်များဘက်က ပေးပို့လာသည့် ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်မှာ "အများပြည်သူအကျိုးစီးပွား" နှင့်စပ်လျဉ်းသော ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၇ ဖြစ်သည်ဟု သိရပါသည်။ "သတင်းမီဒီယာ ကျင့်ဝတ်ဖောက်ဖျက်မှုများနှင့်ငြိစွန်းမှုမရှိကြောင်း၊ သတင်းမှားနှင့် သတင်းတုများ ရေးသားဖြန့်ဝေခြင်းမရှိကြောင်း စစ်ဆေးတွေ့

282 https://myanmar-now.org/en/news/internet-ban-lifted-in-maungdaw-township

283 https://www.mmtimes.com/news/rakhine-chin-internet-restored-only-2g.html

284 https://www.telenor.com/network-restrictions-in-myanmar-1-august-2020/

285 https://web.facebook.com/FreeExpressionMyanmar/posts/3405547552892143

286 https://www.frontiermyanmar.net/en/operators-split-as-telenor-rejects-govt-order-to-block-fake-news-sites/

287 https://freedomhouse.org/country/myanmar/freedom-net/202

288 https://www.mmtimes.com/news/telenor-follows-myanmar-orders-block-alleged-fake-news-sites.html

ရှိခဲ့ရသည့်[289] ”အတွက် အမည်မဖော်ပြထားသော ဝက်ဘ်ဆိုဒ်သုံးခုကို အောက်တိုဘာလ ၉ ရက်နေ့တွင် ပြန်လည်ဖွင့်ပေးခဲ့ပါသည် ။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် မိုဘိုင်း အော်ပရေတာများအား အမည်မသိရသည့်ဝက်ဘ်ဆိုဒ်သုံးခုနှင့် ၎င်းဝဘ်ဆိုဒ်များနှင့်ဆက်နွယ်သည့် keyword များကိုပိတ်ရန် ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်၍ အမိန့်ပေးခဲ့ရာ ချယ်ခြယ်ကန့်သတ်မှုများ ပိုမိုများပြားလာခဲ့သည်[290] ။ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးဆွေ၏ ပြောကြားချက်အရ ဤသို့ပြုလုပ်ရန် တောင်းဆိုချက်ကို တပ်မတော်ထိန်းချုပ်သည့်ဝန်ကြီးဌာနတစ်ခုက တောင်းဆိုခဲ့ခြင်းဖြစ်ပြီး အသေးစိတ် ပြောကြားရန် ငြင်းဆန်ခဲ့သည်။

တယ်လီနော၏ ကြေညာချက်တစ်စောင်ပါပြောကြားချက်အရ အဆိုပါညွှန်ကြားချက်သည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၇ ကိုအခြေခံပြီး “သတင်းတုများ” နှင့် ကောလဟာလများကို ဖြန့်ဖြူးခြင်း၊ မူပိုင်ခွင့် ချိုးဖောက်ခြင်းတို့ကို အမိန့်ထုတ်ရခြင်းအကြောင်းရင်းများအဖြစ် ကိုးကားထားသည်။ တယ်လီနော မိုဘိုင်းအော်ပရေတာကပြောကြားခဲ့သည်မှာ ၎င်းတို့အနေဖြင့် ဝဘ်ဆိုဒ်များပိတ်ပင်ရန်ညွှန်ကြားချက်ကို စိတ်မပါစွာဖြင့် လိုက်နာဆောင်ရွက်ခဲ့ရသော်လည်း keyword များအခြေခံ၍စစ်ထုတ်ရန် (filter) တောင်းဆိုချက်ကိုမူ လိုက်လျောခြင်းမပြုခဲ့ဟုဆိုသည်။[291]

အထူးသဖြင့် ရွေးကောက်ပွဲကာလအတွင်း အကြပ်အတည်း ဖြစ်ပေါ်နေသည့်ကြားတွင် အင်တာနက် ပိတ်ဆို့ခြင်း နှင့် မိုဘိုင်းဖုန်း ချိတ်ဆက်မှုကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုခြင်းသည် လူအများကို စိုးရိမ်စိတ်များ မြင့်တက်စေခဲ့ပြီး သတင်းတုနှင့်သတင်းမှားများကို ကိုင်တွယ်လိုရုံမျှဖြင့် ပြည်သူများ၏ သိရှိပိုင်ခွင့်ကို မထိခိုက်စေသင့်ချေ။ သတင်းမီဒီယာတွင် ကျင့်ဝတ်ပိုင်းဆိုင်ရာ အားနည်းချက်များရှိပါက သင့်တော်သလို ကန့်ကွက်တိုင်ကြားမှုမျိုးဖြင့်သာ ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။ အင်တာနက်အသုံးပြုခွင့်နှင့် ဝက်ဘ်ဆိုဒ်များကို ပိတ်ပင်ရန် မကြာခဏ ကိုးကားအသုံးပြုလေ့ရှိသည့် ဆက်သွယ်ရေးဥပဒေကိုလည်း သတင်းအချက်အလက်ရယူရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ သတင်းစာလွတ်လပ်ခွင့်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေဖို့ရာ ပြန်လည်သုံးသပ်သင့်ပါသည်။

289 https://www.telenor.com.mm/en/article/blocking-websites-myanmar-updated-9-september-2020

290 https://www.mmtimes.com/news/myanmar-tightens-censorship-internet-post-election.html

291 https://www.telenor.com.mm/en/article/directive-block-websites-0

## သတင်းတုများ

ကမ္ဘာတစ်လွှားက နိုင်ငံအများစုနည်းတူ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်ရပ်ဝန်းကို ထိခိုက်စေသော နောက်ထပ်ကိစ္စရပ်တစ်ခုမှာ သတင်းတု (သို့မဟုတ်) အဖျက်သဘောဆောင်သော မှားယွင်းသည့် သတင်းအချက်အလက်များပြန့်နှံ့နေခြင်းဖြစ်သည်။ ANFREL မစ်ရှင်က စကားပြောခွင့်ရခဲ့သည့် သတင်းထောက်များနှင့် သတင်းဌာနများ၏ ပြောကြားချက်အရ သတင်းတုများကြောင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအပေါ် ထိခိုက်မည်ကို ၎င်းတို့ အနေဖြင့် စိုးရိမ်မှုမရှိကြောင်းနှင့် ဆိုရှယ်မီဒီယာပေါ်တွင် သတင်းအချက်အလက်မှားများ မျှဝေနေသူများ ရှိနေသေးကြောင်းသိရသည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း သတင်းတုများဖြန့်ချိမှုများစွာကိုလည်း တွေ့ရှိခဲ့ရပါသည်။ ယင်းတို့အနက် NLD အပေါ် ယုံကြည်မှုကျဆင်းလာသည် ဟူသော ရွေးကောက်ပွဲအကြိုစစ်တမ်း ဇယားကွက်အတုကို မြောက်မြားစွာသော ဖေ့စ်ဘုတ်ပို့စ်များ၊ ဘလော့ဂ်များဖြင့် မျှဝေခဲ့ကြပြီး[292] ၊ ဝက်ဘ်ဆိုဒ်တစ်ခုတွင်မူ လွတ်လပ်သောအာရှအသံ (Radio Free Asia) ၏ ဒီဇိုင်းပုံကို ကူးချပြီး သတင်းတုနှင့် အမုန်းစကားများ ဖြန့်ဝေခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်[293] ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လူမှုကွန်ယက်စာမျက်နှာများတွင် သတင်းတုများ ဖြန့်ချိသည့်ကိစ္စ၊ အထူးသဖြင့် နိုင်ငံရေးပါတီများသည် ကြိုတင်မဲပေးသည့်ကိစ္စ နှင့် ပတ်သက်၍ ပြဿနာရှိသည်ဟူသော ပြောကြားချက်မျိုးနှင့် စပ်လျဉ်း၍ သတိပေးပြောဆိုခဲ့သည်။ "အဆိုပါသတင်းများတွင် မှန်ကန်သော သတင်းများသာမက မှားယွင်းသော အချက်အလက်များ၊ ချဲ့ကားမှုများ၊ သတင်းမှန်ကို ဖုံးကွယ်ပြီး မဲဆန္ဒရှင်များအား အမြင်လွဲမှားစေနိုင်သည့်အချက်များနှင့် လိုရင်းမရောက်သော သတင်းအချက်အလက်များ လည်း ပါဝင်သည်" ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ပြောကြားခဲ့ပါသည်။ ထို့အပြင် လည်း UEC ကနေ၍ " မဲပေးသည့်လုပ်ငန်းစဉ်များ နှင့် ရွေးကောက်ပွဲပျက်ပြားစေရန် ရည်ရွယ်၍ မမှန်သတင်း၊ အခြေအမြစ်မရှိသောသတင်းများကို ပြောဆိုခြင်း၊ ရေးသားခြင်း၊ မျှဝေခြင်းကိုတွေ့ရှိပါက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၈ (ဃ) ကို ချိုးဖောက်ရာရောက်သည်[294] " ဟု သတိပေးထားပါသည်။

292 https://factcheck.afp.com/fake-survey-results-about-declining-public-trust-myanmars-ruling-party-circulate-facebook-ahead

293 https://www.rfa.org/english/news/myanmar/media-fake-10132020104123.html

294 https://www.gnlm.com.mm/announcement-about-spreading-election-disinformation/

ဤတွင် သတင်းတုများကို တိုက်ဖျက်ရန်အတွက် MIDO ၏ "ဟုတ်တယ် မဟုတ်ဘူး[295] " ၊ AFP Myanmar Fact Check[296] ၊ Boom Myanmar[297] နှင့် Fact Crescendo Myanmar[298] အစရှိသည့် မြန်မာနိုင်ငံအတွင်း သတင်းတုနှင့် သတင်းမှားများ ဖော်ထုတ်ရေးကိုဆောင်ရွက်သည့် သတင်းအချက်အလက်စစ်ဆေးရေး စဦးလုပ်ဆောင်မှုများ ပေါ်ထွက်လာခဲ့ပါသည်။

MIDO က ANFREL ထံသို့ပြောကြားချက်အရ နည်းလမ်းနှင့်ကျွမ်းကျင်မှုမှာလည်း ပိုမိုတိုးတက်လာသည့်အလျောက် အွန်လိုင်းပလက်ဖောင်း စာမျက်နှာများကို တလွဲအသုံးချသည့်နေရာ၌ ပို၍ပင် စနစ်ကျလာပြီး သတင်းတုများသည် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲနှင့်နှိုင်းစာလျှင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲ၌ ပို၍ ပြန့်နှံ့လျက်ရှိသည်။ အွန်လိုင်းအသုံးပြုသည့်လူဦးရေမှာလည်း တိုးပွားလာခဲ့သည်။

MIDO ၏ပြောကြားချက်အရ ပြည်သူများအနေဖြင့် သတင်းတုများနှင့်ပတ်သက်၍ ပိုမိုသတိရှိလာကြသော်လည်း ၎င်းတို့ပိုမိုသိရှိလာသည်နှင့်အမျှ သတင်းအချက်အလက်ဂေဟစနစ်ကို နှောင့်ယှက်ဖျက်ဆီးနေကြသူများသည် ၎င်းတို့နည်းလမ်းကို ပြောင်းလဲလိုက်ကြသည်။ ဥပမာအားဖြင့် ဖေ့ဘုတ်ပေါ်က ရုန့်ရင်းကြမ်းတမ်းပြီး ဆိုးဝါးလှသောအကောင့်များကို ဖြုတ်ချလိုက်သောအခါ အဆိုပါအကောင့်များက သတင်းတုများသည် screenshot များအဖြစ် ဆက်လက်ပြန့်နှံ့လျက်ရှိသည့်အတွက် မူလဇစ်မြစ်ကိုခြေရာခံရန်နှင့် တိုက်ခိုက်မှုပြုလုပ်သူကိုဖော်ထုတ်ရန် သာ၍ပင် ခက်ခဲသွားသည်။
အွန်လိုင်းပေါ်က သတင်းတုများကို တိုက်ဖျက်ရန်အတွက် MIDO က အချက်အလက်တိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းအပြင် သတင်းမီဒီယာအခြေခံအသိပညာသင်တန်း နှင့် ကမ်ပိန်းများကို ပြုလုပ်လျက်ရှိပါသည်။ ဖေ့စ်ဘုတ်ကဲ့သို့သော ပလက်ဖောင်းများက အရေးယူတုံ့ပြန်ဆောင်ရွက်ရာတွင် တိုးတက်မှုအချို့ ရှိလာသည်ကို ၎င်းတို့အနေဖြင့် အသိအမှတ်ပြုသော်လည်း လုံလောက်မှုမရှိသေးသည့်အလျောက် ရှုထောင့်စုံလင်ပြီး ဆက်စပ်ပတ်သက်သူများ အားလုံးပါဝင်သည့် နည်းလမ်းတစ်ရပ်ကို အသုံးပြုသင့်သည်ဟုဆိုသည်။

မြန်မာပြည်သူ အများစုအတွက် ဖေ့စ်ဘုတ်သည် အင်တာနက်နှင့် ထပ်တူနီးပါး ဖြစ်ပြီး ၎င်းတို့အနေဖြင့် ဤပလက်ဖောင်းပေါ်က သတင်းနှင့်အချက်အလက်များရရှိရန်၊ ဖျော်ဖြေမှုရရန်နှင့် မိတ်ဆွေ၊ မိသားစုတို့နှင့် အဆက်အသွယ်ပြုလုပ်ရန်အတွက် မှီခိုအားထားကြသည်။

295 https://www.mmtimes.com/news/mido-fact-check-facebook-news.html

296 https://factcheck.afp.com/afp-myanmar

297 https://www.boommyanmar.com/about-us/

298 https://myanmar.factcrescendo.com/english/

MTAN စုဆောင်းခဲ့သည့် အချက်အလက်များအရ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့မှ နိုဝင်ဘာလ ၁၇ ရက်နေ့အတွင်း နေ့စဉ်ပျမ်းမျှ ဖေ့ဘုတ်အသုံးပြုမှု ၂.၂ သန်းခန့် ရှိသည်ကို မှတ်တမ်းကောက်ယူရရှိကြောင်း သိရသည်။ အများဆုံးအသုံးပြုမှုကို ရွေးကောက်ပွဲနေ့နှင့် နောက်တစ်ရက်တို့တွင် မှတ်တမ်းတင်တွေ့ခဲ့ရပြီး ၁၅,၂၇၆,၄၄၄ နှင့် ၁၂,၆၉၅,၆၃၄ အသီးသီး စီ ရှိကြောင်း သိရသည်။

သို့သော်လည်း ဖေ့စ်ဘုတ်တွင် သတင်းတုများ လျင်မြန်စွာဖြန့်ဝေခြင်းဖြင့် သွေးခွဲရန်၊ အမုန်း ပွားစေရန်နှင့် လူနည်းစုအား အကြမ်းဖက်ရန်အလို့ငှာ လက်နက်သဖွယ် အသုံးပြုခဲ့ကြသည့် နောက်ခံရာဇဝင်ရှိခဲ့ဖူးပါသည်[299] ။ ရိုဟင်ဂျာလူနည်းစုများအား ပစ်မှတ်ထားသည့် အမုန်း စကားများ မီးမွှေးရာတွင် ဖေ့ဘုတ်သည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်ကို ကုလသမဂ္ဂအချက်အလက်ရှာဖွေရေး မစ်ရှင်က ၂၀၁၈ ခုနှစ်တွင် စုံစမ်းတွေ့ရှိခဲ့ပြီး ဖေ့စ်ဘုတ် ကိုယ်တိုင်လည်း လူမျိုးတုံးသတ်ဖြတ်မှု ဦးတည်စေသော လက်နက်ကိရိယာအဖြစ် ၎င်းတို့ ပလက်ဖောင်းအား အသုံးပြုခဲ့ခြင်းကို တားဆီးရန်ပျက်ကွက်ခဲ့ကြောင်းဝန်ခံခဲ့သည်။[300]

မြန်မာနိုင်ငံရွေးကောက်ပွဲကာလအတွင်းတွင် ၎င်းပလက်ဖောင်းအား တလွဲအသုံးပြုခြင်း၊ မှားယွင်းစွာ အသုံးချခြင်းတို့နှင့်စပ်လျဉ်း၍ ကိုယ်တွယ်ဆောင်ရွက်မှုများကို ဖေ့ဘုတ်ကဖော်ပြ ပေးခဲ့ပါသည်[301] ။ ဥပမာ မဲဆန္ဒရှင်များကိုဖိနှိပ်ရန် (သို့မဟုတ်) ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ သမာသမတ်ရှိမှုကို ဖျက်ဆီးရန် ရည်ရွယ်သည့် သတင်းအမှားများကိုဖယ်ရှားရန် ၎င်းတို့မူဝါဒ ကိုချဲ့ထွင်ပေးခဲ့ပြီး၊ အမုန်းစကားဆိုင်ရာ မူဝါဒချိုးဖောက်သည့် အကြောင်းအရာများကိုလည်း ဖယ်ရှားပေးခဲ့သည်[302]။

သတင်းတုများပြန့်နှံ့မှုမှာ အဆန်းမဟုတ်သော်လည်း နည်းပညာသစ်များကြောင့် ၎င်းတို့၏ ပြန့်ပွားမှုမှာ အရှိန်အဟုန်အရရော အတိုင်းအတာအရပါ တဟုန်ထိုး တိုးမြင့်လာသည့်အခါ ထိန်းချုပ်ရန်ခက်ခဲသွားသည်။ ဤပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ရာ ဆက်စပ်ပတ်သက် သူများစွာပါဝင်သည့် ရှုထောင့်စုံလင်သော နည်းလမ်းတစ်ရပ် လိုအပ်သည်ကို ANFREL အနေ ဖြင့် သဘောတူပြီး သတင်းအချက်အလက်ရပ်ဝန်း တိုးတက် ကောင်းမွန်စေဖို့ရာ စည်းမျဉ်း စည်းကမ်းများ ချမှတ်သင့်ပါသည်။ ယင်းစည်းမျဉ်းစည်းကမ်းများ သည်လည်း သတင်း အချက်အလက်ရရှိပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို ထိန်းသိမ်းကာကွယ်ခြင်း ဖြင့် လွတ်လပ်မှုများကို လျှော့ချမည့်အစား တိုးပွားအောင် ပြုလုပ်စေသင့်ပါသည်။

299 https://www.wired.com/story/how-facebooks-rise-fueled-chaos-and-confusion-in-myanmar/

300 https://time.com/5197039/un-facebook-myanmar-rohingya-violence/

301 https://techcrunch.com/2020/09/23/facebook-gives-more-details-about-its-efforts-against-hate-speech-before-myanmars-general-election/

302 https://about.fb.com/news/2020/08/preparing-for-myanmars-2020-election/

## သတင်းစာလွတ်လပ်ခွင့်

သတင်းစာလွတ်လပ်ခွင့်ဆိုင်ရာကိစ္စရပ်များသည် မြန်မာနိုင်ငံ သတင်းမီဒီယာရပ်ဝန်းကို နှောင့်ယှက်နေစဉ်တွင် အာဏာရပါတီသည် ၎င်း၏ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကြေညာစာတမ်းပါ သန္နိဋ္ဌာန်ချ ဆောင်ရွက်သွားမည့် ကိစ္စများတွင် လွတ်လပ်သောသတင်းမီဒီယာလုပ်ငန်းကို အားပေးရန်၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးစနစ်ကို ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြည်သူများ၏ သတင်းအချက်အလက်ရယူခွင့်ကို တိုးပွားစေရန်အချက်များကို လျစ်လျူရှုထားသည့်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက စိုးရိမ်မှုများ ထုတ်ဖော်ပြောကြား လာခဲ့ကြသည်။

မြန်မာတိုင်မ်းဆောင်းပါး[303] ပါ ရေးသားချက်အရ “ပုဂ္ဂလိက နှင့် နိုင်ငံပိုင်သတင်းဌာနများကြား တန်းတူရည်တူ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခင်းအကျင်းဖြစ်အောင် ဖန်တီးပေးမည်ဟူသောပြောဆိုမှုများ ၂၀၁၅ ခုနှစ်တွင် ရှိခဲ့သော်လည်း အထူးသဖြင့် ရုပ်သံလိုင်းများတွင် နိုင်ငံပိုင်လုပ်ငန်းများကသာ အကြီးအကျယ် အုပ်စီးထားဆဲဖြစ်ပြီး သိသာထင်ရှားသော တိုးတက်မှုတစုံတရာ မတွေ့ရှိရချေ။ လွတ်လပ်သော သတင်းမီဒီယာနှင့် သတင်းအချက်အလက်ရယူခွင့်တို့နှင့် ပတ်သက်သည့် ကတိကဝတ်များကို ပစ်ပယ်လိုက်ခြင်းကြောင့် NLD အနေဖြင့် ၎င်းကတိစကားများအပေါ် လုံလောက်သောလေးနက်မှုမရှိဟူသော ဝေဖန်ချက်များ ပိုမို ထွက်ပေါ် လာစေလိမ့်မည်။”

ပါရီ အခြေစိုက် သတင်းမီဒီယာအဖွဲ့အစည်း ဖြစ်သော Reporters Sans Frontières (RSF – နယ်စည်းမခြား သတင်းထောက်များ) က ပြုစုသည့် သတင်းစာလွတ်လပ်ခွင့်အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် “ခက်ခဲသော အနေအထား” တွင်ရှိသည်ဟု ဖော်ပြထားပြီး ၂၀၂၀ ခုနှစ်စစ်တမ်းပါ နိုင်ငံပေါင်း ၁၈၀ အနက် ၁၃၉ အဆင့်သတ်မှတ်ချက် ရရှိထားသည်။ မြန်မာနိုင်ငံ၏ အဆင့်သတ်မှတ်ချက်မှာ ၂၀၁၈ ခုနှစ်ကတည်းကစ၍ တောက်လျှောက်ကျဆင်းလျက်ရှိရာ ယနေ့အချိန်ထိ အဆင့်သတ်မှတ်ချက်အမြင့်ဆုံးအဖြစ် ၂၀၁၇ ခုနှစ်တွင် အဆင့် ၁၃၁ မှ ၂၀၁၈ ခုနှစ်တွင် ၁၃၇ သို့ ကျဆင်းသွားခဲ့သည်[304] ။

303 https://www.mmtimes.com/news/ruling-party-ditches-support-independent-media-election-manifesto.html

304 https://rsf.org/en/myanmar




*RSF ၏ သတင်းစာလွတ်လပ်ခွင့်အညွှန်းကိန်းတွင် မြန်မာနိုင်ငံ၏ အဆင့် (၂၀၁၃-၂၀၂၀)*

ဖိနှိပ်သောအစိုးရလက်အောက်တွင်ဆောင်ရွက်ရသည့် သတင်းမီဒီယာလုပ်ငန်းသည် ပြည်သူများ၏ သိရှိပိုင်ခွင့်ကို ထိခိုက်စေပါသည်။ သတင်းမီဒီယာအနေဖြင့် အမှန်တရားဘက်တော်သားအဖြစ် ပီပီပြင်ပြင် ဆောင်ရွက်နိုင်ဖို့ရာ မလိုအပ်သောကန့်သတ်မှုများ၊ အရေးယူမှုများ မခံစားရဘဲ အာဏာကို မထောက်မညှာ စောင့်ကြည့်လေ့လာနိုင်သော ပတ်ဝန်းကျင်ကောင်း တစ်ရပ်လိုအပ်ပြီး ကျင့်ဝတ်နှင့်ပညာရှင်ပီသသော စံနှုန်းများကို လေးစားလိုက်နာမှုနှင့် သဟဇာတဖြစ်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် သတင်းစာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် ANFREL က တိုက်တွန်းနိုးဆော်လိုပါသည်။

# အကြံပြုချက်များ

ဤအစီရင်ခံစာတွင် တင်ပြထားသည့် သတင်းအချက်အလက်များအရ မြန်မာနိုင်ငံ၏ အနာဂတ်ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပိုမိုကောင်းမွန်လာစေဖို့ရာ ပြုပြင်ပြောင်းလဲရမည့် အခန်းကဏ္ဍများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။ ယခင် မစ်ရှင်အစီရင်ခံစာ ၂၀၁၅၊ ၂၀၁၇ နှင့် ၂၀၁၈ တို့မှ အကောင်အထည်မဖော်ရသေးသည့် အကြံပြုချက် အချို့ကိုလည်း ဤနေရာတွင် စာရင်းပြုဖော်ပြထားပါသည်။

ဤတွင် စာရင်းပြုဖော်ပြထားသည့် အကြံပြုချက်များမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ တပ်မတော် အာဏာသိမ်းသည့်အချိန်ကစ၍ တစုံတရာ ပြင်ဆင်ထားခြင်းမရှိသေးပါ။ ပိုမို၍ လွတ်လပ်မျှတသော၊ အားလုံးအကျုံးဝင် ပါဝင်နိုင်သော ရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် အဆိုပါ အကြံပြုချက်များသည် ရွေးကောက်ပွဲများတွင် ဆက်စပ်ပတ်သက်နေသူများအားလုံး (မည်သည့် အဖွဲ့အစည်းကဖြစ်စေကာမူ) ကို အကူအညီပေးနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

တပ်မတော်က တရားဝင် အရပ်သားအစိုးရကို ပြန်လည်၍ အာဏာအပ်နှင်းပြီးသည်နှင့် တပြိုင်နက် အခွင့်အာဏာရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာနှင့်မဲဆန္ဒရှင်များ အပါအဝင် ဆက်စပ်ပတ်သက်နေသူများအားလုံးအနေဖြင့် ယင်းအဆိုပြုချက်များအပေါ် အခြေတည်၍ နောင်ရရှိလာမည့် ဒီမိုကရေစီအကျိုးကျေးဇူးများကိုထိန်းသိမ်းရန်နှင့် လွတ်လပ်မျှတ၍ လွှမ်းခြုံမှုအားကောင်းသော ရွေးကောက်ပွဲများ မြန်မာနိုင်ငံတွင်ကျင်းပနိုင်စေရန် စုပေါင်းဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်

- ၂၅% သော တပ်မတော်ကခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဖယ်ရှားရန်အလို့ငှာ ရွေးကောက်ပွဲဥပဒေများနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်။ အပြည့်အဝ ရွေးကောက်ခံဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်သည် ကိုယ်စားပြုဒီမိုကရေစီအတွက် မဖြစ်မနေ လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။
- ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို နိုင်ငံတကာစံနှုန်းများနှင့်အညီပြင်ဆင်ပြီး အချို့သောတိုင်းရင်းသား နှင့်/သို့မဟုတ် ဘာသာရေးအုပ်စုများ၏ (အထင်ရှားဆုံးအားဖြင့် ရိုဟင်ဂျာများ) မဲပေးခွင့်ဆုံးရှုံးနေခြင်းကို အဆုံးသတ်ပေးရန်။ အဆိုပါ

လူနည်းစုဝင်များအတွက် တင်းပြည့်နိုင်ငံသား ဖြစ်ခွင့်ရစေဖို့ရာနှင့် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခွင့်ရစေရာ လမ်းကြောင်းဖွင့်ပေးရန်။

- လွှတ်တော်အမတ်ဦးရေကို သာတူညီမျှစွာ ခွဲခြမ်းပေးနိုင်စေဖို့ရာ ရွေးကောက်ပွဲစနစ်တွင် ထည့်သွင်းတည်ဆောက်ထားသည့် မဲဆန္ဒနယ်နိမိတ် မညီမျှသည့်ကိစ္စကို ဖြေရှင်းရန်နှင့် မဲဆန္ဒနယ်များ သတ်မှတ်ပိုင်းခြားသည့် စံသတ်မှတ်ချက်များတွင် လူဦးရေကိုလည်း ထည့်သွင်းစဉ်းစားရန်။
- သာသနာ့ဝန်ထမ်းများ မဲပေးခွင့်မပြုသည့်ကိစ္စကို ပယ်ဖျက်ပေးရန်နှင့် နိုင်ငံသားများအားလုံးနှင့် တန်းတူ အခြေခံအခွင့်အရေးများ ရရှိကြစေရန်။ မိသားစုဝင်တစ်ဦးဦး နိုင်ငံခြားသားဖြစ်ပါက သမ္မတ ဖြစ်ခွင့်မရှိသည့် အခြေခံဥပဒေပါ ပုဒ်မ ၅၉ (စ) ကဲ့သို့သော မဲပေးခွင့်နှင့် ပြည်သူ့ရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်အပေါ် တားမြစ်သည့် သင့်တင့်လျောက်ပတ်မှုမရှိသော တားမြစ်ချက်များကိုလည်း ဖယ်ရှားသင့်သည်။
- ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအတွက် လှူဒါန်းငွေများ၊ အသုံးစရိတ်များကို အပြည့်အဝ ဖော်ပြပေးရမည့် မဲဆွယ်စည်းရုံးရေးရန်ပုံငွေ ဥပဒေများရေးဆွဲအကောင်အထည်ဖော်ပြီး အစိုးရ အရင်းမြစ်များအား အလွဲသုံးစားပြုခြင်းအပေါ် ရှင်းလင်းတိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုရန်။ လက်ရှိ မဲဆွယ်ရန်ပုံငွေဆိုင်ရာမူဘောင်မှာ နယ်ပယ်အားဖြင့်ရော သက်ရောက်မှုအားဖြင့်ပါ လုံလောက်မှု မရှိသည့်အပြင် မြန်မာနိုင်ငံက ကတိကဝတ်ပြုလိုက်နာရမည့် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) နှင့်လည်း လိုက်လျောညီထွေမရှိပေ။
- ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ကို အသိအမှတ်ပြုလက်ခံရန်။
- ရွေးကောက်ပွဲလေ့လာသူများ၏ အခွင့်အရေးနှင့်တာဝန်ဝတ္တရားများကို ရွေးကောက်ပွဲဥပဒေများတွင် ထည့်သွင်းခြင်းဖြင့် ၎င်းတို့၏ တန်ဖိုးနှင့်ပါဝင်ဆောင်ရွက်ချက်ကို အသိအမှတ်ပြုရန်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- UEC ၏ သီးခြားလွတ်လပ်မှုနှင့် ဘက်မလိုက်မှုကို အာမခံချက်ပေးရန် ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်သည့် ပုံစံကို အခြားတစ်နည်းဖြင့်စဉ်းစားရန်။
- UEC အား နိုင်ငံရေးဩဇာလွှမ်းမိုးမှုက ကာကွယ်ရန် ဘဏ္ဍာရေးဆိုင်ရာ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ပုံမှန် ဘတ်ဂျက်ခွဲဝေမှုပေးရန်။
- ဘက်ပေါင်းစုံလွှမ်းခြုံသော အားလုံးအကျုံးဝင်ပါဝင်နိုင်သည့် ဆုံးဖြတ်ချက်ချမှတ်မှုများပြုလုပ်နိုင်စေရန် ရွေးကောက်ပွဲစီမံခန့်ခွဲသည့် အဖွဲ့အစည်းများတွင် အမျိုးသမီး၊

တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားအရ လူနည်းစုဝင်များ၏ ကိုယ်စားပြုမှု တိုးပွားအောင်ပြုလုပ်ရန်။

- ရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် အရေးကြီးဆုံးဖြတ်ချက်များတွင် ပွင့်လင်းစွာနှင့် အချိန်မီစွာ ပြုလုပ်ပေးကြရန်။ သာဓကအားဖြင့် ရွေးကောက်ပွဲများရွှေ့ဆိုင်းခြင်းနှင့် ကိုယ်စားလှယ်လောင်းအဖြစ်က ပယ်ဖျက်ခြင်းတို့တွင် ရှင်းလင်းတိကျစွာ သတင်းထုတ်ပြန်သင့်သည်။
- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအားလုံးအပေါ်တွင် စည်းမျဉ်းစည်းကမ်းများ ညီတူညီမျှ သက်ရောက်စေခြင်းနှင့် UEC ဆုံးဖြတ်ချက်များတွင် တသမတ်တည်းသော တရားဥပဒေကျင့်သုံးခြင်း။
- လုပ်ထုံးလုပ်နည်းပိုင်းတွင် တသမတ်တည်းဖြစ်စေရန်နှင့် ရွေးကောက်ပွဲစည်းကမ်းချက်များကို အကောင်အထည်ဖော်ရာ၌ မျှမျှတတဖြစ်စေရန်အလို့ငှာ UEC အဖွဲ့အစည်းတွင်း ညှိနှိုင်းဆောင်ရွက်မှုနှင့် အခြားသောအစိုးရဌာနများကြား ညှိနှိုင်းဆောင်ရွက်မှု အားကောင်းစေရန်ဆောင်ရွက်ခြင်း။
- ရွေးကောက်ပွဲအရာရှိများနှင့် အရပ်ဘက်အဖွဲ့အစည်းများ (သို့မဟုတ်) နိုင်ငံရေးပါတီများအကြား ပုံမှန် နှီးနှောဖလှယ်မှုများပြုလုပ်ပြီး တက်ကြွလှုပ်ရှားမှုရှိသော ဒီမိုကရေစီစနစ်အတွက် အရေးပါလှသည့် အဆိုပါ သက်ဆိုင်ရာဆက်စပ်ပတ်သက်သူများကြား သတင်းအချက်အလက်မျှဝေမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေခြင်း။
- ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို ကြိုတင်ရက် သတ်မှတ်ဖော်ပြထားသည့် ရွေးကောက်ပွဲ ပြက္ခဒိန်အား ရေးဆွဲထုတ်ပြန်ခြင်းဖြင့် ဆက်စပ်ပတ်သက်သူများအားလုံးအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် မျှမျှတတ ယှဉ်ပြိုင်ခွင့်ရစေခြင်း။
- ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွှေ့ဆိုင်းထားသည့် မဲဆန္ဒနယ်များတွင် အခြေအနေပေးသည့်နှင့်တပြိုင်နက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးခြင်းဖြင့် သက်ဆိုင်ရာဒေသများက ပြည်သူတို့၏အသံများကို သိကြားစေခြင်း။

## မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း

- မဲဆန္ဒရှင်များအား ၎င်းတို့၏ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုအခြေအနေကို စစ်ဆေးခြင်း (သို့မဟုတ်) အမှားပြင်ဆင်ချက် ဖောင်ပုံစံတင်သွင်းခြင်းတို့ကို ရွေးကောက်ပွဲမကျင်းပမီ အချိန်ယူ၍ အွန်လိုင်းကတစ်ဆင့် ပြုလုပ်စေခြင်း။
- မဲဆန္ဒရှင်များအား တိုင်းရင်းသားရေးရာဝန်ကြီးများ ရွေးကောက်ရန်အတွက် သီးခြားမဲစာရင်းကိုပါ စစ်ဆေးရန်တိုက်တွန်းခြင်းဖြင့် အဆိုပါမဲများ၏ သမာသမတ်ကျမှုကို အာမခံချက်ရှိအောင်ပြုလုပ်ရန်။

- ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများအားလုံးကို နောက်ဆုံး ပြင်ဆင်ချက်များပါဝင်သော မဲစာရင်းမိတ္တူများအား ဒစ်ဂျစ်တယ်ဖိုင်များနှင့်တကွ ပေးအပ်ရန်။
- ရွေးကောက်ပွဲလေ့လာသူများအား လွတ်လပ်စွာ မဲစာရင်းစစ်ဆေးခွင့်ပြုရန်နှင့် မဲစာရင်းမှတ်ပုံတင်မှု တိုးပွားလာစေမည့် နည်းလမ်းများရှာဖွေရန်။

## မဲဆန္ဒရှင် အသိပညာပေးအစီအစဉ်

- ရွေးကောက်ပွဲလုပ်ငန်းစဉ်အကြောင်း ပိုမိုသိရှိလာကြစေရန်နှင့် ပယ်မဲအရေအတွက် နည်းပါးစေရန် မဲဆန္ဒရှင်အသိပညာပေးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်။ လက်ကမ်းစာစောင်များနှင့် စာရွက်စာတမ်းများကို မဲဆန္ဒရှင်များထံသို့ ကျယ်ပြန့်စွာဖြန့်ချိနိုင်ရန် ဒစ်ဂျစ်တယ်နှင့် ဆိုရှယ်မီဒီယာကို အသုံးပြုနိုင်ပါသည်။
- ဘေးဖယ်ချန်ထားခြင်းခံရသော လူအုပ်စုများထံ ရောက်ရှိနိုင်စေဖို့ရာ ရွေးကောက်ပွဲဆိုင်ရာ စာရွက်စာတမ်းများကို လူနည်းစုဘာသာစကားများနှင့်ပါ ဖြန့်ချိရန်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေး အစီအစဉ်များ ပြုလုပ်ပေးရန်။
- ရွေးကောက်ပွဲ၏ အားလုံးလွှမ်းခြုံပါဝင်မှုနှင့် ကွဲပြားစုံလင်မှုတို့ကို အားကောင်းစေရန် ဘာသာစကားအရ အပြင်းပွားဖွယ်ရာကင်းပြီး ယဉ်ကျေးမှုအရ သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းစဉ်များကို အသုံးပြုကြရန်။
- နိုင်ငံအဝှမ်းက ပြည်တွင်းစစ်ဘေးရှောင်များ (IDPs) အနေဖြင့် ၎င်းတို့၏မဲပေးပိုင်ခွင့်ကို သိရှိရန်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်စေရန်အတွက် အသိပညာပေးရန်။

## ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု

- မဲဆွယ်စည်းရုံးရေးကာလ မစတင်မီကတည်းက နိုင်ငံရေးပါတီများ အားလုံးသဘောတူညီနိုင်မည့် ကျင့်ဝတ်စည်းမျဉ်းများကို ရေးဆွဲနိုင်ရေးအတွက် ကြိုးစားအားထုတ်ရန်။
- ရွေးကောက်ပွဲအကြမ်းဖက်မှုများ ထပ်မံ၍ မြင့်တက်မလာစေဖို့ရာ တားဆီးရန်။ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားလာနိုင်ခြေရှိပါက အမြန်ဆုံးဖော်ထုတ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် စောလျင်စွာ သတိပေးသည့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်ဖို့ရာ စဉ်းစားသင့်ပါသည်။

- နိုင်ငံပိုင်သတင်းမီဒီယာတွင် အသုံးပြုသည့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ချက်များအပေါ် ကန့်သတ်ချက်များအား ပယ်ဖျက်ပေးရန်။ ပါတီများနှင့်ကိုယ်စားလှယ်လောင်းများအားလုံးအတွက် အဆိုပါ နိုင်ငံပိုင်မီဒီယာများအသုံးပြုခွင့်ကို တန်းတူညီမျှ အခွင့်အရေးပေးရန်။
- အမုန်းစကားများ၊ သွေးထိုးလှုံ့ဆော်မှုများနှင့် မဲဝယ်မှုများအစရှိသည်တို့ ပါဝင်သည့် မဲဆွယ်စည်းရုံးမှုမျိုးကို စောင့်ကြည့်ရန်နှင့် လိုအပ်ပါက အလျင်အမြန် အပြစ်ပေး အရေးယူရန်။
- ဆိုရှယ်မီဒီယာ ပလက်ဖောင်းများနှင့်ပူးပေါင်း၍ သတင်းမှားများနှင့် အမုန်းစကားများကို ကာကွယ်ခြင်း၊ မဲဆွယ်စည်းရုံးမှုမပြုလုပ်ရသည့်ကာလ (Silent/Cooling Day) တွင် အမှန်တကယ် လိုက်နာ ဆောင်ရွက်ကြရန်နှင့် မဲဆွယ်စည်းရုံးမှု အသုံးစရိတ်များ၏ ပွင့်လင်းမြင်သာမှုကို ပိုမိုအားကောင်းစေရန်။

## ကြိုတင်မဲ

- မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ရပ်လုံး၌ မဲမသမာမှု ဖြစ်ပွားနိုင်စရာ အစိတ်အပိုင်းကြီးတစ်ခုဖြစ်သည့်အတွက် ၎င်း၏ပွင့်လင်းမြင်သာမှုကို ပိုမိုအားကောင်းစေသင့်သည်။ ဖြစ်နိုင်ပါက တပ်မတော်သားများနှင့် မိသားစုဝင်များ မဲပေးခြင်းကို UEC ဝန်ထမ်းများနှင့် ရွေးကောက်ပွဲလေ့လာသူများ လက်လှမ်းမီသည့် မဲရုံများတွင် ရွှေ့ပြောင်း ပြုလုပ်စေသင့်သည်။
- ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်ကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် ယင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်သည့် မဲရုံဝန်ထမ်းများအတွက် ထပ်တိုး သင်တန်းများပေးရန်။
- ကြိုတင်မဲအတွက် မဲပုံးများနှင့် သက်ဆိုင်ရာပစ္စည်းပစ္စယများ အလုံအလောက်ရှိစေရန်နှင့် ရွေ့လျားမဲရုံများအတွက် အသုံးပြုမည့်မဲပုံးများကိုသေချာစွာချိတ်ပိတ်ရန်။ နိုင်ငံရပ်ခြားက မဲပေးခြင်းလုပ်ငန်းစဉ်ကို ပိုမိုချဲ့ထွင်ခြင်းဖြင့် မဲပေးနိုင်သည့် မြန်မာ့ရွှေ့ပြောင်း အလုပ်သမားများ၏အရေအတွက် တိုးပွားလာစေခြင်း။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် မဲရုံအရေအတွက် တိုးချဲ့ရန်လိုအပ်သည်။
- နိုင်ငံရပ်ခြားက မဲလျှောက်လွှာများ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် အတည်ပြုရန် ရောက်ရှိမလာသည့်ကိစ္စကို စုံစမ်းစစ်ဆေးရန်နှင့် နောင်တွင် ပယ်မဲများမဖြစ်ပွားစေဖို့ရာ လုပ်ငန်းစဉ်ကို အဆင်ပြေချောမွေ့အောင်ပြုလုပ်ရန်။

## ရွေးကောက်ပွဲနေ့

- မဲရုံဝန်ထမ်းများအားပိုမိုကောင်းမွန်စွာလေ့ကျင့်သင်ကြားပေးခြင်း၊နားလည်သဘော ပေါက်မှု အားကောင်းစေခြင်းဖြင့် ခွင့်ပြုချက်ရရှိထားသော ရွေးကောက်ပွဲလေ့လာသူ များအား မဲရုံများသို့ အတားအဆီးမရှိ ဝင်ထွက်ခွင့်ပြုစေခြင်း။
- ကြိုတင်မဲပေးထားပြီးသူများ၏အမည်များကို မျဉ်းသားထားသည့် စာရင်းစာရွက် များအပါအဝင် မဲဆန္ဒရှင်များအတွက် အရေးကြီးသော သတိပေးစာများနှင့် စာရွက် စာတမ်းများကို မဲရုံတစ်ခုချင်းစီတိုင်း၏ အပြင်ဘက်တွင် ပြသထားရန်။
- မဲရေတွက်ပြီးသည့်နောက်တွင် ရွေးကောက်ပွဲရလဒ်များ (ပုံစံ ၁၆ နှင့် ၁၆-က) ကို မဲရုံ ပြင်ပတွင် ပြသထားရန် သေချာဆောင်ရွက်ရန်။

## ရွေးကောက်ပွဲအငြင်းပွားမှု ဖြေရှင်းနည်း

- ရွေးကောက်ပွဲဆိုင်ရာ တိုင်ကြားချက်များနှင့် ဆုံးဖြတ်ချက်များကို အလွယ်တကူ ကြည့်ရှုနိုင်မည့်နေရာ (ဥပမာ - အွန်လိုင်း) တွင် ထားရှိခြင်းဖြင့် အငြင်းပွားမှုဖြေ ရှင်းသည့် လုပ်ငန်းစဉ်များကို အများပြည်သူ ပိုမိုသိရှိပြီး သတင်းမှားများကိုတားဆီး နိုင်သည်။
- ရွေးကောက်ပွဲခုံရုံးများကို တတ်နိုင်သည့်အခါတွင် တိုင်ချက်ဖြစ်ပွားရာ ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတွင် ဖွဲ့စည်းကြားနာခြင်းဖြင့် အများပြည်သူအတွက် သွားလာရေးလွယ်ကူစေခြင်း။
- ရွေးကောက်ပွဲ အငြင်းပွားမှုများအားလုံးကို အချိန်မီဖြေရှင်းပေးရန်နှင့် တိုင်ကြား ချက်များကို စီရင်ချက်ချမည့် အချိန်ဇယားထည့်သွင်းနိုင်စေဖို့ရာ ရွေးကောက်ပွဲ ဥပဒေပြင်ဆင်ရေးကို စဉ်းစားခြင်း။

## ဘေးဖယ်ချန်ထားခြင်းခံရသောလူ့အဖွဲ့အစည်းများ၏ ပါဝင်နိုင်မှု

- အမျိုးသမီးများ၊ လူငယ်များနှင့် လူနည်းစုများ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပိုမို ပါဝင်လာစေရန် ခြေလှမ်းသစ်များ ပြုလုပ်ခြင်း။
- ရွှေ့လျားသွားလာမှု၌ အကန့်အသတ်ရှိသည့် မဲဆန္ဒရှင်များအတွက် မဲရုံများအား ဝင် ထွက်သွားလာရ လွယ်ကူအောင် ပြုလုပ်ပေးရန်။ ဤကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေးမှု ပြုလုပ်မည်ဆိုပါက မဲရုံများတွင် အလွယ်တကူဝင်ထွက်သွားလာနိုင်ရေး လိုအပ်ချက် များနှင့် ဖြေရှင်းနိုင်စရာနည်းလမ်းများ ထွက်ပေါ်လာနိုင်ပါသည်။

## မီဒီယာနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

- သီးခြားလွတ်လပ်စွာ အချက်အလက်စစ်ဆေးခြင်း၊ အခြေခံ မီဒီယာနားလည်မှုနှင့် ရွေးကောက်ပွဲကာလတွင် သတင်းအချက်အလက် ပုံဖျက်သည့်ကိစ္စများကို ဖြေရှင်းနိုင်မည့် အခြားဖြေရှင်းနည်းများကို အားကောင်းအောင် ပြုလုပ်ခြင်း။
- ရွေးကောက်ပွဲ သတင်းဖော်ပြမှုဆိုင်ရာ သတင်းမီဒီယာလမ်းညွှန်ချက်များကို UEC နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) ကြား ပူးပေါင်းရေးဆွဲခြင်းကိစ္စကဲ့သို့သော လုပ်ဆောင်ချက်များကို ဆက်လက်ဆောင်ရွက်ရင်း သက်ဆိုင်ရာ ရွေးကောက်ပွဲဖြစ်ရပ်များနှင့် အချက်အလက်များကို မီဒီယာက ပိုမိုလက်လှမ်းမီနိုင်စေရေး။
- နိုင်ငံရေးပါတီကြီးနှစ်ခုအတွက်သာမက ပါတီငယ်များ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများကိုပါ အခွင့်အရေးပေးကာ မဲဆန္ဒရှင်များထံ သတင်းစကားရောက်ရှိစေခြင်းဖြင့် ပြည်သူများ အချက်အလက်စုံလင်စွာ ဆုံးဖြတ်ချက်ချမှတ်နိုင်ကြစေမည့် ဘက်မျှသည့် သတင်းဖော်ပြမှုမျိုး အားကောင်းစေရန်။
- သတင်းထောက်များအား ခြိမ်းခြောက်ခြင်း၊ တိုက်ခိုက်ခြင်း၊ ကြောက်လန့်စေရန် တရားစွဲဆိုခြင်း (သို့မဟုတ်) သတင်းသမားအလုပ် လုပ်ခြင်းအတွက် အပြစ်ပေးခြင်းတို့က ကာကွယ်ပေးရန်။ စာနယ်ဇင်းလုပ်ငန်းအပေါ် တရားလက်လွတ်ထိခိုက်စေမည့် မူဝါဒများနှင့်ဥပဒေများကို ပြန်လည် သုံးသပ်ရန်နှင့် ဘက်လိုက်သည်ဟု ထင်မြင်ယူဆလောက်သော၊ ပြဿနာရှိသော သတင်းဖော်ပြမှုများနှင့် စပ်လျဉ်း၍ မကျေနပ်မှုများဖြစ်ပွားပါက မျှတစွာ ကိုင်တွယ်နိုင်သည့် ရှိရင်းစွဲ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ချက်များကို အားကောင်းစေရန်။

# ဓာတ်ပုံများ







*(အပေါ်) စစ်ကိုင်းတိုင်းဒေသကြီးရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မဲဆွယ်ယာဉ်တန်းတွင် ပါဝင်သူများ( ဓါတ်ပုံ – Ben Small)*
*(အောက်) ရှမ်းပြည်နယ်တောင်ပိုင်းမိုင်းကိုင်မြို့ရှိ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီရုံး*







*(အပေါ်) ကရင်ပြည်နယ်၊ ဖားအံမြို့ရှိ ကြိုတင်မဲပုံးများအား အောက်တိုဘာလ ၂၉ ရက်နေ့က တွေ့ရစဉ်*
*(အောက်) ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် နိုင်ငံရပ်ခြားက ဆန္ဒမဲလက်မှတ်များပါသော စာအိတ်အား နိုဝင်ဘာလ ၇ ရက်နေ့က တွေ့ရစဉ်*






*(အပေါ်) အောက်တိုဘာလ ၂၇ရက်နေ့တွင် ချင်းပြည်နယ်၊ ကန်ပက်လက်မြို့၌ မဲရုံဝန်ထမ်းများအား သင်တန်းပေးစဉ်*

*(အောက်) ချင်းပြည်နယ်၊ မတူပီမြို့ရှိ မဲရုံဝန်ထမ်းများက တစ်ကိုယ်ရေသုံးအကာအကွယ်ပစ္စည်းများ (PPE) ဖြန့်ဝေရန် ပြင်ဆင်နေသည်ကို နိုဝင်ဘာလ ၇ ရက်နေ့က တွေ့ရစဉ်*





*(အပေါ်) ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုန်းမြို့တွင် အမျိုးသားတစ်ဦး မဲစာရင်းစစ်ဆေးနေသည်ကို နိုဝင်ဘာလ ၁ ရက်နေ့က တွေ့ရစဉ်*

*(အောက်) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်များ မဲရုံအတွင်းသို့ဝင်ရောက်ရန် စီတန်းနေကြစဉ်*





*(အပေါ်) စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် မဲရုံဝန်ထမ်းက မဲဆန္ဒရှင်တစ်ဦး၏ ကိုယ်အပူချိန်အား စစ်ဆေးနေပုံ (ဓါတ်ပုံ – Ben Small)*
*(အောက်) ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ မဲရုံတစ်ခုအား ရွေးကောက်ပွဲနေ့တွင်တွေ့ရစဉ်*





(အပေါ်) ချင်းပြည်နယ်၊ မတူပီမြို့တွင် မဲရုံဝန်ထမ်းများ မဲရေတွက်စဉ်
(အောက်) မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့တွင် နိုဝင်ဘာလ ၈ ရက်နေ့၌ မဲရုံဝန်ထမ်းများက ကြိုတင်မဲ
လက်မှတ်များရေတွက်နေပုံ




ANFREL
Asian Network for Free Elections

© 2021 by ANFREL Foundation